

ပန်းမာန်
လင်္ကာရည်ကျော်

ssm

ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ

◆

မျက်နှာဖုံးပန်းချီ
ဝင်ကဲ့ကော်ကျော်

◆

ဖလင်
A Z

◆

အုပ်ရေ
၅၀၀

◆

တန်ဖိုး
၂၅၀၀ ကျပ်

◆

ထုတ်ဝေသူ
ဒေါ်ခင်မျိုးမြတ် (၀၀၆၅၀) နန်းဒေဝီစာပေ
အမှတ် – ၂၀၀(ပထပ်)၊ ၃၆လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

◆

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးမျိုးညွန့်(၀၀၄၃၀)တပေလောက
၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

| လက်ာရည်ကျော် | ၈၉၅.၈၄ |
| --- | --- |

ပန်းမာန်/လက်ာရည်ကျော်၊ ရန်ကုန်၊
နန်းဒေဝီစာပေ၊ ပထမအကြိမ်၊ ၂၀၁၆၊
၂၅၆ – စာ၊ ၁၃.၃ × ၁၈.၄၁၅ စင်တီမီတာ၊

## စာရေးသူ၏ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ ရဲမြင့်ကျော် ဖြစ်သည်။

၁၉၆၁ ခုနှစ်တွင် ဧရာဝတီတိုင်း ဒေသကြီး၊ မြန်အောင်မြို့နယ်၊ မြို့မတဲကြီးကုန်း ကျေးရွာတွင် အဖ ဦးတင်ညွန့်၊ အမိ ဒေါ်မြရီတို့၏ ဒုတိယသားအဖြစ် ဖွားမြင်ခဲ့သည်။

ရန်ကုန်မြို့တွင် ကြီးပြင်းခဲ့ပြီး အ. ထ. က (၁) လမ်းမတော်(ယခင် စိန့်ဂွန်းကျောင်း)၊ အမှတ်(၂) ဒေသကောလိပ် လှိုင်နယ်မြေနှင့် ဆေးတက္ကသိုလ်(၁) ရန်ကုန်တို့တွင် ပညာသင်ကြားခဲ့သည်။

ကလေးအထူးကုဆရာဝန်ကြီး တစ်ဦးဖြစ်ပြီး ပြည်တွင်းပြည်ပမှ ဘွဲ့လွန်နှင့်ဒီပလိုမာ ကိုးခုရရှိခဲ့သည်။ ကမ္ဘာ့နိုင်ငံပေါင်း ၁၀ နိုင်ငံကျော်ခန့်သို့ ပညာတော်သင်၊ လေ့လာရေးနှင့် ဆေးပညာနှီးနှောဖလှယ်ရေး အစည်းအဝေးများ သွားရောက်ခဲ့သည်။

ပြည်တွင်းနေရာဒေသ အနှံ့အပြားတွင်လည်း ရာထူးအဆင့်အမျိုးမျိုးနှင့် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၄ ခုနှစ်မှစ၍ လက်ာရည်ကျော် ကလောင်အမည်ဖြင့် ရသစာပေများ ရေးသားထုတ်ဝေခဲ့ပြီး ၂၀၀၇ ခုနှစ်တွင်ထုတ်ဝေသော ပထမဦးဆုံးဝတ္ထုရှည် ***'ကြိုးကြာတောင်ပံစေတီသံ'***ဖြင့် အမျိုးသားစာပေဆုကို လူငယ်စာပေကဏ္ဍမှ ရရှိခဲ့သည်။ ***'ကြိုးကြာတောင်ပံစေတီသံ'*** ကို စင်ရော်ရုပ်ရှင်ထုတ်လုပ်ရေးမှ ရုပ်ရှင်ဇာတ်ကားကြီးအဖြစ် ရိုက်ကူးခဲ့ရာ ၂၀၀၉ ခုနှစ်အတွက် အကောင်းဆုံး ဇာတ်ကားဆုနှင့် အကောင်းဆုံး ဇာတ်ညွှန်းဆု၊ အကယ်ဒမီနှစ်ဆု ရရှိခဲ့သည်။ ၂၀၁၄ခုနှစ်တွင် ***'ကြိုးကြာတောင်ပံ စေတီသံ'***ကို တက္ကသိုလ်များ မြန်မာစာအဖွဲ့က တတိယနှစ် ဝိဇ္ဇာဘွဲ့(မြန်မာစာ) အတွက် ပြဋ္ဌာန်းစာအုပ်အဖြစ် သတ်မှတ်ခဲ့သည်။

၂၀၀၉ ခုနှစ်တွင် ထုတ်ဝေသော ဒုတိယဝတ္ထုရှည် ***'ဒေါက်တာရွှေသွေးနှင့် မဝန်းမွှံ'***သည်လည်း အမျိုးသားစာပေဆုကို ဝတ္ထုရှည်ကဏ္ဍမှ ရရှိခဲ့သည်။

ယခုအထိ ဝတ္ထုရှည် ခုနစ်ပုဒ်နှင့် ဝတ္ထုတို ၁၀၀ ကျော်ရေးသားခဲ့ပြီး ဝတ္ထုတို ပေါင်းချုပ်များလည်း ထုတ်ဝေခဲ့သည်။

'ပန်းခေါင်း' နှင့် 'နေဝင်အိပ်တန်းတက်' ဝတ္ထုရှည်နှစ်ပုဒ်ကို ကိုယ်တိုင် ဇာတ်ညွှန်းရေးသားခဲ့ပြီး ရုပ်ရှင်ဇာတ်ကားကြီး ရိုက်ကူးပြီးစီးခဲ့ပြီ ဖြစ်သည်။

၂၀၀၀ပြည့်နှစ်မှစ၍ ကလေးကျန်းမာရေး ပညာပေးစာအုပ်များ ရေးသားထုတ်ဝေခဲ့ပြီး ***'မွေးဖွားစီမှ အရွယ်ရောက်သည်အထိ ကလေးပြုစု စောင့်ရှောက်နည်းများ'*** စာအုပ်နှင့် ၂၀၁၃ခုနှစ်တွင် သုတစွယ်စုံ စာပေဆုကိုလည်း အသုံးချသိပ္ပံဘာသာရပ်ကဏ္ဍမှ ရရှိခဲ့သည်။

လူငယ်ပညာပေး ဆောင်းပါးများလည်း စဉ်ဆက်မပြတ် ရေးသားခဲ့သည်။

ဓမ္မဆောင်းပါးများလည်း ရေးသားထုတ်ဝေခဲ့သည်။

ယခုအခါ ဆရာသည် ပါမောက္ခ၊ ဌာနမှူး၊ ကလေးကျန်းမာရေးပညာဌာန၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ တာဝန်ခံ ကလေးအထူးကုဆရာဝန်ကြီး၊ ကလေးဆေးရုံကြီး ရန်ကုန်နှင့်၊ ဥက္ကဋ္ဌ၊ ကလေးကျန်းမာပညာအဖွဲ့၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း တာဝန်များ ထမ်းဆောင်ရင်းရသ၊ သုတနှင့် ဓမ္မစာပေများ စဉ်ဆက်မပြတ် ရေးသားလျက်ရှိသည်။

## လက်ာရည်ကျော်၏ထုတ်ဝေပြီးသောစာအုပ်များ

| ဝတ္ထုရှည် | ပထမအကြိမ် ထုတ်ဝေသည့် ခုနှစ် |
|---|---|
| ၁။ ကြိုးကြာတောင်ပံခတ်သံ | ၂၀၀၇ |
| ၂။ ဒေါက်တာရွှေသွေးနှင့် မပန်းမှုံ | ၂၀၀၉ |
| ၃။ နေဝင်အိပ်တန်းတက် | ၂၀၁၀ |
| ၄။ ချစ်စရာအိမ်ကလေး | ၂၀၁၁ |
| ၅။ တိမ်တွေတောင်တွေနှင့် ခရီးသည် | ၂၀၁၂ |
| ၆။ တစ်ပွင့်ကျန် | ၂၀၁၂ |
| ၇။ တိမ်ညိုမှာ ငွေဇာကွပ်ကာယ်နှင့် | ၂၀၁၃ |
| ၈။ ပန်းခေါင်း | ၂၀၁၄ |
| ၉။ နှင်းဆွတ်ရေ | ၂၀၁၆ |
| **ဝတ္ထုတိုပေါင်းချုပ်** | |
| ၁။ ပထမအိပ်မက် ဝတ္ထုတိုများ | ၂၀၀၇ |
| ၂။ သမားလည်ပြန် ဝတ္ထုတိုများ | ၂၀၀၉ |
| ၃။ သိင်္ဂါရအလှည့် ဝတ္ထုတိုများ | ၂၀၁၀ |
| ၄။ အမြဲတေရတနာ ဝတ္ထုတိုများ | ၂၀၁၀ |
| ၅။ ဆရာ့နှလုံးသား ဝတ္ထုတိုများ | ၂၀၁၁ |
| ၆။ နေညိုကမ်းနဖူး ဝတ္ထုတိုများ | ၂၀၁၁ |
| ၇။ ဗိုးတဝါး အတွေးစများနှင့် ဝတ္ထုတိုများ | ၂၀၁၁ |
| ၈။ နှလုံးသားညာဘက် အပေါ်ခန်း ဝတ္ထုတိုများ | ၂၀၁၂ |
| ၉။ တတိယအလင်းရောင် ဝတ္ထုတိုများ | ၂၀၁၆ |
| **ဆောင်းပါးပေါင်းချုပ်** | |
| ၁။ သမီးသို့ . . . | ၂၀၁၆ |
| **ဓမ္မဆောင်းပါး** | |
| ၁။ မင်္ဂလာရှိသော အောင်မြင်မှု | ၂၀၁၄ |

## ပါမောက္ခရဲမြင့်ကျော် (ဒေါက်တာရဲ) ကလေးအထူးကုဆရာဝန်ကြီး၏ ထုတ်ဝေပြီးသော စာအုပ်များ

| ဆောင်းပါးပေါင်းချုပ် | |
|---|---|
| ၁။ ကလေးကျန်းမာရေးဆိုင်ရာ အယူအဆအမှားများ | ၂၀၀၇ |
| ၂။ ရင်သွေးရတနာ ကလေးများအတွက် | ၂၀၀၈ |
| ၃။ ရင်သွေးတို့ ရှင်သန်ကျန်းမာဖို့ | ၂၀၀၈ |
| ၄။ ဗိုင်းတုံးကြီးများအကြောင်း | ၂၀၀၉ |
| ၅။ ရှေးဦး ကလေးသူနာပြုစုနည်း | ၂၀၀၉ |
| ၆။ ကလေးနှလုံးရောဂါများအကြောင်း | ၂၀၀၉ |
| ၇။ ဒါ စိုးရိမ်စရာလားနှင့် စိုးရိမ်စရာများ | ၂၀၀၉ |
| ၈။ မမွေးဖွားမီမှ အရွယ်ရောက်သည်အထိ ကလေးပြုစုစောင့်ရှောက်နည်းများ | ၂၀၁၁ |
| ၉။ စာရေးဆရာ ဆရာဝန်၏ အရှုလွယ်အိတ် | ၂၀၁၁ |
| ၁၀။ ကလေးဆရာဝန်၏ ဆရာဝန်ကလေးဘဝ | ၂၀၁၁ |
| ၁၁။ အရောင်စုံ အသွေးစုံ ကလေးကျန်းမာရေး ဆောင်းပါးများ | ၂၀၁၁ |
| ၁၂။ လှုပ်လှုပ်ရှားရှား ကလေးကျန်းမာရေး ဆောင်းပါးများ | ၂၀၁၁ |
| ၁၃။ လူငယ်တွေ ဖတ်စေချင်သည့် ကျွန်တော့်ဆောင်းပါးများ | ၂၀၁၂ |
| ၁၄။ နောက်ဆက်တွဲ ကလေးကျန်းမာရေး အယူအဆအမှားများ | ၂၀၁၂ |
| ၁၅။ တကယ်နေ့ ခက်သည့်အရွယ်တွေအကြောင်း | ၂၀၁၃ |
| ၁၆။ နောက်ဆက်တွဲ ကလေးကျန်းမာရေးအယူအဆအမှားများ-၂ | ၂၀၁၄ |
| **ဘာသာပြန်ဆောင်းပါး** | |
| ၁။ ခေါင်းဆောင်ကောင်းဖြစ်မည့် စိတ်နေသဘောထား | ၂၀၀၉ |

ssm

## ပန်းမာန်အတွက် ကနဦးစကား

ကျွန်တော် ရေးသားခဲ့သော ဝတ္ထုရှည်တွေထဲမှာ အအောင်မြင်ခဲ့ဆုံး ဝတ္ထုရှည်ကို ပြောပါဟုဆိုလျှင် ကျွန်တော့် ပထမဦးဆုံး ဝတ္ထုရှည် ***'ကြိုးကြာတောင်ပံစုတ်သံ'*** ကို ပြောရမည်ဖြစ်သော်လည်း ထွက်ထွက်ချင်း ***'လှုပ်'*** ခဲ့သော ဝတ္ထုရှည်ကို ပြောပါဟုဆို လျှင် ***'ပန်းခေါင်း'*** ကို ပြောရမည် ဖြစ်သည်။

ကြည့်နူးစရာ 'အလှုပ်' ပါ။

ခင်နှင်းကြည်သာ အမည်ရှိ အသက် ၂၇ ခုနှစ်အရွယ် မြန်မာ မိန်းမပျိုလေးတစ်ဦး ပခုက္ကူခရိုင်၊ မြိုင်ဒေသရှိ ပုံတောင် တောင်ကြောများတစ်လျှောက် အခေါက်ပေါင်းများစွာ တက်ချည်ဆင်းချည်နှင့် ရေကန်တွေဆောက်၊ ကျောင်းတွေဆောက်ရာမှ 'တစ်ကိုယ်တော် ပရဟိတသမားများကွန်ရက်' အမည်နှင့် ပရဟိတ အဖွဲ့တစ်ဖွဲ့ကို ထူထောင်၍ ဦးဆောင်လှုပ်ရှားမှုများကို သိရှိခဲ့ရပြီးနောက် ကိုယ့်သမီးအရွယ်ပင် ဖြစ်သော်လည်း ကိုယ်က ပြန်လေးစားရလောက်အောင် စွန့်လွှတ်စွန့်စား အနစ်နာခံမှုများကို ဂုဏ်ပြုချင်လွန်း၍ ခင်နှင်းကြည်သာကို ခွင့်တောင်းပြီး အပြင်မှာ တကယ်မရှိသော 'ခင်နွယ်စိုး' ဆိုသည့် ဇာတ်ရုပ် တစ်ရုပ်ကို ဖန်တီး၍ ရေးဖွဲ့ခဲ့တာပါ။

ခင်နွယ်စိုး၏ စွန့်စားခန်းများက ခင်နှင်းကြည်သာကို ခြေရာခံ၍ ရေးခဲ့တာဖြစ်သော်လည်း ရသသဘောအရ နှလုံးသားရေးရာ အဖွဲ့အနွဲ့များကို ထည့်သွင်းရေးသားခဲ့ရသည်ဖြစ်၍ ခင်နွယ်စိုးသည် ခင်နှင်းကြည်သာ မဟုတ်ကြောင်းကိုလည်း အထပ်ထပ် ရှင်းခဲ့ရပါသည်။

အဲသည်အချိန်က ခင်နှင်းကြည်သာနှင့် ကျွန်တော် မတွေ့ဖူးသေး။ အခန်းဆက် ဝတ္ထုရှည် သုံးလလောက်ပါပြီးမှ စတွေ့ဖူးပါသည်။ သူဦးဆောင်သည့် ပရဟိတ လုပ်ငန်းတွေမှာလည်း ကိုယ်စွမ်းသရွေ့၊ ဉာဏ်စွမ်းသရွေ့၊ အချိန်ပေးနိုင်သရွေ့ ပါဝင်ဖြစ်ခဲ့သည်။ 'တစ်ကိုယ်တော် ပရဟိတသမားများ ကွန်ရက်'၏ ကျန်းမာရေး အကြံပေးတာဝန်ကို ယူဖြစ်သည်။ ခင်နှင်းကြည်သာကလည်း ကိုယ့်သမီးလို ဖြစ်လာသည်။

ထွက်ပြီးပြီးချင်း တစ်ပတ်အတွင်းမှာတင် ရောင်းအားစံချိန်တင်ခဲ့သဖြင့် ရုပ်မြင်သံကြား တွေ့ဆုံခန်းပါ ရိုက်ပေးခဲ့ရသော ***'ပန်းခေါင်း'*** ကို ထွက်ပြီး တစ်လမပြည့်ခင်မှာတင် ရုပ်ရှင်ကားကြီးရိုက်ဖို့ လာဝယ်သွားသည်။ 'ခင်နွယ်စိုး' အဖြစ် သရုပ်ဆောင်ဖို့ ဒါရိုက်တာရွေးသည့် သူက ဆေးပညာ တပည့်ရင်းဖြစ်သူ 'ပိုင်ဖြိုးသု' ပဲ ဖြစ်သည်။

ပိုင်ဖြိုးသုက ခင်နှင်းကြည်သာကိုတွေ့၍ တောင်တန်းဒေသသို့ လိုက်လိုကြောင်း ပူဆာသည်။ ခရီးကြမ်းလွန်းသဖြင့် ခင်နှင်းကြည်သာက မခေါ်လို။ ကျွန်တော်က ကျွန်တော်ပါ လိုက်ဆေးကုမည်ဟု ညှိပေးရာက ကျွန်တော်နှင့် ပိုင်ဖြိုးသု အပြင် တပည့်တွေထဲမှာ ခရီးသွားရတာ ဝါသနာအပါဆုံး၊ အပင်ပန်း အခံနိုင်ဆုံး ကလေးအထူးကု ဆရာဝန်မလေး ဒေါက်တာ သက်ထားရွှေစင်ဝင်းပါ ပါလာသည်။

သက်ထားက တစ်ကိုယ်တော် ပရဟိတသမားများ ကွန်ရက်၏ စံပယ်ဖြူ ကဏ္ဍ တာဝန်ခံ ဖြစ်လာသည်။ များမကြာခင် တော်ဝင် ကလေးအထူးကုသမားတော်ဘွဲ့ (MRCPCH) ရရှိခဲ့ပြီး အိမ်ထောင်ကျပြန်တော့ သူ့ခင်ပွန်း ကျွန်တော့်တပည့်ကျော် ဒေါက်တာ အောင်ခွန်ချိတ်က လည်း စံပယ်ဖြူကဏ္ဍကို ဝင်ဦးဆောင်သည်။ စံပယ်ဖြူ ကဏ္ဍဆိုတာက အပျိုဖော်ဝင်ခါစ မိန်းကလေးများကို ကျန်းမာရေး ပညာလိုက်ပေး၊ လိုက်ဆွေးနွေးပေးသော အဖွဲ့ ဖြစ်သည်။ အဖွဲ့ဝင် မိန်းကလေးတွေကို ပညာပေး ဆွေးနွေး နည်း လေ့ကျင့်သင်ကြားပေးရတော့ ကျွန်တော် သာမက ရောင်းရင်းကြီး ဒေါက်တာစိုးလွင် (သားဖွားနှင့်မီးယပ် အထူးကု ဆရာဝန်ကြီး) ပါ ပါလာပြန်သည်။

၂၀၁၅ မှာ ချင်းပြည်နယ်မှာ ရေတွေကြီး၊ တောင်တွေ ပြို၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မှာ စစ်ပွဲတွေဖြစ်၊ ဧရာဝတီတိုင်းမှာ ရွာတွေ ရေနစ်ပြန်တော့ ခင်နှင်းကြည်သာ၊ ရဲဝင်း၊ မျိုးမင်း၊ လှိုင်မင်း စန္ဒာဖြူ ဆရာလေးကိုနိုင်တူးတို့ ဦးဆောင်သော တစ်ကိုယ်တော် ပရဟိတသမားများကွန်ရက် ဝင်တွေ တစ်နိုင်ငံလုံး ပျားပန်းခတ်မျှ လူးလာခေါက်တုံ့ စွန့်စားခရီးသွားပြီး ကယ်ဆယ်ရေးတွေ ပြန်လည်ထူထောင် ရေးတွေ လုပ်ကြရပြန်သည်။

ပန်းခေါင်း၏ ခြေရာတို့ ကျယ်ပြန့်လာသည့် သဘော။ တောင်တန်းဒေသပေါ်က ပန်းခေါင်းတို့၏ ခြေရာမျှလောက် နှင့် *'ပန်းခေါင်း'* ကို ရေးဖွဲ့ဖြစ်ခဲ့သော စာရေးဆရာက အားမရနိုင်တော့ပါ။ အဲသည့် ကီစ္စတွေကိုပါ ဇာတ်လမ်းဖွဲ့၍ ရေးချင်လာမိပါတော့သည်။

ရေးပြီးသော ဝတ္ထုရှည်တစ်ခုကို အဆက်မရေးဘူးဟု သန္နိဋ္ဌာန် ချထားတာမျိုး မဟုတ်သော်လည်း ရေးဖို့ ဝန်လေး တာတော့ အမှန်။

ရေးချင်စိတ် ပြင်းပြလွန်း၍သာ ရေးလိုက်တာပါပဲ။

*'ပန်းမောန်'* ပါ။

*'ပန်းခေါင်း'* ၏ အဆက်လားဟု မေးလျှင်တော့ မဟုတ်ပါဟု ဖြေ၍ရပါသည်။ ဇာတ်လမ်းက သတ်သတ်ပါ။ *'ပန်းမောန်'* ဖတ်ဖို့အတွက် *'ပန်းခေါင်း'* ဖတ်ဖူးဖို့ မလိုပါ။

ဘာမှမဆိုင်ဘူးလားဟု မေးလျှင်တော့ ဆိုင်ပါသည် ဟု ဖြေရမည် ဖြစ်ပါသည်။ ဦးမြသွေးကလွဲ၍ *'ပန်းခေါင်း'* တွင် ပါခဲ့သမျှ ဇာတ်ကောင် အားလုံးကို *'ပန်းမောန်'* မှာ ပြန်တွေ့ရမှာပါ။

လွမ်းနေသည့် ပရိသတ်တွေလည်း အလွမ်းပြေမှာပါ။

ကျွန်တော်ကတော့ အရေးတကြီး မှာစရာ တစ်ခုသာ ရှိပါသည်။

ခင်နွယ်စိုးကို ဖတ်မိတိုင်း ကျွန်တော့် ပရိသတ်က ခင်နှင်းကြည်သာကို မြင်ယောင်မိနေမှာ သေချာပါသည်။ စာရေးဆရာ ကိုယ်တိုင်လည်း ရေးနေရင်း မြင်ယောင်နေ ခဲ့တာပါပဲ။

သို့သော် *'ပန်းမောန်'* ထဲက ဇာတ်လမ်းတွေက အပြင် မှာ တကယ်ဖြစ်ခဲ့တာ မဟုတ်ပါ။

*'ပန်းမောန်'* က ခင်နှင်းကြည်သာ၏ ဇာတ်လမ်းမဟုတ် ပါ။

ခင်နွယ်စိုးကလည်း ခင်နှင်းကြည်သာ မဟုတ်ပါ။

ကျေးဇူးတင်မှုဖြင့်

ဆန့်နွယ်မြင့်
(လတ်ဒရည်ကျော်)

●

(၁)

အသက်ရှူဖို့ ကြိုးစားလိုက်ပြီးမှ ထိုသို့ ကြိုးစားမိသည်ကို ချက်ချင်း နောင်တရမိသည်။

ရေတွေ အလုံးအရင်းနှင့် သူ့နှာခေါင်းနှင့် ပါးစပ်ထဲသို့ ဝင်လာကြပါရောလား။

ချောင်းလည်းဆိုး၍ မရ။ အန်လည်း မထုတ်နိုင်။

သူ့တစ်ကိုယ်လုံး ရေအောက်မှာ မတ်မတ် အနေအထားနှင့် ဆိုင်းမျောနေသည်။ သတိလက်လွတ် ဖြစ်မသွားသေးတာ ကံကောင်း။

အသက်အောင့်၍ တတ်နိုင်သမျှ နှာခေါင်းမှတစ်ဆင့် ရေများကို မှုတ်ထုတ်လိုက်သည်။ လေပူစီပေါင်း တချို့ပါ ပလုံစီ၍ လိုက်ပါသွားသည်။

ငါရေကူးတတ်တာပဲ။ ဘာဖြစ်လို့ ရေနစ်ခံရမှာလဲ။

ကြိုးစား၍ လက်နှစ်ဖက်ကို အောက်သို့ ယက်ချသည်။ ခြေနှစ်ဖက်ကို ခွဲထုတ်၍ ဖားကန်ကန်သည်။

လူက တရွေ့ရွေ့ဖြင့် အပေါ်သို့တက်လာသည်။

အသက်မရှူဘဲ အောင့်ထားရတာ ကြာသဖြင့် အဆုတ်က နွမ်းလျ မောဟိုက်နေသည်။ ခုးခနဲ တစ်ချက်တစ်ချက်ပင် အောင့်ချင်သည်။

ssm

သို့သော် အပေါ်မှာ အလင်းရောင်က မြင်နေရသည်။

ဝိုင်းဝိုင်း. . . လင်းလင်း. . . ကြီး . . . ဖြာကျနေသည်။

သေချာသည်။ နေလုံးကြီးပေါ့။

ဒါဆို သူ ရေမျက်နှာပြင်အောက် အနက်ကြီး ရောက်နေတာတော့ မဖြစ်နိုင်ပါ။ အသက်ရှင်နိုင်ခြေက များနေတုန်းပါ။

သူ ကြိုးစား၍ ရေထုကို ထိုးခွဲရုန်းတက်သည်။

အပေါ် နားနီးလေလေ ရေက ရေသေ မဟုတ်ဘဲ တရကြမ်း စီးမျောနေသော ရေဖြစ်သည်ဆိုတာကို သိလာလေလေ။

နောက်ဆုံး ဘွားခနဲ ခေါင်းပေါ်သွားသည်။

အသက်ကို အငမ်းမရ ရှူရှိုက်တော့ လည်ချောင်းထဲမှာ ရေတွေ ရှိနေ၍ပဲလား မသိ။ တစ်ဆို့သော ရှိုက်သံကြီးပေါ်လာသည်။

လက်ကားရား ခြေကားရား ကန်ကျောက်နေရင်းက ဘေးဘယ်ညာကို မျက်စိဖွင့် လှည့်ကြည့်တော့ အရာရာက လျင်မြန်စွာ စီးဆင်းနေကြသည်။

သစ်ကိုင်းခြောက်တွေ၊ ဓနိမိုးတွေ၊ တောင်းတွေ၊ ပလုံးတွေ၊ ခွေးကလေး တစ်ကောင်ပင် ယက်ကန်ယက်ကန်နှင့် စီးမျောပါသွားတာ တွေ့လိုက်သေးသည်။

ခပ်ဝေးဝေးမှာတော့ လူရိပ်တစ်ရိပ် သူ့ဘက်သို့ စီးမျော၍ လာနေသည်။ နေရောင် ပြောင်းပြန်ဆိုတော့ မျက်နှာလူလုံး မသဲကွဲလှ။

တဖြည်းဖြည်းနှင့် နီးလာတော့ မိန်းကလေးတစ်ဦး ဖြစ်နေသည်။ ခေါင်းကမှောက်ထားသော်လည်း ပါးစပ်တစ်ဝက်လောက်အထိ ရေနစ်နေသည်။ မျက်နှာကတော့ အလွန်ထိတ်လန့် ချောက်ချားနေဟန် ရှိသည်။ ပြီးတော့ တစ်ပတ်ပြီး တစ်ပတ် လည်နေသဖြင့် မျက်နှာကလေးက ပေါ်ချည် ပျောက်ချည်။

မျက်နှာကို သဲကွဲစွာ မြင်ရသော အကွာအဝေးရောက်တော့ သူ့ပါးစပ် အဟောင်းသားပွင့်သွားသည်။



'ဆန်ဆန်'

သူ ကုန်းအော်လိုက်သည်။ အသံက ထွက်မလာ။ လည်ချောင်းတွင် တစ်ခုခု တစ်ဆို့နေသကဲ့သို့ ရှိနေသည်။

ဆန်ဆန်ကလည်း သူ့ကို သတိမထားမိ။ ကြောက်လန့်တကြား ရုန်းကန်လှုပ်ရှားနေရင်းက သူ့ကို ဖြတ်ကျော်၍ ရေစီးနှင့် ပါသွားသည်။

သူအသားကုန် လှမ်းအော်သည်။

'ဆန်ဆန်'

ပြီးတော့ သူ့အိပ်မက်ဆိုးမှ လန့်နိုးသွားသည်။

၀

ချန်ဂီလေဆိပ် တစ်လျှောက် ပျားပန်းခတ်မျှ သွားလာနေကြသော ဖြူဖြူ မည်းမည်း၊ ဝါဝါညိုညို လူမျိုးစုံ၊ အရွယ်စုံ၊ ကျားမစုံ လူအုပ်ကြီးကို ငေးကြည့်ရင်း တွေဝေငြိမ်သက်နေသော ချမ်းမြေ့ကို လှည့်ကြည့်၍ အလုပ်အတူ လုပ်ဖက် မြန်မာလူမျိုး သူငယ်ချင်းက သက်ပြင်းချသည်။

'မင်း ရူးနေတာတော့ မဟုတ်လောက်ပါဘူးနော်၊ ဟေ့ကောင်'

ချမ်းမြေ့က တိုးတိုးရယ်သည်။

'ငါက ဘာလို့ ရူးရမှာလဲ'

'မင်း အခုသွားမယ့် ကိစ္စကို အကောင်းဦးနှောက်နဲ့ ငါစဉ်းစားကြည့်ပေးလို့မှ မရတာ'

ချမ်းမြေ့က ပြုံးသည်။

'ဘာလို့ မရရမှာလဲ၊ မြန်မာတစ်နိုင်ငံလုံး ဝိသမ လောဘသမားတွေ လက်ချက်နဲ့ သစ်တောတွေ ပြုန်းကုန်တာလည်း အမှန်ပဲ၊ ဒီနှစ် လာနီညာနှစ်ဖြစ်လို့ မိုးများတာလည်း အမှန်ပဲ၊ ဆည်တွေ သဘာဝ ပတ်ဝန်းကျင်ကို မတွက်ဘဲ အရမ်းကာရော ဆောက်ခဲ့ပြီး မနိုင်လို့ ရေတွေ ဖွင့်ချတာလည်း အမှန်ပဲ၊ တစ်နိုင်ငံလုံး ရေတွေကြီး ကုန်တာလည်း အမှန်ပဲ၊ ချင်းတောင်မှာ အဆိုးဆုံး ခံလိုက်ရတာလည်း အမှန်

ပဲ၊ အဲဒီဆိုးပါတယ်ဆိုတဲ့ ချင်းတောင်မှာ မောင်ရွာဆိုတဲ့ ရွာကလေး တစ်ဝက်လောက် ရေထဲမျောပါသွားတာလည်း အမှန်ပဲ၊ အဲဒီမောင်ရွာမှာ လာရပ်ကင်ဆိုတဲ့ ချင်းလူမျိုး ကျောင်းဆရာမလေးနဲ့ လာရပ်ဆန်ဆိုတဲ့ သူ့ညီမလေး နေနေတယ်ဆိုတာလည်း အမှန်ပဲ'

အားနှင့် မာန်နှင့် မနားတမ်း ပြောနေသော ချမ်းမြေ့ကို သူ့ သူငယ်ချင်းက လက်ကာပြသည်။

'အဲဒီမှာ စတာပဲ'

'ဘာစတာလဲ'

'မင်းပြောတဲ့ 'ကင်ကင်' ဆိုတဲ့ ကျောင်းဆရာမလေးနဲ့ 'ဆန်ဆန်' ဆိုတဲ့ သူ့ညီမလေး နေတယ်ဆိုတာ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကလေ၊ အဲဒီ နောက်ပိုင်း မင်းနဲ့မှ ဘာအဆက်အသွယ်မှ မရှိတော့တာ၊ သူတို့အဲဒီမှာပဲ ရှိနေပြီး ရေဘေးဒဏ် ခံနေရတယ်ဆိုတာက အဲဒီ သတင်းတွေကြားပြီး စိတ်စွဲလမ်းပြီး မင်းမက်တဲ့ အိပ်မက်ကနေ ကောက်ချက်ချထားတာ၊ ဖြစ်နိုင်ခြေ ဘယ်လောက်များရှိလို့လဲ၊ အဲဒါကြောင့် မင်းကို ငါရူးနေတာလားလို့ မေးတာ'

သူငယ်ချင်း ပြောတာ ချက်ကောင်းကို ထိသွားသဖြင့် သူ ဘာဆက်ပြောရမှန်း မသိဘဲ ငြိမ်ကျသွားသည်။

လက်ထဲတွင် ကိုင်ထားသော ဘီးတပ်ခရီးဆောင်အိတ်ကို ခဏမျှ ငုံ့ကြည့်နေမိပြီးမှ တိုးတိုးပြန်ဖြေသည်။

'ဘာပဲဖြစ်ဖြစ်ကွာ၊ မတော်တဆများ သူတို့ အဲဒီမှာ ရှိနေကြရင် တော်တော် ဒုက္ခရောက်နေကြမှာကွ၊ အခုရွာက အိမ်တွေ တော်တော်များများ ရေထဲပါသွားတယ်တဲ့၊ ကျန်တဲ့ အိမ်တွေလည်း အန္တရာယ်ရှိနေတုန်းပဲတဲ့၊ ရွှေ့ဖို့ပြောင်းဖို့လည်း လူတွေက စရိတ်မရှိလို့ အန္တရာယ်ရှိမှန်းသိရဲ့သားနဲ့ ပေတေပြီးနေနေကြတယ်တဲ့၊ ပြည်နယ်အစိုးရကရော၊ ဗဟိုအစိုးရကရော ဘာအကူအညီမှ ရောက်မလာဘူးတဲ့၊ ငါသူ့တို့ကို သွားရှာချင်တယ်၊ ရှိနေရင်လည်း ခေါ်ထုတ်လာခဲ့ချင်တယ်'



'အဲဒါကလည်း ဆန်ဆန်ကြောင့်. . . ဟုတ်တယ် မဟုတ်လား'

သူငယ်ချင်းက ဖွတ်မေးတော့ သူယောင်အမ်းအမ်းနှင့် ခေါင်းညိတ်ပြသည်။ သူငယ်ချင်းက သက်ပြင်းချသည်။

'မင်း ပြောတာပါပဲ၊ မင်းပြောတဲ့ စကားထဲကပဲ ငါသိရတာပါ။ ဆန်ဆန်ဆိုတာ သူ ၁၆ နှစ်၊ မင်း ၁၇ နှစ်တုန်းက မင်းရခိုင်မှာ ခဏသွားနေရင်း ခဏရင်းနှီးခဲ့တဲ့ မိန်းကလေး၊ မင်းနဲ့ သံယောဇဉ်ရှိတယ်ဆိုပေမယ့် သမီးရည်းစားလည်း မဟုတ်၊ ပြီးတော့ ၁၀ နှစ်လောက် ဘာအဆက်အသွယ်မှ မရတော့တဲ့သူ၊ အဆက်အသွယ်ရဖို့လည်း မင်းဘယ်လိုမှ မကြိုးစားခဲ့တဲ့သူ၊ အခု ရေတွေကြီးခါမှ ရုတ်တရက်ကြီး မင်းဘဝမှာ ဘာလို့ အရေးပါလာရတာတဲ့လဲ'

သူခြောက်ကပ်ကပ် ရယ်သည်။

'သူ ရေထဲ မျောပါသွားတာ ကြည့်ရင်းနဲ့မှ ငါ့ဘဝအတွက် သူ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ငါ ရိပ်မိသွားတော့တာကိုးကွ'

'အိပ်မက်ထဲမှာလေ'

'အိပ်မက်ထဲမှာပေါ့၊ ဘာဖြစ်လဲ၊ ရေထဲမျောပါသွားတာက တကယ် မဟုတ်ပေမယ့် ငါ့ခံစားချက်က တကယ်ပဲဟာ'

သူငယ်ချင်းက စိတ်ပျက်လက်ပျက် ခေါင်းခါသည်။

'လွယ်လွယ်ကူကူ ခရီးဆို ငါမပြောဘူး ဟေ့ကောင်၊ မင်းပြောတဲ့ 'လေးမြို့မြစ်' ဆိုတာ မနေ့က ငါ 'ဂူဂယ်လ်'မှာ ရှာကြည့်ပြီးပြီ၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်ထဲမှာ ဆိုပေမယ့် ရေမကြီးခင်တုန်းကတောင် ပလက်ဝကနေ နှစ်ညအိပ်လောက် သွားရသတဲ့၊ ရခိုင်ပြည်နယ်မြောက်ဦးက ဆိုရင် တစ်ညအိပ် သွားရသတဲ့၊ အခုဆိုရင် ဘာတွေဖြစ်ကုန်ပြီမှန်းတောင် မသိဘူး၊ သွားလို့တောင် ရချင်မှရမယ်၊ သွားရင်လည်း တော်တော်စွန့်စွန့်စားစား သွားရမှာ၊ မင်းက မြန်မာပြည်ထဲ ခရီးမသွားတာလည်း ကြာလှပြီ၊ အကြမ်းပတမ်း ခရီးသွားနိုင်ရအောင်က ဝဋ္ဋကျော်လည်း မဟုတ်၊ ခင်နှယ်စိုးလည်း မဟုတ်'

ချမ်းမြေ့ မျက်မှောင်ကြုတ်သည်။

'ဝေဠုကျော်ဆိုတာ ရုပ်ရှင်မင်းသား မဟုတ်လား၊ ကချင်စစ်ပွဲတုန်းက လူနာတွေ သွားကောက်တဲ့လူလေ'

'ဟုတ်တယ်၊ အခု သူလည်း ချင်းတောင်မှာ ကယ်ဆယ်ရေးတွေ လိုက်လုပ်နေသတဲ့'

'ခင်နွယ်စိုးဆိုတာက ဘယ်သူလဲ'

'မင်းကလည်း ချင်းတောင် သတင်းတွေ စုံစမ်းနေပြီး ခင်နွယ်စိုးတောင် မသိဘူး၊ ခင်နွယ်စိုးဆိုတာလည်း ပရဟိတသမားပဲ၊ အသက်အစိတ်၊ သုံးဆယ်လောက်ပဲ ရှိဦးမယ်၊ ဟိုတုန်းက မြန်မာပြည်အလယ်ပိုင်းမှာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေ စွန့်စွန့်စားစား လိုက်လုပ်လို့ နာမည်ကြီးခဲ့တာ၊ အခု ချင်းတောင်ကို သူတို့အဖွဲ့လည်း ဝင်သွားသတဲ့၊ မင်းသွားမယ့် ခရီးက အဲသလို လူတွေပဲ သွားနေကြတဲ့ ခရီးဆိုတာ သိစေချင်တာ၊ ရှင်းပြီးလား'

ချမ်းမြေ့ပြုံးသည်။

'ရှင်းပါပြီကွာ၊ မိန်းကလေး ငယ်ငယ်နုနု ကလေးတောင် လူတွေအများကြီးကို ကယ်ဖို့သွားနိုင်သေးတဲ့ ခရီးကို ငါလို အသက်သုံးဆယ်ယောကျ်ား တစ်ယောက်က လူနစ်ယောက်ကို ကယ်ဖို့ ဘာဖြစ်လို့ မသွားနိုင်ရမလဲပေါ့၊ ကဲ. . . ငါ အင်မိဂရေးရှင်း ဖြတ်တော့မယ် သူငယ်ချင်း၊ စိတ်ပူပေးတာ ကျေးဇူးပဲ၊ ဘိုင့်ဘိုင်'

ပြောရင်းဆိုရင်း ချမ်းမြေ့ အိတ်ကို ဆွဲ၍ ထွက်ခွာသွားတော့ သူငယ်ချင်းဖြစ်သူခမျာ သက်ပြင်းချ၍သာ ကျန်ခဲ့ရပါသည်။

•

ssm

(၂)

'ဝိုး'

အာမေဋိတ်ကို ဘိုဆန်ဆန်ပြုမိပြီးမှ မလုံမလဲနှင့် ဘေးဘယ်ညာသို့ လှည့်ကြည့်မိသည်။

သူငယ်ချင်းတွေသာ ပါလာလို့ကတော့ သူ့ဇက်ပိုးကို မနာအောင် ဝိုင်းရိုက်ကြဦးမည်မှာ အမှန်။

'မင်း အသက်က ၁၇ နှစ်ပဲ ရှိသေးတယ်၊ နိုင်ငံခြားသွားကျောင်းနေမယ်ဆိုတာ စိတ်ကူးယဉ်ရုံ အဆင့်ပဲ ရှိသေးတယ်၊ ဗိုးတွေ ဝါးတွေ မလုပ်နဲ့၊ မြန်မာလို ဗုဒ္ဓေါ်ပဲတာ'

အဲသလို ပြောနေကျ သူငယ်ချင်းကို သတိရ၍ ပြုံးမိသည်။

သူတို့ စွပ်စွဲသလိုပင် ချမ်းမြေ့မှာ နိုင်ငံခြားကို အထင်ကြီးစိတ်နည်းနည်းတော့ ရှိနေတာ အမှန်ပင်ဖြစ်သည်။ ဒါကရော ဘာများမှားနေလို့လဲ။ နိုင်ငံခြားကို တစ်ခါမှ မရောက်ဖူးသေးသော်လည်း ကြားဖူးသမျှနိုင်ငံအကုန်လုံးက ကိုယ့်နိုင်ငံထက်တော့ တိုးတက်နေကြတာပဲ မဟုတ်ဘူးလား။ လူ့အသုံးအဆောင်တွေလည်း သာ၊ နည်းပညာတွေလည်းသာ၊ စည်းကမ်းလည်းသာ၊ သာတကာ့သာတာတွေထဲမှာ အထူးခြားဆုံးက တိုးတက်ပါသည်ဆိုသည့် နိုင်ငံကြီးတွေမှာ နိုင်ငံပေါင်းစုံက

လာသည့် လူမျိုးပေါင်းစုံ၊ ကိုးကွယ်ရာ ဘာသာပေါင်းစုံ မှီတင်းနေထိုင်နေကြတာပဲ ဖြစ်သည်။ ဘယ်လိုပဲ ခွဲခြားဆက်ဆံသည် ပြောပြော မြန်မာနိုင်ငံမှာ လောက်တော့ နိုင်ငံခြားသားက သတ်သတ် မြန်မာက သတ်သတ် လူတန်းစားနှစ်ရပ် ဖြစ်မနေလောက်ဘူး ထင်သည်။ သည်မှာက နှိမ်တာတော့ မဟုတ်သော်လည်း ခွဲခြားတာကတော့ ခွဲခြားတာပဲ မဟုတ်ဘူးလား။

သူကတော့ အနောက်နိုင်ငံများမှလာသော ရုပ်ရှင်တွေကြည့်ပြီး အဲသည့် ရုပ်ရှင်တွေထဲမှာ အဖြူအမည်းလည်း မခွဲခြား၊ ဆင်းရဲချမ်းသာလည်း မခွဲခြား၊ မိဘရာထူးလည်း မခွဲခြား၊ ဘာဆိုဘာကိုမှ မခွဲခြားဘဲ အဓိက ဇာတ်ဆောင်တွေ ရင်းရင်းနှီးနှီး ပြောကြဆိုကြ ပေါင်းသင်းကြတာတွေကို သိပ်သဘောကျသည်။ ကိုယ့်နိုင်ငံကိုလည်း အဲသလို သိပ်ဖြစ်စေချင်သည်။ ကိုယ့်နိုင်ငံကတော့ ယခု သူတွေ့နေရသလောက် နိုင်ငံခြားသားကို အသာထားဦး။ ရခိုင်လူမျိုး ဖြစ်နေသည့် သူ့ဖခင်အမျိုးတွေနှင့် မြန်မာလူမျိုး ဖြစ်နေသည့် သူ့မိခင်ဆက်ဆံရေးကပင် သိပ်ပြီး မချွေးထွေးလှပါ။

တော်သေးတာပေါ့။ သူ့ကိုကျတော့ နှစ်ဖက်စလုံးက ချစ်ကြပေလို့။

သည်တော့ သူက ကျောင်းပိတ်ရက် တစ်ခါမှာ အမေ့အမျိုးတွေရှိရာ မကွေးကို သွားနေဖြစ်လျှင် နောက်တစ်ခါ ကျောင်းပိတ်လျှင် အဖေ့အမျိုးတွေ ရှိရာစစ်တွေသို့ လာနေလေ့ရှိသည်။

သည်တစ်ခေါက်က စစ်တွေအလှည့်။

ယခုလည်း စစ်တွေဆိပ်ကမ်းက ပွိုင့်ဟုခေါ်သော မီးပြတိုက်ကျွန်းဆွယ်ကလေး ထိပ် လက်ရမ်းကလေး ကာထားသော နေရာကနေ အောက်ကို ငုံ့ကြည့်ရင်း သူ အာမေဋိတ် ရွတ်မိခြင်းဖြစ်သည်။

သူ မသိတာတော့လည်း မဟုတ်။



သည်နေရာမှာ လှိုင်းခေါင်းဖြူတွေ သိပ်လှသည်ဆိုတာ သူငယ်ငယ်ကတည်းက အခေါက်ခေါက် ရောက်ခဲ့ပြီးသားမို့ သူသိသည်။ တခြားပင်လယ်ကမ်းခြေတွေမှာက ကျောက်ဆောင်တွေက ဟိုနားတစ်စု သည်နားတစ်စုဆိုတော့ လှိုင်းပုတ်လိုက်လျှင် လှိုင်းက ခေါင်းဖျားကလေးတင်ဖြူ၍ အေးကသောင်ပြင်ပေါ်ကို လွင့်စင်သွားတတ်သည် ချည့်သာဖြစ်သည်။ သည်ပွိုင့်အငူမှာတော့ ကျောက်ဆောင်ကျောက်သားတွေချည့် သက်သက် ပင်လယ်ထဲကို သင်္ဘောဦးလို ထိုးခွဲဝင်ရောက်သွားတာဆိုတော့ လှိုင်းတွေက ကျောင်ဆောင်တစ်ခုမှ တစ်ခုသို့ အထပ်ထပ်ရိုက်ခတ်လွင့်စင်လေ့ရှိပြီး ခေါင်းဖြူတို့ မပြယ်ခင်မှာပင်လျှင် နောက်ထပ်လှိုင်းတံပိုးတို့ ဝင်ရောက်လာလေ့ရှိသဖြင့် အမြှုပ်တဖွေးဖွေး ထနေသည်မှာ အရပ်အနားအကြား မရှိအောင် ဖြစ်လေသည်။

အဲသည် သိပ်လှသည့် ရှုခင်းကို သူအကြိမ်ကြိမ် မြင်ဖူးထားပြီးဖြစ်သော်လည်း တစ်ခါထပ်မြင်တိုင်း တစ်ခါရင်သပ်ရှုမောဖြစ်ရလေသည်။

တော်သေးတာပေါ့။

'ဝိုး' ဆို အတလိုက်မှာ ဟိုကောင်တွေ ပါမလာပေလို့။

ညာဘက်က သောင်ပြင်ဘက်ဆီလည်း သူလှည့်ကြည့်မိသည်။ အဲသည်မှာတော့ ညနေပိုင်းလမ်းလျှောက်သူတွေနှင့် စည်ကားနေသည်။ အဲသည့် သောင်ပြင်က ပေလီလိုမဖြူ။ ကျောက်မှုန့်၊ ကျောက်သားကလေးတွေ ပြွမ်းနေသဖြင့် မည်းညစ်ညစ်ဖြစ်သည်။ ရေကလည်း မည်းညစ်ညစ်မို့ ကူး၍ မကောင်း။ ပင်လယ်ရေကို ဖြတ်တိုက်လာသော လေကလေးကို ရှုရှိုက်ရင်း လမ်းလျှောက်ဖို့သာ ကောင်းသည်။

သူ ကျောက်ဆောင်တွေဘက်သို့ တစ်ချက်ငုံ့ကြည့်မိပြန်သည်။ အဲသည်မှာ သူမျက်လုံး ပြူးသွားသည်။

လူ. . . လူပါလား။

ဟိုးထိပ်က လှိုင်းတံပိုးတို့ ပြင်းထန်နေသည့် နေရာအထိတော့ မရောက်။ သို့သော် သောင်စပ်ကျောက်ဆောင်တွေ အစကနေဆိုလျှင် တော်တော် ဝေးနေပြီဖြစ်သည့် ကျောက်ဆောင်တစ်ခုပေါ်တွင် လူ တစ်ယောက် ရှိနေသည်။

လူမှ မိန်းမငယ်ကလေး တစ်ယောက်။ ၁၆ နှစ်လောက်ပဲ ရှိဦး မည်ထင်သည်။ ကာကီ အင်္ကျီလက်ရှည် အကွက်နှင့် ဂျင်းဘောင်းဘီရှည် နှင့်။ ဘောင်းဘီအောက် တစ်ဝက်လောက်က ရေများ ရွှဲနေပြီ။ ကျောက်ဆောင်တစ်ခုမှ တစ်ခုသို့ ကူးဖို့ ဟန်ပြင်နေရင်း ချိန်ဆနေပုံရ သည်။

'ဟေး၊ ဟိုကောင်မလေး'

သူ့အပေါ်က လှမ်းအော်သည်။ ချာတိတ်မ ကြားပုံမပေါ်။ ရှေ့ ဆက်တိုးဖို့ ကြိုးစားရင်း မျက်မှန်ကို ပင့်တင်သည်။

ရော်. . . ခက်ပြီ။ မျက်မှန်တောင် ပါလိုက်သေး။ အဲဒါကို သည်လှိုင်းတွေ ကျောက်ဆောင်တွေ ကြားထဲ ဇွတ်တိုးနေသည်။ အဲသည် မိန်းကလေးနှင့် မလှမ်းမကမ်း သောင်ပြင်ပေါ်တွင် ဘယ်သူမှ ရှိမနေ။ လူတွေက ခပ်ဝေးဝေးမှာ လျှောက်နေကြသည်။

'ရပ်ဟ၊ ရပ်ဟ၊ နေဦး၊ ငါလာခဲ့မယ်'

သူ အသားကုန် ကုန်းအော်တော့ သဲ့သဲ့ကြားသွားဟန်တူသည်။ ကောင်မလေးက သူ့ဘက်ကို လှည့်၍မော့ကြည့်သည်။

သူကတော့ ပတ်ဆင်းသည့် လမ်းရှိရာသို့ အပြေးသွားသည်။ ပြီးတော့ သောင်ပြင်ဘက်မှ ပတ်၍ ကောင်မလေးရှိနေရာ ကျောက် ဆောင်တွေပေါ် ကြိုးစား ပြန်တက်သည်။ ကောင်မလေးကို လှမ်းမြင်ရ တော့ လက်လှမ်းပြသည်။

'အဲဒီမှာ ရပ်နေ၊ ဆက်မသွားနဲ့'



ကောင်မလေးက သူ့ကို အူကြောင်ကြောင် ပြန်ကြည့်သည်။ ကော်ကိုင်း မျက်မှန်အမည်းကြီး တပ်ထားတာကလွဲလျှင် ဖြူဖြူသန့်သန့် ရုပ်ကလေးပါပဲ။ ရခိုင်တွေ ဖြူလျှင် မြန်မာထက် ဖြူသည်ဆိုတာ သိထား တော့ သူပြောသည့် မြန်မာစကားကိုများ ကောင်မလေး နားမလည်လေ ရော့သလားဟု တွေးမိပြီး စောစောက စကားကိုပင် တတ်သမျှ မှတ် သမျှ ရခိုင်သံဖလှယ်၍ ထပ်အော်ပြောသည်။

'ဟိုက်. . . ကလိမေသျှ၊ ယင်းမာရပ်နီ၊ ရှေ့ကိုဆက်မလားကေ့'

ကြားသွားပုံပေါ်သည်။ ကောင်မလေးက ပြုံး၍ ပြန်အော်သည်။

'ဘာတွေ ပြောနေတာလဲ၊ နားမလည်ဘူး'

မြန်မာသံ ပီပီသသကြီး။

သူသက်ပြင်း ချ၍ ထပ်အော်ပြောသည်။

'နင် အဲဒီမှာ ဘာသွားလုပ်နေတာလဲ'

ကောင်မလေးက လက်ထဲက ပဝါစကို မြှောက်ပြသည်။ ချင်း အမျိုးသမီးများ ပခုံးတွင် ခြုံသည့် ပုဝါမျိုးဖြစ်သည်။ လက်စသတ်တော့ သူက ချင်းကိုး။

'ငါ့ ပဝါလေး လွင့်သွားလို့ လာကောက်တာ၊ ရပြီ'

ကောင်မလေးက သူ့ဘက်သို့ ကျောက်ဆောင်များကို လက်နှစ် ဖက် ခြေနှစ်ဖက်နှင့် အားပြုရင်း ပြန်ဆင်းလာသည်။

သူ့နား အရောက်တွင် သူက လက်ကမ်းပေးတော့ လိုလိုလား လားပင် သူ့လက်ကို ဆွဲ၍ အားပြုပြီး ဆင်းလာသည်။

မြတ်စွာဘုရား၊ သည်တစ်ခါ မြန်မာလိုသာ တမိတော့သည်။

ကောင်မလေး လက်က နူးညံ့မှုက သူ့ညာဘက်လက် တစ်လျှောက်လုံးကနေ သူ့နှလုံးသားထဲအထိ စီးဝင်သွားသည်။

သူက ၁၇ နှစ်သား ဆိုသော်လည်း မိန်းကလေး တစ်ယောက် လက်ကို မထိဖူး မကိုင်ဖူးသော ၁၇ နှစ်သားတော့ မဟုတ်။ သို့သော်

သည်မိန်းကလေးငယ် လက်နူးညံ့မှုက ထူးခြားလွန်းလှသည်။ လူကြီးတွေ ပြောပြောနေသည့် လက်ကိုင်ကြည့်ရုံနှင့် မူးမေ့သွားစေသည့် ပဋ္ဌပါပီ ဆိုတာမျိုးလာမသိ။

ကောင်မလေးကတော့ သူကြက်သေ သေသွားတာ သတိထားမိဟန်မတူ။ ရှေ့ကနေ ဆက်၍ ဆင်းသွားပြီး သောင်ပြင်ပေါ် ရောက်သွားသည်။ သူလည်း နောက်ကနေ လိုက်၍ ဆင်းသွားသည်။

ကောင်မလေးက သူ့ကို လှည့်ကြည့်သည်။

အသားက တော်တော်ဖြူသော်လည်း ရုပ်ကတော့ ထူးထူးခြားခြားမလှ။ ထူးထူးခြားခြားလည်း ရုပ်မဆိုး။ ရွှက်ကြမ်းရေကျိုရုပ်ကလေးမှာ ငယ်နုသန့်စင်ခြင်းက ရှင်းသန့်နေသည်ကို ကော်ကိုင်းမျက်မှန်အမည်းက ဖျက်နေသည့် မျက်နှာဖြစ်သည်။

'နင်က ငါ့နောက် ဘာလိုက်လုပ်တာလဲ'

ချမ်းမြေ့က မီးပြတိုက်ရှိနေသည့် ပလက်ဖောင်း ဝရံတာဘက် လက်ညှိုးထိုးပြသည်။

'ငါ ဟိုကနေ အောက်ကို ငုံ့ကြည့်နေတာ၊ နင့်ကို ကျောက်ဆောင်ပေါ်မှာတွေ့တော့ ဟိုလှိုင်းတွေ ထန်နေတဲ့ဘက် သွားတာလားလို့ စိတ်ပူပြီး လိုက်တားတာ'

ကောင်မလေးက အော်ရယ်သည်။

'ငါက ရူးနေတာမှ မဟုတ်တာ၊ အင်းလေ၊ ငါ့ကို စိတ်ပူပေးတဲ့အတွက်တော့ ကျေးဇူးပါ'

ကောင်မလေးက စဉ်းစားပြီး ရယ်ပြန်သည်။

'ငါ့ကို ရခိုင်လိုတွေလည်း လာအော်နေသေးတယ်'

ချမ်းမြေ့ ရှက်ကိုးရှက်ကန်းနှင့် လိုက်ရယ်သည်။

'နင်က ချင်းလား'



ကောင်မလေး ခေါင်းညိတ်ပြသည်။ 'နင်က ရခိုင်လား'ဟု ပြန်မေးတော့ ချမ်းမြေ့ခေါင်းညိတ်ပြသည်။

'ရခိုင်တစ်ဝက်၊ မြန်မာတစ်ဝက်ပေါ့ဟာ၊ ငါ့နာမည်က ချမ်းမြေ့တဲ့၊ နင့်နာမည်ကရော'

'ငါ့နာမည် လာရပ်ဆန်၊ ဆန်ဆန်လို့ပဲ ခေါ်ကြပါတယ်'

'နင်က စစ်တွေမှာ နေတာလား'

ဆန်ဆန်က ခေါင်းခါပြသည်။

'ငါ့ အစ်မရဲ့ အသိမိသားစုက စစ်တွေဈေးထဲမှာ ရိုးရာအထည်ဆိုင် ဖွင့်ထားတယ်၊ 'ချင်းရိုးရာ' တဲ့၊ ငါသူတို့နဲ့ တစ်ပတ်လောက်နေပြီးရင် ငါ့အစ်မနဲ့ ချင်းတောင်ကို ပြန်မှာ၊ နင်ကရော'

'ငါက ရန်ကုန်က၊ ၁၀ တန်းဖြေထားတယ်၊ ကျောင်းပိတ်လို့ စစ်တွေက အဖေ့ အမျိုးတွေဆီ ခဏလာလည်တာ'

ဆန်ဆန်က ရယ်သည်။

ရယ်လိုက်ရင်တော့ ချစ်ရာ အကောင်းသား။

' နင်စစ်တွေမှာ ပျော်လား၊ ငါတော့ စစ်တွေမှာ သိပ်ပျင်းတာပဲ၊ လည်စရာလည်း သိပ်မရှိပါဘူး၊ မြို့ထဲကလည်း ရခိုင်က နည်းနည်း. . '

သူ့ပါးစပ်ကလေး သူ့လက်ညှိုးနှင့် ပိတ်၍ ရှုးဆိုလုပ်ပြီး ရယ်ပြန်လေသည်။ ချမ်းမြေ့က ပခုံးတွန့်ပြသည်။

'အမှန်အတိုင်း ပြောရရင်တော့ ပျင်းသားဟ၊ အမျိုးတွေ ခေါ်လို့သာ လာရတာ၊ အစ်ကို ဝမ်းကွဲတွေက သူတို့ မြောက်ဦးသွားရင် ခေါ်သွားမယ်လို့တော့ ပြောတာပဲ၊ မြောက်ဦးတော့ လိုက်ချင်တယ်၊ ဒါပေမဲ့ သူတို့က ကီစွနဲ့ ပလက်ဝအထိ ဆက်မှာဆိုတော့ ပင်ပန်းလို့'

ဆန်ဆန်က မျက်စောင်းထိုးသည်။

'မကြီးကျယ်ပါနဲ့ဟာ၊ ငါပလက်ဝက လာတာပါ'

သူ အားနာ သွားသည်။

'တကယ်'

'ဟုတ်တယ်၊ ပလက်ဝတော့ မဟုတ်ဘူး၊ ပလက်ဝမြို့နယ်ထဲက မောင်ရွာဆိုတဲ့ ရွာကလေးမှာ ငါ့အစ်မက ကျောင်းဆရာမ လုပ်တာ၊ အဲဒီကို ပြန်မှာ'

သူ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'ငါ့အစ်ကိုတွေ သွားမှာလည်း အဲဒီမောင်ရွာပဲ၊ ဘုန်းကြီးကျောင်း သွားပြင်မလို့တဲ့'

ကောင်မလေးက ရွှင်လန်းစွာ ရယ်သည်။

'လိုက်ခဲ့ပေါ့ဟ၊ လိုက်မယ်ဆိုရင် နင်နဲ့ ငါနဲ့ ခုကတည်းက သူငယ်ချင်း တော်လိုက်တော့မယ်'

ဆန်ဆန်၏ ရင်းနှီးပွင့်လင်း ဟန်ကလေးကို သဘောကျသဖြင့် သူ ခေါင်းညိတ်မိသည်။

'အေးလေ'

'ဒါမှ ချမ်းမြေ့ကွ၊ ကဲ. . . နင်နဲ့ငါနဲ့ သူငယ်ချင်းဖြစ်တဲ့ အထိမ်းအမှတ်နဲ့ နင်မနက်ဖြန် စစ်တွေဈေးထဲကိုလာ၊ ငါ့ကိုခေါ် မုန့်တီလိုက်ကျွေး၊ ဟုတ်ပြီလား'

'နင်ကျွေးမှာ မဟုတ်ဘူးလား'

'မကျွေးပါဘူး၊ ရခိုင်မုန့်တီလေ၊ နင်က ရခိုင်ပဲ၊ နင်ကျွေးပေါ့၊ ငါက နင့်ကို ရွာကျမှ ချင်းအစားအစာ ကျွေးမယ်'

ချမ်းမြေ့ရယ်၍ ခေါင်းညိတ်ပြလိုက်သည်။

ဆန်ဆန်က ရယ်၍ လက်ဆန့်တန်းပေးသည်။

'ကောင်းပြီ၊ အဲဒါဆို ငါသွားမယ်၊ နက်ဖြန် ဆက်ဆက်လာခဲ့နော်၊ သူငယ်ချင်း၊ ရှိတ်ဟင်း'

ချမ်းမြေ့ ခဏတွေဝေသွားပြီးမှ လက်ပြန်ဆန့်တန်း၍ ဆန်ဆန့် လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်သည်။



ထင်တဲ့အတိုင်းပါပဲ။

နူးညံ့သော လက်ဖဝါး၏ အတွေ့က နှလုံးသားအထိ နွေးထွေးစွာ စီးဝင်သွားပြန်ပါသည်။

သတိပြန်ထားမိ၍ မော့ကြည့်လိုက်တော့ ဆန်ဆန်က တော်တော်ဝေးသည့်နေရာ သောင်ပြင်ပေါ်ကနေ သူ့ကို လက်ပြနှုတ်ဆက်၍ နေပါသည်။

၀

'လေယာဉ်ထိုင်ခုံကလေး မတ်မတ်ထားပေးပါရှင်၊ ဆင်းတော့မှာမို့ပါ'

ဆင်းဂလစ်ရှ်သံ ဝဲဝဲ အင်္ဂလိပ်စကားသံကြောင့် သူလန့်နိုးလာသည်။ စင်ကာပူ လေယာဉ်မယ် ကလေးက သူ့ကို ပြုံးပြနေသည်။

သူ ထိုင်ခုံကို မတ်လိုက်သည်။

အင်း. . . အမိမြန်မာပြည်။

တစ်ခါတလေ ပြန်ရောက်ဖြစ်သော်လည်း ရက်ရှည်ရှည် ပြန်လာတာမျိုးက ရှိခဲ့သည်။

စင်ကာပူမှာ နေရသော မြန်မာတစ်ဦး အနေနှင့် အထိုက်အလျောက် မျက်နှာငယ်ရတာမျိုးတွေ ရှိခဲ့သည်။ အဲသည်ထဲမှာ အရေးအကြီးဆုံး အချက်ကတော့ ပီအာမရမချင်း ခံစားခွင့် တော်တော်များများ ဆုံးရှုံးနေတာရယ်၊ ရာထူးတည်မြဲရေးအတွက် အလုပ်သမား အခွင့်အရေး တချို့ကို ဆုံးရှုံးခံရတာရယ် ဖြစ်သည်။ ယခုတော့ အဲသည်အဆင့်တွေကို ကျော်ခဲ့ပြီဟု ပြော၍ရသည်။ သည်ကုမ္ပဏီက အလုပ်ထွက်လျှင် နောက် ကုမ္ပဏီတစ်ခု ထပ်အလုပ်ရဖို့လည်း သိပ်ခက်မည် မထင်တော့။ ပြီးတော့ အဲသည့်ကိစ္စက သူ့အတွက် သိပ်အရေးကြီးသည်ဟု သူ့နှလုံးသားက သူ့ကို ပြောနေသည်။

ဒါနှင့်ပဲ ကြာချင်ကြာမည်။ မိသားစုကိစ္စ အရေးကြီး၍ပါဟု ခွင့်တိုင်ခဲ့လိုက်သည်။ အလုပ်ရှင်ကလည်း ကြည်ကြည်ဖြူဖြူပါပဲ။

သုံးနာရီကြာသော လေယာဉ်ခရီးမှာတော့ သူတောက်လျှောက် အိပ်ပျော်နေခဲ့သည်။

အိပ်မက်ထဲမှာလည်း ဆန်ဆန်နှင့် ပြန်တွေ့နေသဖြင့် အိပ်မက်က မနိုးထချင်။ သို့သော် မတတ်နိုင်တော့။ လေယာဉ်က ဆိုက်တော့မည်။

ဆန်ဆန်ကို အသွေးအသားနှင့် မျက်ဝါးထင်ထင် မြင်ရအောင် ရှာဖို့ ခရီးစပြီဖြစ်သည်။

ချမ်းမြေ့ သူ့လက်ဖဝါးကလေးကို သူထောင်ကြည့်မိသည်။

ဆန်ဆန့် လက်ဖဝါးလေး၏ နူးညံ့မှုက ၁၅ နှစ်ကြာသည့် အချိန်အထိတောင် မွှေးထွေးနေဆဲပါလား။

●

(၃)

ချမ်းမြေ့ တိုက်ခန်း ဝရံတာမှ အောက်ကားလမ်းကို ငုံ့ကြည့်ရင်း နှာခေါင်းရှုံ့နေမိသည်။

ဒါ ရန်ကုန်မြို့လယ်ခေါင်တဲ့လေ။

ကားလမ်းက မမြင်ရ။ ရေများ အဖွေးသား ဖုံးအုပ်နေပြီး ကားတွေက ရေထဲမှာ မော်တော်ဘုတ် မောင်းသလိုမောင်းနေကြတာ ဖြစ်သည်။ ရေတွေကလည်း နံလိုက်သမှ။ သုံးထပ်တိုက်ပေါ်ကတောင် အနံ့ရနေသည်။

အိမ်ရှေ့ခန်းဘက်ကို ပြန်ကြည့်တော့ သစ်သားဆက်တီခုံပေါ်မှာ တင်ပလ္လင်ခွေထိုင်၍ လက်ဖက်သုပ် ပန်းကန်ကို လက်ကကိုင်ထားပြီး ပလုတ်ပလောင်း ဝါးနေရင်း ရုပ်မြင်သံကြားမှာ လွှင့်နေသည့် ဘောလုံးပွဲကို စိုက်ကြည့်နေသော ဦးဇော်ကို တွေ့ရသည်။

ဦးဇော်က သူ့ဦးလေးဝမ်းကွဲပါ။

ကုမ္ပဏီကြီးတစ်ခုမှာ မန်နေဂျာလုပ်နေပြီး အဆက်အသွယ်လည်းများသူ၊ ခရီးသွားလည်းများသူမို့ ချင်းတောင်ကို ဘယ်လိုသွားရမလဲ၊ သူ့ဆီမှာ လာစုံစမ်းနေတာဖြစ်သည်။

ssm

၁၇ နှစ်သားတုန်းက တွေ့ခဲ့ဖူးသော ကောင်မလေး တစ်ယောက်ကို ရှာချင်၍ ဆိုတာမျိုးက အိမ်မှာ ဖေဖေ၊ မေမေတို့နှင့် တိုင်ပင်၍ လွယ်သော ကိစ္စမျိုးလည်း မဟုတ်ပါချေ။

'ဦးဇော်ကလည်း အောက်က ရေဆိုးနဲ့တွေ ဒီလောက်ရနေတာကို ပလုတ်ပလောင်းနဲ့'

'ဆွဲထား၊ ဆွဲထား၊ ဟာကွာ၊ ပါသွားပြီ'

ဦးဇော်က သူပြောတာ တော်တော်စိတ်ဝင်စားပုံပါပဲ။ ဘောလုံးပွဲကို ညာသံပေးတာတောင် မပျက်။

'ဦးဇော်'

သူစိတ်တို စွာ အော်တော့မှ ဦးဇော်က လှည့်ကြည့်၍ ရယ်သည်။ ဦးဇော်က ပင်ကို သဘာဝကိုက သဘောကောင်းသူ၊ ပျော်ပျော်နေတတ်သူဖြစ်သည့်အပြင် ချမ်းမြေ့ကို တော်တော်ချစ်သူဖြစ်သဖြင့် ချမ်းမြေ့ အော်လို့လည်း စိတ်မဆိုးတတ်ပါ။

'ဘာလဲကွ၊ မင်းပဲ ရေကြီးတဲ့ဆီ သွားချင်တယ်ပြောလို့ ငါက အိမ်ရှေ့တင် ရှိတယ်၊ သွားကြည့်လို့ ပြောတာ၊ ငါပြောတာမဟုတ်လို့လား'

ချမ်းမြေ့နှာခေါင်း ရှုံ့ပြသည်။

'ရေကြီးတာက ဒီအထိရောက်လာပြီမို့လို့လား'

ဦးဇော်က တဟားဟားရယ်သည်။

'ဒီနှစ်က အဆန်းကွ၊ ခါတိုင်းရေကြီးလိုက်ရင် မြစ်ဝကျွန်းပေါ်ချည်းပဲ၊ ဒီတစ်ခါက ချင်းတောင်၊ စစ်ကိုင်းတိုင်းလို အမြင့်ကြီးတွေ မြုပ်တာ၊ ပွင့်ဖြူတို့ ကျောင်းတော်ရာတို့လို မိုးခေါင်ရေရှား ဒေသတွေလည်း ပါကုန်တယ်'

'အဲဒါ ဘာဖြစ်လို့လဲ'

ဦးဇော် ပခုံးတွန့်ပြသည်။



'ဆည်တွေ စည်းမရှိ ကမ်းမရှိ ဆောက်တော့ ရေပိုတွေ ဆည်ကျိုးမှာစိုးတော့ ဖောက်ထုတ်ရတယ် ပြောကြတာပဲကွာ'

'ဆည်တွေက အစိုးရဆောက်တာ မဟုတ်ဘူးလား၊ စည်းကမ်းတကျပဲ ရှိမှာပေါ့'

'အစိုးရတွေသာ ဆည်တွေကို စည်းကမ်းတကျ ဆောက်ရင် ကမ္ဘာ့နာမည်ကြီး မြစ်ကြီးတွေက ဘာလို့ ကောကုန်သလဲ၊ တရုတ်ဆိုတစ်ခုမှတောင် မကျန်ဘူး၊ မြစ်ဝါမြစ်ဆိုတာ မင်းကြားဖူးလား'

'ကြားဖူးတယ်၊ မြစ်ဝါမြစ်ဝှမ်း ယဉ်ကျေးမှုတို့၊ အိန္ဒုမြစ်ဝှမ်း ယဉ်ကျေးမှုတို့ ကမ္ဘာ့သမိုင်းမှာ ယဉ်ကျေးမှု စထွန်းကားတဲ့နေရာတွေလေ'

'အေး၊ အဲဒါလည်း မရှိတော့ဘူး၊ ကောသွားပြီ'

ချမ်းမြေ့စိတ်ရှုပ်စွာ သက်ပြင်းချသည်။

'ထားပါတော့၊ အဲဒါနဲ့ ရေကြီးတာက အောက်ဘက်ပိုင်း ဘာလို့ ရောက်လာရတာလဲ'

'အောက်ဘက် ရေလျှံရင်သာ ပင်လယ်ထဲ ပြန်ဆင်းတာပေါ့ဟ၊ အထက်ဘက် လျှံတော့ အောက်ဆင်းလာတာပေါ့၊ အခုတောင် ပဲခူးတို့၊ ငါးသိုင်းချောင်းတို့ ရွာတွေ နစ်ကုန်ပြီ၊ ရန်ကုန်မရောက်သေးတာ ကျေးဇူးတင်'

ချမ်းမြေ့က ဝရံတာဘက်ကို လက်ညှိုးထိုးပြ၍ မေးသည်။

'နို့၊ ဒီရှေ့က ရေတွေကရော'

ဦးဇော်က အော်ရယ်သည်။

'ဒီကောင် မြန်မာပြည် မိုးတွင်း တစ်ခါမှ ပြန်မလာဘူးလား မသိဘူး၊ မြောင်းတွေပိတ်ပြီး လမ်းတွေ ရေလျှံတာက ရန်ကုန်မှာ မိုးတွင်းတိုင်း ဖြစ်နေတာပဲဟာ၊ ဘာဆန်းလို့လဲ'

ချမ်းမြေ့ နှာခေါင်းရှုံ့ပြန်သည်။

'စင်ကာပူလည်း မိုးများတဲ့အခါ များတာပါပဲ ဦးဇော်ရာ၊ ဒါမျိုး တစ်ခါမှ မဖြစ်ပါဘူး'

'အောင်မာ၊ မင်းက အထင်သေးလို့၊ မင်းတို့ စင်ကာပူမြို့ စတည်တော့ ရန်ကုန်ပုံစံကို မှီပြီးရေမြောင်းစနစ်တွေ ဘာတွေလုပ်ခဲ့ရတာ မင်း မကြားဖူးဘူးလား'

ချမ်းမြေ့ ခေါင်းကုတ်သည်။

'အဲဒါတော့ ဟုတ်တယ်၊ ဦးဇော်ရဲ့'

'အေး၊ ဒီမှာ အနှစ်ငါးဆယ်ကျော်လုံးလုံး ဒီရေထွက်စနစ်ကို ဘယ်လိုထိန်းသိမ်းထားလဲ မင်း သိလား'

'မသိဘူး၊ ဦးဇော် ပြောပြပါဦး'

ဦးဇော်က တဟားဟား ရယ်သည်။

'ငါလည်း မသိဘူး၊ ငါ မသိလို့ မင်းကို မေးတာ'

'ဦးဇော်ကလည်း နောက်ပြီ'

ဦးဇော်က ရယ်လျက်က လက်ဖက်သုပ် ဆက်စားရင်း ဘောလုံးပွဲကို ပြန်ငေးနေသည်။

ချမ်းမြေ့က သစ်သားဆက်တီ တစ်လုံးတွင် ဝင်ထိုင်သည်။

'ဦးဇော်'

'ဟေ'

'ကျွန်တော် မေးတာလည်း မဖြေသေးဘူး'

'ဘာကိုလဲ'

'ပလက်ဝဘက်ကို ဘယ်လိုသွားလို့ရလဲလို့'

'ဖြေပြီးပြီလေကွာ၊ ဒီအချိန်မှာ ဘယ်လိုမှသွားလို့ မရဘူးလို့'

ချမ်းမြေ့ ခေါင်းကုတ်သည်။

'ဦးဇော်ကလည်း ကျွန်တော် မသွားလို့ မဖြစ်လို့ပါဆို'



'အဲဒီမှာ နေသေးလား၊ မနေသေးလား မသိတဲ့၊ မြင်ရင်လည်း မင်း မှတ်မိချင်မှ မှတ်မိမယ့် ညီအစ်မနှစ်ယောက်ကို သွားရှာမှာဆို၊ အင်းလေ၊ မင်းကိစ္စက တော်တော်အရေးကြီးတာပဲ'

ဦးဇော်က ဘောလုံးပွဲမှ မျက်နှာမခွာဘဲ ဖြေသည်။

ချမ်းမြေ့ တော်တော် စိတ်ညစ်သွားသည်။

'လုပ်ပါ ဦးဇော်ရယ်၊ ကျွန်တော့်မှာ အဝေးကြီးက လာရလာ'

ဦးဇော်က လက်ဖက်သုပ် ပန်းကန်ကို ဘေးကို ချသည်။

'ဟကောင်ရ၊ ရေကြီးနေတာ၊ ရိုးရိုးရေကြီးနေတာ မဟုတ်ဘူး၊ တောင်တွေပါ ပြိုကျနေတာ၊ မြို့ကြီးတွေပါ ပြိုဆင်းနေတာ၊ လမ်းတွေလည်း ကုန်ပြီ၊ မင်းက စင်ကာပူမှာ နေတဲ့ကောင်၊ ဒီအိမ်ရှေ့ ရေလျှံတာတောင် ဒုက္ခဖြစ်နေတဲ့ကောင်၊ ချင်းပြည်က ရွာကလေး တစ်ရွာအထိ အရောက်သွားဖို့ မင်းကိုယ်မင်းများ ခင်နွယ်စိုး မှတ်နေသလား'

ကြားရပြန်ပြီ။ သည်နာမည်။

'ခင်နွယ်စိုး၊ ဟုတ်လား ဦးဇော်'

'ဟုတ်တယ်လေ၊ မင်းက ခင်နွယ်စိုးကို မကြားဖူးဘူးလား'

'ဒီလာခါနီးမှ ကြားဖူးတာပဲ၊ အဲဒီအစ်မကြီးက တော်တော် တော်လား'

ဦးဇော်က ရယ်သည်။

'ငါ သိသလောက်တော့ အစ်မကြီး မဟုတ်ဘူး၊ မင်းထက်ငယ်တယ်၊ တော်တာတော့ သိချင်ရင် အင်တာနက်သာ ဝင်ကြည့်ပေတော့၊ ဒီအရွယ်နဲ့ ဒီလောက်ရင့်ကျက် ပြည့်ဝပြီး အများအတွက် အပင်ပန်းခံ၊ အနစ်နာခံနိုင်တဲ့ မိန်းကလေးမျိုး သူနဲ့ မတွေ့ဖူးခင်က ရှိမယ်တောင် ငါ မထင်ထားဘူး'

ချမ်းမြေ့ငြိမ်၍ စဉ်းစားနေသည်။ ပြီးမှ မော့ကြည့်၍ မေးသည်။

'ဦးဇော်နဲ့ ခင်လား'

ဦးဇော် ပခုံးတွန့်ပြသည်။

'ခင်တယ်တော့ မဟုတ်ပါဘူး၊ သိတယ်ပေါ့၊ တို့ကုမ္ပဏီက သူ့ ပရဟိတလုပ်ငန်းတွေမှာ ဝင်လှူတာတွေ၊ ဝင်ကူတာတွေရှိတော့ တစ်ခါတလေ တွေ့ဖြစ်ပါတယ်၊ အခုတောင် သူပလက်ဝတက်မယ်ပြောလို့ ဆန်အိတ်တွေ လှူလိုက်သေးတယ်'

ချမ်းမြေ့ပို၍ စိတ်ဝင်စားလာသည်။

'သွားကြပြီလား ဦးဇော်'

'မပြောတတ်ဘူး၊ ဒီရက်ထဲလောက် တက်ကြမှာပဲ၊ ကားစင်းလုံးငှားပြီး ဆန်အိတ်တွေ တင်သွားဖို့ရာ အဲဒီဘက်က မလိုက်ချင်တဲ့လူက များနေလို့ ငါတောင် ဝိုင်း စုံစမ်းပေးလိုက်ရသေးတယ်၊ ဒါတောင် ဈေးက ခေါင်ခိုက်နေရော'

'ကျွန်တော် သူတို့နဲ့ လိုက်သွားချင်တယ် ဦးဇော်ရယ်၊ ကျွန်တော့်ကို ပြောပေးစမ်းပါ'

ဦးဇော်ပါးစပ် အဟောင်းသား ဖြစ်သွားသည်။

'ဟကောင်ရ၊ သူများက ခက်ခက်ခဲခဲ၊ စွန့်စွန့်စားစားနဲ့ ကယ်ဆယ်ရေး လုပ်ငန်းတွေ သွားလုပ်မှာ၊ မင်းလိုက်ရှုပ်လို့ ဘယ်ကောင်းပါ့မလဲ'

'ဦးဇော်ကလည်း ကျွန်တော်လည်း ကယ်ဆယ်ရေးလုပ်တာပဲ၊ လူရွေးကယ်တာပဲ ရှိတာ၊ အဲဒါပြောမပြနဲ့ပေါ့၊ လုပ်အားလိုက်ပေးချင်တယ်လို့ ပြောပေါ့'

ဦးဇော် သက်ပြင်းချ၍ လက်ကိုင်ဖုန်းကို ကောက်ကိုင်သည်။

'ငါ ပြောကြည့်ပေးမယ်၊ ရမှာတော့ မဟုတ်ဘူးထင်တာပဲ၊ သူက အလှူရှင်တွေတောင် ပေးမလိုက်ဘူး ကြားတယ်၊ အန္တရာယ်များလို့တဲ့'

ခင်နွယ်စိုးဖုန်းက တော်တော်နှင့် ခေါ်၍ ရပုံမပေါ်။ ဦးဇော်ဖုန်းနှိပ်ကြည့်လိုက် ခေါင်းခါလိုက်ဖြစ်နေသည်။



'ကဲ၊ မထူးဘူး၊ မိုးကြီးပဲ ခေါ်တော့မယ်'

'မိုးကြီး' ဆိုတာ ဘယ်သူလဲ ချမ်းမြေ့မသိ။ မိုးကြီးဖုန်းတောင် သုံးလေးငါးခါ ခေါ်ပြီးမှ ရသွားဟန်တူသည်။

'အေး ဟုတ်တယ်၊ ဦးဇော်'

'......'

'မသွားရသေးဘူးပေါ့၊ ဟုတ်လား'

'......'

'အေးလေ၊ များတော့များတာပေါ့၊ ဘယ်လိုလုပ်မလဲ၊ လိုက်ရဲတဲ့ ကားက မရှိသလောက် ဖြစ်နေတာ'

'......'

'သတိလည်း ထားကြဦး၊ ချောင်းတွေ ကြိုးနဲ့ပစ် ဖြတ်ရတာမျိုးတွေ ရှိတယ်ဆို'

'......'

'မင်း ငါ စိတ်မပူပါဘူး၊ မင်းက ပုံတောင်မှာတုန်းက မိုးကြီးလေကြီးထဲတောင် တောင်ပေါ်က တစ်ယောက်တည်း ဆင်းလာတာ'

'......'

'နွယ်စိုးလည်း စိတ်မပူဘူး၊ ဒီကောင်မလေးက သေချာမှ စွန့်စားတတ်တဲ့ ကောင်မလေး၊ ငါစိတ်ပူတာက သားကြီး၊ နွယ်စိုးရှေ့က ကာကာ၊ ကာကာ လုပ်ရင်း သူ့ပူနေရမှာ'

ဦးဇော်က သိရုံပါပဲဟုသာ ဆိုသည်။ ဖုန်းထဲမှာ ပြောတာကျတော့လည်း တရင်းတနှီးဖြစ်နေ၍ ချမ်းမြေ့အံ့ဩနေသည်။

'ငါခေါ်တာက ဒီလို၊ ဒီမှာ ငါ့တူတစ်ယောက်က စင်ကာပူက ရောက်နေတယ်၊ အင်ဂျင်နီယာပဲ၊ မင်းတို့နဲ့ လိုက်လုပ်အားပေးချင်လို့တဲ့၊ ဖြစ်လား'

'......'

'သိတယ်၊ နွယ်စိုးဖုန်းက မဝင်လို့၊ အနားမှာရှိနေလား'

'. . . . . .'

'ရတယ်၊ မခေါ်နဲ့၊ သူရှုပ်နေလောက်ပြီ၊ ဦးဇော်သိတယ်၊ မေးပဲ မေးပေးမလား။ ကိုင်ထားမယ်'

ဦးဇော်က ဖုန်းကို ကိုင်ထား၍ စောင့်နေသည်။

ချမ်းမြေ့လည်း ရင်ခုန်စွာ စောင့်နေပါသည်။

ခဏနေတော့ တစ်ဖက်က ပြန်ရောက်လာဟန်တူသည်။

'အေးပြော'

'. . . . . .'

'အားမနာနဲ့၊ ရတယ်၊ ပြော'

'. . . . . .'

'သဘောပေါက်တယ်၊ ဦးဇော်သဘောပေါက်တယ်၊ သူ ပူဆာလို့သာ ပြောပေးရတာ၊ ကဲကဲ၊ လမ်းသာ ဂရုစိုက်ကြ၊ သားကြီးနဲ့ နွယ်စိုးလည်း ဂရုစိုက်ဖို့ ဦးဇော်မှာတယ်ပြော'

ချမ်းမြေ့ စိတ်ပန်းလူပန်း ဖြစ်သွားသည်။

'မရဘူးတဲ့လား၊ ဦးဇော်'

ဦးဇော် ခေါင်းညိတ်ပြသည်။

'ဟိုက အကောင်းပြောတာ၊ ဒီကနေ မြောက်ဦးအထိ ကုန်ကားကြီး ၂၄ နာရီလောက် စီးရမှာ၊ မိုးထဲလေထဲ၊ မြောက်ဦးကျရင် မြစ်ကို စက်လှေငှားပြီး ဆန်တက်ကြမှာ၊ အဲဒီနောက်ပိုင်း လမ်းပန်းက မသေချာတော့ဘူး၊ ကြုံသလို သွားကြမှာ၊ အသက်အန္တရာယ်နီးတဲ့ နေရာတွေတောင် ရှိတယ်၊ အလှူရှင်တွေထဲက လူငယ်တွေ လိုက်ချင်တာ အများကြီးပဲ၊ ခင်နွယ်စိုးက ဘယ်သူ့မှ မခေါ်ခဲ့နဲ့၊ အန္တရာယ်များတယ်လို့ ဖြတ်ပစ်တာတဲ့'

ချမ်းမြေ့ အောင့်သီးအောင့်သက် ဖြစ်သွားသည်။

'သူ မိန်းကလေးတောင် သွားသေးတာပဲ'



ဦးဇော်က ရယ်၍ ခေါင်းခါသည်။

'သူက သာမန် မိန်းကလေးမှ မဟုတ်တာ'

'ဘယ်လို မိန်းကလေးမျိုးမို့လဲ'

ဦးဇော်က ပြောစရာ စကားလုံး ရှာမတွေ့သလို ခဏတွေဝေ၍ စဉ်းစားနေသည်။ ပြီးတော့မှ တိုးတိုးနှင့် တွေးတွေးဆဆပြောသည်။

'အသည်းနှလုံးမရှိတဲ့ မိန်းကလေးမျိုးတော့ မဟုတ်ဘူး၊ သူခံစားတတ်တာ အမှန်ပဲ၊ ဒါပေမဲ့ ငါတွေ့ဖူးသလောက်တော့ သူ့အသည်းနှလုံးမှာ မေတ္တာနဲ့ ကရုဏာပဲ ရှိတယ်၊ အကြောက်တရားနဲ့ ဒေါသမရှိဘူး၊ သူကချင်မှာ စစ်ပွဲ ဖြစ်နေတဲ့ နေရာတွေမှာလည်း မူးယစ်ဆေးစွဲ လူငယ် တွေကို ပရဟိတ အလုပ်တွေနဲ့ သွားစည်းရုံးတာ တွေ့ဖူးတယ်၊ ရှမ်းပြည် စစ်ရှောင်စခန်းတွေလည်း သွားဖူးတယ်၊ သူလုပ်တဲ့ အလုပ်တွေမင်းလုပ် နိုင်မယ်လို့တော့ လွယ်လွယ်မတွေးနဲ့ ချမ်းမြေ့ရေ'

ချမ်းမြေ့ ဘာပြန်ပြောရမှန်း မသိတော့။

●

## (၄)

ကျော်သူရောက်နေသည့် နေရာက လက်ကိုင်ဖုန်း ဝင်မှ ဝင်ပါ့မလားဟု စိတ်ပူစွာနှင့် ခေါ်ကြည့်ရတာ ဖြစ်သော်လည်း တကောင်းထောက်မစွာ ဖုန်းက တန်းဝင်သွားသည်။

'ဟုတ်ကဲ့၊ ဒေါက်တာ ကျော်သူပါ'

'ဟေ့ကောင် ကျော်သူ၊ ငါပါကွ၊ ချမ်းမြေ့'

'ဟာ၊ ဟေ့ကောင်ကြီး၊ ဘယ်တုန်းက ပြန်ရောက်နေလဲ၊ ငါ့ နံပါတ်ရော ဘယ်ကရသလဲ'

'ငါ နှစ်ရက်ပဲ ရှိသေးတယ်၊ မင်းနံပါတ်က ရွှေမြတို့ဆီက ရတာ'

'ရွှေမြ၊ ဒီကောင်နဲ့ ငါရန်ကုန်မှာ နောက်ဆုံးဆုံတာတောင် နှစ်နှစ်လောက်ရှိပြီပဲ၊ ဒီကောင်က အခုစစ်တွေမှာ မဟုတ်လား'

'အေး၊ ခဏရောက်နေတာ'

ကျော်သူ၊ ရွှေမြနှင့် ချမ်းမြေ့တို့က ရန်ကုန်မှာ အထက်တန်းကျောင်းနေဖက်သူငယ်ချင်းများ ဖြစ်ကြပြီး ရခိုင်လူမျိုး ရွှေမြက ချမ်းမြေ့နှင့် ညီအစ်ကိုဝမ်းကွဲလည်း တော်သူဖြစ်သည်။

'ကဲ၊ ပြောပါဦး၊ မင်းလာတာ အလည်သက်သက်ပဲလား'

ချမ်းမြေ့မှသားတစ်ဝက် သုံးလိုက်သည်။

ssm

'ရေဘေးသတင်းတွေ ကြားတော့ ကယ်ဆယ်ရေး လုပ်ငန်းတွေ နည်းနည်း ဝင်ပါချင်လို့ကွ၊ မင်းလုပ်နေတဲ့ ဓာတ်ပုံတွေ ဖေ့စ်ဘုတ်မှာ တွေ့လို့ မင်းကို လှမ်းချိတ်ကြည့်တာ၊ မင်းချင်းတောင် ရောက်သွားသေးလား'

'ချင်းတောင်၊ မရောက်ပါဘူး၊ မင်းပြောတာ ဘယ်ပုံလဲ'

'မင်းရေထဲမှာ ခါးတစ်ဝက်လောက် နစ်ပြီး ဆေးထုပ်တွေ သယ်လာတဲ့ပုံလေ၊ အဲဒါချင်းတောင် ရေကြီးတဲ့ နေရာမှာ မဟုတ်ဘူးလား'

ကျော်သူ ရယ်သံသဲ့သဲ့ ထွက်လာသည်။

'ငါ့ကောင် ငယ်ငယ်က အတိုင်းပဲ၊ ကရော်ကမည် လုပ်တဲ့ အကျင့်ကို မပျောက်သေးဘူး၊ မင်း ဖေ့စ်ဘုတ်မှာ ဓာတ်ပုံကြည့်ပြီး စာတော့ မဖတ်ဘူးလား'

'ဘာ တစ်ခုမှ မပါပါဘူးကွ'

'လိုကေးရှင်းထည့်ထားပါတယ်ကွာ၊ ကျောင်းတော်ရာ. . . လို့'

'ဘယ်ကျောင်းရဲ့ ကျောင်းတော်ရာလဲ'

'ဟကောင်၊ မြန်မာလုပ်ပြီး ကျောင်းတော်ရာ မသိဘူးလား၊ မင်းဘူးနားက ကျောင်းတော်ရာပေါ့ကွ၊ အညာမှာ၊ အဲဒီမှာလည်း ရေတွေကြီးနေလို့ ငါတို့ ဆေးရုံက ကယ်ဆယ်ရေးတွေ သွားလုပ်ကြတာ၊ ငါက အခုပွင့်ဖြူဆေးရုံမှာ'

မင်းဘူးဆိုတာ မကွေးမြို့နှင့် ဧရာဝတီမြစ်ခြားပြီး အနောက်ဘက်မှာ ဆိုတာ သူမှတ်မိသည်။ ပွင့်ဖြူကိုတော့ စဉ်းစား၍ မရတော့။ အဲဒီနားမှာပဲဟု ထင်သည်။ ကျော်သူက တစ်ဖက်က ဆက်ပြောသည်။

'မင်းက ဒီကိုလာမလို့လား၊ ဒီမှာက ရေပြန်ကျနေပြီ၊ ချင်းတောင်ဘက်က ဆိုးတုန်းပဲလို့ ပြောတယ်'

'အေး၊ ငါက ချင်းတောင်သွားချင်တာကွ'



'ဟ၊ အဲဒါက ပရော်ဖက်ရှင်နယ်တွေမှ ဖြစ်မှာမောင်၊ လမ်းတွေ အကုန်ပျက်စီးနေပြီ၊ သက်စွန့်ဆံဖျားသွားရမှာ'

တစ်ဘက်က မပြေင်နိုင်မှန်းသိလျက်နှင့် ချမ်းမြေ့မဲ့ပြုမိသည်။

'မြန်မာပြည်မှာ ကယ်ဆယ်ရေးလုပ်တဲ့ ပရော်ဖက်ရှင်နယ်ရယ်လို့ ရှိလို့လားကွာ'

ကျော်သူက ရယ်သည်။

'ရှိတော့ ဘယ်ရှိမလဲမကွ၊ ဒါပေမဲ့ အဲဒါမျိုး ကိစ္စတွေဆို မရောက်ရောက်အောင် သွားပြီး မဖြစ်ဖြစ်အောင် လုပ်တတ်တဲ့ ဖော်လံတီယာတွေတော့ ရှိသပေါ့၊ ပွင့်ဖြူဘုန်းကြီးကျောင်းက ဆရာတော်တောင် အခုချင်းတောင်မှာ ကယ်ဆယ်ရေးတွေ သွားလုပ်မလို့တဲ့'

'ဘယ်ဘက်လဲ'

'ပလက်ဝမြို့နယ်ထဲက ရွာတွေလို့ ပြောတယ်'

ချမ်းမြေ့မျက်လုံး ကျယ်သွားသည်။

'သွားပြီလား'

'နက်ဖြန် ရန်ကုန်ကလာတဲ့ အဖွဲ့တစ်ဖွဲ့နဲ့ပေါင်းပြီး သွားမှာလို့ ပြောတယ်။

'ငါ. . . ငါလိုက်လို့ရမလား'

'မရလောက်ဘူးထင်တယ်၊ လမ်းသိပ်ဆိုးနေတယ် ပြောတယ်၊ ရန်ကုန်က အဖွဲ့ကို မင်းသွားတွေ့ပြီး ပြောချင်ပြောကြည့်ပါလား'

'ဘာအဖွဲ့လဲ'

'ပန်းဒေါင်းအဖွဲ့တဲ့'

ချမ်းမြေ့မျက်မှောင် ကြုတ်မိသည်။

'ငါက သူတို့ကို ဘယ်သွားရှာရမှာလဲ'

'ဆရာတော်ဆီက ငါသူတို့ အဖွဲ့ခေါင်းဆောင် ဖုန်းနံပါတ် တောင်းပေးမယ်လေ'

'သူတို့ အဖွဲ့ခေါင်းဆောင်က ဘယ်သူလဲ'

'ခင်နွယ်စိုးတဲ့'

ချမ်းမြေ့ စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

'တော်ပြီ'

'ဘာလို့လဲကွ၊ ခင်နွယ်စိုးက ဘာဖြစ်လို့လဲ၊ ဒီမှာတော့ ပရဟိတ လုပ်ငန်းတွေ တအားလုပ်လို့ လူတိုင်းဝိုင်းလေးစားနေကြတဲ့ မိန်းကလေး ပဲ'

'ဘာမှမဖြစ်ပါဘူးကွာ၊ ငါသိလည်း မသိပါဘူး၊ မေးကြည့်ဖူးတယ်၊ လိုက်ချင်တယ်လို့၊ လူစိမ်းမခေါ်ပါဘူးတဲ့၊ အန္တရာယ်များလို့တဲ့'

ကျော်သူက ရယ်သည်။

'သူပြောတာလည်း ဟုတ်သားပဲကွ၊ မင်းစေတနာရှိရင် ငွေပဲ လှူလိုက်ပါလား'

မင်းမသိပါဘူး ကျော်သူရယ်ဟု စိတ်ထဲကသာ ညည်းတွားမိပါ တော့၏။

၀

ချမ်းမြေ့က ကွန်ပျူတာ ပရင်တာမှ ထုတ်ယူထားသော ရောင်စုံမြေပုံ တစ်ရွက်ကို ရွှေမြရှေ့ ချပြသည်။

'ဒီမှာကြည့်၊ ဒါက လေးမြို့မြစ်၊ ဒါက ဗုဒ္ဓဂါမရွာ၊ ဒီမှာက သံချောင်း၊ သံချောင်းအတိုင်း လိုက်ရင် မောင်ရွာ ရောက်ပြီ'

ရွှေမြက စိတ်ရှုပ်ဟန်ဖြင့် ခေါင်းခါသည်။

'ဒီမြေပုံ မင်းဘယ်က ရသလဲ'

'ဂူးဂဲလ်က ရတာရယ်၊ လိုက်မေးထားတာရယ် ပေါင်းရတာပေါ့ ကွ၊ ငါ ငယ်ငယ်ကတည်းက တစ်ခေါက်ရောက်ဖူးတာပဲဟာ၊ ဒါက မင်း အပိုင်းမဟုတ်ဘူး၊ ငါအခုစုံစမ်းထားတာ စစ်တွေကို အစိုးရလေယာဉ်



ရော ပုဂ္ဂလိက လေယာဉ်ရော ဆိုက်နေတုန်းပဲ၊ စစ်တွေကနေ မြောက်ဦးကိုသွား၊ မြောက်ဦးကျရင် လေးမြို့မြစ်ကို ဆန်တက်ဖို့ စက်လှေ ငှားရမှာ'

'အိုကေလေ၊ ငါမင်းကို စစ်တွေ လေယာဉ်လက်မှတ် ဝယ်ပေး မယ်၊ စစ်တွေမှာ ငါ့အိမ်မှာပဲ တည်း၊ အပြန်လက်မှတ်လည်း ဝယ်ပေး မယ်၊ မြောက်ဦး အပေါ် ဘက်ကိစ္စ မင်းဟာ မင်းလုပ်'

ချမ်းမြေ့က အသံမထွက်အောင် ဆဲတော့ ရွှေမြက အော်ရယ် သည်။

'ငါနိုင်တာ ငါပြောတာလေဟာ၊ မင်းမြောက်ဦးသာရောက်သွား မယ်၊ လေးမြို့မြစ်အတိုင်း လိုက်ပေးမယ့် စက်လှေက တစ်စီးမှရမှာမှ မဟုတ်တာ၊ နောက်ဆုံး စစ်တွေပဲ ပြန်လာရမှာပဲ'

ချမ်းမြေ့ မကျေမနပ် ဖြစ်သွားသည်။

'ဘာလို့ မရရမှာလဲ၊ ရလို့ အခုခင်နွယ်စိုးတို့အဖွဲ့တောင် သွား မလို့ လုပ်နေတာ'

ရွှေမြက ပြုံးသည်။

'တူမလားကွ၊ ဟိုက ခင်နွယ်စိုး၊ မင်းက ချမ်းမြေ့၊ ခင်နွယ်စိုး ဆိုတာ မင်းက နိုင်ငံခြားမှာ နေနေလို့ မသိတာ၊ ဒီမှာက ခင်နွယ်စိုး အဖွဲ့လာပြီဆို ကြားတာနဲ့ ဒေသခံပရဟိတ အဖွဲ့တွေက ပြေးကြိုပြီး စက်လှေကို မရအရ ရှာပေးမှာ'

ချမ်းမြေ့ မျက်မှောင်ကုတ်သည်။

'သူက ဘာမို့ အဲသလောက် ပိုင်ရတာလဲ'

'ပိုင်တာ မဟုတ်ဘူးဟ၊ ချစ်ကြတာ၊ ချစ်ကြတာ၊ သူ့လုပ်ရပ်တွေ ကို လေးစားလွန်းလို့ ဝိုင်းချစ်ကြတာ၊ မိန်းမရွယ်ကလေး နုနုနယ်နယ် ကလေးနဲ့ မမှုအောင်လုပ်ပြနေတာလည်း ပါတာပေါ့၊ ကချင်တို့၊ ရှမ်းတို့

သွားတုန်းက ဆိုရင် သူလာမယ်ကြားတာနဲ့ လက်နက်ကိုင် အဖွဲ့အစည်းတွေကတောင် အပြင်စည်းက ကာပေးတယ် ကြားတာပဲ'

ချမ်းမြေ့ သက်ပြင်းချသည်။

'ထားပါတော့ကွာ၊ ငါလည်း မြန်မာပြည်ကို လာမယ်ဆိုကတည်းက သူ့ အကြောင်းပဲ တစ်ချိန်လုံး ကြားနေရတာပဲ၊ ဘာပဲဖြစ်ဖြစ် ငါကတော့ ရောက်အောင်သွားမှာပဲ၊ မြောက်ဦးမှာ သောင်တင်နေရင်လည်း သောင်တင်ခံပြီး စက်လှေ မရမချင်း ရှာရမှာပဲ'

ရွှေမြက ပခုံးသားတွန့်ပြ၍ ချမ်းမြေ့ခုတင်ဘက်လှည့်ကြည့်သည်။ ခုတင်ပတ်ပတ်လည်မှာ ချမ်းမြေ့ခရီးသွားလျှင် ယူသွားဖို့ အဝတ်အစားတွေ ပြန့်ကြဲနေသည်။

အဲသည် အဝတ်ပုံထဲမှာမှ ပလတ်စတစ်အိတ်နှင့် သပ်သပ်ရပ်ရပ် ထည့်ထားသော ချင်းတိုင်းရင်းသား ရိုးရာပဝါကလေးကို ရွှေမြသတိပြုမိသွားသည်။

'ဟို ချင်းစောင်က ဘာလဲ'

ချမ်းမြေ့ အိုးတိုးအမ်းတမ်း ဖြစ်သွားသည်။

'ချင်းပြည်နယ်သွားတာ ချင်းစောင်ယူသွားတာ ဘာဖြစ်လဲကွ'

'ဟောကောင်၊ သို့မနေနဲ့၊ ဒါ မိန်းကလေးတွေ ပခုံးမှာ ခြုံတဲ့တဘက်၊ ပြီးတော့ အဟောင်းကြီး၊ ဒီပဝါပိုင်ရှင် ချင်းမလေး တစ်ယောက်နဲ့ မင်းအခုသွားချင်တဲ့ ခရီး ဆက်ကိုဆက်စပ်နေရမယ်၊ ငါ့ကို အမှန်အတိုင်း ပြောပြ'

ချမ်းမြေ့ လက်သာ မြှောက်ပြလိုက်ရပါသည်။

•

(၅)

'နင်နေပူထဲလည်း ဒီတဘက်ကလေးကို ဘာလို့ ယူယူလာရတာလဲ'

ချမ်းမြေ့က မေးတော့ ဆန်ဆန်က ကလေးလေးလို ရယ်သည်။

'နေပူရင် ခေါင်းပေါင်းလို့ ရတယ်လေဟာ၊ ပြီးတော့ ဒါပခုံးပေါ်တင်လိုက်ရင် ဘယ်ရခိုင်ကလေးကမှ ငါ့ကို ရခိုင်လို့တွေ လာမပြောတော့ဘူးပေါ့'

ချမ်းမြေ့ မျက်စောင်းထိုးတော့ ဆန်ဆန်က အားရပါးရ ရယ်ပြန်သည်။

ပြီးတော့မှ မျက်မှောင်ကလေးကုတ်၍ ခပ်လှမ်းလှမ်းမှာ မြင်နေရသော ရွှေစေတီကျောင်းတိုက်ကြီးကို လှမ်းလက်ညှိုးထိုးပြရင်း မေးသည်။

'နင်က ငါ့ကိုဘာလို့ ဒီဘုန်းကြီးကျောင်းကို လာပြတာလဲ'

ချမ်းမြေ့ ပခုံးတွန့်ပြသည်။

'နင်ပဲ စစ်တွေမှာ ဘယ်မှ လည်စရာ မရှိဘူးဆို၊ ပြည်လုံးချမ်းသာဘုရားကြီးကျတော့လည်း နင်ရောက်ပြီးပြီတဲ့၊ ဒါနဲ့ ဒီကိုခေါ်လာတာ၊ ဒါရိုးရိုး ကျောင်းမဟုတ်ဘူး၊ ဆရာတော် ဦးဥတ္တမ နေခဲ့တဲ့ကျောင်းတဲ့၊ နင် ဆရာတော် ဦးဥတ္တမတော့ သိတယ် မဟုတ်လား'

ဆန်ဆန်က ခေါင်းညိတ်ပြသည်။

'ရခိုင်ဘုန်းတော်ကြီးလေ၊ အင်္ဂလိပ်ထောင်ထဲမှာ အစာအငတ်ခံ ဆန္ဒပြရင်း ပျံလွန်တော်မူသွားတာ၊ ဂက်ဒေါက် ခရက်ဒေါက် (ခရက် ဒေါက် ထွက်သွား) ဆိုပြီး ဘုရင်ခံဆာရယ်ဂျီနယ်ခရက်ဒေါက်ကို မောင်းထုတ်တဲ့ မိန့်ခွန်းပြောခဲ့တဲ့ ဘုန်းကြီးမဟုတ်လား၊ မြန်မာ့သမိုင်းမှာ ပထမဦးဆုံး နိုင်ငံရေး လောကထဲဝင်ခဲ့တဲ့ ဘုန်းကြီးလို့လည်း ပြောကြတယ်'

ချမ်းမြေ့ မျက်ခုံးပင့်မိသည်။

'နင် တော်တော် စာဖတ်ထားတာပဲ'

'အနားသွားကြည့်လို့ ရလား'

'ရတာပေါ့၊ ရခိုင်ယဉ်ကျေးမှု သင်တန်းတွေ ဘာတွေတောင် ဖွင့်ထားသေးတယ်၊ ရှေးဟောင်း ဗိသုကာလက်ရာတွေ ကြည့်ရတာပေါ့ဟာ'

သူငယ်ချင်းနှစ်ဦးသား ကျောင်းကို လှည့်ပတ်ကြည့်နေကြသည်။ နေက ပြင်း၍ ချွေးစို့လာတော့ ဆန်ဆန်က သူ့မျက်မှန်ကလေးကို ချွတ်၍ တဘက်ကလေးနှင့် သုတ်သည်။

'နင် ငယ်ငယ်ကလေးနဲ့ ဘာလို့ ပါဝါဒီလောက်များရတာလဲ၊ နင့်မျက်မှန်ကြီးက အထူကြီးပဲ'

ချမ်းမြေ့က မေးတော့ ဆန်ဆန်က မခို့တရို့ ပြုံးပြသည်။

'နင် သိတာပဲဟာ'

ချမ်းမြေ့က အူကြောင်ကြောင် ဖြစ်သွားသည်။

'ငါက ဘာလို့ သိရမှာလဲ'

'သိလို့မှ နင် ပြောတောင်ပြီးပြီ၊ ငါ့ကို အရမ်းစာဖတ်တယ်ဆို'

ချမ်းမြေ့သဘောကျစွာ ရယ်မိသည်။



ဘာပြောပြော၊ ဘာလုပ်လုပ်၊ ငယ်ပေါင်းကြီးဖော်တွေလို တရင်းတနှီး နွေးထွေးစွာ ခံစားရအောင် ပြောတတ်လွန်းသော ချင်းမလေးပါပေ။

ဆန်ဆန်က လက်ကလေး သုံးချောင်းထောင်ပြ၍ ပြုံးတုံ့တုံ့နှင့် ချမ်းမြေ့ကိုလှည့်မေးသည်။

'ဒီကျောင်းကို ကမ္ဘာကျော် ပုဂ္ဂိုလ်သုံးဦး လာကြည့်ဖူးတယ်၊ ဘယ်သူတွေလဲ၊ နင် မှန်အောင်ပြော'

'အောင်မာ၊ မယ်မင်းကြီးမ၊ ငါက နင့်ကို ခေါ်လာတာပါနော်'

'ငါက မျက်မှန်ကြီး ထူအောင် စာဖတ်ထားတာလေ'

သူ့ပြောင်ချော်ချော် အမူအရာကလေးက ချစ်စရာကောင်းလွန်းသဖြင့် ချမ်းမြေ့ နှလုံးသားကြည်နူးစွာ ရယ်မိသည်။

'အင်ဒီရာ ဂန္ဒီတစ်ယောက်တော့ သိတယ်'

'မှန်တယ်၊ နောက်တစ်ယောက်က သူ့အဖေပေါ့'

'နေရူးလား'

'ဟုတ်တယ်၊ တော်သေးတာပေါ့၊ မဟတ္တမဂန္ဒီလားလို့ မမေးလို့'

'အောင်မာ၊ ငါအဲသလောက်တော့ မဝေးပါဘူးနော်၊ နေရူးက မဟတ္တမဂန္ဒီကို ကြည်ညိုလွန်းလို့ သူ့သမီးသူဂန္ဒီလို့ မှည့်ခဲ့တာ ငါသိပါတယ်'

ဆန်ဆန်က မျက်လုံးကလေးပိတ်အောင် ရယ်သည်။

'မဝေးဘူးပြောမှ ဝေးတော့တာပဲ၊ နေရူးက မဟတ္တမဂန္ဒီကို ကြည်ညိုတာအမှန်ပဲ၊ ဒါပေမဲ့ သူ့သမီးနာမည် ဂန္ဒီက သူ့ဟာသူ အိမ်ထောင်ကျမှ ယောကျ်ားနာမည် ယူထားတာ'

ချမ်းမြေ့ရယ်၍ ခေါင်းကုတ်သည်။

'မသိတော့ဘူးဟာ၊ ကဲ နောက်ဆုံး တစ်ယောက်က ဘယ်သူလဲ'

ဆန်ဆန်က မော့ကြည့်သည်။

'ဒေါ်အောင်ဆန်းစုကြည်ပဲ'

ချမ်းမြေ့အံ့ဩသွားသည်။

'ဒေါ်အောင်ဆန်းစုကြည်က အကျယ်ချုပ်ကနေ မနှစ်ကမှ လွတ်လာတာ မဟုတ်ဘူးလား'

ဆန်ဆန်က ခေါင်းညိတ်ပြသည်။

'လွတ်ကတည်းက မနားတမ်း ခရီးသွားတာပဲ၊ ဒီလည်းပြီးခဲ့တဲ့ ဆောင်းကလာသွားပြီ၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးဥတ္တမ သိပ်တူတာတွေ ရှိတယ်၊ သိလား။ တစ်ခုက နိုင်ငံတကာ အတွေ့အကြုံ အရမ်းများတာရယ်၊ နောက်တစ်ခုက သူတို့ မှန်တယ်ထင်တာ အတွက်ဆို ဘယ်တော့မှ နောက်မဆုတ်တာဘဲ'

ချမ်းမြေ့က တွေးတွေးဆဆနှင့် ပြောသည်။

'ဒေါ်အောင်ဆန်းစုကြည်ကတော့ ထားတော့၊ သူက အမျိုးသားခေါင်းဆောင်ကြီးရဲ့ သမီး၊ နိုင်ငံရေးသမား။ ဦးဥတ္တမက ဘုန်းကြီးဘဝနဲ့ နိုင်ငံရေး လုပ်တာကျတော့ နင် ဘယ်လိုမြင်လဲ'

'ဘယ်လိုမှ မမြင်ပါဘူး'

'ဘာလဲဟ၊ နင်က'

'ဟုတ်တယ်လေ၊ ပုဂ္ဂိုလ်တစ်ယောက်ကို ဝေဖန်ဖို့ဆိုရင် ဝေဖန်နိုင်လောက်တဲ့ အမြင်ဗဟုသုတ ရှိရမယ်လို့ ငါမြင်တယ်၊ ဦးဥတ္တမကို ဝေဖန်နိုင်လောက်အောင် သူ့ရဲ့ လောကုတ္တရာ ပေးဆပ်မှုရော၊ မျိုးချစ်စိတ်ရော ငါလိုက်မီမှာမှ မဟုတ်တာ၊ မဝေဖန်ချင်ပါဘူး၊ သေချာတာက နှစ်ခုတော့ ရှိတယ်'

'ဘာလဲ'

'တစ်ခုက သူ့နိုင်ငံရေးက ရိုးသားတယ်၊ ဘယ်သူ့ကိုမှ ဒုက္ခပေးဖို့ လုပ်တာမဟုတ်ဘူး၊ သွေးထိုးလှုံ့ဆော်တာမျိုးတွေ မပါဘူး၊ နောက်တစ်ခုက ဘုန်းကြီးတိုင်း အရိယာမဟုတ်သေးဘူး၊ အရိယာမဖြစ်သေးတဲ့



ဘုန်းကြီးတွေကို အရိယာစံနဲ့ မကိုက်ညီလို့ဆိုပြီး အပြစ်လိုက်တင်နေရင် အရိယာဖြစ်ဖို့ ကြိုးစားတဲ့ဘုန်းကြီး ကျန်မှာ မဟုတ်တော့ဘူး'

ဆန်ဆန်က စကားအရှည်ကြီး ပြောနေရာမှာ ရပ်၍ငေးငိုင်နေသည်။

ချမ်းမြေ့မနေနိုင်ဘဲ မေးမိသည်။

'နင် ဘာစဉ်းစားနေတာလဲ'

'ဒေါ်အောင်ဆန်းစုကြည် အကြောင်း စဉ်းစားနေတာ၊ သူ့လွတ်ပြီး ကတည်းက သာမညတောင်လည်း ရောက်ပြီးပြီ၊ မန္တလေး၊ မကွေး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ် စုံနေပြီ၊ နေရာတိုင်းမှာ နည်းနည်း နည်းနည်း နှောင့်ယှက်ခံရတယ်၊ အခုလည်း ကချင်ပြည်နယ်ကနေ မန္တလေးတိုင်း ပတ်ဆင်းမလို့တဲ့၊ နိုင်ငံရေးအရ မရိုးသားတဲ့လူတွေ သူ့အပေါ်မှာ တစ်ခုခု ကြံစည်နေတာမျိုး ဖြစ်မှာ ငါတကယ်စိတ်ပူတယ်'

ချမ်းမြေ့ အံ့ဩစွာ ဆန်ဆန့်ကို ငေးကြည့်မိသည်။ ဒါ ၁၆ နှစ်သမီး မောင်ရွာသူ ချင်းမလေးတဲ့လား။

သူ ငေးကြည့်နေတာ ဆန်ဆန်က ရိပ်မိသွားပြီးလှည့်၍ ရယ်ပြသည်။

'နင်က ဘာကြည့်နေတာလဲ'

'နင် ၁၆ နှစ်ပဲ ရှိသေးတယ်၊ ဘာလို့ နိုင်ငံရေးတွေ စိတ်ဝင်စားတာလဲ'

ဆန်ဆန်က ပခုံးတွန့်ပြသည်။

'၁၆ နှစ်မို့လို့ စိတ်ဝင်စားတာပေါ့ဟာ၊ ငါက သေခါနီးအဘွားကြီးဆို နိုင်ငံကြီး ဘာဖြစ်သွားဖြစ်သွား ဘာစိတ်ဝင်စားစရာ ရှိလို့လဲ၊ ကဲ နင့်ကို ငါတစ်ခုမေးမယ်နော်၊ မျိုးချစ်စိတ်ဆိုတာဘာလဲ'

ချမ်းမြေ့က ရယ်သည်။

'ဘာလဲ၊ နင်က တီဗီထဲက လာလာနေတဲ့ စစ်မှန်သော မျိုးချစ်စိတ်ဆိုသည်မှာ ဆိုတာကြီး ပြောမလို့လား'

ဆန်ဆန်က နှာခေါင်းရှုံ့ပြသည်။

'တော်စမ်းပါဟာ၊ အမှန်တရားဆိုတာ ငါပြောတဲ့ဟာပေါ့ဆိုတာတွေ မုန်းလွန်းလို့၊ နင့်ဟာနင်ပဲ ဖြေ၊ မျိုးချစ်စိတ်ဆိုတာ ဘာလဲ'

ချမ်းမြေ့ တွေးကြည့်ပြီး ဖြေသည်။

'ကိုယ့် လူမျိုးကို ကိုယ် တွယ်တာတဲ့စိတ်လား'

'အဲဒါဆို ဘုရားဟောနဲ့ ဆန့်ကျင်သွားပြီ၊ မေတ္တာသုတ်မှာ အမျိုးကို မစွဲသင့်ဘူးလို့ ဘုရား ဟောထားတယ်'

'ဒါဆို ကိုယ့်လူမျိုးကို ကိုယ်ကောင်းစေချင်တဲ့ စိတ်၊ ကောင်းအောင် တတ်နိုင်သမျှ လုပ်ပေးချင်တဲ့စိတ်'

'ဒါဆို မာသာထရီဇာမှာ မျိုးချစ်စိတ် မရှိဘူးပေါ့၊ သူက အိန္ဒိယလူမျိုးမှမဟုတ်တာ'

ချမ်းမြေ့လက်မြှောက်ပြသည်။

'ကဲပါ၊ ၁၆ နှစ်မရယ်၊ ငါ အရှုံးပေးပါပြီ၊ နင်ပဲ ပြောပြပါတော့'

ဆန်ဆန်က ရယ်သည်။

'ငါလည်း သိလွန်းလို့ မဟုတ်ပါဘူး၊ ငါ့အစ်ကို တစ်ယောက်ပြောပြဖူးတာလေး သဘောကျလို့ မှတ်ထားတာ'

'ဘာတဲ့လဲ'

'သူများ လူမျိုးက ကိုယ့်လူမျိုးကို မတရားအနိုင်လာကျင့်နေရင်လည်း မခံချင်တဲ့စိတ်နဲ့ တားဆီးရမယ်တဲ့၊ ကိုယ့်လူမျိုးက သူများလူမျိုးကို သွားအနိုင်ကျင့်နေရင်လည်း ရှက်တဲ့စိတ်နဲ့ တားဆီးရမယ်တဲ့၊ ကိုယ့်လူမျိုး အချင်းချင်း အနိုင်ကျင့်နေတာ တွေ့ရင်လည်း မှားတာကို လက်မခံချင်တဲ့စိတ်နဲ့ တားဆီးရမယ်တဲ့၊ အဲသလို စိတ်မျိုးမွေးနိုင်တာကို မျိုးချစ်စိတ်လို့ ခေါ်သတဲ့၊ ဒါဆိုနင် စောစောက မေးတဲ့ ဦးဥတ္တမဘုန်းကြီး



ဝတ်ကြီးနဲ့ နိုင်ငံရေး ဘာလို့လုပ်လဲ ဆိုတာလည်း ရှင်းရော၊ နင်မမေးတဲ့ ဒေါ်အောင်ဆန်းစုကြည် နိုင်ငံခြားမှာ အေးအေးနေလို့ ရပါလျက်နဲ့ ဘာလို့ ဒုက္ခသုက္ခတွေ ရင်ဆိုင်ပြီး မြန်မာပြည်မှာ နိုင်ငံရေး ပြန်လာလုပ်သလဲဆိုတာလည်း ရှင်းရော မဟုတ်လား'

ချမ်းမြေ့ပါးစပ်အဟောင်းသား ဖြစ်သွားပါတော့၏။

၀

ရွှေမြပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'မင်းကောင်မလေးက လူမှ ဟုတ်ရဲ့လားကွာ'

ချမ်းမြေ့မျက်စောင်းထိုးသည်။

'လူမှ အသွေးနဲ့အသားနဲ့ လက်ဖဝါးလေးတောင် ထိခဲ့ရပါသေးတယ်ဆို'

ရွှေမြ ခေါင်းခါသည်။

'အဲဒါ မင်း ရခိုင်ကို နောက်ဆုံးလာတဲ့ နှစ်ဆိုရင် ၂၀၀၃ ပဲကွ၊ သူတွက်ထားတဲ့အတိုင်း ဒေါ်အောင်ဆန်းစုကြည် ဒီပဲယင်းမှာ လူအုပ်ကြီးနဲ့ ဝိုင်းလုပ်ကြံခံရတာ ကံကောင်းလို့ မသေတာ မဟုတ်ဘူးလား၊ မင်းတို့ သွားခဲ့တဲ့ ရွှေစေတီကျောင်းတိုက်ကလည်း နောက်လေးနှစ်လောက်ကြာတော့ ရွှေဝါရောင် သံဃာ့ဆန္ဒပြပွဲရဲ့ စတဲ့နေရာ ဖြစ်ခဲ့တာ မဟုတ်လား၊ မင်း ၁၆ နှစ် သမီးက အဲဒါတွေတောင် တွက်ဆတတ်နေတယ်ဆိုတော့ လူမှဟုတ်ရဲ့လားလို့ ငါက ပြောတာ'

ချမ်းမြေ့ ပခုံးတွန့်ပြသည်။

'သိပ် စာဖတ်လို့ မျက်မှန်တောင် အထူကြီးပါဆို'

ရွှေမြ ခေါင်းတဆတ်ဆတ် ညိတ်သည်။

'ထူးဆန်းတဲ့ မိန်းကလေးဆိုတာတော့ အမှန်ပဲဟေ့၊ မင်းမပြောနဲ့၊ ငါတောင် သွားရှာချင်လာပြီ၊ တစ်ခုပဲရှိတယ်'

'ဘာလဲ'

'အဲသလို မိန်းကလေးမျိုး ဆယ်နှစ်လုံးလုံး မောင်ရွှာမှာပဲ ရှိနေမယ်ဆိုတာတော့ မဖြစ်နိုင်ဘူးထင်တယ်'

ချမ်းမြေ့ ငေးငိုင်၍ သွားပါတော့သည်။

●

(၆)

ပုတီးပတ်စေ့သွားတော့ ချမ်းမြေ့ သက်ပြင်းချ၍ မျက်စိကို ဖွင့်သည်။ ပုတီးကို အင်္ကျီအောက်လည်ပင်းမှာ ဆွဲသည်။

အဲသည်မှာ သူ့ကို စိုက်ကြည့်နေသော ရွှေမြနှင့် မျက်နှာချင်း ဆုံသွားသည်။ ရွှေမြရုပ်က စိတ်မရှည်ဟန် ပေါက်နေသည်။

'ဘာလဲဟ'

သူက မေးတော့ ရွှေမြက မဲ့ပြသည်။

'မင်းနဲ့ ဆန်ဆန်အကြောင်း အစအဆုံးပြောပြရင် ငါမောင်ရွှာ အထိလိုက်ပို့ပေးမယ် ပြောထားတာ အခုစစ်တွေ သွားဖို့ လေဆိပ်ပဲ ရောက်နေပြီ၊ မင်းဆက်မပြောပြသေးလို့ စောင့်နေတာ၊ မင်းက ပုတီးပဲ စိပ်နေ'

ချမ်းမြေ့ ရယ်သွမ်းသွေးသည်။

'ပြောမှာပါဟ၊ ငါက ကိစ္စတစ်ခု အောင်မြင်အောင် ကြိုးစားတိုင်း ဂုဏ်တော်သက်စေ့ အဓိဋ္ဌာန်နဲ့ ပုတီးစိပ်တတ်လို့ စိပ်နေတာပါ'

ရွှေမြက မဲ့ထားဆဲ။

'မင်းက အဲဒါတွေ ယုံကြည်လို့လား'

ချမ်းမြေ့ ပခုံးတွန့်ပြသည်။

'ဂုဏ်တော်ရွတ်တာပဲ ဟာကွာ၊ ယုံယုံ မယုံယုံ မကောင်းတာလုပ်တာမှ မဟုတ်တာ'

ရွှေမြကရယ်သည်။

'ဟုတ်ပါတယ်၊ ဒါပေမဲ့ မင်းဒီတစ်ခါ အောင်မြင်အောင် ကြိုးစားနေတဲ့ကိစ္စက မိန်းကလေးတစ်ယောက်ကို လိုက်ရှာတာလေ'

ချမ်းမြေ့က မျက်စောင်းထိုးသည်။

'မကတ်ဖဲ့နဲ့ကွာ၊ လူတစ်ယောက်ကို ဒုက္ခရောက်နေတဲ့ ဒေသမှာ သွားရှာတာ၊ မိန်းကလေး ဖြစ်နေတော့ရော ဘာဖြစ်သေးလဲ၊ ကဲပါ မင်းသိချင်ရင် လေယာဉ်မထွက်ခင် ငါဆက်ပြောပြမယ် နားထောင်'

ရွှေမြ ခေါင်းညိတ်ပြသည်။

၀

ချမ်းမြေ့တစ်ယောက် ဆန်ဆန့်ကို သူ ပေးထားသော ကတိအတိုင်း အစ်ကိုဝမ်းကွဲတွေနှင့် မောင်ရွာကို ရောက်အောင် သွားခဲ့သည်။ မောင်ရွာတွင် သူ့အစ်ကိုတွေ ဘုန်းကြီးကျောင်းပြင်သော ကိစ္စနှင့် ငါးရက်ခန့်နေလိုက်ရတော့ ဆန်ဆန်နှင့် နေ့တိုင်း တွေ့ရပြီး အေးအေးဆေးဆေး စကားပြောချိန်တွေ ရလာခဲ့သည်။

ပြဿနာက အဲသည့်ငါးရက်ကုန်ဆုံးသွားမှာ ကြောက်သည့်စိတ်က သူ့ရင်ထဲတွင် တဖြည်းဖြည်း ကြီးမားလာခြင်းပါပဲ။

၀

'ဆန်ဆန်၊ ငါမေးနေတယ်လေဟာ'

ချမ်းမြေ့က စိတ်မရှည်သံနှင့် ပြောသည်။

ဆန်ဆန်ကတော့ သစ်သားကွပ်ပျစ်ကလေးပေါ်တွင် ထိုင်လျက်က မြစ်ဆိပ်ဘက်သို့ ငေးကြည့်ရင်း ငိုင်နေသည်။ ပြီးမှ လှည့်မေးသည်။

'ဘာမေးလိုက်တာလဲ၊ နင်. . . '

'နင်အခု ကိုးတန်းအောင်လို့ ရွှေနှစ် ဆယ်တန်းတက်ရင် ပလက်ဝမှာပဲ တက်မှာလားလို့'



ဆန်ဆန်က သက်ပြင်းချ၍ မျက်မှန်ကလေးကို ချွတ်ပြီး လက်ကိုင်ပဝါကလေးတစ်ခုနှင့် သုတ်သည်။

'ဘာမှ သိပ်မသေချာဘူးဟာ၊ ပလက်ဝက ငါ့အစ်မကြောင့် ငါ ခဏလာနေတာ၊ ငါ့မေမေက အခုတောင်တွင်းကြီးမှာဆိုတော့ တောင်တွင်းကြီးမှာ ဖြစ်ချင်လည်း ဖြစ်မယ်'

ချမ်းမြေ့က မျက်မှောင်ကုတ်သည်။

'နင့် မေမေကဆိုတော့ နင့်ဖေဖေကရော'

ဆန်ဆန်က ခေါင်းကို ဖြည်းဖြည်းခါသည်။ ပြီးတော့ လေသံတိုးတိုးကလေးနှင့်. . . ဖေဖေနဲ့ မေမေက အခုသိပ်အဆင်မပြေဘူးဟာ. . ဟုပြောတော့ ချမ်းမြေ့အားတုံ့အားနာ ဖြစ်သွားသည်။

နှစ်ဦးသား ကွပ်ပျစ်ပေါ်တွင်တူထိုင်၍ မြစ်ကိုအကြာကြီးငေးနေကြပြီးမှ ချမ်းမြေ့က တိုးတိုးပြောသည်။

'နင်နဲ့ငါနဲ့ သူငယ်ချင်းဖြစ်တာ ဘာမှမကြာသေးပေမယ့် အခုငါ ဒီကနေ ပြန်သွားပြီးရင် နောက်တစ်ခါ ဘယ်တော့မှ မတွေ့ရတော့ဘူး ဆိုတာမျိုးကြီးကိုတော့ ငါလက်မခံနိုင်သလိုဘဲဟာ၊ နင့်ကို ရှာချင်ရင် ဘယ်လိုရှာရမယ် ဆိုတာတော့ ငါသိထားမှ ဖြစ်မယ်'

ဆန်ဆန်က ချမ်းမြေ့ကို လှည့်ကြည့်၍ နှမ်းလျစွာ ပြုံးသည်။

'နင်က ရှာမှာ ကျနေတာပဲဟာ'

ချမ်းမြေ့ မခံချင်ဖြစ်သွားသည်။

'ငါ့မှာ မိန်းကလေး သူငယ်ချင်းတွေ အများကြီး မဟုတ်ပေမယ့် ရှိတော့ ရှိတယ်၊ ဒါပေမဲ့ ခဏလေး တွေ့ရတဲ့ နင့်ကိုငါ သူတို့အားလုံးထက် ပိုခင်မိသလိုပဲ၊ အဲဒါကို နင် မယုံတာလား'

ဆန်ဆန်က ပြုံး၍ ခေါင်းကို ဖြည်းညင်းစွာ ခါသည်။

'နင့်ကို ငါ ယုံပါတယ်၊ ငါ့ကို ခင်တာလည်း ကျေးဇူးတင်ပါတယ်၊ နင့်ကိုလည်း ငါ ရင်းရင်းနှီးနှီးကို ခင်ပါတယ်၊ ဒါပေမဲ့ဟာ တို့တွေက

ငယ်သေးတော့ တို့တွေ ရှေ့ ဘာဆက်လုပ်ရမယ်၊ ဘယ်ကို ရောက်နေမယ် သေချာတာ ဘာများရှိလို့လဲ၊ နင်တောင် အခု ၁၀ တန်းအောင်ရင် ဘယ်တက္ကသိုလ် တက်မယ် သေချာပြီမို့လို့လား'

ချမ်းမြေ့ နှုတ်ဆွံ့သွားသည်။

အမှန်ပါပဲ၊ ၉ တန်းအထိ တောက်လျှောက် ပညာထူးချွန်ခဲ့သော သူ့ကိုသူ့မိဘများက ၁၀ တန်းအောင်ပြီးလျှင် ဆေးတက္ကသိုလ်ကို တက်စေချင်သော်လည်း သူက နိုင်ငံခြားတိုင်းပြည် တစ်ခုတွင် ကျောင်းသွားတက်နိုင်ဖို့ကို ပို၍ စိတ်အားထက်သန်နေခဲ့သည်။

ကိုယ်တောင် ဘာတက္ကသိုလ် တက်မည် ခဏထားဦး၊ ဘယ်နိုင်ငံမှာနေဖြစ်မယ် ဆိုတာကို မသေချာသော ၁၇ နှစ်သား ကောင်ကလေးက ချင်းပြည်နယ်၊ မောင်ရွာတွင်နေသော ၁၆ နှစ်သမီး ကောင်မလေးကို တစ်နေ့လာရှာမည်ဆိုတာ ယုံတမ်းစကား မဆန်လွန်းနေဘူးလား။

တကယ်တော့ နောက်တစ်နှစ်လောက် အကြာမှာတင် သူ နောက်ထပ် နေရာတစ်ခုခုမှာ နောက်ထပ် သူငယ်ချင်း အုပ်စု တစ်ခုခုနှင့် အလွန်သံယောဇဉ်တွယ်မိနေပြီး စားအတူသွားအတူ ဆိုတာမျိုး ဖြစ်နိုင်နေတာပဲလေ၊ အခန့်မသင့်လျှင် သိပ်ချစ်သွားမိသည့် ချစ်သူကလေး တစ်ယောက်တောင် ရှိနေနိုင်သေးသည်။

အဲသည့်အချိန်မှာသည် 'လာရပ်ဆန်' ဆိုသည့် ချင်းမကလေးကို သူ ပြန်လာရှာချင်နေဦးမှာလား ဆိုတာကို ရိုးသားစွာ ဖြေရလျှင် သူ့ကိုယ်သူပင် သိပ်မသေချာချင်ပါ။

ဆန်ဆန်က ရှုတ်တရက် ရယ်၍ သူ့ကိုလှည့်ကြည့်သည်။

'ကဲပါဟာ၊ တို့တစ်တွေ နက်ဖြန်ပဲ ခွဲရတော့မယ်၊ စိတ်ညစ်စရာတွေ မပြောကြတော့စို့နဲ့၊ တကယ်တော့ နင်နဲ့ငါ ရန်ကုန်မှာလည်း ပြန်ဆုံချင် ဆုံနိုင်တာပဲ၊ နင့်လိပ်စာလည်း ငါသိတာပဲ၊ ငါ့ကိုလည်း နင် ဒီရွာမှာ လာရှာဖြစ်ချင် ရှာဖြစ်မှာပဲ၊ တစ်နှစ်၊ နှစ်နှစ်မဟုတ်တောင်



နောက် တော်တော်ကြာပြီးရင်တော့ တစ်နေ့နေ့ ပြန်ဆုံဖြစ်မှာပဲလို့ သဘောထား ကြစို့၊ ဟုတ်ပြီလား'

ချမ်းမြေ့က မချိပြုံးပြုံးသည်။

'နှစ်တွေ ကြာသွားလို့ နင်နဲ့ငါနဲ့ တစ်ယောက်ကို တစ်ယောက် မမှတ်မိတော့ရင် ဘယ်လိုလုပ်မလဲ'

ဆန်ဆန်က သူ့စကားကို သဘောကျစွာရယ်သည်။

'ငါက နတ်သမီးလေးလို လှပသွားပြီး နင်ကအရုပ်ဆိုးဆိုး လူကြီးကြီး ဖြစ်သွားရင်တော့ ဘယ်မှတ်မိတော့မှာလဲ၊ ဟားဟားဟား၊ အလကား စတာပါဟာ၊ ကဲ. . . ဒီလိုလုပ်'

ဆန်ဆန်က ပခုံးတွင် ခြုံထားသည့် ချင်းတဘက်ကလေးကို ဖြုတ်ယူ၍ သပ်ရပ်စွာခေါက်ပြီး သူ့ကို လှမ်းပေးသည်။

'ငါက နင့်ကို မမှတ်မိရင် နင်က ဒီတဘက်ကလေးပြ၊ ဟုတ်ပြီလား၊ နင်က ငါ့ကို ဘာပေးမလဲ'

ချမ်းမြေ့ခဏမျှ တွေဝေစဉ်းစားနေပြီးမှ အိတ်ကပ်ထဲက ခရော့စ် ဘောပင်ငွေရောင်ကလေးကို ထုတ်ယူပြီး လှမ်းပေးသည်။

'ရော့၊ ဒါငါ ကိုးတန်းအောင်တုန်းက ဖေဖေဆုချတဲ့ ဘောလ်ပင်၊ ဒီမှာ CM ဆိုပြီး အတိုကောက် ထိုးထားတာ၊ ငါ့နာမည်ပဲ၊ ဒါပေမဲ့ ငါက နင့်ကို မမှတ်မိဘူးဆိုတာတော့ မရှိနိုင်ပါဘူး'

ဆန်ဆန်ကရယ်၍ သူ့ဘောလ်ပင်ကို လှမ်းယူရင်း မေးသည်။

'နင်သေချာလား'

'သေချာတာပေါ့'

'သေချာရင်ပြီးရော၊ နင့်ဘောလ်ပင်က ခရော့စ်ပဲ၊ ဈေးကြီးတာ ငါသိတယ်၊ ငါပိုက်ဆံပြတ်ရင် ရောင်းစားလိုက်မယ်၊ ဘာဖြစ်လဲ၊ နင်က မှတ်မိမှာပဲဟာ'

သူငယ်ချင်း နှစ်ယောက် အလွမ်းပြေရယ်မိကြသည်။

နောက်တော့ ဆန်ဆန်က မတ်တတ်ရပ်လိုက်သည်။

'နင်တို့ မနက် အစောကြီး ထွက်ရမှာဆိုတော့ ငါလိုက်မပို့တော့ဘူး၊ တစ်ခါတည်း နှုတ်ဆက်တယ်နော်၊ သူငယ်ချင်း'

ချမ်းမြေ့ရင်ဘတ်ကြီး တစ်ခုလုံး ဟာခနဲ ဖြစ်သွားသည်။

'အေးပါဟာ'

'အေးပါ မဟာနဲ့၊ နင်ကလည်း ငါတို့ ပျော်ပျော်ပါးပါးပဲ လမ်းခွဲကြရအောင်၊ နင့်မျက်နှာကြီး မှိုင်ရက်ကြီး ငါမမှတ်မိချင်ပါဘူး၊ ကမ်းမွန်၊ ရှိတ်ဟင်း'

ချမ်းမြေ့ အားတင်းပြုံး၍ ဆန်ဆန် ကမ်းပေးသော လက်ကလေးကို လှမ်းဆွဲနှုတ်ဆက်သည်။

ထုံးစံအတိုင်း။

ဆန်ဆန်လက်ကလေး၏ နူးညံ့နွေးထွေးမှုက သူ့လက်တစ်လျှောက်လုံး စီးဝင်ပြီး ဘယ်ဘက်ရင်ဘတ်ထဲ ဝင်ရောက်သွားပါသည်။

၀

ရွှေမြက အသံမထွက်အောင် ဆဲသည်။

ချမ်းမြေ့က လေယာဉ်အပြည့်ဖြစ်နေသော ခရီးသည်များကို လှည့်ကြည့်၍ ရွှေမြကို ပြန်ကြည့်ရင်း ရယ်သည်။

'ဘာလဲဟ၊ ပြောလည်း ပြရသေးတယ်'

ရွှေမြက မျက်စောင်းထိုးသည်။

'အဲသလောက် ချစ်စရာကောင်းတဲ့ မိန်းကလေးကို ၁၀ နှစ်ကျော်ကြာအောင် ပစ်ထားရသလားကွ၊ မင်းတို့ ရန်ကုန်သားတွေ နှလုံးသားကို မရှိဘူး'

ချမ်းမြေ့က ပြုံး၍ခေါင်းခါသည်။

'၁၀ နှစ်လုံးလုံး တစ်ခါမှ သူ့ကို မေ့မသွားခဲ့တာတော့ သေချာတယ်၊ မသေချာတာက သူ့ကို ငါ ယောကျ်ားကလေး တစ်ယောက်က မိန်းကလေး တစ်ယောက်ကို စွဲလမ်းတဲ့ စွဲလမ်းမှုမျိုးနဲ့ သတိရနေတာလား



ဒါမှမဟုတ် နည်းနည်း အထီးကျန်ဆန်တဲ့ ခရီးတစ်ခုမှာ ဆုံဖြစ်ခဲ့တဲ့ ချစ်စရာကောင်းတဲ့ သူငယ်ချင်း တစ်ယောက်အနေနဲ့ သတိရနေခဲ့တာလားဆိုတာကိုပဲ၊ ငါ့ဘဝကလည်း မင်းသိတဲ့အတိုင်းပဲ၊ နောက်နှစ်တွေမှာ တစ်ဆစ်ချိုး အပြောင်းအလဲတွေက အများကြီးလေ၊ ချင်းပြည်နယ်ကို တက်ဖို့မပြောနဲ့ စစ်တွေတောင် ပြန်မရောက်တော့ဘူး မဟုတ်လား'

'နို့ အခုကျတော့ရော'

ချမ်းမြေ့က သေသေချာချာ စဉ်းစားနေဟန်ပြုပြီးမှ တိုးတိုးပြောသည်။

'ရေကြီးတဲ့ သတင်းတွေကြားတော့ ငါစိတ်ဓာတ်စွဲလမ်းပြီး အိပ်မက်မက်တယ်၊ အိပ်မက်ထဲမှာ ဆန်ဆန်ရေထဲ မျောပါသွားတာ မြင်လိုက်ရတယ်၊ ဆန်ဆန် အဲဒီမှာ ရှိနေသေးလား မရှိနေဘူးလား၊ ရေဘေးသင့်သလား၊ မသင့်သလား ငါမသေချာပေမယ့် အိပ်မက်ထဲမှာ ဆန်ဆန်ရေထဲ မျောပါသွားတာကို ကြည့်ပြီး ငါဆန်ဆန့်ကို ဘယ်လိုမှ အဆုံးရှုံးမခံနိုင်တော့ဘူး ဆိုတာ သိပ်သေချာသွားတယ်'

ချမ်းမြေ့ ရွှေမြကို လှည့်ကြည့်သည်။

'ငါဆန်ဆန့်ကို တွေ့အောင်ရှာမယ်၊ အဲဒီမှာ ဒုက္ခရောက်နေရင် ကယ်ထုတ်မယ်၊ သူသာလွတ်လပ်နေသေးပြီး ငါနဲ့ဆန္ဒသာတူရင် ငါ လက်ထပ်ခွင့်တောင်းပြီး စင်ကာပူခေါ်သွားဖို့အထိတောင် ဆုံးဖြတ်ထားတယ် ရွှေမြ'

ရွှေမြ ဘာမှ ပြန်မဖြေနိုင်ခင် လေယာဉ် အသံချဲ့စက်မှ 'ကျွန်မတို့ လေယာဉ်သည် စစ်တွေမြို့ကို ဆိုက်ရောက်တော့မှာ ဖြစ်တဲ့အတွက် . . .' အစချီသော ကြေညာသံ ထွက်လာလေသည်။

●

## (၇)

မြစ်ဆိပ်ဘေး လက်ဖက်ရည်ဆိုင်တဲကလေး အတွင်းက သစ်သားခုံပုကလေးမှာ ဆောင့်ကြောင့်နီးနီးထိုင်ရင်း ချမ်းမြေ့ ပတ်ဝန်းကျင်ကို စိတ်ပျက်လက်ပျက် ငေးကြည့်နေမိသည်။

မနက်လင်းခါစ အချိန်မို့ နေရောင်ကိုပင် မမြင်ရသေး။ ပတ်ဝန်းကျင်ကတော့ အဖြူရောင် အလင်းဖျော့ဖျော့ဖြင့် ထင်သာမြင်သာ ရှိနေသည်။

'မင်းနေခဲ့တာ ကောင်းမယ်၊ မင်း စိတ်လှုပ်ရှားပြီး အလောတကြီး ပြောနေတာနဲ့တင် လိုက်ရမယ့် စက်လှေက မလိုက်ရဲတော့ဘူး'

ရွှေမြ သူ့ကို အဲသလို ပြော၍ ထားခဲ့ခြင်းဖြစ်သည်။

စက်လှေရဖို့က မြောက်ဦးမှာကတည်းက စုံစမ်းရာ အခြေအနေ မကောင်းလှ။ လေးမြို့မြစ်ကို တက်ဖို့ဆိုရင် မလိုက်ဘူးဟုချည်းသာ ဖြေကြသည်။ ရေတွေက ကြီးနေတုန်းပဲတဲ့။ မြေတွေက ပြိုနေတုန်းပဲတဲ့။

ယခု မြစ်ကမ်းနေဘေးကြည့်ရတာတောင် စွတ်စိုသင့်သည်ထက် ပို၍ စွတ်စိုနေတာ ထင်ရှားလှသည်။ မိုးသဲကြီးမဲကြီး ရွာ ပိုင်းမှာ ရွာထားသလိုပါပဲ။

မင်းပြားမြို့တုန်းက တစ်နေရာမှာ အဆင်ပြေမလိုလို ရှိခဲ့သည်။ သို့သော် 'လုပ်ပါဗျာ၊ ဘယ်လောက်ကျကျပေးပါ့မယ်'ဟု ဝင်ပြောသော ချမ်းမြေ့၏ ပုံစံကိုကြည့်၍ လိုက်ရမည့်သူက တွန့်သွားဟန်တူသည်။ အဆင်မပြေတော့။

ဒါနှင့်ပင် သည်ဆင်အိုးကြီး ဆိပ်ကမ်းရောက်တော့ ရွှေမြ ချမ်းမြေ့ကို လက်ဖက်ရည်ဆိုင်တဲကလေးထဲ ထားခဲ့ပြီး သူ့ဟာသူ လိုက်စုံစမ်းနေတာ ဖြစ်သည်။

ဩဂုတ်လပင် မကုန်သေးသော်လည်း ရာသီဥတုက စိမ့်၍ အေးနေသည်။ ချမ်းမြေ့ဝတ်လာသော ယူနီဂါလိုးဆွယ်တာ အပါးနှင့် ဂျင်းဘောင်းဘီသည် ချင်းပြည်နယ် အသာထားဦး၊ သည်ရခိုင်ပြည်နယ် အတွင်းမှာတင်ပင်လျှင် လုံလောက်ပုံ မရတော့။ သူ့ရှေ့က လက်ဖက်ရည်ကလည်း အေးစက်၍နေသည်။ ရေနွေးကြမ်း ငှဲ့သောက်တာတောင် ရေနွေးကြမ်းက အေးစက်စက်။

မြစ်ဆိပ်ဘက် မျှော်ကြည့်တော့လည်း ဘာစက်လှေ သမ္ဗာန် တစ်စီးမှ မတွေ့ရ။

ရွှေမြ ပြန်လာမည့်လမ်းဘက် မျှော်ကြည့်တော့လည်း အရိပ်အယောင်ပင် မမြင်ရသေး။

ချမ်းမြေ့မြစ်ဆိပ်ဘက်သို့ တစ်ခေါက်လှမ်းကြည့်မိပြန်သည်။

အတန်ငယ်ဝေးနေသော်လည်း ထူးဆန်းသော မြင်ကွင်းတစ်ခုက သူ့အာရုံကို ဖမ်းစားလိုက်သည်။

မိန်းမပျိုတစ်ဦးပါလား။

သည်ဒေသကတော့ မဟုတ်တာ သေချာလှသည်။

သွယ်လျလျ ကိုယ်လုံးပေါ်မှာ လက်ရှည်ခေါင်းစွပ် အနွေးအင်္ကျီနှင့် ဂျင်းဘောင်းဘီရှည် ဆင်မြန်းထားသည်။ ဂျင်းဘောင်းဘီက ခြေသလုံး တစ်ဝက်လောက်အထိ လိပ်တင်ထားသည်။



ဆံပင်က တော်တော်ရှည်ရှည်။ ထိုတော်တော်ရှည်သော ဆံပင်ကို ကျောမှာ လက်ကိုင်ပဝါနှင့် စုချည်ထားသည်ဟု ထင်သည်။

ချမ်းမြေ့ရောင်ရမ်း၍ လွယ်ထားသော အိတ်ထဲက စင်ကာပူကတည်းက သယ်လာသော မှန်ပြောင်းငယ်ကို ထုတ်၍ တပ်ကြည့်လိုက်သည်။

ဟုတ်ပါသည်။ ရှည်လျားသော ဆံနွယ်တို့ကို ကပိုကရို လက်ကိုင် ပဝါနှင့် စည်းနှောင်ထားသည့် ရှေ့က လန်းဆန်းကြည်လင်သော မျက်နှာကလေးနှင့် မိန်းမပျိုတစ်ဦးပါ။

မိန်းကလေး တစ်ယောက် ဘယ်အလှမှ မပြင်ထားဘဲလည်း လှနိုင်ကြောင်း သူသိပါသည်။ သို့သော် သည်မိန်းကလေးကတော့ လှသည်ထက် ပိုသည်ဟုပဲ ပြောရမည်ထင်သည်။ ပြုံးနေသော မျက်နှာကလေးက ရေထိထားတော့ ကြာပန်းကလေးလို လန်းဆန်းကြည်လင်လွန်းလှသည်။

သူ့အေး သောင်ခုံပေါ်မှာ အမွေးပွ ခွေးကလေး တစ်ကောင်။ မိန်းမပျိုက ထိုခွေးကလေးနှင့် ပြေးလွှားဆော့ကစားနေတာ ဖြစ်သည်။

သည်မြင်ကွင်းမျိုးက သည်ဒေသမှာ နည်းနည်းတော့ ထူးဆန်းနေသည်ဟု သူထင်သည်။

သည့်ထက် ပိုထူးဆန်းတာက အဲသည် မိန်းကလေးနှင့် ခွေးကလေး ပြေးလွှား ဆော့ကစားနေတာနှင့် မလှမ်းမကမ်းမှာ ဘုန်းကြီး တစ်ပါးရှိနေသည်။ သဲသောင်ပြင်ပေါ် ခင်းထားသည့် ဖျာပေါ်မှာ စားပွဲဝိုင်း အပုကလေးချ၍ ထိုင်ပြီး ရေနွေးသောက်နေဟန်တူသည်။ ကြည့်ရတာ ထိုမိန်းကလေးနှင့် တစ်ဖွဲ့တည်းပါပဲ။

ဘုန်းကြီးရှေ့မှာ ခွေးကလေးနှင့် ပြေးလွှားဆော့ကစားနေတာ ဖြစ်သော်လည်း မိန်းမပျို၏ ဟန်ပန်နှင့် ဘုန်းကြီးမျက်နှာပေါ်က အပြုံးက သည်မိန်းမပျို ဘုန်းကြီးအတွက် အဂါရဝ ဖြစ်မနေတာ

ထင်ရှားလှသည်။ ပုံစံက လူတွေ ဘုန်းကြီးနှင့်အတူတူ ခရီးထွက်လာရင်း ခရီး တစ်ထောက်နားနေသည့် ပုံစံမျိုးပါပဲ။ အနားမှာ မတွေ့ရသော်လည်း သည်ဒေသက မဟုတ်သည့် ယောကျ်ားကလေး တချို့လည်း အဖွဲ့ဝင် အနေနှင့် ပါလာကြဦးမည်မှာ သေချာလှသည်။

ချမ်းမြေ့ မှန်ပြောင်းကို အိတ်ထဲ ပြန်ထည့်သည်။

ဒါဘယ်သူတွေလဲ။ မြစ်ဆိပ်မှာ ဘာလုပ်နေကြတာလဲ။ သူ့လို ပဲ လေးမြို့မြစ်ကို ဆန်တက်ကြမှာလား။ သူတို့ရော စက်လှေရထားကြပြီ လား။ သူတို့ နှစ်ယောက်လောက်ပါ ခေါ်သွား၍ ရမှာလား။

ချမ်းမြေ့ရင်ထဲတွင် ဗလောင်ဆူလာသည်။

နေရာမှ ထဟန်ပြင်လိုက်ချိန်တွင် ခြေသံကြား၍ လှည့်ကြည့် လိုက်သည်။ သူ့အရွယ်လောက်ပဲ ရှိမည့် ယောကျ်ားကလေး တစ်ဦးနှင့် သူ့ထက်နည်းနည်း ငယ်မည့် ယောကျ်ားကလေး တစ်ဦး တဲထဲဝင်လာ တာ တွေ့ရသည်။ ထင်ရှားသည့် အချက်က ယောကျ်ားကလေး အငယ် က ရုပ်တော်တော် ချောသည်ဆိုတာပဲ ဖြစ်သည်။

ထိုလူငယ်က ဆိုင်ရှင်ကို မေးသည်။

'စားစရာ တစ်ခုခုများ ရမလား ခင်ဗျာ'

ဆိုင်ရှင်က ခေါင်းခါပြသည်။

'လက်ဖက်ရည်ပဲ ရမယ်၊ ဘာမှ မရောက်သေးဘူး'

'အခြောက်အခြမ်း မုန့်ကလေးတွေရော ရောင်းစရာ မရှိဘူးလား ခင်ဗျာ၊ ဆရာတော်ကို စက်လှေမထွက်ခင် အရုဏ်ဆွမ်းကပ်ချင်လို့ပါ'

သေချာပြီ။ ဟိုဘုန်းကြီးနှင့် ဟိုမိန်းကလေး အဖွဲ့က လူတွေပဲ'

'မရှိပါဘူးဗျာ၊ ဒီဒေသ ဘာရတာကျလို့'

ဆိုင်ရှင်က ဖြေတော့ သူ ထရပ်၍ လက်ပြလိုက်သည်။

'ပါမုန့်၊ ချိစ်နဲ့ တွဲပြီးသား အထုပ်တော့ပါတယ် ညီလေး၊ အဲဒါ လောက်ဆို အဆင်ပြေမလား'



လူငယ် မျက်နှာဝင်းပသွားသည်။

'ကောင်းတာပေါ့ အစ်ကို၊ ကျွန်တော်တို့ ကွတ်ကီးတွေတော့ ပါတယ်၊ အရုဏ်ဆွမ်း အဲသလောက်နဲ့ဆိုရင် ခရီးက အဝေးကြီး သွားရဦး မှာဆိုတော့ ဆရာတော် မဝမှာစိုးလို့'

သူက ဘေးမှာချထားသော အိတ်ထဲမှ မုန့်ထုပ်ကို ထုတ်ယူ၍ လူငယ်ကို လှမ်းပေးသည်။

'ရော့၊ ညီလေးတို့အတွက်ပါ ယူသွား'

'ဟာ နေပါစေ အစ်ကို၊ ကျွန်တော်တို့ ကွတ်ကီးနဲ့ ဖြစ်ပါတယ်၊ ဆရာတော်အတွက်ပဲ ယူပါရစေ'

'ယူပါ၊ အစ်ကိုလည်း ခရီးဝေးသွားမယ်ဆို ထည့်လာတာ၊ ဒီကျ တော့ စက်လှေမရလို့ လှည့်ပြန်ရမလို ဖြစ်နေတာ၊ ဒါတွေ မလိုတော့ ပါဘူး'

အတူပါလာသည့် လူရွယ်က မျက်မှောင်ကြုတ်သည်။

'ဘယ်ကိုများ သွားမလို့လဲ ခင်ဗျ'

'ပလက်ဝထဲက မောင်ရွာကိုပါ'

သူတို့ နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ သည်။ လူငယ်က ပြန်လှည့်ပြောသည်။

'ကိစ္စက အရေးကြီးလို့လား အစ်ကို၊ မောင်ရွာက ရေကြီးပြီး ကမ်းပါးတွေ ပြိုနေတော့ အန္တရာယ်များနေတယ်တဲ့'

ချမ်းမြေ့ ခေါင်းညိတ်ပြသည်။

'အဲဒါကြောင့် သွားချင်တာပါ၊ ငယ်သူငယ်ချင်း တစ်ယောက် ဘေးကင်းလား မကင်းလား သွားကြည့်ချင်လို့'

လူငယ်က ခေါင်းညိတ်သည်။

'ကျွန်တော်တို့က သံတောင်ရွာအထိ သွားမှာ အစ်ကို၊ မောင်ရွာ ကိုလည်း ရောက်မယ်၊ ကယ်ဆယ်ရေး ပစ္စည်းတွေဝေဖို့နဲ့ ဆေးကုဖို့

စက်လှေ နှစ်စီးလာလိမ့်မယ်၊ လူရှစ်ယောက်နဲ့ ဘုန်းကြီးတစ်ပါးပဲဆိုတော့ အစ်ကိုတို့များလိုက်လို့ ရမလား၊ ကျွန်တော်တို့ အဖွဲ့ခေါင်းဆောင် သွားမေးကြည့်လိုက်ဦးမယ်၊ အစ်ကိုတို့က ဘယ်နှယောက်တုံး'

အဲသည်အချိန်မှာပင် ရွှေမြကတဲထဲဝင်လာသည်။ ချမ်းမြေ့ကို ခေါင်းခါပြသည်။ ချမ်းမြေ့က လက်ကာပြ၍ လူငယ်ကို လှည့်ဖြေသည်။

'နှစ်ယောက်ပါပဲ၊ အစ်ကိုနဲ့ သူနဲ့'

'အစ်ကို ခဏစောင့်နော်'

လူငယ်နှင့် လူရွယ် သောင်ခုံဘက် ပြန်ထွက်သွားကြသည်။ ချမ်းမြေ့က ရွှေမြကို အကျိုးအကြောင်း ပြောပြတော့ ရွှေမြ မျက်နှာဝင်းပသွားသည်။

ခဏနေတော့ လူငယ်တစ်ယောက်တည်း ပြန်လာသည်။ မျက်နှာကပြုံးနေသည်။

'ရတယ် အစ်ကို၊ အစ်ကိုတို့ လိုက်ခဲ့ပါ၊ တစ်ခုပဲရှိတယ်'

'ပြော၊ ညီလေး'

'ကျွန်တော်တို့ အဖွဲ့က အဲဒီပတ်ဝန်းကျင်ရွာတွေမှာ တစ်ပတ်လောက် ဆေးကုတာတွေ၊ ဆန်ဝေတာတွေ လုပ်ပြီး ပြန်မှာ၊ အစ်ကို ကျွန်တော်တို့နဲ့ လိုက်ပြန်မှရမယ်၊ နို့မို့ ဟိုမှာ သောင်တင်နေမှာ'

ချမ်းမြေ့ အားရပါးရပြုံးသည်။

'သဘောပေါက်တယ် ညီလေး၊ ကျေးဇူးတင်လိုက်တာ'

'ဒါဆိုလာ အစ်ကို'

ချမ်းမြေ့နှင့် ရွှေမြ အိတ်များဆွဲ၍ လူငယ်နောက်မှ လိုက်သွားကြသည်။

သဲသောင်ခုံပေါ် ရောက်တော့ လူငါးယောက်လောက် စက္ကူပုံးတွေ ရွှေ့နေကြတာ တွေ့သည်။



ဆံပင်ရှည်မကလေးကတော့ ခွေးကလေး ရှေ့မှာဆောင့်ကြောင့်ထိုင်ပြီး တစ်ခုခုကျွေးနေဟန်တူသည်။

ဘုန်းကြီးရှေ့မှာတော့ သူပေးလိုက်သော ပေါင်မုန့်နှင့် လက်ဖက်ရည်ကို တွေ့ရသည်။

ချမ်းမြေ့နှင့် ရွှေမြ နှစ်ယောက်သား ဘုန်းကြီးရှေ့ သဲပြင်ပေါ်မှာတင် ဒူးထောက်ထိုင်ချ၍ ဦးချသည်။

ဓာသက်သုံးဆယ်ကျော်ခန့်သာ ရှိပုံပေါ်သော ဘုန်းကြီးက မော့်ကြည့်တော့ ချမ်းမြေ့က လက်အုပ်ချီ၍ပြောသည်။

'တပည့်တော်တို့ကို လိုက်ခွင့်ပြုတာ ကျေးဇူးပါ ဘုရား'

ဘုန်းကြီးက နားမလည်ဟန်နှင့် လူငယ်ကို ကြည့်သည်။ လူငယ်က ရယ်၍ ချမ်းမြေ့ကို ပြောသည်။

'အစ်ကိုတို့ လိုက်မှာ ဆရာတော်ကို မလျှောက်ရသေးဘူး၊ အစ်ကိုတို့ကို လိုက်ခွင့်ပြုတဲ့ ကျွန်တော်တို့ အဖွဲ့ခေါင်းဆောင်က ဟိုမှာပါ'

လူငယ်လက်ညှိုးထိုးပြရာကို ကြည့်တော့ ခွေးကလေးကို ချီ၍ လျှောက်လာနေသည့် ဆံပင်ရှည် မိန်းမပျိုကို တွေ့ရသည်။

ချမ်းမြေ့က အံ့ဩသွားရုံသာ ရှိသော်လည်း ရွှေမြကတော့ ပါးစပ်က အသံပါထွက်သွားသည်။

'မခင်နွယ်စိုးပါလား'

သည်တစ်ခါ တကယ် အံ့ဩရသူက ချမ်းမြေ့ပါပေ။

●

## (၈)

စက်လှေနှစ်စီးက လေးမြို့မြစ်ကို ဆန်တက်နေသည်။

ရှေ့နောက်တန်းစီလျက် အနေအထား။ ဆန်အိတ်တွေ စက္ကူပုံးတွေက စက်လှေနှစ်စီးစလုံးအပြည့်။

ရှေ့စက်လှေမှာ ခင်နွယ်စိုး၊ ချမ်းမြေ့ကို လာခေါ်သော လူငယ်၊ ဘုန်းကြီးနှင့် အခြားလူနှစ်ယောက်လောက်ပါသည်။

နောက်စက်လှေမှာက ချမ်းမြေ့၊ ရွှေမြ၊ ချမ်းမြေ့နှင့်ရွယ်တူ လူငယ်နှင့် နောက်ထပ် လူငါးဦးပါလာသည်။ ခင်နွယ်စိုးကလွဲလျှင် အားလုံး ယောကျ်ားကြီးတွေချည်းသာ။ သည်လောက် ခေါင်သော ဒေသကို မိန်းကလေး တစ်ယောက်တည်း လိုက်လာတာ အံ့သြရမှာက မလုံလောက်သေး။ သူက အဖွဲ့ခေါင်းဆောင်တဲ့လေ။

မနက် ၉ နာရီထိုးခါနီးနေပြီ ဖြစ်သော်လည်း နေရောင်မမြင်ရသေး။ ဖြူဖျော့ဖျော့ အလင်းရောင်သာ ရှိသည်။

မိုးရွာနေတာ မဟုတ်သော်လည်း ပတ်ဝန်းကျင်က ရေငွေ့တို့ဖြင့် ထိုင်းမှိုင်းအေးစက်နေသည်။ ချမ်းမြေ့ဆွယ်တာ အင်္ကျီဇစ်ကို လည်ပင်းအထိရောက်အောင် ဆွဲတင်ထားသော်လည်း လုံလောက်မည့်ပုံ မပေါ်ပါ။ လက်ကိုသာ ကျစ်ကျစ်ပိုက်ထားရသည်။

ဘေးတစ်ဖက်တစ်ချက်မှာ မြင်နေရသော တောင်တန်းများ၏ အလှကတော့ ဘေးဒုက္ခကျရောက်နေသည့် ဒေသဆိုတာကို မေ့သွားလောက်အောင်ကို အံ့မခန်းပါပေ။

'ကျွန်တော့်နာမည် ရွှေမြတဲ့၊ စစ်တွေက၊ ဒါက ကျွန်တော့်ညီဝမ်းကွဲ ချမ်းမြေ့တဲ့၊ ရန်ကုန်က၊ အမှန်က စင်ကာပူမှာ နေတာ၊ ခဏပြန်လာတာပေါ့'

ရုတ်တရက် ရွှေမြမိတ်ဆက်လိုက်သည့် အသံကိုကြားရသည်။ တစ်ဖက်လူရွယ်က ပြန်ဖြေသည်။

'ဟုတ်ကဲ့၊ ကျွန်တော်က မိုးကြီးပါ၊ ခင်နွယ်စိုး သူငယ်ချင်းပေါ့၊ ဒီအစ်ကိုတွေက ဆရာတော်နဲ့ ပါလာတာ၊ ပွင့်ဖြူက'

ချမ်းမြေ့မှတ်မိသွားသည်။

ဦးဇော်နှင့် စကားပြောခဲ့တာ သည်မိုးကြီးပဲပေါ့။ ပြီးတော့ ကျော်သူပြောသည့် ပွင့်ဖြူက ဆရာတော်ဆိုတာ ရှေ့လှေမှာ ခင်နွယ်စိုးနှင့် အတူပါသွားသည့် ဆရာတော်ပဲပေါ့။

သူခဏ စဉ်းစားနေပြီးမှ ဝင်ပြောသည်။

'ကိုမိုးကြီးကို ကျွန်တော် ဝန်ခံစရာ တစ်ခုရှိတယ်'

မိုးကြီးက မျက်လုံးပြူးပြသည်။

'ခင်များနဲ့ ကျွန်တော်နဲ့ စတွေ့တာမှ နှစ်နာရီလောက်ရှိသေးတယ်၊ ဝန်ခံစရာ ရှိနေပြီဆိုတော့ ခင်ဗျားတော့ ကျွန်တော် ခပ်ကြောက်ကြောက်ပဲ'

မိုးကြီး ပျော်တတ်ပုံကို ကြည့်၍ သူက ရယ်မောရင်း ဆက်ပြောသည်။

'ကျွန်တော်က ဦးဇော်ရဲ့တူပါ၊ ဦးဇော်ဖုန်းဆက်တာမှတ်မိလား'

မိုးကြီး ခဏစဉ်းစားနေပြီးမှ လက်ခုပ်တီးသည်။



'ဟာ. . . ဟုတ်တာပေါ့၊ စင်ကာပူက အင်ဂျင်နီယာဆိုတာ၊ နို့. . . ခင်ဗျား အဲဒီတုန်းကပြောတော့ လုပ်အားလိုက်ပေးချင်လို့ဆို'

ချမ်းမြေ့ သက်ပြင်းချသည်။

'အေးဗျာ၊ လူလိုက်ရှာမလို့ဆို၊ ခင်ဗျားတို့ မခေါ်မှာစိုးလို့ ညာပြောမိတာ ဆောရီးပါ၊ အခု အမှန်အတိုင်း ပြောမှပဲ ခင်ဗျားတို့က ခေါ်တော့တာပဲ'

မိုးကြီးက ရယ်သည်။

'ဒီလောက် အန္တရာယ်များတဲ့ ခရီး၊ ခင်ဗျားကိစ္စနဲ့ ခင်ဗျား သွားတာကို ကူညီရတာ ကျွန်တော်တို့ ဝန်မလေးပါဘူးဗျာ၊ ကျွန်တော်တို့ကို လိုက်ကူညီရင်း ခင်ဗျား အန္တရာယ်ဖြစ်မှာစိုးလို့သာ နွယ်စိုးက တားတာပါ၊ ဒါနဲ့ နေပါဦး၊ ခင်ဗျား သွားရှာမှာက ဘယ်သူတုံး'

ချမ်းမြေ့ ဖြေရခက်စွာဖြင့် ရယ်သည်။

ရွှေမြက ဝင်တိုက်တွန်းသည်။

'ပြောလိုက်ပါကွာ၊ ကိုမိုးကြီးတို့လည်း သူတို့ ဘယ်လောက်ကသိုလ်ရသွားမှန်းသိ၊ တို့လည်း လှေစီးရတာ ပျင်းစရာမကောင်းတော့ဘူးပေါ့'

မိုးကြီးက ရယ်သည်။

'ပြောမှ ပိုတောင်သိချင်လာပြီ၊ ချစ်သူပေါ့၊ ဟုတ်လား'

'မဟုတ်ပါဘူးဗျာ၊ သူငယ်ချင်းပါ'

'မိန်းကလေးတော့ ဟုတ်တယ် မဟုတ်လား'

'ဟုတ်ပါတယ်'

'လှတာတော့ သေချာတယ်'

ချမ်းမြေ့ရှက်ကိုးရှက်ကန်းရယ်သည်။

'ဟာ၊ ကိုမိုးကြီး၊ ခင်ဗျား တော်တော်နောက်တတ်တာပဲ၊ မလှပါဘူးဗျာ၊ မျက်မှန်အထူကြီးနဲ့ စာကြမ်းပိုးရုပ်၊ ပြီးတော့ မတွေ့တာလည်း ဆယ်နှစ်ကျော်ပါပြီ'

မိုးကြီးမျက်လုံးပြူးသွားသည်။

'ခင်ဗျားက မတွေ့တာ ဆယ်နှစ်ကျော်နေတဲ့ သူငယ်ချင်းမကလေးကို ချင်းတောင် ရေတွေကြီး၊ မြေတွေ ပြိုတော့မှ လာရှာတာ ဟုတ်လား'

ရွှေမြက ရယ်၍. . . ကဲပါ၊ ချမ်းမြေ့ရယ်၊ အစအဆုံး ပြောပြလိုက်စမ်းပါ၊ မင်းဟာက အစအဆုံးပြောမှ ဇာတ်ရည်လည်မှာ. . . ဟု ဝင်ပြောသည်။

ချမ်းမြေ့သက်ပြင်းချသည်။

'ဒီလိုဗျာ'

○

အရှေ့ဘက်ကမ်း တောင်ရိုးမှာ နေရောင်စပြူလာနေပြီ ဖြစ်သည်။

စက်လှေကလေးနှစ်စီးက မြစ်ရိုးအတိုင်း ညင်သာစွာ ခုတ်မောင်းနေကြဆဲ။

မိုးကြီးက သက်ပြင်းချသည်။

'တကယ် ရိုမန့်တစ်ဗျာ၊ ခင်ဗျား မောင်ရှာကို ရောက်ဖို့ ရင်ထဲမှာ ဘယ်လောက်ဆန္ဒ စောနေမလဲတော့ မသိဘူး၊ ခင်ဗျားနဲ့ ဆန်ဆန်ပြန်ဆုံမဆုံကို ကျွန်တော်တောင် အရမ်းသိချင်နေပြီ၊ တစ်ခုပဲ ရှိတယ်'

ချမ်းမြေ့စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားသည်။

'ဘာတစ်ခုလဲ'

မိုးကြီးက ဖြည်းညင်းစွာခေါင်းခါသည်။

'မောင်ရှာကို ကျွန်တော်လည်း ဒါပထမဦးဆုံး ရောက်ဖူးမှာဆိုတော့ သိပ်မသိဘူး၊ ဒါပေမဲ့ ကျွန်တော် ကြားထားသလောက်တော့ ရွာတစ်ဝက်ကျော်ကျော်လောက်က ပြောင်းပြေးကြပြီ၊ ရွာနီးချုပ်စပ်တွေကလည်း တစ်စစီ၊ တောင်တွေကလည်း ပြိုနေတော့ သွားရမှာ ခက်ခက်ခဲခဲတွေချည်းပဲ၊ ပြီးတော့. . .'



သက်ပြင်းချပြန်သည်။

'ကျောင်းလည်း ရေထဲပါသွားတယ် ကြားတယ်၊ ခင်ဗျားပြောတဲ့ သူ့အစ်မ ဆရာမလေးတောင် မရှိလောက်တော့ဘူးထင်တယ်'

ချမ်းမြေ့ ဆို့နစ်သွားသည်။

မိုးကြီးက ဆက်ပြောသည်။

'ကျွန်တော်တို့က ဒီည သံတောင်ရွာမှာ စခန်းချမှာ၊ အဲဒီမှာ ကျောင်းရှိတယ်၊ အ. ထ. ကပဲ၊ ဘန့်ဘွေးရွာဆိုတာ အနားမှာရှိသေးတယ်။ မူလတန်းကျောင်း ရေထဲပါသွားတာ၊ ဗုဒ္ဓဂါမရွာကတော့ အလယ်တန်း၊ ပျက်စီးသွားရုံပဲလို့ ပြောတယ်၊ ကျွန်တော်တို့ ပတ်ဆေးကုမှာပဲ၊ ခင်ဗျားလိုက်ခဲ့ပြီး လိုက်ရှာကြည့်ပေါ့'

ချမ်းမြေ့ ခေါင်းတဆတ်ဆတ် ညိတ်သည်။

'ခင်ဗျားတို့ ဆရာဝန် ပါလာလို့လား'

မိုးကြီးက ရယ်သည်။

'ခင်ဗျားကို လာခေါ်တဲ့ ဟိုခပ်ချောချော ညီလေးက ဆရာဝန်ပေါ့၊ ဒေါက်တာရဲဖိုးကောင်းတဲ့၊ ကျွန်တော်တို့က သားကြီးလို့ ခေါ်တယ်'

ချမ်းမြေ့ မျက်မှောင်ကြုတ်သည်။

'ဩော်. . . ငယ်ငယ်လေးပဲနော်၊ သူက ဘယ်မှာလုပ်တဲ့ဆရာဝန်လဲ'

မိုးကြီးက ရယ်၍ လက်ညှိုးကို အောက်စိုက်ပြသည်။

'ဒီမှာလုပ်တဲ့ ဆရာဝန်လို့ပဲ ပြောရမှာပဲ၊ ဒီလိုဗျာ၊ သူက အလုပ်သင် ဆရာဝန်ဘဝလောက်ကတည်းက ကျွန်တော်တို့ အဖွဲ့ထဲ ရောက်လာတာ၊ ဆရာဝန်ဖြစ်ပြီးတော့လည်း ကျွန်တော်တို့နဲ့ပဲ လျှောက်လိုက်ပြီး ဆေးကုနေတာပဲ၊ အမှန်က သူက မိဘစီးပွားရေးကို ဦးဆောင်ရမှာ၊

သူ့မိဘတွေက မရှိတော့ဘူး၊ အဲဒါလုပ်ငန်းတွေ အကုန် သူ့ညီမ အင်ကြင်းဖိုးကောင်းနဲ့ လွှဲပြီး ကျွန်တော်တို့နဲ့ပဲ လျှောက်လိုက်နေတာပဲ၊ ဦးဇော်ကလည်း စိတ်ချရတာကိုး'

ချမ်းမြေ့နားမလည်နိုင်။

'ဦးဇော်က'

'ဦးဇော်က သူ့မန်နေဂျာ ဆိုပါတော့ဗျာ'

ချမ်းမြေ့ ပို အံ့ဩသွားသည်။

'ဆုံးသွားတဲ့ ဦးမြသွေးဆိုတာ သူ့အဖေလား'

'အမှန်အတိုင်း ပြောရရင် ပထွေးဆိုပါတော့ဗျာ၊ ဦးမြသွေးက ဆုံးသွားတဲ့ သူ့အမေရဲ့ နောက်အိမ်ထောင်၊ ဒါပေမဲ့ စံပြပထွေးမျိုးပါ။ သူတို့ မောင်နှမကိုလည်း စောင့်ရှောက်၊ လုပ်ငန်းတွေကိုလည်း ထိန်းသိမ်းပြီး သူတို့ အရွယ်ရောက်တော့ လွှဲမယ်လုပ်တုန်း ဟတ် အတက်ခ် ရပြီး ဆုံးသွားတာ'

မိုးကြီးက ရှေ့ စက်လှေဘက်ကို တစ်ချက်လှမ်းကြည့်ပြီးမှ ချမ်းမြေ့ကို ပြန်ကြည့်ရင်း မျက်နှာညှိုးငယ်စွာ ပြောသည်။

'နွယ်စိုး ဒီလှေနဲ့ ပါမလာလို့ ဒီအကြောင်းတွေ ကျွန်တော် ပြော တာ၊ သူ့ရှေ့ကျရင် မပြောမိပါစေနဲ့ဗျာ၊ နွယ်စိုးက ဦးမြသွေးကို အစ်ကို ကြီး အရင်းလို ချစ်တာ၊ ဦးမြသွေးမဆုံးခင်ကလေးတင် နွယ်စိုးကို ဩစတြေးလျ အမျိုးသားတက္ကသိုလ်က စံပြကျောင်းသူဟောင်းဆုကို အခမ်းအနားနဲ့ ချီးမြှင့်တော့ ဦးမြသွေးနဲ့ သားကြီးလိုက်သွားသေးတယ်၊ ဦးမြသွေး ဆုံးတော့လည်း သူရက်နဲ့ချီ ငိုနေခဲ့တာ'

သူကြားဖူးရုံမျှသာ ကြားဖူးသည့် ပန်းချီဆရာ စီးပွားရေးလုပ်ငန်းရှင် ဦးမြသွေးအတွက် ချမ်းမြေ့စိတ်မကောင်း ဖြစ်သွားမိသည်။ ပြီးမှ သတိရပြီး ရွှေမြကို လှည့်မေးသည်။



'မင်းကရော ခင်နွယ်စိုးကို မြင်ရုံနဲ့ ဘာလို့ ခင်နွယ်စိုးမှန်း သိနေရတာလဲ'

ရွှေမြရော မိုးကြီးပါ ရယ်ကြသည်။

ရွှေမြက ဖြေသည်။

'ဒီနိုင်ငံမှာ ခင်နွယ်စိုးကို မြင်ရုံနဲ့ မသိတဲ့လူ အရှားသားပဲကွ၊ ဒီလောက် ဂျာနယ်တွေထဲလည်းပါ၊ တီဗီမှာလည်းပါ၊ ဖေ့စ်ဘုတ်မှာလည်း သူ့ပုံတွေ ပြန့်နေတာပဲဟာ'

မိုးကြီးကလည်း ဝင်ဖြေသည်။

'လွန်ခဲ့တဲ့ သုံးနှစ်လောက်ကပေါ့ဗျာ၊ မြန်မာပြည် အလယ်ပိုင်းက တောင်တန်းတစ်ခုကို သူရောက်သွားပြီး အဲဒီက သစ်တောကြိုးဝိုင်းထဲက ရွာတွေက ကလေးတွေ စာမသင်ရတာတွေ့ပြီး သူနိုင်သလောက် စလုပ် တော့တာပဲ၊ ရေတွင်းရေကန်တွေလည်း ဆောက်တယ်၊ ကျောင်းလည်း ဆောက်တယ်၊ အစပိုင်းက ကျွန်တော်နဲ့ ငယ်သူငယ်ချင်း တစ်သိုက် ဝိုင်းကူကြတယ်၊ နောက် ဦးသွေးလို့ ကျွန်တော်တို့ ခေါ်တဲ့ ဦးမြသွေး ပါလာတယ်၊ သားကြီးပါလာတယ်၊ ပရဟိတ လုပ်ငန်းတွေကလည်း ပိုကျယ်ပြန့်လာတယ်၊ အစိုးရက ပရဟိတ အသင်းတွေကို မှတ်ပုံတင် ခိုင်းတော့ သူ့ကိုပဲ ဥက္ကဋ္ဌအနေနဲ့ ထားပြီး ကျွန်တော်တို့ အဖွဲ့ဖွဲ့လိုက် တယ်။ အဖွဲ့နာမည်ကို ဦးသွေးဆွဲခဲ့တဲ့ ပန်းချီကားတစ်ခုကို အစွဲပြုပြီး 'ပန်းဒေါင်း' အဖွဲ့လို့ နာမည်ပေးလိုက်တယ်၊ အခုတော့ စာတွေထဲပါ၊ ရုပ်မြင်သံကြားမှာပါ၊ မှတ်တမ်းရုပ်ရှင်တွေ ရိုက်နဲ့ ခင်နွယ်စိုးနဲ့ ပန်းဒေါင်းအဖွဲ့ကို တော်တော်များများ သိနေပါပြီ၊ ခင်ဗျားတို့ စင်ကာပူမှာတောင် ကျွန်တော်တို့ လူတချို့ ရှိသေးတယ်'

ချမ်းမြေ့က ရက်ကိုးရက်ကန်း ရယ်၍. . . ဆောရီးဗျာ၊ ကျွန်တော်လည်း အလုပ်ထဲ နစ်နေလို့. . . . ဟု ဖြေသည်။

မိုးကြီးက ခေါင်းတစ်ချက်ညိတ်၍ ဆက်ပြောသည်။

'ကဲ. . . ကျွန်တော်တို့အကြောင်းက ထားပါ။ ခင်ဗျား ဆန်ဆန်ကိစ္စမှာ ထူးဆန်းနေတာ ရှိသေးတယ်'

'ဘာများလဲ'

'လာရပ်ဆန်တို့၊ လာရပ်ကင်တို့လို နာမည်မျိုးတွေက ဟားခါးဘက်၊ မတူပီဘက် ကျွန်တော်ရောက်ဖူးတော့ ဆင်ဆင်တွေ ကြားဖူးတယ်၊ ခရစ်ယာန်နာမည်တွေဗျ၊ အခု ကျွန်တော်တို့ သွားမယ့် မောင်ရွာတို့၊ ဗုဒ္ဓဂါမရွာတို့ ဆိုတာက ဗုဒ္ဓဘာသာဝင်တွေ အများစုနေတာ၊ ခင်ဗျားကောင်မလေးတွေက ခရစ်ယာန်တွေ မဟုတ်ဘူးလား'

ချမ်းမြေ့ခေါင်းကုတ်သည်။

'ဗုဒ္ဓဘာသာပဲ ထင်တာပဲဗျ'

သူ့ကို မိုးကြီးရော ရွှေမြပါ မျက်လုံးပြူးကြည့်သည်။

'ထင်တာပဲ. . . ဟုတ်လား၊ ခင်ဗျား မသိဘူးလား'

'မသိဘူးဗျ၊ မမေးမိဘူး၊ ဘုရားရှိခိုးတာတော့လည်း မတွေ့ဖူးဘူး'

ရွှေမြက သူ့နဖူး သူလက်ဖဝါးနှင့် ရိုက်သည်။

မိုးကြီးက ရယ်၍ ရွှေမြကို လှည့်ပြောသည်။

'ကိုရွှေမြရေ ကျွန်တော်တော့ ခင်ဗျားညီ ဇာတ်လမ်းထဲက မိန်းကလေးကို ရှာတွေ့ဖို့ မတွေ့ဖို့ နောက်ထား၊ 'လာရပ်ဆန်' ဆိုတဲ့ မိန်းကလေး အပြင်မှာ တကယ်ရှိမရှိတောင် သံသယဝင်စပြုလာပြီ'

ချမ်းမြေ့က မကျေနပ်သံနှင့် 'ဟာဗျာ၊ ကျွန်တော် ထွင်မပြောတတ်ပါဘူးဗျ' ဟု ဆိုသည်။

၀

'ဟော့. . . ဟော့. . . အချက်ပြနေတယ်ဟော့'

မိုးကြီး စက်လှေသမားကို လှမ်းအော်ပြောရင်း လှေဦးဘက်သို့ သွား၍ မတ်တတ်ရပ်ကြည့်သည်။

ရှေ့စက်လှေနောက်မြီးတွင် လူတစ်ဦးမတ်တတ်ရပ်၍ လက်နှစ်ဖက် စုံဝှေ့ယမ်းပြနေသည်။



မိုးကြီးက သူလွယ်ထားသော အိတ်ထဲမှ လက်ကိုင်ဖုန်းတွေ တစ်လုံးပြီး တစ်လုံးထုတ်ကြည့်သည်။ စုစုပေါင်း သုံးလုံး။

'ဟုတ်တာပေါ့၊ အမ်ပီတီရော၊ တယ်လီနောရော၊ အူရေဒူးရော တစ်ခုမှ လိုင်းမဝင်တော့ဘူး၊ ဒါကြောင့် သူတို့ဖုန်းမဆက်တာပေါ့'

မိုးကြီးက လက်ဖဝါးတစ်ဖက်ကို မျက်လုံးအပေါ်မှာ မိုး၍ ရှေ့စက်လှေကို စိုက်ကြည့်သည်။

'ကပ်နေတာဟော့၊ ကပ်နေတာ၊ ဒီမှာနားမယ်ထင်တယ်'

ရှေ့စက်လှေက ကမ်းဘက်သို့ တဖြည်းဖြည်း ချဉ်းကပ်နေတာ တွေ့ရသဖြင့် မိုးကြီးက နောက်စက်လှေကိုလည်း ကပ်ဖို့ လှည့်ပြောသည်။ မိုးကြီးလက်ပတ်နာရီကို ငုံ့ကြည့်သည်။

'ဆယ်နာရီခွဲ၊ ဟုတ်တာပေါ့၊ ဆရာတော်ဆွမ်းကပ်ရဦးမယ်၊ ဟိုမှာ တဲကလေး တချို့တွေ့လို့ ကပ်တာဖြစ်မယ်'

ချမ်းမြေ့က ရှေ့မြင်ပြသော တဲကလေးများကို လှမ်းကြည့်သည်။ တဲကလေးတွေက အပေါ်ကို လူရအောင် ဘယ်လိုတက်သလဲ ဆိုတာကိုပင် သံသယဝင်စရာကောင်းလောက်အောင် ခရောနီခနော်နဲ့ ကလေးတွေ ဖြစ်သည်။

'ဒီနေရာမျိုး စားစရာ ရပ့ါမလား'

ချမ်းမြေ့က မေးတော့ မိုးကြီးကရယ်သည်။

'ဆန်သယ်လာတာလေဗျာ၊ မီးရရင် ထမင်းအိုးတည်ကြမှာပေါ့၊ ဟင်းကတော့ ကျွန်တော့်လက်ရာ အထူးစပယ်ရှယ် ငါးခြောက်ချက်၊ စားဖူးရင် ခင်ဗျား တစ်ပတ်လောက် ဆက်တိုက်စားဖြစ်သွားမှာ'

ချမ်းမြေ့မျက်မှောင်ကြုတ်သည်။

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲဆိုတော့ ရှေ့တစ်ပတ်လုံး ခင်ဗျားက ကျွန်တော်တို့နဲ့ ပါနေမှာဖြစ်ပြီး ကျွန်တော်တို့မှာလည်း စားစရာ ဒါပဲရှိတာကိုးဗျ၊ ဟား ဟား ဟား ဟား၊ ကဲလာ. . . ဆင်းကြစို့'

○

သောင်ပြင်ပေါ်တွင်ပင် မီးဖို၍တစ်ဖွဲ့လုံးအတွက် ထမင်းချက်ကြသည်။

အနားကတဲတစ်လုံးတွင် ထင်းခြောက်အနည်းငယ် ရှိနေသဖြင့် အဆင်ပြေသွားသည်။ သားကြီးနှင့် အဖွဲ့က ထင်းများသွားသယ်ကြပြီး မိုးကြီးနှင့် ခင်နွယ်စိုးက ထမင်းအိုးပြင်သည်။

ပြမပေးလျှင် ဘာမှမလုပ်ပေးတတ်သော ချမ်းမြေ့နှင့် ရွှေမြက ဘုန်းကြီးဘေးမှာ ထိုင်ရင်း အနေရအထိုင်ရခက်နေသည်။

ခွေးကလေးတော့ မတွေ့ရ။ ကြည့်ရတာ ဆင်အိုးကြီး ဆိပ်ကမ်းမှာတုန်းက တွေ့သည့် ခွေးကလေးနှင့် ခင်နွယ်စိုးဆော့ကစားနေခဲ့တာပဲ ဖြစ်မည်။ သည်လိုအဖွဲ့နှင့် သည်လိုခရီးတွေ သွားနေရင်း သူ့ကိုယ်ပိုင်ခွေးတော့ ခေါ်လာမည် မထင်။

လမ်းဘေးက မမျှော်လင့်ဘဲ တွေ့သည့် ခွေးကလေးတစ်ကောင်ကိုပင် သည်လောက် ချစ်တတ်သော မိန်းကလေး၊ ကိုယ့်လူမျိုး ဒုက္ခရောက်နေသည့် လူတွေ အများကြီးပေါ်မှာ မေတ္တာထားတတ်တာ တကယ်တော့ မဆန်းလှ။ အဲသည့် မေတ္တာဓာတ်ကြောင့်လည်း သည်မျက်နှာကလေးက ဘာမှမပြင်မဆင်၊ မခြယ်မသပါဘဲနှင့် ရေစိုနေသည့် ကြာပန်းကလေး တစ်ပွင့်လို လန်းဆန်းနေတာဖြစ်ရမည်။

ဟာ. . . . မဟုတ်သေးပါဘူး။

ဆယ်နှစ်ကျော် ကွဲကွာနေသည့် ငယ်ချစ်ဟောင်းကို လာရှာသူက လမ်းမှာ ယခုမှ ဆုံတွေ့ရတာ နာရီပိုင်းပဲရှိသေးသည့် မိန်းမပျိုကလေးတစ်ယောက်၏ အလှကို ချဲ့ထွင်တွေးတောမိနေသည်ဆိုတာက။



မိုးကြီးနှင့် ခင်နွယ်စိုးတို့က ငယ်သူငယ်ချင်းများ ပီပီ ချက်ပြုတ်ကြရင်းနှင့်ပင် တရင်းတနှီး စကားတွေပြောလိုက် ရယ်ပွဲဖွဲ့လိုက်လုပ်နေကြသည်။

တစ်ချက်တစ်ချက် မိမိဘက်ကို လှမ်းကြည့်ကြသဖြင့် သူ့အကြောင်းလည်း ပြောနေကြလိမ့်မည်ဟု ချမ်းမြေ့တွက်မိသည်။

ဒုက္ခပဲ၊ ဆန်ဆန်အကြောင်း မိုးကြီးကို ပြောပြစဉ်က ခင်နွယ်စိုးကို ပြောမပြဖို့ သူ မပိတ်လိုက်မိ။

ပိတ်တော့ရော ဘယ်လိုပြော ပိတ်မှာလဲ။

တကယ်တော့ သူ့အတွက်က မိုးကြီးနှင့် ခင်နွယ်စိုး အတူတူပဲလေ။ သူ့ကို လမ်းကြုံ ကူညီကြသည့် လူစိမ်းများမျှသာ။

ငယ်ချစ်ဟု ခေါ်ချင် ခေါ်လို့ရမည့် မိန်းကလေး တစ်ယောက်ကို လိုက်ရှာနေသည်ဆိုတာကို လမ်းမှာတွေ့ရသည့် စိတ်အလှနှင့် ရုပ်အလှ နှစ်ခုစလုံးပိုင်ရှင် မိန်းမလှကလေးတစ်ဦးကို မသိစေချင်ဘူးဆိုသည့် စိတ်ကရော ဘယ်လောက်များ ဖြူစင်နိုင်မှာမို့လို့လဲ။

ကဲ. . . ပြောဗျာ၊ ပြောပြော၊ အကုန်သာပြောပြလိုက်၊ ချမ်းမြေ့ယောင်ချာချာနှင့် နေရာမှထပြီး ခင်နွယ်စိုးတို့ စီးလာခဲ့သည့် ပထမလှေပေါ် တက်ကြည့်မိသည်။

စက္ကူပုံးတွေက အရွယ်စုံ။ ဆေးဝါးတွေရော၊ လူသုံးကုန်ပစ္စည်းအဝတ်အထည်တွေရော ဖြစ်မှာပါပဲ။

သူ့မျက်လုံးကို ဖမ်းစားလိုက်သည့် အရာကတော့ ကြိုးခွေတွေဖြစ်သည်။

လမ်းတံတား အင်ဂျင်နီယာ တစ်ယောက်ဖြစ်သည့်အပြင် အပျော်တမ်း ခြေလျင်တောင်တက်သမား တစ်ဦးလည်းဖြစ်သည့် သူ့အတွက် ကြိုးဆိုတာ စိတ်ဝင်စားစရာအရာ ဖြစ်သည်။

သူကြိုးခွေ အပုံနားမှာ ဒူးထောက်ထိုင်ချ၍ ကြိုးတစ်ချောင်းကို ကောက်ယူပြီး လက်ထဲတွင် ဆွဲဆန့်ကြည့်မိသည်။

'ရှင် ဘယ်လို ထင်သလဲ'

ရုတ်တရက်ပေါ်လာသော ခင်နွယ်စိုး၏ အသံကြောင့် သူ လှည့်ကြည့်မိသည်။

စက်လှေပေါ်တက်သည့် သစ်သားပြားပေါ်မှာ တည်ငြိမ်စွာ ရပ်နေရင်းက သူ့ကို လှမ်းမေးသည့် ခင်နွယ်စိုးကို တွေ့ရသည်။

သူက ပြန်မေးသည်။

'ဘယ်နေရာမှာ သုံးမှာလဲ'

ခင်နွယ်စိုးက လှေပေါ်တက်လာပြီး သူ့ဘေးတွင် ဒူးထောက်၍ ထိုင်လိုက်သည်။

'ချောင်းတွေ ကူးမလို့ တချို့ချောင်းတွေ ရေစီးသိပ်ကြမ်းနေတယ် ပြောတယ်၊ တံတားတွေလည်း ရေထဲပါကုန်ပြီ၊ ဒီကြိုးအရှည်တွေနဲ့ ဟိုဘက်ကမ်း ဒီဘက်ကမ်း ခိုင်အောင်ချည်ပြီး လူတွေ ဆန်အိတ်တွေ လျှောချပြီး ပို့မလားလို့'

ချမ်းမြေ့သက်ပြင်းချ၍ ခေါင်းခါသည်။

'ခင်ဗျားတို့ ကြိုးမှားနေပြီ'

'ဘယ်လို'

'ဒီကြိုးတွေက တုတ်ပေမယ့် ပလပ်စတစ်သားကို ကျစ်အောင် လိမ်ထားတာ၊ တကယ့် ဆွဲအားနဲ့ ကျရင် တဖြည်းဖြည်းဖွာပြီး ပြတ်ထွက်မှာပဲ၊ ခင်ဗျားတို့ သုံးရမှာက ကလစ်ဖ်ဟင်းဂါးဆိုတဲ့ ကျောက်တောင်တက်သမားတွေသုံးတဲ့ ကြိုးမျိုးတွေ'

ခင်နွယ်စိုးက ရယ်သည်။

'ကလစ်ဖ်ဟင်းဂါးမှ မရှိတာ၊ သူတို့သုံးတဲ့ ကြိုးမျိုးဘယ်သွားဝယ်လို့ရမလဲရှင်၊ နှစ်ကြိုးပူးသင့်ရင် ပူးကြတာပေါ့'



ချမ်းမြေ့ ပခုံးသာ တွန့်ပြမိသည်။

'ထမင်း ရပြီဟေ့'

မိုးကြိုးလှမ်းအော်သံကြားတော့ နှစ်ယောက်စလုံး လှေပေါ်မှ ပြန်ဆင်းခဲ့ကြသည်။

ဝ

ထမင်းစားပြီး လှေတွေ ပြန်ထွက်ကြတော့ ခင်နွယ်စိုးက ချမ်းမြေ့တို့ရှိရာ ဒုတိယလှေပေါ်တက်၍ လိုက်လာသည်။

သည်လိုပဲ ပြောင်းစီးနေကျနှင့် တူသည်။ ဘယ်သူကမှ ခင်နွယ်စိုးကို ဘာဖြစ်လို့ ပြောင်းစီးတာလဲဟု မမေး။ လှေဦးပိုင်းတွင် မိုးကြိုးနှင့် ခင်နွယ်စိုး အတူထိုင်၍ နှစ်ကိုယ်ကြား ပြောဆိုရယ်မောနေကြသည်။ တခြားအဖွဲ့တွေက ငိုက်မျဉ်းနေကြသည်။

ရွှေမြက သူ့ဘက် လှည့်၍ တိုးတိုးပြောသည်။

'အပြင်မှာ တွေ့တော့ ပိုတောင် ကျက်သရေရှိနေသလိုပဲ'

ချမ်းမြေ့က တိုးတိုး အသံမထွက်အောင် ဆဲသည်။

'သူများ လှေနဲ့ကပ်လိုက်လာပြီး ပြစ်မှားနေရသလားဟ'

ရွှေမြက တိုးတိုး ရယ်သည်။

'ဟ၊ ပြစ်မှားတာမှ မဟုတ်တာ၊ အမှန်တရားပြောတာပဲ၊ မပြင်မဆင်ဘဲ အဲသလောက် ကြည်လင်နေတဲ့ မျက်နှာမျိုးလေး မင်းတွေ့ဖူးလို့လား'

သူပြောတာလည်း ဟုတ်နေသဖြင့် ချမ်းမြေ့ ခေါင်းသာညိတ်ပြလိုက်ရသည်။ တစ်စုံတစ်ခု ပြန်ပြောရန် ဟန်ပြင်လိုက်စဉ်မှာပင် ခင်နွယ်စိုးနှင့် မိုးကြိုးနေရာမှ ထ၍ သူတို့ဆီ လျှောက်လာသဖြင့် အရှိန်သတ်လိုက်ရသည်။ ခင်နွယ်စိုးနှင့် မိုးကြိုးက သူတို့ရှေ့လှေကြမ်းပြင်ပေါ်မှာ တင်ပျဉ်ခွေ ထိုင်ကြသည်။

ခင်နွယ်စိုးက ချမ်းမြေ့ကို မေးသည်။

'ကြိုး အကြောင်း ရှင်ပြောတာ သေချာလား'

သူ ခေါင်းညိတ်ပြသည်။

'ကျွန်တော်က အင်ဂျင်နီယာပါဗျာ'

ခင်နွယ်စိုးက တိုးတိုးရယ်သည်။

'အင်ဂျင်နီယာက ကြိုးနဲ့ တောင်တက် ရလို့လား'

'ဟာဗျာ၊ ခင်ဗျား တော်တော်နောက်တာပဲ၊ ကဲ. . . ကျွန်တော်က အပျော်တမ်း တောင်တက်သမားလည်း ဖြစ်တယ်ဗျာ၊ တောင်တက်ရင် သုံးတဲ့ ကြိုးတွေက ပလက်စတစ် ဆင်သက်တစ်တွေ မဟုတ်ဘူးဗျ၊ ပြီးတော့ ဝန်ခံနိုင်အားကို စက်နဲ့ စမ်းသပ်ပြီးမှ ထုတ်တာ'

'ပူးရင်ကော'

ချမ်းမြေ့တွေးတွေးဆဆ ခေါင်းညိတ်သည်။

'ကျွန်တော် စမ်းကြည့်ပေးမယ်လေ၊ ပူးပြီးတော့ တန်းတော့ရော ခင်ဗျားတို့ လူတွေ ပစ္စည်းတွေက ဂွင်းကြီးကြီးနဲ့ ပြေးရမှာ၊ ဘီးပါတဲ့ ရစ်ဘီးဆိုရင် အကောင်းဆုံးပဲ'

ခင်နွယ်စိုးနှင့် မိုးကြီးတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။ ချမ်းမြေ့ စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

'ဟာ. . . ခင်ဗျားတို့ အဲဒါလည်း စဉ်းစားမထားဘူးပေါ့'

ခင်နွယ်စိုးက ရယ်သည်။

'ပညာရှင်တွေမှ မဟုတ်တာရှင်၊ ကျွန်မတို့ တောင်တန်းတွေပေါ်ကို ဆိုင်ကယ်နဲ့ တက်တုန်းကလည်း အပြန်မှာ ဆိုင်ကယ်တွေ ပြန်ဆင်းမရတော့လို့ ကြိုးနဲ့ တရွတ်တိုက် ချရဖူးတယ်၊ အဲဒီတုန်းက မှောင်လည်းမှောင်၊ မိုးတွေကလည်း ရွာနေတာ၊ ဘယ်သူမှ မထိခိုက်ခဲ့ပါဘူး၊ သူများကို ကယ်ဆယ်ချင်တဲ့စိတ်နဲ့ ဒီလိုပဲ စမ်းတဝါးဝါး လုပ်ခဲ့ကြတာပဲ'



မိုးကြီးက တံတောင်ဆစ်ကို မြှောက်ပြသည်။

'ဘာ ဘယ်သူမှ မထိခိုက်ဘူးလဲဟ၊ ငါဒီမှာ ဟက်တက်ကြီး ကွဲခဲ့တဲ့ဟာကို'

ခင်နွယ်စိုးကရယ်၍ . . . အေးပါ၊ ငါမေ့သွားလို့ပါ. . . ဟု ပြောသည်။

အသက်ဘေးနှင့် ရင်း၍ အများအတွက် စွန့်စားနေကြသော လူငယ်နှစ်ဦးကို ကြည့်၍ ချမ်းမြေ့ သူအပြစ်တင်မိတာကို အားတုံ့အားနာ ဖြစ်သွားသည်။

'ကဲပါ၊ ဒီကြိုးနဲ့ပဲ ကွင်းလျှောတစ်ခုလုပ်ပြီး နောက်ထပ် ကြိုးတစ်ချောင်းက ပစ္စည်းကို ချိတ်ဆွဲရမှာပါပဲ၊ ဟိုကျရင် ကျွန်တော် ပြပေးပါမယ်'

ခင်နွယ်စိုးက ပြုံးပြုံသည်။

'ရှင်ပါ ပါလာရင်တော့ အကောင်းဆုံးပဲ၊ အတင်းတော့ မခေါ်ဘူးနော်'

သူက လိုလိုလားလား ခေါင်းညိတ်ပြသည်။

'မောင်ရွှာက ကျွန်တော့်ကိစ္စပြတ်ရင် လိုက်ခဲ့ပေးပါ့မယ်'

ခင်နွယ်စိုးနှင့် မိုးကြီးက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်၍ ရယ်ကြသည်။

'ရှင့်ကိစ္စဆိုတာ 'ဆန်ဆန့်'ကို ရှာတဲ့ကိစ္စလား'

ချမ်းမြေ့ မိုးကြီးကို လှည့်ကြည့်တော့ မိုးကြီးက ဇက်ပုပြသည်။

'အဲဒါဆိုရင်တော့ ရှင့်ကိစ္စက ခုကတည်းက ပြတ်နေပြီ'

'ဘာဖြစ်လို့လဲ'

'ရွှေလှေမှာ မောင်ရွှာသားလေး တစ်ယောက်ပါလာတယ်၊ ကျွန်မတို့ကို လာခေါ်တာ၊ လှေပြန်ထွက်ခါနီးတုန်းက သူ့ကို မေးကြည့်

တော့ ဆန်ဆန်တို့၊ ကင်ကင်တို့ ကြားတောင် မကြားဖူးဘူးတဲ့၊ ရွာက ဆရာမ ကလေးတွေကိုလည်း သိတယ်တဲ့၊ အဲဒီနာမည်မပါဘူးတဲ့'

ချမ်းမြေ့ ရေနစ်သွားသလို ခံစားရသည်။

'အဲဒီရွာသားက အသက်ဘယ်လောက်ရှိပြီလဲ'

'မသိဘူး၊ နှစ်ဆယ်လောက်လို့ ထင်တာပဲ'

'ဒါဆို လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ဆရာမ ဘယ်သိနိုင်ပါ့မလဲ ဗျ'

ခင်နွယ်စိုးက ရယ်သည်။

'မှန်ပါတယ်၊ ဒါပေမဲ့ အခုမရှိတော့တာတော့ သေချာတယ်လေ၊ အခု မရှိတော့ရင် ရှင် ဘယ်သွားရှာမလဲ'

ချမ်းမြေ့ စိတ်ပျက်လက်ပျက်နှင့် . . . ဘယ်ပြောင်းသွားလဲ သိတဲ့ လူကြီးတွေ တွေ့ရင် တွေ့မှာပေါ့ဗျာ. . . ဟု ဖြေမိသည်။

●

(၉)

သံတောင်ရွာ အထက်တန်းကျောင်းကို သူတို့အဖွဲ့ ရောက်သွားတော့ မှောင်စပျိုးနေပြီ။

အဲသည်မှာ ထူးဆန်းသော မြင်ကွင်းက စောင့်နေသည်။

အသက် နှစ်ဆယ်အရွယ်မှ အသက်လေးဆယ်ခန့်အရွယ်ရှိ လူရွယ် ကျားမ နှစ်ဆယ်ခန့်ပါ။ အများစုချင်းရိုးရာ ဝတ်စုံများကို တစိတ်တစ်ပိုင်းပဲ ဖြစ်ဖြစ် ဝတ်ထားတော့ ချင်းလူမျိုးတွေ ဆိုတာတော့ သေချာသည်။ သို့သော် ဒုက္ခသည်တွေနှင့်တော့ မတူပါ။

သူတို့ကျောင်းပေါ် တက်လာတာမြင်တော့ အားလုံးအပေါက်ဝကို ပြေးထွက်လာပြီး ဗီနိုင်းစတစ်စကို ဆွဲဖြန့်ကြသည်။

'မခင်နွယ်စိုး ဦးဆောင်သည့် ပန်းဒေါင်းအဖွဲ့အား လိုက်လှဲစွာ ကြိုဆိုပါသည်'. . . . တဲ့။

ခင်နွယ်စိုးမျက်နှာ နေရထိုင်ရခက်ဟန် ပေါ်လာသည်။

ထိပ်ဆုံးမှ ရပ်နေသည့် အသက်လေးဆယ်ခန့် အမျိုးသမီးက ခင်နွယ်စိုးပခုံးပေါ်သို့ ချင်းရိုးရာ စောင်လေးတစ်ထည် ခြုံပေးပြီး 'ဗန်တုန်းမီ၊ ဗန်တုန်းမီ' ဟုခေါ်သည်။ ပြီးတော့ ချစ်ခင်စွာ ပွေ့ဖက်သည်။ ခင်နွယ်စိုးကလည်း အလိုက်သင့် ပြန်ပွေ့ဖက်သည်။

သံဃာတစ်ပါးလည်း ထွက်လာ၍ ပွင့်ဖြူဆရာတော်ကို ခရိုးဦးကြိုသည်။

'နောက်ကျနေလို့ စိတ်ပူနေကြတာ၊ အဆင်ပြေရဲ့လား'

သံတောင်ဆရာတော်ကမေးတော့ ပွင့်ဖြူဆရာတော်က ခေါင်းညိတ်ပြသည်။

ကြိုဆိုနေသော အဖွဲ့က သူတို့အားလုံးကို လှိုက်လှိုက်လှဲလှဲ လက်ဆွဲနှုတ်ဆက်ကြတော့ အဖွဲ့ဝင်မဟုတ်သည့် ချမ်းမြေ့နှင့် ရွှေမြပါ ယောင်အအနှင့် ပြန်နှုတ်ဆက်ရသည်။

ပြီးတော့ ကျောင်းကြမ်းပြင်တွင်ပင် သူတို့အားလုံးကို ဝိုင်းဖွဲ့ထိုင်ကြပြီး ဆရာတော် နှစ်ပါးက ထိပ်ဆုံးမှာထိုင်သည်။ နောက်ထပ် ဒေသခံတွေလည်း ဝင်ရောက်လာကြတာ တွေ့ရပြီး ကျောင်းကလေး ပြည့်သွားသည်။

ခင်နွယ်စိုးကို ကြိုသည့် အမျိုးသမီးကြီးက ခင်နွယ်စိုးဘေးမှာပဲ ထိုင်၍ ခင်နွယ်စိုး ပခုံးကလေးကို သူ့လက်ဝါးနှင့် ချစ်ခင်စွာဆုပ်ကိုင်ပြီး 'ဗန်တုန်းမိ' ဟု ထပ်ပြောသည်။

သံတောင် ဆရာတော်က ပြုံး၍ လှမ်းရှင်းပြသည်။

'ဗန်တုန်းမိဆိုတာ 'ဂိုမီး' ဘာသာနဲ့ အိန်ဂျယ်လို့ ပြောတာ၊ နတ်သမီးပေါ့၊ သူတို့အားလုံးက ဒကာမလေး အကြောင်းတွေကို ကြားဖူးထားပြီး သိပ်တွေ့ချင်နေကြတာ'

ခင်နွယ်စိုးက နေရခက်ဟန်ဖြင့် ရယ်သည်။

'တပည့်တော်တို့ကို ချစ်ကြတာတော့ ကျေးဇူးတင်ပါတယ် ဘုရား၊ ဒါပေမဲ့ ဒါတွေက မလိုပါဘူး၊ တပည့်တော်တို့ ကူညီဖို့ လာခဲ့ကြတာပါ'

ဆရာတော်က ခေါင်းညိတ်ပြသည်။



'သူတို့ရောပဲပေါ့၊ သူတို့က ဒီက ဒုက္ခသည်တွေ မဟုတ်ဘူး၊ တီးတိန်က ပရဟိတ အဖွဲ့ပဲ၊ သူတို့လည်း တွန်းဇံဘက်မှာ ကယ်ဆယ်ရေးတွေလုပ်နေကြတာ၊ ဒီဘက်ကို ပန်းဒေါင်းအဖွဲ့လာမယ်ကြားတော့ ဝိုင်းကူရအောင် ဆိုပြီး ဆင်းလာကြတာ'

ခင်နွယ်စိုးက ခေါင်းညိတ်ပြ၍ သူ့ဘေးက အမျိုးသမီးကြီးလက်ကို ဆုပ်ကိုင်ပြီး 'လုံဒမ်မားမားအေး'ဟုပြောလိုက်သည်။

အမျိုးသမီးကြီး မျက်နှာဝင်းပသွားပြီး 'ဗန်တုန်းမိ၊ ဗန်တုန်းမိ' ဟု ထပ်ရေရွတ်ကာ ခင်နွယ်စိုးကို ဖက်သည်။

သံတောင်ဆရာတော် ဘေးတွင် ကပ်လျက် ထိုင်နေသည့် ချမ်းမြေ့က နားမလည်ဟန်ဖြင့် ဆရာတော်ကို ကြည့်တော့ ဆရာတော်က ရယ်၍လှည့်ရှင်းပြသည်။

'လန်ဒမ်မားမားအေး. . ဆိုတာ ဂိုမီးဘာသာနဲ့ ကျေးဇူးတင်တယ်လို့ ပြောတာ၊ ဒကာမလေး ခင်နွယ်စိုးက ဘယ်လိုလုပ် ဂိုမီးစကားတတ်နေတယ် မသိဘူး'

'ဒီလာမယ်ဆိုလို့ လေ့လာခဲ့တာ နေမှာပေါ့ ဘုရား'

ဆရာတော်က ပြုံး၍ ခေါင်းခါပြသည်။

'ဒါဂိုမီးချင်းတွေနေတဲ့ ဒေသမဟုတ်ဘူးကွယ့်၊ တောင်ပိုင်းချင်းတွေ၊ စကားချင်းက မတူကြဘူး၊ ဂိုမီးတွေက မြောက်ပိုင်းမှာနေကြတာ၊ ဒီအဖွဲ့က အဲဒီက လာလို့သာ'

'ဟားခါးဘက်ကို ပြောတာလား ဘုရား'

ဘုန်းကြီးက ခေါင်းခါသည်။

'ဟားခါးက အနောက်ပိုင်းကျတယ်၊ အဲဒီဘက်က ချင်းတွေကျတော့ လိုင်မီးချင်းခေါ်တယ်၊ မတူပြန်ဘူး၊ ဂိုမီးက တီးတိန်တို့ တွန်းဇံတို့၊ အခုတောင်တွေ မြေတွေ ပြိုကျနေတဲ့ နေရာတွေပေါ့'

'ဒီဘက်မှာလည်း ပြိုတာပဲ မဟုတ်လား ဘုရား'

'ဒီဘက်က မြေနည်းနည်း မြန့်တယ်ကွယ့်၊ ရခိုင်နဲ့ နီးသွားတာပေါ့၊ ရေကြီးတာ၊ ရွာတွေရေထဲပါတာက အဓိကပါပဲ'

ခင်နွယ်စိုးတို့ ကြုံးပြဿနာ သည်ဘက်မှာ သိပ်ရှိမည်မထင်ဟု သူတွေးမိသည်။

တဆက်တည်းမှာပင် တောင်ပိုင်းချင်းပြည်နယ်ကို ကယ်ဆယ်ရေးလုပ်ဖို့ လာသော မြန်မာမကလေး ခင်နွယ်စိုးက မြောက်ပိုင်းချင်းပြည်နယ်က ဇိုမီးဘာသာစကားကို ဘာကြောင့်တတ်နေသလဲဆိုတာ သူလည်း သိချင်လာမိသည်။

ခင်နွယ်စိုးကို လှမ်းကြည့်တော့ မျက်နှာမှာ အစက်အပြောက်များ အတန်းလိုက် ဖြာထွက်အောင် စုတ်ထိုးထားသည့် အသက်ငါးဆယ်ခန့် ချင်းအမျိုးသမီးကြီးတစ်ဦး၏ မျက်နှာကို ပွတ်သပ်ကြည့်ရင်း ရယ်မောနေတာ တွေ့ရသည်။ ဟို အမျိုးသမီးကြီးကလည်း သူ့မျက်နှာကို သူတို့ 'ဗန်တုန်းမီ' ကိုင်ကြည့်နေတာကို ကျေနပ်နေပုံပါပဲ။

သူ့ဘေးမှာ လူတစ်ယောက် လာထိုင်တာကို ခံစားမိ၍ ချမ်းမြေ့ဘေးကို လှည့်ကြည့်လိုက်တော့ လိပ်ပြာလွင့်မတတ်လန့်သွားသည်။

မျက်နှာတစ်ခုလုံး မည်းနေအောင် စာတွေ ထိုးထားသော အသက် ၅၀ ခန့် ချင်းအမျိုးသမီးကြီး တစ်ဦးက သူ့ကို ပြုံးပြနေပါသည်။

ဆရာတော်က ရယ်၍ ဝင်ပြောသည်။

'ပါးစာထိုးတာလေ၊ ဒီဘက်ခေတ် အငယ်တွေကတော့ သိပ်မလုပ်ကြတော့ပါဘူး၊ ဟိုဒကာမလေး ခင်နွယ်စိုးရှေ့က တစ်ယောက်က ပါးရဲထိုးတာ၊ အဲဒါတော့ နည်းနည်းပိုများတယ်'

ချမ်းမြေ့က ရင်ဘတ်ကို ခဏလက်နှင့် ဖိပြီးမှ ဆရာတော်ကို လှမ်းမေးကြည့်သည်။



'အရှင်ဘုရား ဒီနားက မောင်ရွာမှာ လုပ်သွားတဲ့ 'လာရပ်ကင်မ်' ဆိုတဲ့ ချင်းအမျိုးသမီး ဆရာမလေး တစ်ယောက်နဲ့ သူ့ညီမ 'လာရပ်ဆန်' ဆိုတာများ ကြားဖူးပါသလား ဘုရား'

ဘုန်းကြီးက မျက်မှောင်ကြုတ် စဉ်းစားပြီး ခေါင်းခါသည်။

'ဦးပဥ္ဇင်းက ရောက်တာ ငါးနှစ်လောက်ပဲ ရှိသေးတယ်ကွယ့်၊ ဦးပဥ္ဇင်းရောက်တော့ အဲဒီနာမည်မျိုး မရှိတော့ဘူး၊ မောင်ရွာကို ဒကာလေးတို့ နက်ဖြန်ရောက်မှာပဲ မေးကြည့်ပေါ့၊ နာမည်ကတော့ သိပ်မကိုက်လှဘူး'

'ဘယ်လို မကိုက်တာလဲ ဘုရား'

'ဒီဘက်က ဇုဒ္ဓဘာသာတွေ များတယ်၊ ဒကာလေး ပြောတဲ့ နာမည်က ခရစ်ယာန်နာမည် ဖြစ်နေတယ်'

ချမ်းမြေ့သက်ပြင်းချမိသည်။

ဆန်ဆန်သည် သူမသိဘဲ တကယ်ခရစ်ယာန် ဖြစ်နေခဲ့လေရော့သလား။ တကယ်တော့ ဆန်ဆန်ခရစ်ယာန် ဖြစ်တာ မဖြစ်တာက အရေးမကြီး။ ဆန်ဆန့်အကြောင်း သူသိတာ နည်းလွန်းနေတာကိုပင် မချင့်မရဲ ဖြစ်မိလေသည်။

'ဟိုအဖွဲ့တွေ မေးကြည့်ရင်ကော ဘုရား'

တီးတိန်အဖွဲ့ကိုပြ၍ မေးကြည့်တော့ ဘုန်းကြီးခေါင်းညိတ်သည်။

'မေးရင် မေးကြည့်လေ၊ သူတို့က ခရစ်ယာန်တွေပဲ၊ ဒါပေမဲ့ ဒကာလေးမေးတဲ့ နာမည်က ရိုမန်ကတ်သလစ်နာမည် ဖြစ်နေတယ်၊ သူတို့က ဘက်ပတစ်တွေ၊ ဘက်ပတစ်က ချင်းတောင်မှာ အများကြီး၊ ရိုမန်ကက်သလစ်က ရှားတယ်၊ ပြီးတော့ ဘယ်ဒေသမဆို ဖြစ်နိုင်တယ်'

ချမ်းမြေ့ ရင်မောသွားသည်။

သက်ပြင်းအရှည်ကြီး ချ၍ ခင်နှယ်စိုးဘက် လှမ်းကြည့်လိုက်သည်။ ခင်နှယ်စိုးက သူလက်ဆောင်ရလိုက်သော ချင်းစောင်ကလေးကို ပခုံးပေါ်မှာ နေရာရွှေ့ကြည့်ရင်း ရယ်နေသည်။

ဘုရားရေ။

ချမ်းမြေ့ မျက်လုံးတွေ ပြာဝေသွားသည်။ လက်နှင့်ပွတ်ကြည့်ပြီး တစ်ခေါက်ပြန်ကြည့်သည်။

မဟုတ်ပါဘူး။ ခင်နှယ်စိုးပါ။

ဆန်ဆန်မဟုတ်။

ခင်နှယ်စိုး ခြုံထားသော ချင်းစောင်ကလေးကတော့ ယခု သူ့ ခရီးဆောင်အိတ်ထဲတွင် ပါလာသည့် ဆန်ဆန် ခြုံနေကျစောင်ကလေးနှင့် ချွတ်စွပ်တစ်ဆင်တည်း၊ တစ်ရောင်တည်းပါပေ။

၀

ချင်းပြည်နယ် ညချမ်းက တုန်နေအောင် ချမ်းသည်။

'လေးမြို့' မြစ်ပေါ်ကို လရောင်ဆမ်းထားသည့် ရှုခင်းက အေးချမ်းမှုကို အနံတုနိုင်လောက်အောင် လှပနေပြန်သည်။

ဟိုရှေ့နားမှာ ကွပ်ပျစ်ကလေး။

ကွပ်ပျစ်ကလေးပေါ်တွင်တော့ ချင်းစောင်ကလေးကို ခြုံထားသည့် မိန်းကလေးတစ်ဦး ထိုင်နေသည်။

ရင်က မသိမသာခုန်စ ပြုလာသည်။

ဆန်ဆန်လား။

ခင်နှယ်စိုးလား။

သူတို့ နှစ်ဦး၏ စောင်က ချွတ်စွတ်ဖြစ်နေသည်။ သို့သော် ခင်နှယ်စိုးစောင်က သည်ညမှ လက်ဆောင်ရတာဆိုတော့ ပို၍ သစ်လွင်နိုင်သည်။ ချမ်းမြေ့ရှေ့ကို တိုးသွားကြည့်သည်။

စောင်ကလေးက သစ်လွင်နေသည်။



သက်ပြင်းသာချမိသည်။

ခင်နှယ်စိုးပဲပေါ့။

ဟုတ်ပါတယ်လေ။ ဆန်ဆန့်စောင်က ငါ့ဆီမှာပဲ။

ပြီးတော့ ရှေ့မှာမြင်နေရတာက 'လေးမြို့'မြစ်လေ။ သံတောင်ရွာဘေးက လေးမြို့မြစ်။ 'မောင်' ရွာဘေးက 'သံ'ချောင်းမှ မဟုတ်တာ။

ကွပ်ပျစ်မှာ ထိုင်နေသော မိန်းကလေးက သူ့ခြေသံကြောင့် လှည့်ကြည့်သည်။ ချမ်းမြေ့ပါးစပ် အဟောင်းသားဖြစ်သွားသည်။

မျက်မှန်ထူထူကလေးနှင့် ဆန်ဆန်ပါလား။

အသက် ၁၆ နှစ် အရွယ်တော့ မဟုတ်တော့ပြီ။ အခု ရှိနေလျှင် ရှိမည့် အသက်အရွယ်အတိုင်း ၂၉ နှစ်ခန့် ဖြစ်နေသည်။

'ဆန်ဆန်'

ဆန်ဆန်က ယှဲ့ယှဲ့ပြုံး၍ သူ့ဘေးက ကွပ်ပျစ်ကိုပုတ်ပြသည်။ ချမ်းမြေ့ကြောင်အအနှင့် ဝင်ထိုင်သည်။

'နင် ငါ့ကို လိုက်ရှာနေတာဆို'

သူယောင်ချာချာနှင့် ခေါင်းညိတ်ပြသည်။ ဆန်ဆန်က သက်ပြင်းကလေးချသည်။

'ပင်ပန်းလိုက်တာ၊ သူငယ်ချင်းရာ'

သူ စကားပြောကြည့်သည်။ ရုတ်တရက် အသံမှ ထွက်မလာ။ ခဏနေမှ အားတင်း၍ ထပ်ပြောသည်။ ခပ်အက်အက် အသံတစ်ခု ထွက်လာသည်။

'နင် ဒီမှာပဲ ရှိနေတာလား'

ဆန်ဆန်က ခေါင်းခါပြသည်။ ပြီးတော့ လက်ညှိုးထိုးပြသည်။

'ငါက ဟိုဘက်မှာ'

သူလက်ညှိုးညွှန်ရာကိုကြည့်တော့ ခွဲကြယ်က မြစ်ရေပြင် အထက်နား တစ်နေရာမှာ လင်းလက်နေသည်။

'မြောက်ဘက်မှာလို့ ပြောတာလား'

ဆန်ဆန်ဆီက ဘာသံမှ ပြန်မကြားရသဖြင့် သူလှည့်ကြည့်သည်။ လစ်ဟာနေသော ကွပ်ပျစ်ကိုသာ မြင်ရသည်။

ရင်ထဲတွင် ဟာခနဲ။

ဆန်ဆန် ရေငွေ့လို လွင့်ပျံပျောက်ကွယ်သွားပြန်ပြီ။

ပြီးတော့ သူ အိပ်ရာမှ လန့်နိုးသည်။

○

မောင်ရွှာ ဘုန်းကြီးကျောင်းရှေ့တွင် ဆန်အိတ်များ ချအပြီးမှာ မိုးဖွဲဖွဲကလေး ရွာလာသည်။

'ဟေ့၊ ဆန်အိတ်တွေ ကျောင်းထဲပို့ကြမယ်ဟေ့၊ သုတ်သုတ်ကလေး' ဟု မိုးကြီးက လောဆော်သည်။

ရွာသားတွေရော၊ ပန်းဒေါင်းအဖွဲ့၊ ပွင့်ဖြူအဖွဲ့တွေရော၊ တီးတိန်အဖွဲ့တွေရော ဆန်အိတ်တွေကို ကမန်းကတန်း သယ်ကြသည်။ ရွှေမြနှင့်ချမ်းမြေ့လည်း မနေသာ။

သားကြီးက တာလပတ်တစ်စကို ဖြန့်၍ မသယ်ရသေးသော ဆန်အိတ်များကို လိုက်ဖုံးနေသည်။

ချမ်းမြေ့ဆန်အိတ် တစ်အိတ် ကျောင်းပေါ်ချခဲ့ပြီး ပြန်လှည့်အလာမှာ ဘယ်လို အမြင်မတော်သော မြင်ကွင်းကို တွေ့ရသည်။

ပိန်ပိန်သွယ်သွယ် ခင်နွယ်စိုးက ဆန်အိတ် တစ်အိတ်ကို ကြိုးစားပမ်းစား တရွတ်ဆွဲနေခြင်း ဖြစ်ပါသည်။

'ဟာ၊ မလုပ်နဲ့လေ၊ ပေးပေး။ ကျွန်တော့်ကိုပေး'

'ဒီတစ်အိတ်ပဲ ကျန်တာ၊ လာလာ ဂျူလီယာနဲ့ နှစ်ယောက် သယ်မယ်၊ ဟိုမောင်လေး ထိပ်ကမ'



တီးတိန်အဖွဲ့က အသက်သုံးဆယ်ကျော်ခန့် အမျိုးသမီးတစ်ဦး ရောက်လာ၍ ဝင်ပြောသည်။

ချမ်းမြေ့နှင့် ဂျူလီယာ ဆန်အိတ်ကို တစ်ဖက်စီကိုင်၍ တက်ခဲ့ပြီး ကျောင်းပေါ်မှာချ၍ ခြေပစ်လက်ပစ်ထိုင်ကြတော့ ခင်နွယ်စိုးက လိုက်လာ၍ ဒူးထောက်ထိုင်ပြီး ရေဘူးကလေးကို ဖွင့်၍ ဂျူလီယာကို အရင်ကမ်းပေးသည်။

ဂျူလီယာက 'ကျေးဇူး' ဟု ဆိုတာ မော့သောက်ပြီး ချမ်းမြေ့ကို လှမ်းပေးသည်။ ချမ်းမြေ့လည်း ချွေးမများတော့ဘဲ သူများပါးစပ်နှင့် မော့သောက်ပြီးသား ရေဘူးကိုပင် ထပ်မော့သောက်လိုက်သည်။ ခင်နွယ်စိုးက သူ့ဆီက လှမ်းယူ၍ ထပ်မော့သောက်ပြန်သည်။

'ခင်ဗျားဗျာ၊ မနိုင်မနင်း၊ ခဏစောင့်လိုက်လည်း ရတာကို'

ချမ်းမြေ့က ခင်နွယ်စိုးကို လှမ်းအပြစ်တင်တော့ ခင်နွယ်စိုးက ရယ်ကျဲကျဲနှင့် ပြန်ဖြေသည်။

'ရှင်လူရှာဖို့ လာတဲ့ လူတောင် ဆန်အိတ်ဝင်ထမ်းသေးတာပဲ၊ ကျွန်မက အစကတည်းက ဆန်အိတ်ထမ်းဖို့လာတာလေ'

'အဲဒီ ခင်ဗျားထမ်းချင်တဲ့ ဆန်အိတ်က ခင်ဗျားလေး ထက်တောင် လေးချင်လေးမှာဆိုတာရော သိရဲ့လား'

ချမ်းမြေ့ ပိတ်ဟောက်တော့ ခင်နွယ်စိုးက ရယ်၍ သူ့လက်မောင်းကလေး သူငုံ့ကြည့်သည်။

'ဟုတ်ပါရဲ့နော်၊ ကျွန်မလည်း ပိန်သွားလိုက်တာ၊ ပေါင် ၉၀ ပဲ ကျန်တော့တယ်၊ ဒီမလာခင် သွေးသွားလှူတာတောင် ဟိုကလက်မခံလိုက်ဘူး'

ဂျူလီယာက ခင်နွယ်စိုး ပခုံးကို ကြင်နာစွာကိုင်၍ ဝင်ပြောသည်။

'မမလည်း သတိထားမိတယ်၊ နွယ်စိုး ဖေ့စ်ဘုတ်မှာတင်တဲ့ ပုံတွေကြည့်ပြီး ဒီရေဘေးကိစ္စတွေ စကတည်းက ပိန်ပိန်သွားလိုက်တာလို့ အရမ်းပင်ပန်းနေရှာမှာပဲလို့၊ ကွန်မင့်တောင် ဝင်ရေးလိုက်သေးတယ်၊ ကျန်းမာရေး ဂရုစိုက်ပါ ပန်းဒေါင်းရယ်လို့'

'ဟာ. . . မှတ်မိပြီ မမ၊ အဲဒါ မမကိုး'

သူ့ထက်ပင် အနည်းငယ် ငယ်သေးသည့် ပိန်ပိန်သွယ်သွယ် မြန်မာမိန်းမပျိုကလေး တစ်ဦး၏ လူ့အများ နှလုံးသားအပေါ် လွှမ်းမိုးနိုင်စွမ်းကို ချမ်းမြေ့ အံ့ဩနေမိသည်။

'ဒါနဲ့ ဒီက မောင်လေးက လူလာရှာတာဆို၊ ဘယ်သူ့ကိုလဲ'

ဂျူလီယာက မေးတော့ ချမ်းမြေ့က ရှက်ရှက်နှင့် ရယ်မိသည်။

'လာရပ်ကင်ဆိုတဲ့ ကျောင်းဆရာမကလေးနဲ့ သူ့ညီမ လာရပ်ဆန်ကို ရှာတာပါ၊ ငယ်သူငယ်ချင်းမို့ပါ၊ မောင်ရွာမှာ ရှိတယ်လို့ သိထားတာ၊ ညက သံတောင်ရွာမှာ မေးတုန်းကလည်း ဘယ်သူမှမသိ၊ ဒီမနက်မောင်ရွာမှာမေးတော့လည်း ဘယ်သူမှမသိလို့ လက်လျှော့လိုက်ရပါပြီ မမ'

ဂျူလီယာက မျက်မှောင်ကြုတ်၍ စဉ်းစားနေသည်။

'ဘယ်တုန်းက ဒီရွာမှာရှိခဲ့တာလဲ မောင်လေး'

'ဆယ်နှစ်ကျော်ပါပြီ မမ'

ဂျူလီယာက ခေါင်းတဆတ်ဆတ်ညိတ်သည်။

'ပြောင်းသွားကြတာ ဖြစ်မယ်၊ ဒီဒေသတွေမှာ ဘယ်သူမှ ကြာကြာမနေကြဘူး၊ နာမည်ကလည်း ချင်းနာမည်ဆိုပေမယ့် ဒီဒေသဘက်က နာမည်မျိုးမဟုတ်ဘူး၊ ဒါနဲ့နေဦး'

ဂျူလီယာ နေရာမှထ၍ သူ့အဖွဲ့ဝင်များဝေမည့် ဆန်အိတ်တွေစီနေသော နေရာသို့လျှောက်သွား၍ အဲသည်ထဲက ယောက်ျားကလေးတစ်ဦးနှင့် စကားပြောနေသည်။



ခင်နွယ်စိုးက သူ့ကို ပြုံး၍ကြည့်သည်။

'ရှင်ပေးတဲ့ နာမည်တော့ ကျွန်မ သဘောကျတယ်၊ သိလား'

'ကျွန်တော်ပေးတဲ့နာမည်၊ ဟုတ်လား'

'ဟုတ်တယ်၊ 'ခင်ဗျားလေး' ဆိုတာလေ၊ ကျွန်မက ရှင့်ထက်နည်းနည်းပဲ ငယ်ပေမယ့် လူက သေးသေးလေးဖြစ်နေတာကိုး'

ခင်နွယ်စိုး၏ ရင်းနှီးနွေးထွေးစွာ ပြောပုံကလေးကို သဘောကျ၍ သူရယ်မိသည်။

'သူတို့ ပေးတဲ့ နာမည်ရော သဘောကျလား'

ဂျူလီယာတို့ဘက် မေးငေါ့ပြ၍ မေးတော့ ခင်နွယ်စိုးက ရယ်သည်။

'ဗန်တုန်းမီဆိုတာလား၊ သဘောမကျပါဘူးရှင်၊ 'အိန်ဂျယ်' ဆိုတာ ကျွန်မအတွက် မြင့်လွန်းပါတယ်၊ တကယ်တော့ စေတနာရှင်တွေက အများကြီးပါ၊ ကျွန်မတို့ အဖွဲ့က လက်တွေ့အကောင်အထည်ဖော်ပေးတာပဲရှိတာ၊ တကယ်လှူတဲ့ လူတွေကျ ဘယ်သူမှ မသိကြဘူး၊ ပြီးတော့ တစ်ဖွဲ့လုံးမှာမှ ကျွန်မက မိန်းကလေးဖြစ်ပြီး ခေါင်းဆောင်နေလို့ ပိုစိတ်ဝင်စားနေကြတာ၊ တကယ်တော့ ကျန်တဲ့အဖွဲ့ဝင်တွေက ပိုပင်ပန်းကြရှာပါတယ်၊ ကျွန်ကမလည်း နဂိုကတည်းက ခပ်ယိုင်ယိုင်ဆိုတော့ တော်ကြာဖျားလိုက်၊ တော်ကြာအားဆေးတွေ သွင်းရလိုက်ပါပဲ'

'ခင်ဗျားက ဇိုမီးချင်းစကားကို ဘယ်လိုလုပ်တတ်နေတာလဲ'

ခင်နွယ်စိုးက ဟက်ဟက်ပက်ပက်ရယ်သည်။

'မတတ်ပါဘူးရှင်၊ ကျေးဇူးတင်တယ်တို့၊ နေကောင်းလားတို့လောက် သင်ထားတာပါ၊ ရှင်ကလည်း'

'ဇိုမီးက ခင်ဗျားလာမယ့်ဒေသမှ မဟုတ်တာ'

'ပလက်ဝက ငိုမီးမဟုတ်ဘူး၊ ဒါပေမဲ့ ကျွန်မတို့က ဒီကပြန်ပြီးရင် တွန်းဇံဘက်တက်ပြီး မြေပြိုလို့ ပြေးရတဲ့ရွာတွေနောက် လိုက်ကူဦးမှာလေ'

ချမ်းမြေ့သက်ပြင်းချမိသည်။

ဒီမိုကရေစီ အစိုးရဟု နာမည်ခံထားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အစိုးရတက်ခဲ့တာ လေးနှစ်ခန့် ရှိနေလေပြီ။ လူမှုဝန်ထမ်းနှင့် ပြန်လည်ကယ်ဆယ်ရေးဝန်ကြီး ဌာနတွင်ပင် ဆရာဝန်မကြီး တစ်ဦး ပြည်ထောင်စုဝန်ကြီးဖြစ်နေပြီ။ သည်တစ်နှစ်အတွင်း နိုင်ငံနှင့် အဝှမ်းဖြစ်ပေါ်နေသော သဘာဝဘေးအန္တရာယ်များတွင် အစိုးရ ဦးစီးသော ကယ်ဆယ်ရေး လုပ်ငန်းများကို ဘာမှ ထိထိရောက်ရောက် မမြင်ရသေး။ 'ပန်းဒေါင်း'လို့ ပရဟိတ အဖွဲ့ကလေးတွေသာ ပျားပန်းခတ်မျှ အလုပ်များနေကြတာ မြင်နေရသည်။

'ကိုချမ်းမြေ့'

'ဘာလဲ မနွယ်စိုး'

'ရှင် ကျွန်မကို ဆန်ဆန်လို့ ထင်နေတာတော့ မဟုတ်ပါဘူးနော်'

တည့်ကြီး မေးချလိုက်သဖြင့် ချမ်းမြေ့ အမ်းသွားသည်။ 'ဟာဗျာ' ဟု ရေရွတ်၍ ရယ်တော့ ခင်နွယ်စိုးကပါ လိုက်ရယ်သည်။

'ဟုတ်တယ်လေ၊ ကျွန်မကို ရှင်ချင်းလူမျိုးလားလို့ မေးချင်နေတာ မဟုတ်ဘူးလား၊ ပြီးတော့ ရှင့်ဆန်ဆန်နဲ့ ကျွန်မက ရွယ်တူလောက်ပဲလေ'

ချမ်းမြေ့ပြုံး၍ ခေါင်းခါသည်။ ပြောသင့်မပြောသင့် ခဏချိန်ဆနေပြီးမှ ပြောလိုက်သည်။

'ဆန်ဆန်က မျက်မှန်အထူကြီးနဲ့ ရွက်ကြမ်းရေကျိုရုပ်ပါ၊ ခင်ဗျားက လှပါတယ်'



ခင်နွယ်စိုးက 'အလို' ဟု မြည်တမ်း၍ ရယ်သည်၊

'ရှင် အင်မတန် တန်ဖိုးထားတဲ့ မိန်းကလေးထက်တောင် ကျွန်မကို လှတယ်ပြောတာတော့ ဂုဏ်ယူရမှာပေါ့၊ ဒါတောင် ရှင် ကျွန်မ အလှပြင်တာ မမြင်ဖူးသေးဘူးနော်'

ချမ်းမြေ့ခင်နွယ်စိုးမျက်နှာကလေးကို ယောင်ယမ်းကြည့်မိသည်။ ဟုတ်ပါရဲ့။ ဘာမိတ်ကပ် ဘာသနပ်ခါးနှင့်မှ မမြင်ဖူးသေးသော မိန်းကလေး၏ မျက်နှာမှာ ရေစိုနေသော ကြာပန်းကလေးတမျှ ကြည်လင်သန့်စင်၍ နေလေသည်။

'ခင်ဗျားက အလှရော ပြင်ဖူးလို့လား'

ခင်နွယ်စိုး မျက်နှာ ထူးဆန်းစွာ ငိုင်ကျသွားသည်၊ ပြီးတော့မှ 'တစ်ခါတည်းပါ' ဟု တိုးတိုးဖြေသည်။

ချမ်းမြေ့ ဘာဆက်ပြောရမှန်း မသိချိန်တွင် ဂျူလီယာ ပြန်ရောက်လာသည်။

'တီးတိန်မှာ လွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းက တွန်းဇံကို ပြောင်းလာတဲ့ ချင်းလူမျိုး ဆရာမကလေး တစ်ယောက်ကို ခရီးသွားဖို့ ကျွန်မ ကူညီဖူးတယ်၊ အသက်သုံးဆယ်ကျော်လောက်တော့ ရှိမယ်၊ ကျွန်မက နာမည်မမှတ်မိလို့ ကျွန်မမောင်လေးကို သွားမေးတာ'

ချမ်းမြေ့ ရင်ခုန်လာသည်။

'အဲဒီတော့'

'သူ့နာမည်က လာရပ်ကင်တဲ့'

ချမ်းမြေ့နှလုံးခုန်ရပ်သွားသည်။

ခင်နွယ်စိုးက နေရာမှ ထရပ်၍ ရယ်ပြီး 'ရှင် ကျွန်မတို့အဖွဲ့နဲ့တွန်းဇံလိုက်ချင်ရင် ကျွန်မ ခေါ်တယ်နော်'ဟုပြောသည်။ သူက ကြောင်တက်တက်နှင့် 'တကယ်လား' ဟု မေးတော့ ခင်နွယ်စိုးက

'တကယ်ပေါ့၊ ရှင့် ကျွမ်းကျင်ရာကြိုးနဲ့ ဆန်အိတ်သယ်တဲ့ ကိစ္စတွေက အဲဒီကျမှ လိုမှာ' ဟု ပြော၍ ဆန်ဝေနေရာဘက်သို့ လျှောက်သွားလေသည်။

●

(၁၀)

ရွှေမြက စစ်တွေမှာပဲ နေခဲ့တော့ ရန်ကုန်သို့ ချမ်းမြေ့တစ်ယောက်တည်း ပြန်ရသည်။ ရန်ကုန်ရောက်ရောက်ချင်း စင်ကာပူက သူငယ်ချင်းကို ဖုန်းခေါ်မိသည်။

'အခြေအနေကောင်းလား သူငယ်ချင်း'

သူက စမေးတော့ သူငယ်ချင်းက ရယ်သည်။

'ငါက မေးရမှာလေကွာ၊ ငါက အဲယားကွန်းခန်းထဲနေတာ၊ မင်းက ရေကြီးနေတဲ့ ဒေသတွေမှာ လှေကလေးနဲ့ သက်စွန့်ဆံဖျား ကယ်ဆယ်ရေးတွေ လုပ်နေတာဆိုတော့'

ချမ်းမြေ့ ကြောင်သွားသည်။

'မင်း ဘယ်လိုလုပ် သိသလဲ'

သူငယ်ချင်းက ရယ်ပြန်သည်။

'ငါက ခင်နွယ်စိုးတို့၊ မိုးကြိုးတို့ရဲ့ ဖေ့စ်ဘုတ် ဖော်လိုဝါလေ၊ မင်းပုံတွေ တွေ့ပါ့၊ ခင်နွယ်စိုးနဲ့ တွေ့ပြီး လူရှာတဲ့အာရုံကနေ ပရဟိတဘက် အာရုံပြောင်းသွားသလားလို့တောင် စဉ်းစားနေတာ၊ လူလည်း တွေ့ပုံမရဘူး၊ ဟုတ်လား. . . ဟေ့ကောင်'

သူ သက်ပြင်းချသည်။

'အေးကွ၊ တွန်းဇံဘက်မှာလို့ ကြားတာပဲ၊ အခု ခင်နွယ်စိုးတို့ကလေးကို လေယာဉ်နဲ့တက်ရင် ငါပါလိုက်သွားမယ်၊ ငါ့အလုပ် အခြေအနေက ဘယ်လိုလဲ'

'မစ္စတာလီကတော့ မင်းကို သိပ်သဘောကျတဲ့သူဆိုတော့ အေးအေးဆေးဆေးပါပဲ၊ ဒါပေမဲ့ အချိန်တော့ တစ်လဆိုတစ်လ၊ နှစ်လဆိုနှစ်လ တိတိကျကျပြောပေးပါ၊ သူ 'လိုကမ်' ရှာရမှာမို့တဲ့'

'ခုပဲ လဝက်ကျိုးနေပြီ၊ နှစ်လလို့သာ ပြောလိုက်ကွာ'

'မင်းပိုက်ဆံရမှာ မဟုတ်ဘူးနော်၊ ဟော့ကောင်'

'ငါသိပါတယ်၊ တစ်သက်လုံး ရှာလာတာကွာ၊ နှစ်လလောက်တော့ ငါလုပ်ချင်တာ လုပ်ပါရစေ'

သူငယ်ချင်းက တိုးတိုးရယ်သည်။

'ပန်းခေါင်းအဖွဲ့ကို လှူဖို့ ပိုက်ဆံမကျန်ရင် ဘယ်လိုလုပ်မလဲ၊ အခုတောင် 'ပိုင်ဘာ' ဖုန်းကြီးနဲ့ ခေါ်ပြီး'

ချမ်းမြေ့က 'မင်း အဘိုး'ဟု ဆဲသည်။ ပိုင်ဘာက အခမဲ့ဖုန်းဖြစ်သည်။ စင်ကာပူကို တိုက်ရိုက်ခေါ်လျှင် တစ်မိနစ်ချင်းပေးရမည့်ငွေကြောင့် အေးအေးဆေးဆေး စကားမပြောရမည် စိုး၍ သူ့အင်တာနက်မှ တစ်ဆင့်ခေါ်ခြင်းဖြစ်သည်။

'ဩော်. . . ဟော့ကောင်၊ သပြေနုနဲ့ ငါ့ကို တစ်ခုပို့ပေးစမ်းပါဦး၊ နှစ်ရက်သုံးရက်အတွင်းလောက် ရန်ကုန်အရောက်'

သပြေနုဆိုတာက စင်ကာပူအခြေစိုက် မြန်မာနှင့် စင်ကာပူပစ္စည်းပို့သော ကုမ္ပဏီဖြစ်သည်။ သူတို့ မြန်မာနိုင်ငံမှ စားစရာမှာနေကျ။

သူငယ်ချင်းက ပြန်မေးသည်။

'ပြော၊ ဘာလဲ'

'ကြိုးကွ၊ ငါတို့ ဟိုက်ကင်မှာသုံးတဲ့ ကြိုးမျိုး၊ အနည်းဆုံး ကီလိုတစ်ရာလောက်တော့ ကောင်းကောင်းခံနိုင်မှ ဖြစ်မယ်၊ ပြီးတော့



မီတာတစ်ရာလောက် အနည်းဆုံး ရှည်ရမယ်၊ အဲဒါမျိုးကြိုး သုံးလေးခုလောက်၊ ထုံးစံအတိုင်း ချိတ်တွေ ကွင်းတွေပါပေါ့'

'ဘာလဲဟ၊ မင်းက လူသွားရှာတာလား၊ တောင်သွားတက်တာလား'

'ငါလူသွားရှာမယ့်နေရာက တောင်လည်း တက်ချင်တက်ရမယ်၊ မြစ်လည်း ကူးချင်ကူးရမယ်ဆိုတာ မင်းသိရဲ့သားနဲ့'

သူငယ်ချင်းက ခဏတိတ်ဆိတ်နေသည်။ ပြီးမှ တိုးတိုးပြန်မေးသည်။

'မင်းစွန့်စားတာ များလွန်းနေပြီနော် ဟော့ကောင်'

'သိတယ်၊ ဒါပေမဲ့ ငါကိုယ်ရေးကိုယ်တာ ကိစ္စအတွက် စွန့်စားမယ့် ပမာဏမျိုးကို ခင်နွယ်စိုးတို့အဖွဲ့ အများအကျိုးအတွက် ဆက်တိုက်စွန့်စားနေကြတာ နှစ်နဲ့ ချီနေပြီဆိုတာလည်း မမေ့နဲ့'

သူငယ်ချင်းက သက်ပြင်းချသည်။

'ငါလည်း ခင်နွယ်စိုးကို အပြင်မှာ မမြင်ဖူးပေမယ့် လေးစားတဲ့လူတစ်ယောက်ပါပဲ၊ ဒါပေမဲ့ ငါလေ့လာမိသလောက်တော့ အဲဒီကောင်မလေးက သံလိုက်နဲ့ တူတယ်၊ သူ့နားကပ်သွားမိတဲ့လူတိုင်းက သူနဲ့ လက်တွဲပြီး သူလိုလုပ်ချင်စိတ်ပေါက်သွားတတ်တယ်၊ သူ့ဘဝက သူ့ပရဟိတအတွက် တစ်ခုလုံး ပေးလှူထားပြီးသား၊ မင်းဘဝက ဒီမှာ၊ အဲဒါ မင်း မမေ့နဲ့'

ချမ်းမြေ့ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

အိပ်မက်ထဲမှာ ဆန်ဆန်က ခုံကြယ်ကို လက်ညှိုးထိုးပြပြီး 'ငါက ဟိုဘက်မှာ' ဟုပြောသွားသော စကားနှင့် အပြင်မှာ ခင်နွယ်စိုးက 'ရှင်လိုက်ချင်ရင် ကျွန်မခေါ်တယ်နော်'ဟု ပြောသောဟန်၊ သည်မျှအန္တရာယ်များသော ခရီးကို လိုက်ဖြစ်ဖို့ ဘယ်ဟာက အဓိကတွန်းအားလဲဟု ပြန်စဉ်းစားနေရပြီဆိုလျှင်ပင် သူ့စိတ်က ပုံမှန် မဟုတ်တော့တာ သေချာနေပြီဟု တွေးမိပြန်သည်။

ခဏနေမှ သက်ပြင်းချ၍ ဖြေသည်။

'အေးပါကွာ၊ ငါဟိုမှာ ဆန်ဆန့်ကို တွေ့ရင်ဖြစ်ဖြစ်၊ တွေ့ဖို့ မျှော်လင့်ချက် မရှိတော့ဘူးဆိုရင် ဖြစ်ဖြစ် ပြန်လာပါ့မယ်'

'ပြီးရော၊ ဒါနဲ့ မင်းကြီးက လေယာဉ်နဲ့ဆို တအားဈေးကြီးနေရင် ဘယ်လိုလုပ်မလဲ၊ အဲဒီလောက်လေးတဲ့ ပစ္စည်း ခါတိုင်းမှ မပို့ဖူးတာ'

'ကြီးကြီးကွာ ရတယ်'

'ပြီးရော'

သူငယ်ချင်း ဖုန်းချသွားသည်။

ဝ

'ပန်းဒေါင်း' ရုံးခန်းရှေ့ သူရောက်တော့ ညနေ ၅ နာရီခွဲခန့်ရှိနေပြီ။ တံခါးပွင့်နေပြီး အထဲမှ လူသံများ ကြားနေရ၍ ခင်နွယ်စိုးတို့အဖွဲ့ ရှိမှာပဲဟု သဘောပေါက်လိုက်သည်။

ကားပေါ်က ကြိုးထုပ်များကို အိမ်ရှေ့ချပြီး လိုက်ပို့သော ညီဝမ်းကွဲကလေးကို အထဲကို လိုက်ပို့ပြီးလျှင် ပြန်နှင့်ဖို့ မှာသည်။

အထဲမှ မိုးကြီးနှင့် အသက်သုံးဆယ့်ငါးဝန်းကျင်ခန့် လူရွယ်တစ်ဦး ထွက်လာတာနှင့် တိုး၍ သူတို့က ကူသယ်ပေးကြသည်။

ပန်းဒေါင်း ရုံးခန်းတစ်ခုလုံး ခြေချစရာမရှိအောင် အလှူပစ္စည်းများနှင့် ပြည့်နေသည်။ ဒါတောင် အများစုက အလှူရှင်တစ်ဦး လှူဒါန်းထားသော ဆင်မလိုက်က ဂိုဒေါင် တစ်ခုအတွင်းမှာ ပို့ထား၍ ဖြစ်သည်ဟု ချမ်းမြေ့သိထားသည်။

ခင်နွယ်စိုးက ဘလောက်စ်အင်္ကျီကို ကာကီဘောင်းဘီရှည် အပေါ်က ထုတ်ချ၍ဝတ်ထားပြီး ဝှိုက်ဘုတ်ခေါ် သင်ပုန်းဖြူတစ်ခုရှေ့မှာ ရပ်ပြီး သင်ပုန်းပေါ်မှာ မြေပုံဆွဲနေသည်။ သားကြီးအပါအဝင် လူငယ် ယောက်ျားလေး မိန်းကလေး ဆယ်ဦးခန့်ကို ကြမ်းပြင်ပေါ်မှာ တွေ့ရသည်။



ပိန်သွယ်သော ခန္ဓာကိုယ်ကလေးက သိသိသာသာ ထပ်ပိန်သွားသဖြင့် အဲသည်အဝတ်အစားတွေက သူ့ကိုယ်လေးပေါ်မှာ ကြည့်မကောင်းအောင် ချောင်ကျနေသည်။ မျက်လုံးတွေကတော့ ထုံးစံအတိုင်း အရောင်တလက်လက်။

'ဘာတွေလဲ၊ ကိုချမ်းမြေ့'

'ကျွန်တော်ပြောတဲ့ ကြိုးတွေလေ၊ စင်ကာပူက မှာလိုက်တာ'

ခင်နွယ်စိုးက ရယ်သည်။

'ရှင်လှူမှာလား၊ ဝယ်ရမှာဆို ကျွန်မတို့ အဖွဲ့က ဆင်းရဲတယ်နော်'

လှူဒါန်းသူများသလောက် ရသမျှကို ချက်ချင်း ချက်ချင်း ပြန်လှူတတ်သဖြင့် လက်ကျန်ငွေသိပ်ကျန်လေ့ မရှိသော သူတို့အဖွဲ့အကြောင်းကို သိနေပြီဖြစ်သော ချမ်းမြေ့က ရယ်သာ ရယ်လိုက်သည်။

'လှူမှာပါဗျာ၊ လှူချင်လို့ မှာလိုက်တာပါ'

ခင်နွယ်စိုးက သူ့ကိုကြိုးကူသယ်ပေးသော လူရွယ်ကို လက်ထဲတွင် ကိုင်ထားသော 'မတ်ကာပင်' မင်တံနှင့် ညွှန်ပြ၍ မိတ်ဆက်ပေးသည်။

'ကျွန်မ အစ်ကိုကြီး ကိုသိန်းဟန်စိုးတဲ့၊ ဖေဖေ့ကုမ္ပဏီကိုသူပဲ ဦးစီးတာ၊ သားသမီးနှစ်ယောက် မွေးထားတာ သမီးအငယ်က အားမကိုးရလို့'

ကိုသိန်းဟန်စိုးက သူ့ကို လက်ဆွဲနှုတ်ဆက်သည်။

မိုးကြီးက ဝင်မိတ်ဆက်ပေးသည်။

'ဒါ ကိုချမ်းမြေ့တဲ့၊ စင်ကာပူက ခဏပြန်လာတဲ့ အင်ဂျင်နီယာ၊ ကြိုးပညာရှင်နဲ့ ရှာပုံတော် မင်းသားကြီးပေါ့'

'မိုးကြီး'

ခင်နွယ်စိုးက လှမ်းဟန့်သည်။

ချမ်းမြေ့က ရှက်ကိုးရှက်ကန်း ရယ်သည်။ ကိုသိန်းဟန်စိုးက သိချင်စိတ် ပြင်းပြလာဟန်နှင့် သူ့လက်ကို မလွှတ်ဘဲမေးသည်။

'ညီက ဘယ်သူ့ကို ရှာတာလဲ'

သူက မဖြေဘဲ ရယ်နေသည်။ မိုးကြီးကလည်း ခင်နွယ်စိုးဟန့်ထား၍ မဖြေရဲဟန်နှင့် ပါးစပ်ကို လက်နှင့်ပိတ်ပြီး မျက်လုံးပြူးပြသည်။

ကိုသိန်းဟန်စိုးက ခင်နွယ်စိုးဘက် လှည့်ကြည့်သည်။

ခင်နွယ်စိုးက သက်ပြင်းချ၍ ဖြေသည်။

'မောင်ရွှာမှာ အရင်ဆယ့်သုံးလေးနှစ်လောက်တုန်းက သူ့ခဏဆုံဖူးခဲ့တဲ့ သူငယ်ချင်း ချင်းမလေးကို သွားရှာတာပါ၊ ရှာတုန်းကတော့ ရေကြီးတဲ့ ဒုက္ခသည်ထဲ ပါသွားမှာစိုးလို့ ရှာတာ၊ ဒါပေမဲ့ သူက အဲဒီမိန်းကလေး အဲဒီမှာ ရှိသေးလား မရှိသေးလားလည်း မသိ၊ အဲဒီမိန်းကလေး အကြောင်းလည်း ဘာမှမသိ၊ တွေ့ရင်လည်း မှတ်မိချင်မှ မှတ်မိမယ်ဆိုတော့ မိုးကြီးတို့က ဝိုင်းစနေကြတာပါ'

ကိုသိန်းဟန်စိုးက မှင်တက်နေဟန်ဖြင့် 'မောင်ရွှာ' ဟု တိုးတိုးရေရွတ်သည်။ ပြီးတော့ ချမ်းမြေ့ကို မေးသည်။

'နာမည်တော့ သိမှာပေါ့နော် ညီရဲ့၊ ဘာတဲ့လဲ'

မဖြေ၍ မဖြစ်တော့သဖြင့် ချမ်းမြေ့ ပခုံးတွန့်၍ ဖြေသည်။

'လာရပ်ဆန်တဲ့၊ အစ်ကို'

'လာရပ်ဆန်'

ကိုသိန်းဟန်စိုးက ခင်နွယ်စိုးကို လှည့်ကြည့်သည်။ ခင်နွယ်စိုးက ပခုံးသာတွန့်ပြသည်။ ကိုသိန်းဟန်စိုးက ချမ်းမြေ့ဘက်ပြန်လှည့်၍ မေးသည်။

'တွေ့ခဲ့လား ညီလေး'

ချမ်းမြေ့က ခေါင်းခါပြသည်။



'သူ့အစ်မ လာရပ်ကင်ကတော့ တွန်းဇံဘက်ကို ပြောင်းသွားသလို ကြားရတာပဲ အစ်ကို'

ကိုသိန်းဟန်စိုးက ခဏတွေဝေ စဉ်းစားနေပြီးမှ ခေါင်းတဆတ်ဆတ်ညိတ်သည်။ ချမ်းမြေ့လက်ကို လွှတ်သည်။

'အဲဒါနဲ့ ညီက အခု ညီမလေးတို့နဲ့ တွန်းဇံကို လိုက်မလို့ပေါ့၊ ဟုတ်လား'

ချမ်းမြေ့ ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

'အဲဒါချည်းပဲတော့ မဟုတ်ပါဘူး အစ်ကို၊ နွယ်စိုး.. အဲ.. ခင်နွယ်စိုးတို့ ကယ်ဆယ်ရေး လုပ်ငန်းတွေကို ကြုံတုန်း ကူညီချင်တာလည်း ပါပါတယ်၊ ကျွန်တော်က လမ်းအင်ဂျင်နီယာနဲ့ ဟိုက်ကာ တစ်ယောက်ပါ'

ကိုသိန်းဟန်စိုးက ပြုံး၍ ခေါင်းညိတ်သည်။

'အေးကွာ၊ ကျေးဇူးပဲ၊ အစ်ကိုလည်း ညီမလေးစွန့်စားတာတွေကို အစကလိုက်တား၊ အခုတော့ တားမရတော့ ကူညီနိုင်တာ ဝိုင်းကူညီနေရတော့တာပဲ'

ကိုသိန်းဟန်စိုးက ခင်နွယ်စိုးကို လှည့်ကြည့်သည်။

'ညီမလေး လေတပ်က လေယာဉ်က အဆင်ပြေပြီလား'

ခင်နွယ်စိုးက ခေါင်းညိတ်သည်။

'ပြေမယ် ကိုကို၊ နက်ဖြန်သွားပို့မယ်၊ တစ်ခေါက်နဲ့တော့ ရချင်ချင်မှ ရမယ်၊ လှူထားတာတွေ များတယ်၊ ဆန်အိတ်တွေကလည်း လေးမယ်၊ လေတပ်ကတော့ အဆင်မပြေရင် နောက်တစ်နေ့ နောက်တစ်ခေါက် ထပ်ချပေးမယ်တဲ့'

ချမ်းမြေ့ မျက်လုံးပြူးသွားသည်။

သည် ပေါင် ၉၀ ဝိနိဝိနံ့သွယ်သွယ် မိန်းကလေး ဖြန့်ကြက်ထား

သော ပရဟိတ ကွန်ရက်တွင် စစ်တပ်တောင်ပါသတဲ့လား။

ကြမ်းပြင်ပေါ်တွင် ထိုင်နေသော သားကြီးက ဝင်ပြောသည်။

'မြဿနာက နှစ်ခုပဲ အစ်ကို၊ တစ်ခုက လူငါးရာစာလောက် တးစရာတွေက ဒီနှစ်ရက်သုံးရက်အတွင်း ဝင်လာနိုင်တော့ လက်ရှိ ဂိုဒေါင်က မြန်မြန်ရှုံခါမှ ဖြစ်မှာရယ်၊ နောက်တစ်ခုက လေတပ်လေယာဉ် ကလေးကို ဆင်းနိုင် မဆင်းနိုင်က မသေချာသေးတာရယ်ပဲ'

ချမ်းမြေ့မနေနိုင်ဘဲ ဝင်မေးမိသည်။

'ရေကြီးတာတွေ၊ မြေပြိုတာတွေက တွန်းဇံဘက်ရောက်မှမဟုတ် လား'

သားကြီးက ပခုံးတွန့်ပြသည်။

'ကလေးလည်း ပါတာပဲ၊ ရာဇဝိုလ်ဆည် အခြေအနေကလည်း လှုပ်တုပ်တုပ်ရယ်၊ အဲဒီကသာ တကယ်လျှံကျရင် ကလေးလည်း သိပ်မလွယ်ဘူး'

ချမ်းမြေ့ အံ့ကြိတ်မိသည်။

ကမ္ဘာ့မြစ်ကြီးများ၏ ၆၀ ရာခိုင်နှုန်းလောက် ဆည်များကြောင့် တိမ်ကောသွားရသည်ဟု သူမှတ်သားဖူးသည်။ တရုတ်ပြည်မှာဆိုလျှင် မြစ်တစ်စင်းမှ မကျန်တော့ဘူးဟု ဦးဇော်ပြောပြသေးသည်။ ဆည်တွေ ကြောင့် ပြောင်းရွှေ့ပေးရသည့် လူတွေလည်း ကမ္ဘာအနှံ့ သန်းပေါင်း များစွာရှိနေသေးသည်။ သဘာဝဘေးအန္တရာယ် ကြုံတိုင်းလည်း ဆည် များ ဘေးက ပြည်သူလူထု သေကြကျေကြ၊ ဘဝပျက်ကြ၊ သည်ကြား ထဲမှာ ယခင်အစိုးရ လက်ထက်က မြန်မာပြည်၏ အသက်သွေးကြော ဧရာဝတီမြစ်ကြီးကိုပါ မြစ်ဆုံကနေ ဆည်ဆောက်၍ ပိတ်ပစ်ရန် တရုတ် အစိုးရ လက်ထဲသို့ ထိုးရောင်းပစ်ခဲ့တာကို ပညာရှင်များ ဝေဖန် ကန့်ကွက်သံတွေ ယခုထိမစဲသေး။ မြန်မာနိုင်ငံ အနှံ့အပြားမှာတော့ ဒုက္ခသည်တွေ အစီအရီ၊

တချို့ကလည်း ချမ်းမြေ့တို့လို ပညာရှင်တွေ နိုင်ငံထဲမှာမနေဘဲ လုပ်ခများရာ နိုင်ငံများသို့ ဦးနှောက်ယိုစီးထွက်ခွာသွားခဲ့ကြတာကို



အပြစ်မြင်သည်။ ထွက်သွားသော ပညာရှင်တွေကလည်း ပြည်တွင်းမှာ သူတို့ရှိလည်း အနှစ်ငါးဆယ်လုံးလုံး စစ်အစိုးရအဆက်ဆက်က ဘယ် တုန်းကမှ ပညာရှင်စကားကို အရေးတယူနားထောင်လေ့မရှိတာကို ပြန်လက်ညှိုးထိုးသည်။

သည်ဒုက္ခတွေက ဘယ်တော့မှ ပြေလည်မည်မသိသေး။ မြန်မာ ပြည်သူတွေ၏ အသက်အိုးအိမ် စည်းစိမ်တွေ ပျက်စီးတာက များလှပြီ၊ ပြည်တွင်းပြည်ပ ဝိသမလောဘသမားတချို့နှင့် သူတို့နှင့် ဆက်နွယ်နေ သော အခွင့်ထူးခံ ပုဂ္ဂိုလ်တချို့ကတော့ ငွေတွေထား စရာနေရာမရှိတာ ခင်နွယ်စိုးတို့ အလှူပစ္စည်းထားသည့် ဂိုဒေါင်ပေးလျှင်ပင် ပြေလည်မှာ မဟုတ်။

'နွယ်စိုးတို့ ထပ်ထပ်ရောက်နေတဲ့ ပစ္စည်းတွေ ချင်းတောင်ကို အကုန်မသယ်နိုင်ရင် ဘယ်လိုလုပ်မလဲ'

ကိုသိန်းဟန်စိုးက သူ့ညီမကို လှမ်းမေးသည်။

စိတ်ပူမည်ဆိုလည်း ပူစရာ။

သဘာဝဘေးအန္တရာယ်တွေ စကတည်းက ပြည်တွင်းကရော ပြည်ပရောက် မြန်မာများပါ လှူချင်သူတွေများခဲ့သည်။ တချို့ဆိုလျှင် ကိုယ်တိုင် အင်အားမရှိတာတောင် လူငယ်အဖွဲ့ကလေးတွေ ဖွဲ့၍ လမ်းပေါ်တွင် လိုက်အလှူခံပြီး တကယ်သွားလှူနိုင်သည့် အင်အားကြီး ပြီး စနစ်ကျသော ပရဟိတ အဖွဲ့တွေကို ပြန်လှူကြတာမျိုးတောင် ရှိသည်။ နာမည်ကြီး အနုပညာရှင်တွေက အစလည်း လမ်းပေါ်မှာ အလှူခံတာမျိုးတွေ ကိုယ်တိုင်ကွင်းဆင်းတာမျိုးတွေ ရှိသည်။ သည် အခြေအနေမှာ ဤကွက်အကြီးဆုံးကတော့ အစိုးရပဲဟု ပြောရမလိုတောင် ဖြစ်နေသည်။

ခက်တာက အဲသည့် အလှူတွေကို တကယ်လိုအပ်သူတွေ လက်ထဲရောက်အောင် ထည့်ဖို့ကျတော့ လမ်းပန်းဆက်သွယ်ရေးတွေက ခက်နေပြန်သည်။

'နွယ်စိုး တွက်ကြည့်ပြီးပြီ ကိုကို၊ လူ ၅၀၀ စာလောက် အစားအသောက်နဲ့ အခြေခံ ပစ္စည်းတွေ ပို့နေလိမ့်မယ်၊ ဟိုမှာ မလိုတာတော့ မဟုတ်ဘူး၊ အစွမ်းကုန် သယ်ရင်တောင် အဲဒီလောက် ဒီမှာ ကျန်နေမယ်၊ အဲဒါတွေ ဟိုကပြန်လာရင် နွယ်စိုး 'ဟိုက်ပါ' ကို ရောက်အောင် ပို့မယ်'

ကိုသိန်းဟန်စိုး မျက်လုံးပြူးသွားသည်။

'ဟာ. . . ညီမလေး'

'ဟာ. . . ညီမ . . . မလေးနဲ့ ကိုကို၊ နွယ်စိုး အားလုံး စီစဉ်ထားပြီးပြီ၊ ရန်ကုန်ကနေ ဆယ်ဘီးကားတွေနဲ့ သယ်မယ်၊ နွယ်စိုးရယ်၊ မိုးကြီးရယ်၊ ပွင့်ဖြူဆရာတော် အဖွဲ့ရယ်သွားမယ်၊ သားကြီးတို့ အိတုတ်တို့တောင် ပေးမလိုက်ဘူး'

ချမ်းမြေ့ သားကြီးဘေးမှာ ဝင်ထိုင်သည်။ မျက်နှာ သိပ်မကောင်းသော သားကြီးနားကပ်၍ တိုးတိုးမေးသည်။

'ဟိုက်ပါ. . . ဆိုတာ ဘာလဲ'

'မိုင်းရှူးနားက စစ်ရှောင်ဒုက္ခသည် စခန်း။ အဲဒီနားမှာ တိုက်ပွဲတွေ ဖြစ်နေတာ'

ချမ်းမြေ့ပါ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ကိုသိန်းဟန်စိုးကတော့ တစ်စုံတစ်ခု ပြောဟန်ပြင်ပြီးမှ မပြောတော့ဘဲ လက်နှစ်ဖက်ကို မြှောက်ပြ၍ ခေါင်းခါကာ အခန်းထဲမှ ထွက်သွားသည်။

ချမ်းမြေ့ ခင်နွယ်စိုး မျက်နှာကို မော့ကြည့်သည်။

ခိုင်မာပြတ်သားသည့် ဆုံးဖြတ်ချက်များစွာ ချခဲ့သည့် မျက်နှာကလေးသည် မေတ္တာ၏အရောင်နှင့် လင်းလက်တောက်ပ၍ နေလေသည်။

●

(၁၁)

ခင်နွယ်စိုးက သူ့ကျောပိုးအိတ်ကလေးကို သွက်လက်စွာကောက်လွယ်၊ တောဆောင်းဦးထုပ်ကလေးကို ဆောင်းရင်း လေယာဉ်ထွက်ပေါက်ဆီသို့ ဖျတ်လတ်စွာ ထွက်ခွာသွားသည်။ အပြာရင့်ရောင် ချည်သားဘောင်းဘီသည် အရိုးပေါ် အရေတင် ဖြစ်စပြုနေပြီဖြစ်သော ကိုယ်လုံးကလေးပေါ်တွင် ချောင်ကျနေသည်။

ခင်နွယ်စိုး၏ ဖေ့စ်ဘုတ်ကို ယခုနောက်ပိုင်း ချမ်းမြေ့ဝင်ကြည့်ဖြစ်သည်။ အဲသည်မှာ 'ဖော်လိုး' လုပ်ထားသူတွေ၊ 'လိုက်' လုပ်ထားသူတွေ 'ကော်မန့်' ဝင်ရေးနေသူတွေ ပမာဏကို ကြည့်တော့မှ ရွှေမြခင်နွယ်စိုးကို မြင်မြင်ချင်း ဘာလို့ သိနေရသလဲဟု မေးလိုက်သည့် မိမိမေးခွန်း ဘယ်လောက် အူကြောင်ကြောင် နိုင်သလဲဆိုတာ ရိပ်မိတော့သည်။ ပရဟိတ နှလုံးသားရှိသူတိုင်း သိသည့် မိန်းကလေးပါတကား။

သည်တစ်နှစ်လောက်အတွင်း ခင်နွယ်စိုး တင်သမျှ 'ပို့စ်'နှင့် 'ပုံ'တွေကိုတောင် ကုန်အောင် မကြည့်နိုင်ခဲ့။ အဲသည်ပုံတွေထဲမှာ အလှပြင်ထားသည့်ပုံ တစ်ပုံမှ မပါတာတော့ အမှန်။ ပုံတိုင်းတွင်လည်း ခင်နွယ်စိုး မျက်နှာကလေးနှင့် အမူအရာလေးတွေက ကြည်လင်သန့်စင်၍နေသည်။

တစ်နိုင်ငံလုံး အစ်ကို အစ်မ အရွယ်တွေက ညီမတော်ချင်ပြီး မိဘအရွယ်တွေက သမီးတော်ချင်နေကြသော မိန်းကလေး ဖြစ်တာ မဆန်းပေ။

ဆန်းတာက တစ်နှစ်အတွင်းမှာ ခင်နွယ်စိုး ဝတ်ထားသော ဝတ်စုံ သိပ်များများစားစား အလဲအလှယ် မရှိလှတာ ဖြစ်သည်။ ခင်နွယ်စိုး၏ ဖခင်ဦးဇေယျာစိုးသည် ချမ်းသာသူတစ်ဦး ဖြစ်ကြောင်း ယခု သူသိထားပြီး ဖြစ်သည်။ ခင်နွယ်စိုးကတော့ ဘယ်တုန်းကမှ သူ့ကိုယ်သူ သူဌေးသမီးဘဝ ခံယူခဲ့ဟန်မတူ။

စဉ်းစားရင်းက ချမ်းမြေ့ ခင်နွယ်စိုးနောက် လိုက်သွားသည်။ လေယာဉ်အဆင်းမှာ တန်းစီနေသော ခင်နွယ်စိုးကို သူ နှစ်ယောက်ခြား လောက်မှာ မီသည်။ သူ့နောက်မှာက မိုးကြီး၊ သူ့ရှေ့မှာက သားကြီး။

လေယာဉ်အဆင်းမှာ စောင့်၍ လူတိုင်းကို နှုတ်ဆက်နေသော လေယာဉ်မယ်ကလေးနှစ်ဦးအနက် တစ်ဦးက ပြုံး၍ ခင်နွယ်စိုးကို သားမွေး ခေါင်းစွပ်ဦးထုပ်ကလေး တစ်ခုလှမ်းပေးသည်။

'သိပ်အေးတယ် မမ ခင်နွယ်စိုး၊ မနေ့ကတည်းက ပါလာမယ် ကြားလို့ ပေးချင်လို့ ဝယ်ထားတာ၊ မမကို လေးစားတဲ့ 'ဖန်' တစ်ယောက် ပါ'

ခင်နွယ်စိုး ရုတ်တရက် အမ်းသွားပြီးမှ ပြန်ရယ်ပြသည်။

'ကျေးဇူးတင်တယ်နော်၊ ညီမလေး၊ မမမှာ ပါမလာတာနဲ့ အတော်ပဲ'

'ပလဲရှား. . . ပါ. . . မမ'

ခင်နွယ်စိုးက ခေါင်းစွပ်ကို ချက်ချင်းကောက်စွပ်သည်။ လေယာဉ်တံခါးဝမှ ထွက်လိုက်သည်။ ချမ်းမြေ့သူ့နောက်က ကပ်လိုက် သွားသည်။ လေယာဉ်ဆင်း လှေကားထိပ်တွင် ကြောင်၍ ရပ်နေသော ခင်နွယ်စိုးကို သူတို့ ကြားထဲက လူက ကျော်တက်သွားသည်။



ခင်နွယ်စိုးကြည့်နေရာသို့ သူလှမ်းကြည့်လိုက်တော့ လူနှစ်ဆယ် ခန့်အုပ်စုတစ်ခုကို တွေ့ရသည်။

ကလေး လေယာဉ်ကွင်းထဲမှာ အနွေးထည် ကိုယ်စီနှင့် ရပ်နေ ကြသော အသက် ၃၀ မှ ၄၀ အရွယ်အတွင်း ယောကျ်ား မိန်းမ နှစ်ဆယ်လောက်ပါ။ သူတို့ရှေ့မှာ ဗီနိုင်းစတစ်စကို ဖြန့်ကိုင်ထားသည်၊

'မခင်နွယ်စိုးနှင့် ပန်းခေါင်းအဖွဲ့ကို လှိုက်လှဲစွာ ကြိုဆိုပါသည်' တဲ့။

'လုပ်ကြပြန်ပြီ'

ခင်နွယ်စိုး မျက်နှာကလေး အနည်းငယ်နီမြန်းလျက် တိုးတိုး ပြောသည်။ သို့သော် ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး ရယ်ပြ၍ လက်ဝှေ့ယမ်းပြလိုက်သည်၊

သူတို့အဖွဲ့ ထိုအဖွဲ့ဆီ ရောက်သွားတော့ မျက်မှန်းတန်းမိနေပြီး ဖြစ်သူ 'ဂျူလီယာ' ကိုတွေ့ရသည်၊

'မမတို့ ပြန်ရောက်နေပြီလား'

ခင်နွယ်စိုးက လှမ်းမေးတော့ ဂျူလီယာက ပြုံးပြသည်၊

'မမတစ်ယောက်တည်းပဲ၊ မမအဖွဲ့က ဟိုမှာ ကျန်ခဲ့တယ်၊ မမက ခင်နွယ်စိုးတို့ တွန်းဖံခရီးကို စီစဉ်ပေးချင်လို့ ပြန်လာစောင့်တာ'

'သူတို့ကရော'

ပါလာသည့် အဖွဲ့တွေကို ပြ၍မေးတော့ ဂျူလီယာကလက်ဝှေ့ ယမ်းပြသည်။

'ဒါ ပရဟိတ အဖွဲ့ပေါင်းစုံပဲ၊ ကလေးကရော၊ တီးတိန်ကရော၊ ဟားခါးက တချို့တောင် ပါသေးတယ်'

ခင်နွယ်စိုး မျက်လုံးပြူးသွားသည်၊

'အားလုံး လိုက်ကြမလို့လား'

ဂျူလီယာက ခေါင်းခါပြသည်၊

'တီးတိန်အဖွဲ့ပဲ လိုက်မှာပါ။ ကျန်တဲ့သူတွေက ခင်နွယ်စိုးကို ကြိုချင်လို့ သက်သက်လာကြတာ၊ အလှူလည်း ဝိုင်းထည့်လိုက်မယ်တဲ့'

ခင်နွယ်စိုး အားတုံ့အားနာဟန် ဖြစ်သွားသည်။

'ကျေးဇူးတင်ပါတယ်ရှင်၊ ဒါပေမဲ့ ပင်ပန်းကြတာ အားနာပါတယ်'

အသက်နှစ်ဆယ်ခန့် ချင်းအမျိုးသမီးကလေး တစ်ဦးကရယ်၍ လက်ခါပြပြီး ဂိုမ်းဘာသာစကားနှင့် ပြန်ပြောသည်။

သူ့စကားထဲမှာ ချမ်မြေ့ နားလည်တာ တစ်လုံးပဲပါသည်၊

'ဗန်တုံးမိ'တဲ့။

၀

အဲသည့် ညကို သူတို့က မိမိတို့ အဖွဲ့ကို ကြိုဆိုဧည့်ခံပွဲလုပ်ချင်သော်လည်း ခင်နွယ်စိုးက ငြင်းလိုက်သည်။ သဘာဝ ဘေးအန္တရာယ် ကျရောက်နေသော ဒေသကို ကူညီဖို့ လာသူတွေမို့ ကိုယ့်အတွက် အထူးအလုပ်ပေးတာကိုမှ သူလက်မခံချင်။ ခရီးစဉ်အတွက် လိုအပ်တာလေးတွေ မေးဖို့သာ ဒေသကျွမ်းကျင်သူ တချို့နှင့် ဆုံပါရစေဟု ခွင့်တောင်းသည်။ အဲဒါနှင့် ညပိုင်းကျတော့ သူတို့အဖွဲ့တည်းခိုရာ စာသင်ကျောင်းသို့ ဂျူလီယာအပါအဝင် မိန်းကလေး သုံးယောက်လောက်နှင့် ယောကျ်ားလေး ငါးယောက်လောက် ရောက်လာသည်။ စားစရာတွေနှင့်ပါပဲ။

ပြီးမှ ထွက်စားမည့် အစီအစဉ်ကို ဖျက်၍ သူတို့ ယူလာသော ထမင်းဟင်းများကို ထိုင်စားရင်းပင် ဆွေးနွေးဖြစ်ကြသည်။

'ကလေးလည်း တချို့နေရာတွေ ရေမြုပ်သေးတယ်၊ ရေကျတော့ နုန်းတွေကျန်ခဲ့ရော၊ ဆေးရုံတောင် တော်တော်ထိသွားတယ်၊ ဒါပေမဲ့ တကယ်ဆိုးတာက တွန်းဇံ တောင်ကြီးတွေကို ပြိုကျတာ၊ သွားရမယ့် လမ်းတွေကလည်း ပြိုနေတာ အများကြီးပဲ၊ 'နတ်ဇံ' တံတားတောင် ကျိုးသွားပြီကြားတယ်၊ ဒုက္ခသည် စခန်းတွေက တီးတိန်အထိ ရောက်



နေပြီ၊ စခန်းတစ်ခုကို လူ ၂၀၀ လောက်ကို ရှိနေတာ၊ မခင်နွယ်စိုးတို့ အဖွဲ့က ပစ္စည်းတွေပါ ပါမှာဆိုတော့ ဂျစ်ဘီလူးလောက်နဲ့မှရမှာ၊ ဂျစ်ဘီလူးကလည်း လမ်းစိတ်မချရတော့ လိုက်ချင်တဲ့သူ နည်းတယ်၊ ငှားခကလည်း ခြောက်သိန်း၊ ရှစ်သိန်း။ အဲဒီလောက်ပေါက်နေတယ်။ အဓိက လိုတာကတော့ ဆန်ပဲ၊ ဆီလည်း အသုံးတည့်တယ်၊ အဝတ်အစားတွေလည်း လိုမယ်'

ပေါင်ဆွမ်းမုန် အမည်ရှိ အသက်အစိတ်ခန့် ဂိုမ်းအမျိုးသားကလေးက မြန်မာစကား ခပ်ဝဲဝဲနှင့် ရှင်းပြသည်။

ခင်နွယ်စိုးက သက်ပြင်းချသည်။

'ကျွန်မတို့က အများကြီး သယ်မလာနိုင်လိုက်ဘူး၊ ထပ်ဝယ်ဖို့ရော အဆင်ပြေပါ့မလား'

ပေါင်ဆွမ်းမုန်က ခေါင်းညိတ်ပြသည်။

'ဝယ်လို့တော့ရတယ်၊ အိန္ဒိယဘက်က ဝင်နေတယ်၊ ဈေးကတော့ မြောက်တာပေါ့၊ ကျွန်တော့် သဘောဆိုရင်တော့ မခင်နွယ်စိုးတို့၊ တီးတိန် မှာ ဝယ်ပါလား၊ တီးတိန်မှာ ညအိပ်လိုက်၊ အဲဒီမှာ ကျိုမ်နွဲ့တည်းခိုခန်း ဆိုတာရှိတယ်၊ ကျွန်တော် ချိတ်ပေးလို့ရတယ်၊ တစ်ယောက်ကို တစ်ည ၇၀၀၀လောက်ပဲ ကျမယ်'

'တီးတိန်မှာလည်း ဒုက္ခသည်တွေ အများကြီးပဲလား'

ပေါင်ဆွမ်းမုန် သက်ပြင်းချသည်။

'ဒီနေ့ပဲ ကျွန်တော် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနကို ဝင်စုံစမ်းခဲ့တာ'

လက်ထဲက စာရွက်ကို ငုံ့ကြည့်သည်။

'ဩဂုတ်လ ၃၀ ရက်နေ့အထိ ပြိုကျတဲ့အိမ်ခြေက ရွာ ၁၅ ရွာမှာ အိမ်ခြေ ၆၈၊ အန္တရာယ်မကင်းလို့ ရွှေ့ပြောင်းရမယ့် အိမ်က အိမ်ခြေ ၃၇၄၊ အဲဒါက ရွာ ၁၇ ရွာ၊ တီးတိန်မှာ ဒုက္ခသည်စခန်း နှစ်ခုဖွင့်ထား

တယ်၊ တစ်ခုက ရဲစခန်းနားက ဘုရားရှိခိုးကျောင်းထဲမှာ၊ အဲဒီမှာ ကဂင် ရွာက အိမ်ထောင်စု ၃၄ စု ရှိနေတယ်၊ နောက်တစ်ခုက အ. ထ. က ကျောင်းနားက အားကစားကွင်းထဲမှာ၊ အဲဒီမှာ ဝေါင်မွှာလ်နဲ့ ထင်ဇန် နှစ်ရွာပေါင်း အိမ်ထောင်စု ၄၅ စု၊ အဲဒီမှာလည်း လိုအပ်တာတွေ အများကြီးပဲ၊ အဲဒီကမှ တွန်းဇံဆက်သွားရင် လမ်းအရမ်းဆိုးသွားပြီ၊ တချို့နေရာတွေ အသက်အန္တရာယ်တောင် ရှိနိုင်တယ်'

'ကားလမ်းလား'

'ကားလမ်းလည်း ဘေးတစ်ခြမ်းပြတ်နေတဲ့ နေရာကြီးတွေတောင် ရှိတယ်၊ ပြီးတော့ တချို့ရွာတွေက အန္တရာယ် ရှိမှန်းသိပေမယ့် ဘယ်လို မှ မရွှေ့နိုင်လို့ ပေနေနေကြတာ၊ သူတို့ဆီသွားမယ်ဆိုရင် ချောင်းတွေ ကူးရမယ်၊ ချောင်းတွေက ရေစီးလည်းသန်တယ်၊ နုန်းလည်း နက်တယ်'

သားကြီးက ခင်နွယ်စိုးကို စိုးရိမ်သော မျက်နှာနှင့် လှမ်းကြည့် သည်။ ခင်နွယ်စိုးက ရယ်၍ ချမ်းမြေ့ကို မေးငေါ့ပြသည်။

'ကိစ္စမရှိပါဘူး၊ ကျွန်မတို့မှာ ကြိုးပညာရှင်ရော၊ ကြိုးတွေရော ပါပါတယ်'

ချမ်းမြေ့ ရောယောင်၍ လိုက်ရယ်မိသည်။

○

ချမ်းမြေ့အိပ်နေသော ခြင်ထောင်ဘေးတွင် တစ်စုံတစ်ဦး ထိုင်နေသည် ဟူသောအသိနှင့် ချမ်းမြေ့ လန့်နိုးလာသည်။

ပြတင်းပေါက်က ဖြာဝင်နေသော လရောင်အောက်တွင် ဆံပင် ရှည်တို့ ဖြန့်ချထားသော မိန်းကလေး တစ်ယောက် သူ အိပ်နေရာ ကျောင်းကြမ်းပြင်ပေါ်၊ သူ့အိပ်ရာ ဘေးတွင် ထိုင်နေသော ဝိုးတဝါး အရိပ်ကို မြင်ရသည်။

ခင်နွယ်စိုးပဲ ဖြစ်မည်။



မအိပ်သေးဘဲ ဘာလုပ်နေပါလိမ့်။

သေသေချာချာ စူးစိုက်ကြည့်တော့ သူ့ဘက်လှည့်၍ ဒူးတုပ် ထိုင်နေဟန်ပေါ်လာသည်။ သူ့ကျောထဲ စိမ့်ခနဲဖြစ်သွားသည်။

လူမှဟုတ်ရဲ့လား။

သူခြင်ထောင်ကို အသာမ၍ လက်ကိုင်ဖုန်း ခလုတ်တစ်ခုကို နှိပ်ပြီး အဲသည်က အလင်းရောင်နှင့် မှောကြည့်လိုက်သည်။

ပါးစပ်အဟောင်းသား။

'ဆန်ဆန်'

ကော်ကိုင်းမျက်မှန်အထူကလေးနှင့် ဆန်ဆန်က နွမ်းလျစွာ ပြုံးသည်။

'ပင်ပန်းလိုက်တာ ချမ်းမြေ့ရယ်၊ ငါဒီမှာလို့ နင့်ဘယ်သူပြောလဲ'

သူပြန်စဉ်းစားကြည့်သည်။ 'လာရပ်ကာင်' အမည်ရှိ ကျောင်း ဆရာမလေး တွန်းဇံတက်သွားတာ အမှန်ပင် ဖြစ်နိုင်သော်လည်း 'ဆန်ဆန်'ပါမပါ ဘယ်သူမှ မပြောနိုင်။ အမိက သဲလွန်စက သူ့အိမ်မက် ထဲမှာ ဆန်ဆန် သူ့ကို မြောက်ဘက်ကို ပြခဲ့တာသာ ဖြစ်သည်။

အိပ်မက်။

ဟုတ်တာပေါ့၊ ဒါလည်း အိပ်မက်ပဲ ဖြစ်ရမှာပေါ့။

သူနောက်ပြန်လှည့်ကြည့်သည်။ သူ့ဘေးမှာ မိုးကြီး၊ ဟိုဘက်မှာ သားကြီး၊ တန်းစီအိပ်နေကြတာ တုတ်တုတ်မှ မလှုပ်၊ ခင်နွယ်စိုးကိုတော့ ဂျူလီယာက ဆွေးနွေးပွဲပြီးကတည်းက မြို့ပေါ်က အိမ်တစ်အိမ်ကို အတင်းခေါ်သွားသည်။

သူပြန်လှည့်ကြည့်သည်။ ဆန်ဆန် တရိပ်ကရှိနေဆဲ။

'နင် ဒီမှာ မရှိဘူးလား'

ဆန်ဆန်က သက်ပြင်းချသည်။

'ရှိလည်း နင် ရှာတွေ့မှာမှ မဟုတ်တာ၊ နင်အလုပ်တွေများ၊ ပင်ပန်း။ အချိန်တွေ၊ အင်အားတွေ အလဟဿဖြစ်'

ချမ်းမြေ့ခေါင်းခါသည်။

'မဖြစ်ပါဘူး၊ ငါ နင့်ကို မတွေ့မချင်း ရှာမယ်၊ ဒီကြားထဲမှာလည်း ဒီပန်းဒေါင်းအဖွဲ့နဲ့ ပရဟိတ အလုပ်တွေ ကူလုပ်မယ်'

ဆန်ဆန်က ခေါင်းတဆတ်ဆတ် ညိတ်သည်။

'နင့် သဘောပါဟာ၊ ကိုယ့်ကိုယ်ကိုယ်တော့ ဂရုစိုက်၊ ရွှေ့ခရီးက ကြမ်းလွန်းတယ်၊ အန္တရာယ်လည်း များတယ်'

'အေးပါ'

'ခင်နွယ်စိုးကိုလည်း ဂရုစိုက်'

ချမ်းမြေ့ အံ့ဩသွားသည်။

'နင်က ခင်နွယ်စိုးကို သိနေတာလား'

ဆန်ဆန် ပခုံးတွန့်ပြသည်။

'လူတိုင်း သိတာပဲဟာ'

'ဘာဖြစ်လို့ နင်က ခင်နွယ်စိုးကို ဂရုစိုက်ခိုင်းတာလဲ'

ဆန်ဆန် အံကလေးကြိတ်သည်။

'သူက အရမ်းကိုးလွန်းတယ်၊ သူတစ်ခုခု ဖြစ်ရင် နင်တို့ခရီးစဉ်ပျက်ပြီ၊ နင်ပဲ ငါ့ကို တွေ့ချင်တယ်ဆို'

ချမ်းမြေ့ ကြောင်တက်တက်နှင့် ခေါင်းညိတ်သည်။ ပြန်မော့ကြည့်လိုက်တော့ ဆန်ဆန် မရှိတော့။ သူလည်း အိပ်ရာက တကယ် လန့်နိုးသွားသည်။

•

(၁၂)

တီးတိန်တွင် သူတို့တစ်ည အိပ်ဖြစ်သည်။

တရုတ်ပြည်လုပ် ယာယီတဲအပြာရောင်ကလေးတွေ စီတန်းထိုးထားသော အမှတ် (၂) ဒုက္ခသည်စခန်းကစ၍ ပစ္စည်းများ ဝေသည်။

ပေါင်ဆွမ်းမုန်က ဘာသာပြန်လုပ်ပေးသည်။

ဒုက္ခသည်စခန်း နှစ်ခု အပြင် အနားတစ်ဝိုက် သွားနိုင်သမျှ ရွာကလေးတွေပါ လိုက်ဝေဖို့ ဆုံးဖြတ်ဖြစ်ကြသည်။

ညကျတော့ ကျိုမ်နဲ့တည်းခိုခန်းမှာပင် တည်းဖြစ်သည်။

တည်းခိုခန်းကနေ မနက်စောစော အိပ်ရာထတော့ သဘာဝဘေးအန္တရာယ် ကျရောက်နေသည့်ကြားက သဘာဝအတိုင်း အလှကြီးလှနေသည့် တီးတိန်မြို့ကို 'ဆုတောင်း' တောင် နောက်ခံရှုခင်းနှင့်အတူ အံ့ဩမှင်တက်စရာ မြင်တွေ့ရသည်။

ကျိုမ်နဲ့တည်းခိုခန်းက တောင်စောင်းတစ်ခုပေါ်မှာ ဆောက်ထားတာမို့ ရှုခင်းက လှသလောက် ရာသီဥတုက အေးလှသည်။ မျက်နှာသစ်သွားတိုက်သည့် ရေကပင် ရေခဲရေတမျှ ခံစားရသည်။

တည်းခိုခန်း ရှေ့လမ်းကလေးပေါ် ခဏတက်၍ ဟိုလျှောက်သည်လျှောက်၊ လျှောက်မည့် စိတ်ကူးနေစဉ်တွင် ခြေသံများ ကြားရ၍ လှည့်ကြည့်မိသည်။

ပေါင်ဆွမ်းမုန်နှင့် ခင်နွယ်စိုး။

ခင်နွယ်စိုးက လေယာဉ်မယ်ကလေး လက်ဆောင်ပေးလိုက်သော အမွေးခေါင်းစွပ်ကလေးနှင့် လက်ရှည်ဆွယ်တာ၊ ချည်သားဘောင်းဘီအပြာရင့်နှင့်ပင် ကြည်လင်လန်းဆန်းနေသည်။

'လမ်းထွက်လျှောက်တာလား'

သူက မေးတော့ ခင်နွယ်စိုးက ရယ်သည်။

'မနေ့ကလည်း တစ်နေကုန် လျှောက်၊ ဒီနေ့လည်း တစ်နေကုန်လျှောက်ရမှာရှင့်၊ လေ့ကျင့်ခန်း မလိုလောက်တော့ပါဘူး'

သူ့မေးခွန်းကို သူရှက်ရှက်နှင့် ပြန်ရယ်မိသည်။

'နို့ အစောကြီး ဘယ်သွားတာလဲ'

ခင်နွယ်စိုးက ပြန်၍ ရှက်အမ်း အမ်းဟန်ဖြင့် ရယ်သည်။

'မနေ့ကအထိ ဝတ်တဲ့ အဝတ်အစားတွေ ညက လျှော်ပြီး လှမ်းထားမိတော့ ဒီမနက် ပေါင်ဆွမ်းမုန်လာတော့ မြို့ထဲက သူ့အစ်မအိမ်မှာ လှမ်းထားခဲ့ပါလားလို့ ပြောတာနဲ့၊ မိန်းကလေး အဝတ်အစားအစိုတွေ သူ့ပေးလိုက်ရမှာလည်း အားနာတာနဲ့ ကိုယ်တိုင်သွားပေးတာ'

ဘုရားစူး သူဌေးသမီးပါပေ။

ခင်နွယ်စိုး ခရီးသွားလျှင် အဝတ်အစား အလဲအဖယ် များများစားစား မပါတတ်မှန်းကိုတော့ ဖေ့စ်ဘုတ်က ဓာတ်ပုံတွေ ကြည့်ကတည်းက သူသိပြီးဖြစ်သည်။ သည်လောက်အေးသည့် ဒေသမှာ သည်လောက် ပင်ပန်းလာချိန် ညကြီးထ အဝတ်လျှော်နေလိမ့်မည်ဟုတော့ သူ မထင်မိ။

အလဲအလှယ် လုံလုံလောက်လောက်ပါအောင် ထည့်လာခဲ့မိသော သူ့အဝတ်အိတ်ကြီးအတွက်ပင် သူရှက်ယောင်ယောင် ဖြစ်မိသေးသည်။

'ဒဲ့ဒါ ထားဦး၊ ရှင့်အတွက် အရေးကြီးတဲ့ သတင်းပါလာတယ်'



သူကြောင်သွားသည်။

'ဘာသတင်းလဲ'

'ဆန်ဆန့်သတင်းပေါ့၊ ရှင့်မှာ အရေးကြီးတဲ့ သတင်းဘယ်နှမျိုးရှိသေးလို့လဲ'

ဟုတ်ပါရဲ့။

ဆန်ဆန့်ကိုရှာရာက ပန်းဒေါင်း အဖွဲ့ဝင်ဖြစ်၊ ဆန်ဆန့်ကို ရှာနေတာလား၊ ပန်းဒေါင်းအဖွဲ့နှင့် လိုက်၍ ခင်နွယ်စိုးကို ဝန်းရံပြီး ပရဟိတတွေ လုပ်နေတာလား။ ကိုယ့်ဟာကိုယ် အယောင်ယောင် အမှားမှားဖြစ်နေပြီဆိုတာ ပထမဦးဆုံးအကြိမ် သတိပြုမိလေသည်။

ပေါင်ဆွမ်းမုန်က ဝင်ပြောသည်။

'ကျွန်တော့် အစ်မအိမ်မှာ တွန်းဖံက လူတချို့ရောက်နေတယ်၊ ဆရာမလေး လာရပ်ကင်ဆိုတာ လွန်ခဲ့တဲ့ သုံးနှစ်လောက်က တွန်းဖံ အ. ထ. က ကို ပြောင်းလာတဲ့ အင်္ဂလိပ်စာပြတဲ့ အထက်တန်းပြ ဆရာမလေးတဲ့၊ အသက်တော့ ၃၅ နှစ်လောက်ရှိပြီတဲ့'

ချမ်းမြေ့ရင်ခုန်စပြုလာသည်။ အရွယ်ကတော့ ဟုတ်နေပြီ။ အခု ဆန်ဆန်က ၂၉ နှစ်လောက် ရှိမည်ဆိုလျှင် သူ့အစ်မက ၃၅ လောက်၊ ဟုတ်တာပေါ့။

'သူ အခုအဲဒီမှာ ရှိနေတာပေါ့၊ ဟုတ်လား'

ပေါင်ဆွမ်းမုန်က ခေါင်းခါသည်။

'အလုပ်ထွက်သွားတာ တစ်နှစ်လောက်ရှိပြီတဲ့၊ သူတို့ကြားတာတော့ ခရစ်ယာန်သာသနာပြု အဖွဲ့တစ်ဖွဲ့ အထောက်အပံ့နဲ့ နိုင်ငံခြားကို ပညာသွားသင်တယ် ဆိုလားပဲ'

ချမ်းမြေ့၏ နှလုံးသား ရေနစ်သွားသလို ခံစားလိုက်ရသည်။

လမ်းစပျောက်ပြီထင်ရဲ့။

ခင်နွယ်စိုးက သူ့မျက်နှာကို ထူးဆန်းသော အကြည့်နှင့် ကြည့်နေတာ သတိထားမိသည်။

လာရပ်ဆန်တို့ လာရပ်ကင်တို့ဆိုတာ ခရစ်ယာန်တွေဆိုတာ သေချာသွားပြီမို့ ကိုယ်မြတ်နိုးတန်ဖိုးထားပါသည် ဆိုသည့် မိန်းကလေးကိုပင် ဘာဘာသာကိုးကွယ်မှန်း မသိရလောက်အောင် အူကြောင်ကြောင်နိုင်သော သူ့ကို လူထူးလူဆန်းအဖြစ် ကြည့်နေလေရော့သလား မသိ။

'ကျွန်မ ဝင်မေးပေးပါတယ်၊ သူညီမလာရပ်ဆန်ဆိုတာကိုရော သိသလားလို့'

'သူတို့က ဘာပြောလဲ'

'ဆရာမမှာ ညီမရှိတယ်လို့ တစ်ခါမှ မကြားဖူးသလို ဆရာမတွန်းဗံမှာ ရှိနေတုန်းလည်း တစ်ခါမှ လာတာမတွေ့ဖူးပါဘူးတဲ့'

ချမ်းမြေ့ ဇက်ကျိုးသွားသည်။

ဆန်ဆန်တစ်ယောက် သူ့ဘဝထဲသို့ ဝိညာဉ်လို လွင့်မျောတိုးဝင်လာခဲ့ရာမှ ဝိညာဉ်လိုပင် လွင့်ပြယ်ပျောက်ဆုံးသွားခဲ့ပြန်လေပြီ။

၁

ကားက နွံထဲက ဘယ်လိုမှ ရုန်းမရ။

စက်သံကျယ်လာပြီး နောက်ဆုံး မီးခိုးငွေ့တွေ ထွက်လာတော့ ကားဆရာ အချင်းချင်း 'ဟိုးထား၊ ဟိုးထား၊ တော်ပြီ' ဟု အော်တားရသည်။

'ကားကြီးတောင်လွတ်ပြီး မိုးဝီးကျမှ နစ်ရတယ်လို့ကွာ'

မိုးကြီးက မြည်တွန်တောက်တီးသည်။

ချမ်းမြေ့ရှေ့က ဂျစ်ဘီလူးကို လှမ်းကြည့်မိသည်။

ဂျစ်ကားဆိုတာ မမှတ်မိနိုင်တော့လောက်အောင်ပင် အောက်က လေးတွေ၊ ပင်နီယံတွေ တထောကြီး ပိုးထားသဖြင့် ဘော်ဒီက လေထဲတွင် မြောက်တက်နေသည့် ကားက နွံထဲတွင် နစ်နေသော ပါဂျဲရိုးကားကို ဖင်ပေး၍ လှောင်ပြောင်နေသယောင် ရှိသည်။



နောက်ဆုံးမှာတော့ မြန်မာ စက်ပြင်ဆရာတို့၏ ကြုံသလို မွမ်းမံထားသည့် လက်ရာက ပါဂျဲရိုး စက်မှုပညာရှင်တို့၏ သိပ္ပံနည်းကျ တွက်ချက်ထားမှုများကို သရော်နေကြလေသည်။

'ဘယ်လိုလုပ်မလဲ'

သားကြီးက ကားဆရာကို မေးတော့ ကားဆရာက ပခုံးတွန့်ပြ၍ ဂိုမီးဘာသာနှင့် ဖြေသည်။

'လူအားနဲ့ တွန်းကူမှ ရမယ်တဲ့'

ပေါင်ဆွမ်းမုန်က ဘာသာပြန်ပေးသည်။

'ကဲ. . . တွန်းကြတာပေါ့ဗျာ၊ လာ'

ပေါင်ဆွမ်းမုန်၊ သားကြီး၊ မိုးကြီး၊ နောက်ထပ်ချင်းလူငယ်တစ်ဦးနှင့် ချမ်းမြေ့တို့ ကားနောက်ကို ဝင်ကြသည်။

'ဆွဲထား'

ပေါင်ဆွမ်းမုန်၏ ညာသံအောက်မှာ အားလုံး ပြိုင်တူတွန်းကြသည်။ ကားဆရာက လီဗာကို အဆုံးနင်း၍ ရုန်းသည်။ ကားဘီးက ရွှံ့ထဲတွင်သာ လည်နေသည်။ ကားက ရှေ့ကိုမရွေ့။

သူတို့တစ်သိုက်လုံးတော့ ဒူးအထိ ရွှံ့ထဲမှာနစ်နေသည့်အပြင် ကားဘီးက ယက်သောရွှံ့များ ခေါင်းမှစ၍ တစ်ကိုယ်လုံး စင်သွားသည်။

ဘယ်သူမှ ညည်းမနေအား။ ညာသံပေး၍ ထပ်တွန်းပြန်သည်။

'ခဏလေး'

ခင်နှယ်စိုး အော်သံကို တစ်ချက်ကြားလိုက်ရပြီး ချမ်းမြေ့ဘေးသို့ ခင်နှယ်စိုး ရောက်လာ၍ ဝင်တွန်းသည်။ ကားကမရွေ့ပါ။ ခင်နှယ်စိုးပါ တစ်ကိုယ်လုံး ရွှံ့တွေ ပေပွကုန်သည်။

'မမ ထွက်ဗျာ၊ ရှေ့ကစောင့်'

သားကြီးက ကန့်ကွက်တော့ ခင်နှယ်စိုးက သွားကလေး အဖွေးသားပေါ်အောင် ရယ်သည်။

'သားကြီးကလည်း မမလည်း ကူတွန်းမှာပေါ့'

'ခင်ဗျားလေး ကူတွန်းလို့ ကားက ထူးလှုပ်မလားဗျာ၊ သွားစမ်းပါ။ အလကား ရွှံ့တွေ ပေကုန်ပြီ၊ ကျွန်တော်တို့ ယောကျ်ားလေးတွေက စိုရင် အင်္ကျီလောက် ချွတ်ထားလည်း ရတယ်၊ ခင်ဗျားလေးသာ'

ချမ်းမြေ့ကဝင်၍ ကရုဏာဒေါသောနှင့် ဆူတော့ ခင်နွယ်စိုးလျှာကလေး တစ်လစ်ထုတ်ပြ၍ ဘေးထွက်သည်။ သူ့ဘောင်းဘီရှည်က ရွှံ့တွေပေပွသွားပြီ ဖြစ်သော်လည်း အင်္ကျီမှာ တစ်စက်နှစ်စက်သာ ရှိသည်ကို ငုံ့ကြည့်၍ ရယ်မြန်သည်။

'ကဲ၊ ပေါင်ဆွမ်းမုန်ရေ၊ ကားဆရာ ခဏနေဦးလို့ပြော'

ချမ်းမြေ့က ရွှံ့ထဲက တက်ခဲ့ပြီး ရှေ့ဂျစ်ဘီလူးဘက်လျှောက်လာသည်။ ဂျစ်ဘီလူးက ကားသမားနှစ်ဦးက ကားဘေးတွင် ဘေးဘေးဆေးဆေးရပ်၍ စီးကရက် သောက်နေသည်။ ကားပေါ်မှာတော့ ကယ်ဆယ်ရေးပစ္စည်းတွေ အပြည့်။

'သံကြိုးပါလားဗျ'

တစ်ယောက်မှ နားလည်ပုံမပေါ်၊ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ ပေါင်ဆွမ်းမုန်က နောက်ကပြေးလိုက်လာ၍ ဘာသာပြန်ပေးသည်။ သည်တော့မှ ခေါင်းညိတ်ပြသည်။

ချမ်းမြေ့အကြံကို ရိပ်မိသွားဟန်တူသည်။ ဂျစ်ဘီလူးနောက်ပိုင်းနှင့် ပါဂျဲရိုးရှေ့ပိုင်းကို သံကြိုးနှင့် ဆိုင်းတာကို အားလုံးဝိုင်းလုပ်သည်။

'ကဲ၊ ကားဆွဲနဲ့ လူတွန်းတစ်ပြိုင်နက်နော်'

ချမ်းမြေ့နှင့် ပေါင်ဆွမ်းမုန်တို့ လူတွေကို လိုက်ညွှန်ကြားပြီး ညာသံပေး၍ တွန်းကြသည်။

စစချင်းမှာ ဂျစ်ဘီလူးပါ ဘီးတွေ မြေကြီးကိုပွတ်၍ လည်နေသော်လည်း နောက်တစ်ချက် ညာသံပေးလိုက်တော့ ပါဂျဲရိုး ရွှံ့ထဲက လွတ်သွားသည်။ အားလုံးပျော်ရွှင်စွာ 'ဟေးဟေးဟေး' ဟု အော်ကြသည်။



'တို့ စင်ကာပူ အင်ဂျင်နီယာကြီးက ကြိုးသိုင်းမှိုးစုံ တတ်တာကွ၊ သံကြိုးသိုင်းလည်း လာခဲ့ပဲ၊ ဒါတောင် ဆန်ဆန်စောင့်မနေလို့'

မိုးကြီးက အားပါးတရ ကျီစယ်တော့ သူရယ်၍သာနေရသည်။

၀

'တွန်းဖုံမြို့နယ်
လှိုက်လှဲစွာ ကြိုဆိုပါ၏'

. . . ဆိုသည့် ဆိုင်းဘုတ်ကလေးကတော့ မပျက်မစီးဘဲ ရှိနေသည်။ ဘေးမှာတော့ သစ်ပင်တချို့ လဲနေသည်။ လမ်းဘယ်ဘက်မှာ တဲအိမ်နှင့် ပျဉ်ထောင်အိမ်တချို့ တွေ့ရသည်။ ညာဘက်က ချောင်းကတော့ ရေမတွေ့ရတော့ဘဲ နုန်းမြင်ကြီး ဖြစ်နေသည်။

အနားက အိမ်တွေမှာ သွားအကူအညီတောင်းတော့ ရေအနည်းငယ်ရသဖြင့် တစ်ဖွဲ့လုံး ရွှံ့တွေ အနည်းငယ် စင်အောင် ဆေးကြောကြ၊ မျက်နှာသစ်ကြသည်။

အဝတ်လဲဖို့တော့ အဆင်မပြေသေးသဖြင့် အဝတ်စိုတွေနှင့်ပင် နေလိုက်ရတော့ ချင်းတောင်၏ လေအေးဒဏ်ကို ကောင်းကောင်း ခံစားရတော့သည်။

ချမ်းမြေ့သူကိုယ်သူ သိပ်စိတ်မပူသော်လည်း ပေါင် ၉၀ ကျော်အရိုးပေါ် အရေတင် ခင်နွယ်စိုး နေမကောင်းလျှင် ဒုက္ခ ဟု စိတ်ပူစွာ လှမ်းကြည့်မိသည်။

ခင်နွယ်စိုးက ဆံပင်ရှည်တွေကို တဘက်အသေးကလေးနှင့် သုတ်နေရာမှ သူ့ဘက်လှမ်းအကြည့်နှင့် မျက်နှာချင်းဆုံသွားသည်။

'တဘက် မပါဘူး မဟုတ်လား၊ ရော့'

ခင်နွယ်စိုး သူ့ကို သုတ်လက်စ တဘက်ကို လှမ်းပေးသည်။ ဘာကြောင့်ရယ်မသိ။ သူ့ရင်မှာ နွေးခနဲ ခံစားရသည်။ သို့သော် သူငြင်းလိုက်သည်။

'ဟာ၊ နေပါစေ'

ခင်နွယ်စိုးက ရယ်သည်။

'ရှင်က ဘုန်းနိမ့်တာတွေ ဘာတွေယုံတဲ့ လူမျိုးလား'

'ဟာဗျာ၊ မဟုတ်တာ'

ချမ်းမြေ့ တဘက်ကို လှမ်းယူ၍ မျက်နှာကို သုတ်လိုက်သည်။

ဗုံ့ဩစရာ။

ဘာအမွှေးနံ့သာမှ မသုံးသည့် မိန်းမပျိုလေး သုတ်ထားသည့် တဘက်က သင်းမြမြ မွှေးနေသည်။ ရုတ်တရက် ချမ်းမြေ့စကားထစ်သွားသည်။

'ကျွန်တော်က . . ကျွန်တော်က ညစ်ပတ်နေတော့ ခင်ဗျားကို ပြန်ပေးရမှာ အားနာလို့'

ခင်နွယ်စိုးက ရယ်ပြန်သည်။ ပြီးတော့မှ ပြုံး၍ ပြန်မေးသည်။

'ခင်ဗျားလေးလို့ မခေါ်တော့ဘူးလား'

သူအမ်းသွားသည်။

'ခင်ဗျားကို အဲသလို ခေါ်တာ မကြိုက်ဘူးလား'

ခင်နွယ်စိုးက ရယ်ပြန်သည်။

'ကြိုက်ပါတယ်လို့ ပြောပြီးမှပဲ၊ ပြီးတော့ စိတ်ပူပေးလို့ အော်တာလည်း ကျေးဇူးတင်ပါတယ်၊ ဒီနေ့ ကျွန်မ အစ်ကို တစ်ယောက်ထပ်တိုးသလို ခံစားရတယ် သိလား'

ဘုရားရေ။



ခင်ဗျား ပြောလိုက်တဲ့ စကားဘယ်လောက် အားကြီးသလဲ ခင်ဗျားဘာသာ ခင်ဗျားရော သိရဲ့လား. . . ဟု စိတ်ထဲက ရေရွတ်မိသည်။ ရင်ဘတ်တစ်ခုလုံး နွေးသွားသည်။

'ဒါပေမဲ့ နွယ်စိုးပဲ ခေါ်ပါလား'

သူကျေနပ်စွာ ခေါင်းညိတ်သည်။

'တို့ကိုလည်း ချမ်းမြေ့ပဲ ခေါ်ပေါ့'

'ဟာ၊ မဟုတ်တာ၊ ကိုယ့်ထက် နည်းနည်းပဲ ဖြစ်ဖြစ်ကြီးတာကို မရှိမသေ မခေါ်ချင်ပါဘူး၊ ကိုချမ်းမြေ့ပဲ ခေါ်မယ်နော်'

သူ ခေါင်းညိတ်ပြသည်။

ခင်နွယ်စိုးက ပေါင်ဆွမ်းမုန်ကို လှမ်းအော်ခေါ်သည်။

'ပေါင်ဆွမ်းမုန်၊ ကျွန်မတို့ ကယ်ဆယ်ရေး လုပ်ရမယ့် နေရာလေးတွေ နည်းနည်း ဝင်စုံစမ်းရ မကောင်းဘူးလား'

'ရတယ်လေဗျာ၊ လာ. . . သွားစို့'

ခင်နွယ်စိုး၊ သားကြီးနှင့် ပေါင်ဆွမ်းမုန်တို့ အိမ်တစ်လုံးပေါ် တက်သွားသည်။

သားကြီးက ချင်းစောင်တစ်ထည် ပခုံးမှာ ခြုံလျက်သား သူ့အနား ရောက်လာသည်။

'အစ်ကို မချမ်းဘူးလား'

သူက ဝတ်ထားသော ဂျာကင်ကို ပြသည်။

'အစ်ကို့အကျီက မိုးကာပါတယ်၊ အထဲကို သိပ်မစိုတော့ မချမ်းပါဘူး'

'အစ်ကို အရက်သောက်တတ်လား'

ချမ်းမြေ့ ဗုံ့ဩသွားသည်။

'တစ်ခါတလေပေါ့၊ ဘာဖြစ်လို့လဲ'

'ကျွန်တော်တို့က ဘယ်သူမှ မသောက်ကြဘူး၊ ဒီမှာက ခေါင်ရည်တော့ ရမှာပဲလေ၊ အစ်ကိုချမ်းရင် ညကျသောက်ချင် သောက်ပေါ့၊ ကျွန်တော်တို့ကို အားမနာနဲ့၊ အဲဒါပြောမလို့'

ချမ်းမြေ့ ခေါင်းခါသည်။

'မိန်းကလေး တစ်ယောက်တည်း လိုက်လာတဲ့ ခရီးမှာ မသောက်ချင်ပါဘူး ညီရာ၊ နို့ . . . ညီလေးတို့ နှစ်ယောက်က တစ်ခါမှကို မသောက်တာလား'

'ကျွန်တော်ကတော့ အစတည်းက၊ ကိုမိုးကြီးက အရင်က တစ်ခါတလေ သောက်တယ်၊ နောက်တော့ မမနွယ်စိုးနဲ့အတူ ခရီးသွားတာများလာတော့ အပြီးရှောင်လိုက်တာ'

လှလိုက်တာ၊ စိတ်ကလေးတွေက။

အားနည်းသူတွေအပေါ် မေတ္တာတရားကြီးမားစွာ စွန့်လွှတ်စွန့်စား အနစ်နာခံနေသူ မြန်မာမိန်းမပျိုကလေး တစ်ယောက်နှင့် ထိုမိန်းမပျိုကလေးကို နှမအရင်းလို၊ အစ်မအရင်းလို နွေးထွေးလုံခြုံအောင် စောင့်ရှောက်ပေးနေကြသည့် သွေးမတော် သားမစပ် မြန်မာလူငယ်ကလေးများ။

စင်ကာပူမှာ အနေကြာသည့် ချမ်းမြေ့ မြန်မာပြည်ကိုတောင် ရုတ်တရက် လွမ်းသွားမိသည်။

ခင်နွယ်စိုးတို့ သုံးဦးပြန်ရောက်လာသည်။

'သတင်းဆိုးရော၊ သတင်းကောင်းရောပဲ၊ သတင်းဆိုးပဲ အရင်ပြောမယ်'

ခင်နွယ်စိုးက ရယ်၍ပြောသည်။ သူက 'ဘာလဲ' ဟု ထောက်လိုက်သည်။

'ခုကွရောက်နေတဲ့ ရွာတွေက တောင်ပေါ်တွေမှာ၊ လမ်းမှာလည်း နုန်းမြင်ကြီးတွေ အများကြီး၊ ကားကတော့ ပေါက်သလောက်



အထိ ယူသွားရမယ်၊ နောက်ပိုင်းတော့ ခြေကျင်လမ်းတောင် ပေါက်မပေါက် သွားကြည့်မှပဲ သိရမှာပဲ'

ချမ်းမြေ့ရင်လေးသွားသည်။

'အင်းလေ၊ ရောက်မှတော့၊ နို့ သတင်းကောင်းက'

ခင်နွယ်စိုးက သူ့ကို စိုက်ကြည့်သည်။

'သတင်းကောင်းက ကိုချမ်းမြေ့အတွက်၊ ဆရာမလေး လာရပ်ကင်ကို သိတဲ့ လူနဲ့တွေ့ခဲ့ရတယ်၊ သူ့ကို အကူအညီပေးပြီး ခေါ်သွားတဲ့ ခရစ်ယာန် အသင်းနာမည်သိခဲ့ရပြီ၊ ရန်ကုန်မှာ ဆက်စုံစမ်းရင် သဲလွန်စရမှာပဲ'

သူ ရင်နည်းနည်းတော့ ခုန်သည်။

အများကြီး မခုန်တော့တာလည်း သူ့ဘာသာသူ အံ့ဩမိလေသည်။

၀

ကားရပ်ပြီးသည်နှင့် ခင်နွယ်စိုးက ကားပေါ်က သွက်လက်စွာ ခုန်ဆင်းသွားသည်။

သားကြီးနှင့် ချမ်းမြေ့တို့ သူ့နောက်မှ အပြေးတစ်ပိုင်း လိုက်သွားကြသည်။ ရှေ့က ဂျစ်ဘီလူးတွင် ပါလာသော မိုးကြီး၊ ပေါင်ဆွမ်းမုန်နှင့် ဒေသခံလူငယ်အဖွဲ့က ဂျစ်ဘီလူး ရှေ့လမ်းပြိုကျနေသော နေရာသို့ ရောက်နှင့်နေကြပြီ ဖြစ်သည်။

ဂျစ်ဘီလူးရှေ့က လမ်းမြင်ကွင်းကို မြင်လိုက်ရသောအခါ သူတို့အားလုံး ပါးစပ်အဟောင်းသားဖြစ်သွားသည်။

ကတ္တရာလမ်း၏ ဘေးတစ်ခြမ်းမှာ ကိတ်မုန့်ကိုဓားနှင့် လှီးချထားသလို ပြတ်ကျနေပြီး လက်ကျန်တစ်ခြမ်းကလည်း အောက်သို့ ကောက်ဆင်းနေသည်။ အဲသည်အောက်မှာတော့ ချောက်၊ ချောက်အောက်ခြေမှာက ချောင်း။

ချောင်းရေက တိမ်ပုံရသော်လည်း ချောင်းစပ်က နုန်းပြင်က ဘောလုံးကွင်းတစ်ဝက်စာလောက်စီ ဟိုဘက်သည်ဘက်မှာ ရှိနေသည်။ တိမ်သော ရေကလည်း ရေစီးတော့ သန်ပုံရသည်။ အလယ်ကောင်က ကျောက်တုံးတွေကို ပွတ်တိုက်နေသော ရေတွေက လှိုင်းတဖွေးဖွေးရှိနေသည်။

ကားသမားတွေနှင့် ပေါင်ဆွမ်းမုန်တို့အဖွဲ့ ဂိုမီးဘာသာနှင့် ပြောဆိုနေကြသည်။

ခဏနေမှ ပေါင်ဆွမ်းမုန်က သူတို့ဘက်လှည့်၍ ပြောပြသည်။

'ကားအတွက်ကတော့ လမ်းဆုံးပြီပေါ့ဗျာ၊ မခင်နွယ်စိုးတို့ ဆန်သွားဝေချင်တဲ့ ရွာနှစ်ရွာက ဒီချောင်းရဲ့ ဟိုဘက်မှာ၊ လမ်းသာကောင်းလို့ကတော့ ရှေ့တစ်မိုင်လောက်မှာ တံတားရှိတယ်၊ ခုတော့ ဘယ်လိုလုပ်မလဲ၊ လှည့်ပြန်ကြမလား၊ ဝေလို့ရတဲ့ ရွာတွေလည်း ဝေခဲ့ပြီးပြီပဲ'

ခင်နွယ်စိုးက ချောင်းဆီကို အကြာကြီး စူးစိုက်ငေးကြည့်နေပြီးမှ ဆတ်ခနဲ လှည့်ကြည့်၍ မေးသည်။

'အဲဒီရွာတွေမှာ လူတွေတော်တော်ကျန်သေးလား'

'ကျန်တယ်၊ အန္တရာယ်ရှိမှန်း သိပေမယ့် ပြောင်းမှ မပြောင်းနိုင်ကြတာ၊ လူတွေတင်မကဘူး၊ ကျွဲတွေ၊ နွားတွေပါ ရှိနေတာ'

'စားစရာရော ရှိပါ့မလား'

ပေါင်ဆွမ်းမုန်က ဖြည်းညင်းစွာခေါင်းခါသည်။

'ဒီပုံစံဆိုရင် ပြတ်နေရောပေါ့'

ခင်နွယ်စိုးက မိုးကြီးကို လှည့်ကြည့်သည်။

မိုးကြီးက ပခုံးတွန့်ပြသည်။

'ငါ့မကြည့်နဲ့၊ နင်ခေါင်းဆောင်ပဲ၊ နင်ဆုံးဖြတ်'

ချမ်းမြေ့က အုံ့ဩစွာဝင်မေးမိသည်။

'နွယ်စိုးက ဒီချောင်းကို ကူးမလို့ စဉ်းစားနေတာလား'

'မဖြစ်နိုင်ဘူးလား ကိုချမ်းမြေ့'



သူချောင်း၊ နုန်းပြင်နှင့် တစ်ဖက်က တောင်ကြော အနေအထားကို စူးစူးစိုက်စိုက် လေ့လာနေပြီးမှ ခေါင်းညိတ်သည်။

'ဖြစ်နိုင်ပါတယ်၊ တစ်ယောက်က ကြိုးကို ခါးမှာချည်ပြီး ကူးသွား၊ ဟိုဘက်ကတော့ ခိုင်အောင်ချိတ်၊ နောက်လူတွေနဲ့ ပစ္စည်းတွေက ကြိုးနဲ့ လျှောလိုက်ပေါ့၊ တစ်ခုပဲ ရှိတယ်'

'ဘာလဲ'

'တို့ကလွဲရင် အားလုံးစွန့်စားရမှာ၊ အန္တရာယ်များတယ်'

ခင်နွယ်စိုးက မျက်မှောင်ကြုတ်ကြည့်သည်။

'ကိုချမ်းမြေ့က မလိုက်ဘူးလား'

သူရယ်သည်။

'လိုက်မှာပေါ့၊ ဒါပေမဲ့ တို့က ဟိုဘက်မှာ ဒုက္ခရောက်နေတဲ့ လူမရှိတဲ့ ခရီးတွေတောင် အားကစားအနေနဲ့ စွန့်စားခဲ့တာလေ၊ ဒီလို ဦးတည်ချက်ကောင်းကောင်းအတွက် လုပ်ရတာ စွန့်စားရတယ်လို့ကို မထင်ပါဘူး၊ ကျန်တဲ့ လူတွေထဲမှာ ကြိုးကို လက်နှစ်ဖက်၊ ခြေနှစ်ဖက်နဲ့ ချိတ်ပြီး လျှောတာမျိုး လုပ်တတ်တဲ့လူရှိလား'

ပေါင်ဆွမ်းမုန် နောက်ထပ် ချင်းလူငယ်တစ်ဦးနှင့် မိုးကြီးက လက်ထောင်သည်။

'ကိုမိုးကြီးက ဘယ်လိုလုပ် အဲဒါတတ်တာလဲ'

မိုးကြီးက ရယ်သည်။

'ဗိုလ်သင်တန်း ကျောင်းတက်မယ်ဆိုပြီး ဝင်ခွင့်သင်တန်းတစ်ခု သွားတက်တော့ သင်ဖူးသဗျ၊ ပြီးမှ စိတ်ပြောင်းသွားလို့ မဖြေတော့တာ'

'ဟုတ်ပြီလေ၊ ဒါဆို ကျွန်တော်တို့ လေးယောက်ပဲ သွားကြတာပေါ့၊ သားကြီးနဲ့ နွယ်စိုးက ဒီဘက်မှာပဲ စောင့်၊ ကျွန်တော်တို့ နိုင်သလောက် သွားပို့ကြပြီး ပြန်လာမယ်'

မိုးကြီးက . . . အိုကေ. . . ဟုဆိုသည်။

ချောင်းစပ်ကို ခက်ခက်ခဲခဲ ကုတ်ကတ်ဆင်းခဲ့ကြပြီး ဆန်အိတ်လေးအိတ်လောက်ကိုလည်း ပလတ်စတစ်စများပတ်၍ သယ်ချခဲ့ကြသည်။

ချောင်းစပ်မှာ ချမ်းမြေ့ရပ်၍ လှည့်ကြည့်မိတော့ မျက်မှောင်ကြုတ်မိသွားသည်။

'နွယ်စိုးက ဘာလို့ လိုက်လာရတာလဲ'

ခင်နွယ်စိုးက သွားကလေး အတန်းလိုက်ပေါ်အောင်ရယ်သည်။

'ကိုချမ်းမြေ့တို့ လုပ်တာ လိုက်ကြည့်တာလေ'

ချမ်းမြေ့သက်ပြင်းချသည်။

'တို့က ကြိုးခါးချည် ကူးမယ့် လူဟ'

'ဘာလို့လဲ'

'အဲဒါတို့ပဲ လုပ်ဖူးတာလေ၊ ပြီးတော့ ဟိုမှာ ဘယ်ကျောက်တုံးသွားဆိုက်ရမလဲလည်း တို့ပဲ ရွေးချင်လို့'

ခင်နွယ်စိုး မျက်နှာကလေး စိုးရိမ်ရိပ်ပေါ်လာသည်။ 'သတိထားဦးနော်' ဟု တိုးတိုးပြောသည်။

'ဘာမှမဖြစ်ဘူး၊ စိတ်ချ၊ နွယ်စိုးလိုက်လာတာသာ အဆင်မပြေတာ'

'ဘာလို့လဲ'

'တို့က အတွင်းခံဘောင်းဘီကလေးနဲ့ ဒီနွံထဲ ဖြတ်လျှောက်ရမှာ၊ အဝတ်အစားတွေက ကြွပ်ကြွပ်အိတ်နဲ့ ထုတ်ခဲ့ပြီး နောက်က ကူးလာတဲ့သူတွေက ယူခဲ့ပေးရမှာ၊ ခင်ဗျားလေးရပ်နေတော့ ဘယ်လိုလုပ်မလဲ'

သည်တော့မှ ခင်နွယ်စိုး ရှက်ကိုးရှက်ကန်းနှင့်ရယ်သည်။

'နွယ်စိုး ကျောခိုင်းပေးထားပါ့မယ်ရှင်'

'ပြီးရော'



အတွင်းခံဘောင်းဘီက ထူထူထဲထဲနှင့် ကိုယ်ကျပ် ရေကူးဘောင်းဘီ ပုံစံမျိုးဝတ်ခဲ့မိ၍သာ တော်တော့သည်။ တော်ရုံဘောင်းဘီဆိုလျှင် နွံထဲအရှန်းမှာ ကျွတ်ကျန်ခဲ့နိုင်သည်။

ချမ်းမြေ့ ကြိုးတစ်ဖက်ထိပ်ကို ခါးမှာချည်၍ အတွင်းခံဘောင်းဘီတိုကလေးနှင့် နွံထဲသို့ စဖြတ်လျှောက်သည်။

ဖြုန်းဆိုနွံက ခါးအထိ နစ်ဝင်သွားသည်။ ခါးက ကြိုးစတင်းသွားသည်။ ပြန်ဆွဲနေကြတာ သတိထားမိသည်။

ကြိုးစားရပ်၍ လှည့်ပြီး လက်ဝှေ့ယမ်းပြလိုက်သည်။ နေရောင်ပြောင်းပြန်ဖြစ်နေ၍ ကြိုးကိုဆွဲနေသူတွေကို သဲသဲကွဲကွဲ မမြင်ရ။ တစ်ယောက်တစ်ပေါက် လှမ်းအော်နေသံတွေကိုတော့ ကြားရသည်။

'မဆွဲနဲ့၊ မဆွဲနဲ့၊ ရတယ်၊ မနစ်ဘူး'

ကြိုးစပြန်လျော့လာသည်။

ချမ်းမြေ့ ဆက်ရုန်းသည်။ ရေစပ်သို့ရောက်လာသည်။ ရေကရင်ခေါင်းလောက်သာ ရှိသည်။ တစ်ကိုယ်လုံး ပေနေသော နွံတွေရေထဲမျောပါသွားသဖြင့် ကျေနပ်သွားသော်လည်း ဟိုဘက်မှာ နွံပြင်ကပြန်ဖြတ်ရဦးမှာဆိုတော့ သိပ်တော့မထူးလှ။

ရေစီးကသန်သော်လည်း လူမျောပါသွားလောက်အောင်တော့မဆိုး။ ကျောက်တုံးတွေကလည်း ရှိနေသဖြင့် ကျောက်တုံးတွေကိုကိုင်၍အားပြုပြီး ရှေ့ဆက်ခဲ့သည်။

ကံအားလျော်စွာပင် ချောင်းဟိုဘက် နွံပြင်က ဒူးခေါင်းလောက်အထိပဲ နက်သည်။

ဒူးခေါင်းအထိ နွံတွေပေလျက် တစ်ကိုယ်လုံး စိုရွှဲလျက်နှင့် ချမ်းမြေ့တစ်ဖက် သောင်ပေါ်ရောက်လာသည်။

ကျောက်ဆောင် ကမ်းပါးယံကို ဖက်တက်၍ အမြင့်တစ်နေရာမှာ ကြိုးကို သံလိုက်နှင့်စနစ်တကျ ချိတ်ပြီးသွားတော့ တစ်ဖက်ကမ်းကို ခုန်ပေါက်၍ လက်ဝှေ့ယမ်းပြလိုက်သည်။

မောတော့လည်း အမောသား။

ချမ်းမြေ့အတွင်းခံ ဘောင်းဘီ တိုကလေးနှင့် ရေအိုင်ကလေး တစ်ခုတွင် ရွှံ့များကို ဆေးပြီး ကျောက်တောင်စပ်တွင် ခြေပစ်လက်ပစ် ထိုင်ချမိသည်။

လေကဝှေ့၍ တိုက်ပြန်တော့ ခိုက်ခိုက်တုန်အောင် ချမ်းပြန်သည်။

ကြိုးတလှုပ်လှုပ်နှင့် တင်းလာပြီး ခဏနေတော့ ငြိမ်သွားသည်။ ချည်၍ မြဲသွားပြီထင်သည်။

သိပ်မကြာခင်မှာ လူရိပ်တစ်ရိပ် ကြိုးအောက်က ခြေရောလက်ပါ နို၍ တရွေ့ရွေ့ လာနေတာတွေ့ရသည်။ မိုးကြိုးလား၊ ပေါင်းဆွမ်းမုန်လားတော့ မကွဲ။

တရွေ့ရွေ့နှင့် သူ့အနားရောက်လာတော့ သူ့ပါးစပ် အဟောင်းသား ဖြစ်သွားသည်။

'နွယ်စိုး'

ခင်နွယ်စိုးက ရယ်ပြသည်။ သူကမ်းပေးသော လက်ကိုအားပြု၍ ကျောက်ဆောင်ထိပ်သို့ ဆင်းရပ်လိုက်သည်။ သူ့ပခုံးမှာ လွယ်ထားသော ကြွပ်ကြွပ်အိတ်ကိုလည်း ဖြုတ်ပေးသည်။

'ရော့၊ ကိုချမ်းမြေ့ အဝတ်အစားတွေ၊ ဟိုဘက်လှည့်ထားပေးမယ်နော်၊ ဒီမှာ တဘက်၊ သုတ်လိုက်ဦး'

ကိုယ်သင်းနံ့ကလေး သင်းပျံ့နေသည့် တဘက်နှင့် အားမနာ တမ်းရေခြောက်အောင် ကမန်းကတန်း သုတ်ပြီး အဝတ်အစားများကို မြန်မြန်ကောက်ဝတ်ပြီးမှ ခင်နွယ်စိုးကို လှည့်ဆူမိသည်။



'နေခဲ့ပါလို့ ဒီလောက် အတန်တန် ပြောတာကို၊ ကူးလည်း မကူးတတ်ဘဲနဲ့ လိုက်လာတယ်၊ ဟိုလူတွေကလည်း လွှတ်တာပဲ'

ခင်နွယ်စိုးက လှည့်ကြည့်၍ ရယ်သည်။

'ဒီလူတွေအကုန် စွန့်စွန့်စားစား ကယ်ဆယ်ရေးလုပ်ကြတာ ပရဟိတစိတ်ကြောင့်က အဓိက ဆိုပေမယ့် နွယ်စိုး ပယောဂလည်း အများကြီးပါတယ်၊ သူတို့ ဘယ်သူပဲဖြစ်ဖြစ် နွယ်စိုးမလိုက်ဘဲ ခရီးမှာ တစ်ခုခု ဖြစ်တာမျိုးကို နွယ်စိုး ဘယ်လိုမှ ခံစားကြည့်လို့ မရဘူး၊ ဒါကြောင့် ထိပ်ဆုံးက လာခဲ့တာ၊ ကြိုးနဲ့ ကူးတာလည်း ခက်သယောင်ရှိပေမယ့် လုပ်ကြည့်တော့ ရပါတယ်၊ ကိုယ့်ခန္ဓာကိုယ်ကပဲ ပေါ့လွန်းလို့ လွယ်သလားတော့ မသိဘူး၊ ဟိုလူတွေလည်း သွားဆူမနေပါနဲ့၊ သူတို့က နွယ်စိုးကို ဘယ်တုန်းကမှ မနိုင်တာ'

ချမ်းမြေ့သက်ပြင်းချ၍ လက်သာမြှောက်ပြလိုက်ရသည်။

၀

လူတွေရော ပစ္စည်းတွေပါ တဲပေါ်ရောက်ပြီးမှ မိုးက ရွာချသဖြင့် တော်တော့သည်ဟုပြောရမည် ဖြစ်သည်။

သို့သော် တဲကလည်း အမိုးက ကျိုးတိုးကျဲတဲ၊ အခင်းက တလှုပ်လှုပ်၊ အကာကတော့ ရှိသည်ဆိုရုံကလေး။

အဲဒါ သည် ရွာလူကြီး အိမ်ဆိုပဲ။

တဲပေါ်တွင်ရော၊ ခြေတံရှည်တဲ၏ ကြမ်းခင်းအောက်က မြေကွက်လပ်တွင်ရော ဇိုမီးအမျိုးသား၊ အမျိုးသမီး အရွယ်ပေါင်းစုံ၊ ၂၀ လောက် ရောက်နေကြသည်။

ရွာလူကြီးက သည်နေရာကို ရောက်အောင်လာနိုင်ခဲ့ကြသော သူတို့အဖွဲ့ကို အံ့ဩလွန်း၍တဲ့။ ဘုရားသခင်များ ကောင်းကင်ဘုံက စေလွှတ်လိုက်သလားဟုတောင် ထင်မိသတဲ့။ ပေါင်းဆွမ်းမုန်က ဘာသာပြန်ပေးသည်။

အသက် ၇၀ ခန့် ဗိုမီးလူမျိုး အဘွားအိုတစ်ဦးက ခင်နွယ်စိုးနား ကပ်ထိုင်၍ ခင်နွယ်စိုး၏ ပခုံးကလေးကို ကိုင်၍ ဗိုမီးဘာသာစကားနှင့် တတွတ်တွတ် ပြောနေသည်။

ထုံးစံအတိုင်း 'ဝန်တုံးမိ' ကတော့ ပါသည်။

ခင်နွယ်စိုးက ရယ်၍ ပေါင်ဆွမ်းမုန်ကို လှည့်မေးသည်။

'ဘာတွေ ပြောနေတာလဲ၊ အမျှားကြီးပဲ'

'သိပ်လှတာပဲတဲ့၊ ဘုရားသခင်လွှတ်လိုက်တဲ့ နတ်သမီးကလေးပဲ ဖြစ်ရမယ်တဲ့၊ ဒါကြောင့် စေတနာကောင်းတာတဲ့၊ ဟိုလူတွေကလည်း နတ်သားတွေ ဖြစ်ရမယ်တဲ့၊ အဲ. . . ဒါပေမဲ့တဲ့. . .'

ပေါင်ဆွမ်းမုန်က သားကြီးကို လက်ညှိုးထိုးပြသည်။ သားကြီး လည်း ထားခဲ့၍ မရပါ။ လိုက်လာပါသည်။

'အဲဒီတစ်ယောက်က လွဲရင်တော့ ယောကျ်ားလေးတွေ ဘယ်သူမှ မလှဘူးနော်တဲ့'

အားလုံး ရယ်မိကြသည်။

ဗိုမီး အဘွားအိုက ချမ်းဟန်လုပ်ပြ၍ ဆက်ပြောသည်။

'အစားအစာတွေ ဝေတော ကျေးဇူးတင်တယ်တဲ့၊ ဒါပေမဲ့ သူချမ်းတာ အနွေးထည် မရှိဘူးတဲ့၊ အနွေးထည် မပါဘူးလားတဲ့'

ခင်နွယ်စိုး မျက်နှာလေး ညှိုးသွားသည်။ တင်ပလ္လင်ခွေ ထိုင်နေ ရာမှ ဒူးထောက်ထထိုင်ပြီး သူ့မိုးကာဂျာကင်ကို ချွတ်သည်။

'နွယ်စိုး'

ချမ်းမြေ့က လှမ်းဟန့်သည်။ ခင်နွယ်စိုးက သူ့ကို မော့ကြည့် သည်။

'နွယ်စိုး မှားလို့ မဖြစ်ဘူးလေ၊ ရှေ့ဆက်ရမှာ အများကြီး ကျန်သေးတယ်'

'ကိုချမ်းမြေ့ကလည်း နွယ်စိုး ခံနိုင်ပါတယ်'



ချမ်းမြေ့ ခဏတွေဝေ စဉ်းစားနေပြီးမှ ဆုံးဖြတ်ချက် ချလိုက် သည်။

ခင်နွယ်စိုးကို လက်ကာပြပြီး မိုးကြီးတို့ သယ်လာပေးသော သူ့ကျောပိုးအိတ်၏ ဇစ်ကိုဖွင့်၍ အထဲက ပလတ်စတစ်အကြည်ဖြင့် သေချာစွာ ထုပ်ထားသော ဆန်ဆန်ပေးထားသည့် ချင်းစောင်ကလေး ကို ဆွဲထုတ်လိုက်သည်။

မိုးကြီး မျက်လုံးပြူးသွားသည်။ သားကြီးကို လှမ်းခေါ်၍ စောင် ဘက်ကို လက်ညှိုးထိုးပြသည်။

ချမ်းမြေ့က စောင်ကလေးကို ခင်နွယ်စိုး လက်ထဲသို့ ထည့် လိုက်သည်။ ခင်နွယ်စိုးက စောင်ကလေးကို မှင်တက်စွာ ကြည့်နေပြီးမှ အသက်ဝင်လာပြီး သူ့ဂျာကင်ကို သုပြန်ဝတ်၍ စောင်ကလေးကို အဘွားအို ပခုံးမှာ ကြင်နာစွာ ခြုံပေးသည်။

အဘွားအိုက ကျေနပ်စွာပြုံး၍ ဗိုမီးဘာသာစကားဖြင့် တတွတ် တွတ် ဆက်ပြောနေသည် ။

မိုးကြီးက အနားရောက်လာပြီး အံ့သြစွာမေးသည်။

'နွယ်စိုးစောင်က ဘယ်လိုလုပ်ပြီး ကိုချမ်းမြေ့အိတ်ထဲမှာ ပါလာ ရတာလဲ'

ခင်နွယ်စိုးက ခေါင်းခါပြသည်။

'အဲဒါ ကိုချမ်းမြေ့ သူ့ဟာသူ ယူလာတဲ့ စောင်ပါ'

မိုးကြီးမျက်လုံး ပြူးသွားသည်။

'ချွတ်စွပ်ကြီးပါလား'

ခင်နွယ်စိုးက သက်ပြင်းချပြီး သူ့ကျောပိုးအိတ်ကလေးကို ဇစ်ဖွင့်၍ သူ့စောင်ကလေးကို ထုတ်ယူသည်။

'ငါ့စောင်က ဒီမှာပါ'

ပြီးတော့ အဘွားဘိုပခုံးကို နောက်ထပ် စောင်တစ်ထပ် ခြုံပေးလိုက်သည်။ ပြီးတော့ နောက်ကို အနည်းငယ်ဆုတ်၍ ဦးချကန်တော့သည်။

'ပါးပါးလေးတွေဟာ၊ နှစ်ထပ်ခြုံနော် အဘွား'

ပေါင်ဆွမ်းမုန်က ဘာသာပြန်ပေးသည်။

ကျန်အဖွဲ့ဝင်များကတော့ အဘွားဘိုထပ်ခြုံထားသည့် ချွတ်စွပ်တူနေသော စောင်နှစ်ထည်ကို အံ့သြငေးမောကြည့်နေကြသည်။

၀

ကျိုက်မဲ့တည်းခိုခန်းရှေ့က ဆုတောင်းတောင်နှင့် တီးတိန်မြို့သည် လရောင်အောက်တွင် ဝိုးတဝါးသာမြင်ရသည်။

မိုးလေအငွေ့မှာ ချမ်းမြေ့စိမ့်ခနဲနေအောင် ချမ်းမိသည်။ လက်ထဲတွင် ကိုင်ထားသော ကော်ဖီခွက်ကို လက်ဖဝါးနှစ်ဖက် ပြိုင်တူဆုပ်ကိုင်ကြည့်တော့ အနည်းငယ် နွေးသယောင်ရှိသည်။

အပြင်မှာက မိုးနှောင်း၊

ရင်ထဲမှာက ဆောင်းရာသီ။

ဆန်ဆန့်ကို ရှာဖို့ မလွယ်တော့ဘူးဆိုတာ သိလိုက်ရသည့် သူ့ရင်က ခြောက်သွေ့သွားတာလား၊ အထီးကျန်ဆန်သွားတာလား၊ ချမ်းစိမ့် တုန်လှုပ်သွားတာလား။ ဒါမှမဟုတ် ဆန္ဒတွေငြိမ်းကျသွားပြီး အေးဆေးငြိမ်သက်သွားတာလားဆိုတာကို ဝေခွဲရခက်လှသည်။ သို့သော် အဲဒါတွေအားလုံးက ဆောင်းတော့ဆောင်းပါပဲ။

'ကိုချမ်းမြေ့ရေ အေးတယ်နော်၊ တစ်နေကုန်ရှုံထားတာ နေမကောင်းဖြစ်ဦးမယ်'

တစ်ခန်းတည်းအတူတည်းနေသည့် မိုးကြီးက အထဲကနေလှမ်းအော်၍ သတိပေးသည်။



'ကော်ဖီတစ်ခွက်ကုန်ရင် ဝင်ခဲ့ပါမယ်၊ ကိုမိုးကြီးရော သောက်ဦးမလား'

'တော်ပါပြီဗျာ၊ သကြားမပါ၊ နို့မပါ ခင်ဗျားကော်ဖီကြီး ခင်ဗျားပဲသောက်'

ချမ်းမြေ့ရယ်၍ လက်ထဲက ကော်ဖီခွက်ကို ငုံ့ကြည့်မိသည်။ နက်စ်ကော်ဖီမှုန့်ကို သည်အတိုင်းရေနွေးနှင့် ဖျော်ထားသောကော်ဖီပါ။ မြန်မာလူမျိုးတို့က ကော်ဖီကို နို့မှုန့်၊ နို့ဆီ၊ ကရင်မ်မာတစ်ခုခုနှင့်သကြားအမြဲထည့်သောက်လေ့ရှိကြသော်လည်း အနောက်တိုင်းသားတို့က ဒီအတိုင်း သောက်တာများသည်။

ကော်ဖီ၏ အင်တီအောက်စီဒင့်ခေါ် ခန္ဓာကိုယ်အတွင်းမှ အဆိပ်အတောက်တချို့ကို ဖယ်ရှားနိုင်စွမ်းနှင့် လန်းဆန်းတက်ကြွစေမှုသည် နို့သကြားတို့ကြောင့် ပျက်တတ်ကြောင်း သိပြီးကတည်းက ချမ်းမြေ့ကော်ဖီကို ကော်ဖီချည်းပဲသက်သက် သောက်ခဲ့ရာမှ အခုတော့ အဲသည် အရသာကိုပင် စွဲနေလေပြီ။

ပြဿနာကတော့ ခရီးသွားလေရာမှာ သရီးအင်ဝမ်းတွေသာရှိတော့ ကော်ဖီမှုန့်ပုလင်းသေးသေးကလေး သယ်လာရတာပင်ဖြစ်သည်။ သူအဲသလိုသောက်နေတာတွေ့၍ ခင်နွယ်စိုးကပင် မေးဖူးသေးသည်။ သူရှင်းပြလိုက်တော့ ခေါင်းသာညိတ်နေသည်။ သောက်မလားမေးတော့ မသောက် အဲသလောက် ပိန်ပိန်ပါးပါးမိန်းကလေးတစ်ယောက်က နို့နှင့် သကြားရှောင်သည်ဆိုလျှင်လည်း တော်တော်ထူးဆန်းသောကိစ္စဖြစ်နေပေလိမ့်မည်။ သို့သော် အဲဒါက အဓိကမကျ၊ အဓိကကျတာကတော့ ခင်နွယ်စိုးသည် သူ့အတွက် ဘယ်သူကမှ ဘာမှ တကူးတကလုပ်ပေးစရာမလိုအောင် နေနေသူဖြစ်နေတာသာ ဖြစ်သည်။

ဝေယျာဝစ္စနည်းလွန်းခြင်း။

ဒါလည်း မြတ်စွာဘုရား ဟောကြားဆုံးမတော်မူသည့်ထဲမှာ ပါ

သည့်လိုက်နာရမည့် အချက်တစ်ချက်ပေပဲမို့ ခင်နွယ်စိုးမှန်သည်ဟု ဆိုရမည်။

ခက်တာက မိန်းမငယ်၊ မိန်းမချောလေးတစ်ယောက်က ကိုယ့်ထက်ဝေယျာဝစ္စနည်းပြီး ဒေါင်လိုက်ကျကျ၊ ပြားလိုက်ကျကျဖြစ်နေတော့ ချမ်းမြေ့ရှက်စွဲ့စွာပင် သည်ကော်ဖီကို ထုတ်မသောက်ဖြစ်တာက များနေပြန်သည်။

ဟာ မဟုတ်သေးဘူးလေ။

ဆန်ဆန့်ကို လာရှာသောခရီးမှာ ရှာလေမတွေ့လေ ဖြစ်နေသော ဆန်ဆန့်အကြောင်းထက် တစ်နေ့ကုန်တွေ့နေရသော ခင်နွယ်စိုးအကြောင်းက ပိုတွေးမိနေတာ သဘာဝမကျလှဘူးဟု ထင်သည်။

အင်း. . . ဆန်ဆန်။

ငါ့မေမေက တောင်တွင်းကြီးမှာဆိုတော့ . . . တဲ့။

တောင်တွင်းကြီးမှာများ ရှိနေလေရော့သလား။ ရှိတော့ရော သူက ဘယ်လိုလုပ်ရှာမှာတဲ့လဲ။ တောင်တွင်းကြီးလည်း ရန်ကုန်က မြို့နယ်တစ်နယ်စာလောက်တော့ ကျယ်မှာပေ့ါ။ သူ့အမေနာမည်ကိုလည်းမသိ။

တွေ့တော့ရော

ကလေးလေးခါးထစ်ခွင်ချီပြီး ထွက်မလာဘူးဟု ပြောနိုင်လို့လား။ ၂၉ နှစ်ဆိုတာ မိန်းကလေးအများစု အိမ်ထောင်ကျပြီးသားအရွယ်ဖြစ်နေပြီဆိုတာလည်း သတိမေ့နေလို့မရ။

သက်ပြင်းတစ်ချက် ထပ်ချမိစဉ်မှာ တည်းခိုခန်းရှေ့လမ်းကလေးပေါ်မှ လက်နှိပ်ဓာတ်မီးရောင်နှစ်ခုကို သတိထားမိသည်။

လူနှစ်ယောက် တည်းခိုခန်းဘက် လျှောက်လာနေကြတာဖြစ်သည်။ စကားပြောသံလည်း သဲ့သဲ့ကြားရသည်။

နီးလာတော့ လူလုံးကွဲစပြုသည်။

ခင်နွယ်စိုးနှင့် သားကြီး



'ဒီမောင်နှမ မနားကြသေးဘူးလား'

သားကြီးက မော့ကြည့်၍ ရယ်ပြသည်။

' ကားပေါ်က ပစ္စည်းလက်ကျန်တွေ သွားရေနေတာ အစ်ကိုရ'

ခင်နွယ်စိုးက သားကြီးကို လှည့်ပြောသည်။

'မောင်လေးနားနှင့်တော့၊ မမ ကိုချမ်းမြေ့နဲ့ ခဏစကားပြောလိုက်ဦးမယ်'

'ဟုတ်ကဲ့ မမ'

သားကြီးက ဆက်လျှောက်သွားသည်။ ခင်နွယ်စိုးက သူရပ်နေရာ ဝရန်တာသို့ တက်လာ၍ အတူလာရပ်သည်။

'ငါအိပ်နေပြီနေ့'

မိုးကြီးက အထဲက လှမ်းအော်သည်။

'နင့်လည်း ဘယ်သူမှ မခေါ်ဘူး'

ခင်နွယ်စိုးက ပြန်အော်၍ ကျီစယ်ပြီး ချမ်းမြေ့ဘက်လှည့်ကြည့်၍ ရယ်သည်။ ချမ်းမြေ့လက်ထဲက ကော်ဖီခွက်ကို လှမ်းကြည့်သည်။ ချမ်းမြေ့က ကမ်းပေးသည်။ ခေါင်းခါ၍ ရယ်သည်။

ထုံးစံအတိုင်း မျက်နှာပေါ်မှာ ဘာမှမခြယ်မသဘဲ ကြည်လင်သန့်စင်စွာ လှပနေပြန်ပါသည်။ ခေါင်းစွပ်တော့ ချွတ်ထားသဖြင့် ဆံနွယ်များက လေတိုက်တိုင်း ယိမ်းခါနေကြသည်။

'ကိုချမ်းမြေ့ကို ဗျူးမလို့'

'ပြောလေ နွယ်စိုး'

'ကိုချမ်းမြေ့ဘာလို့ အဲဒီလောက် စွန့်စားရတာလဲ၊ မနက်က ချောင်းအကူးက သိပ်အန္တရာယ်များလွန်းတယ်'

ချမ်းမြေ့ တိုးတိုးရယ်သည်။

'အဲဒါ ဘာထူးဆန်းလို့လဲ၊ နွယ်စိုးတို့လည်း စွန့်စားတာပဲ'

'နွယ်စိုးတို့က ဒီကိစ္စအတွက် လာကြတာလေ၊ ကိုချမ်းမြေ့က

ကိုချမ်းမြေ့လာတဲ့ကိစ္စ ပျက်သွားပြီဆိုတာသိပြီးမှ စွန့်တားတာ'

ပြောပြီးမှ အားနာသွားဟန်နှင့် ဆောရီးနော် ဟု တိုးတိုးပြောပြန်သည်။ သူက တွေဝေစဉ်းစားနေပြီးမှ ဖြည်းဖြည်း ဖြေသည်။

'နွယ်စိုးတို့မှာ ဦးတည်ချက်ရှိတယ်၊ ဒုက္ခရောက်နေတဲ့သူတွေကို ကူညီချင်တာ။ တို့မှာလည်း ဦးတည်ချက်ရှိတယ်၊ ဆန်ဆန့်ကို ရှာချင်တာ၊ ဆန်ဆန့်ကို ရှာမတွေ့နိုင်တော့ဘူးဆိုတာ သိလိုက်တော့ တို့ ဦးတည်ချက် ခဏပြောင်းလိုက်တယ်၊ နွယ်စိုးတို့နဲ့အတူ ဒုက္ခရောက်နေတဲ့ လူတွေကို ကူညီမယ်လို့၊ အဲဒီဦးတည်ချက်ကို ပြောင်းလိုက်တော့ စွန့်စားရတာ ပိုအဓိပ္ပာယ် ရှိသွားသလိုပဲ'

ခင်နွယ်စိုးက ကျေးဇူးပဲ ကိုချမ်းမြေ့ . . . ဟု တိုးတိုးပြော၍ ငြိမ်စဉ်းစားနေသည်။ ခဏနေမှ ဆံနွယ်ကလေးတွေ လွင့်ပျံအောင် လှည့်ကြည့်၍ ပြုံးစူစူမျက်နှာထားနှင့် မေးသည်။

'ဒါနဲ့ပဲ ဆန်ဆန့်တဘက်ပါ လျှပစ်လိုက်တာပေါ့ ဟုတ်လား'

ချမ်းမြေ့ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

'ဆန်ဆန့်တဘက်မှန်း နွယ်စိုးဘယ်လိုလုပ်သိသလဲ'

ခင်နွယ်စိုးက ရယ်သည်။

'မိန်းကလေးတဘက်၊ အရောင်လည်း ပြယ်စပြုနေပြီ။ ဆန်ဆန်က ချင်းလူမျိုး၊ ကိုချမ်းမြေ့က သွားလေရာ သယ်လာတယ်၊ ရှင်းနေတာပဲ၊ ဆန်ဆန် မမှတ်မိရင် ထုတ်ပြမယ့် အမှတ်တရပစ္စည်း မဟုတ်ဘူးလား'

ချမ်းမြေ့ ရှက်ရယ် ရယ်၍ ဟုတ်တယ်ဟု ပြောလိုက်သည်။

'အဲဒါဘာလို့ ပေးပစ်လိုက်တာလဲ၊ ကိုချမ်းမြေ့ဆန်ဆန့်ကို မရှာတော့ဘူးလား'

ချမ်းမြေ့ ခေါင်းခါသည်။

'ရှာမှာပါ။ ပေးပစ်လိုက်တာ မဟုတ်ပါဘူး၊ တကယ်လိုတဲ့သူတွေ



တော့ မနေနိုင်လို့ လှူတာပါ။ ဆန်ဆန်သိရင်လည်း သာဓုခေါ်မှာပါ'

'သာဓုခေါ်မှာလား၊ ဂေါ်ဇလက်စ်ယူ ပြောမှာလား ကိုချမ်းမြေ့'

ဆန်ဆန် ဘာ ဘာသာဝင်မှန်းတောင် သူ မသိသည်ကို ကျိစယ်ပြန်သဖြင့် ရယ်မိရပြန်သည်။

'နွယ်စိုးကရော ဟိုအဘွားကိုဘာလို့ ကန်တော့တာလဲ၊ သူလည်း ခရစ်ယာန်ဘာသာဝင်ပဲ ဖြစ်မှာပဲ'

ခင်နွယ်စိုးက ခေါင်းခါသည်။

'အဘွားအရွယ်မို့ အဘွားလို့ကန်တော့တာပဲ၊ ဘယ်ဘာသာဝင်ဖြစ်ဖြစ် အရေးမကြီးပါဘူး၊ နွယ်စိုးကလေ လှူဒါန်းတဲ့အခါကျရင် အလှူခံတဲ့ ပုဂ္ဂိုလ်ကို ကိုယ်နဲ့တန်းတူ ဒါမှမဟုတ် ကိုယ့်အပေါ်မှာပဲထားပြီး လှူချင်တယ်။ သူတို့မရှိလို့ သွားပေးတဲ့ပုံစံမျိုး မလုပ်ချင်ဘူး၊ တချို့လုပ်ကြတယ်၊ အဲဒါမျိုး နွယ်စိုးရှေ့တွေ့ရင်လည်း ရန်ဖြစ်ပစ်လိုက်တာပဲ'

ချမ်းမြေ့ ခေါင်းတဆတ်ဆတ်ညိတ်မိသည်။ ဓာရဏာပရိတ်ရွတ်တာ တစ်ခါမှ မတွေ့ဖူးသော်လည်း လုပ်သမျှပြောသမျှ အားလုံးမှာ ဆင်ခြင်တတ်သည့် ဉာဏ်ကလေးကပ်ပါနေသည်မှာ ထူးခြားလှသော မိန်းကလေးပါပဲ။

'ကဲလေ ထားပါ။ ရန်ကုန်ကျရင် ကိုချမ်းမြေ့က ဆန်ဆန်တို့ ခရစ်ယာန်အဖွဲ့ကို လိုက်စုံစမ်းမှာ၊ နွယ်စိုးတို့က 'ဟိုက်ပါ' ကို တက်မှာ ဆိုတော့ ပြန်လာရင် ဆုံချင်မှဆုံမှာနော်၊ တစ်လျှောက်လုံးကူညီခဲ့တာ ကျေးဇူးတင်တယ်ပြောချင်လို့၊ သိလား'

ခင်နွယ်စိုးလက်ကလေးပြ၍ ထွက်သွားသည်အထိ ချမ်းမြေ့ဘာမှ ပြန်မပြောနိုင်။ ရင်ထဲက ဆောင်းက အအေးဓာတ်သိပ်သည်းလွန်းနေခဲ့သည်။

•

## (၁၃)

သားကြီးတို့အိမ်ကို ချမ်းမြေ့ရောက်သွားတော့ မနက် ၈ နာရီပဲ ရှိသေးသည်။ အိမ်ဖော်မကာလေးကို ကြိုမှာထားဟန်တူသည်။ ချမ်းမြေ့ကို ဧည့်ခန်းထဲသို့ ခေါ်သွားပြီး ခဏစောင့်ခိုင်းသည်။

ဧည့်ခန်းထဲမှာ သားကြီးထက် အနည်းငယ်ငယ်မည့် မိန်းကလေး တစ်ယောက်ရှိနေသည်။ ဧည့်ခန်းစားပွဲပေါ်မှာ လက်ပ်တော့ကွန်ပျူတာ တစ်လုံးနှင့် အလုပ်ရှုပ်နေရာက မော့ကြည့်၍ ဖော်ရွေစွာ ပြုံးပြသည်။

'အစ်ကို ချမ်းမြေ့နဲ့တူတယ်၊ ခဏလေးစောင့်ပါနော်၊ ကိုကိုက တစ်ညလုံးမအိပ်ဘဲ အလှူရှင်စာရင်းတွေ ထိုင်လုပ်နေလို့ အခုပဲ အတင်းကော်ဖီသွားသောက်ခိုင်းပြီး ညီမက ဆက်လုပ်ပေးနေတာ'

ဪ် သားကြီးညီမ သမီးငယ်ဆိုတာကိုး။

ကပိုကရိုတီရှပ်နှင့် မြန်မာလုံချည်နိုးနိုးကလေးသာ ဝတ်ထားသော်လည်း ယဉ်စစနှင့် လှသည့်မိန်းကလေးပါပဲ။ ပါးပေါ်က သနပ်ခါးပါးကွက်ပင် မခြောက်သေးတော့ သူလည်း အိပ်ရာထ ရေမိုးချိုးပြီးခါစဟု ခန့်မှန်းရသည်။ ချမ်းမြေ့သူ့ဘေးက ဆက်တီမှာ ဝင်ထိုင်သည်။

အလို။

သမီးငယ်၏ မျက်နှာကို ဘုံသြစွာတစ်ခေါက်ပြန်ကြည့်သည်။

ဘာဖြစ်လို့ သားကြီး၏ ညီမမျက်နှာက သားကြီးနှင့်မဆင်ဘဲ ခင်နွယ်စိုးနှင့် သွားဆင်နေရတာတဲ့လဲ။

သမီးငယ်က တစ်ချက်ပြန်မော့ကြည့်တော့ အကြည့်ချင်းဆုံသွားသည်။ ချမ်းမြေ့ ရှက်ကိုးရှက်ကန်းနှင့် ရှင်းပြသည်။

'ဆောရီးနော်၊ တို့က . . . ဟိုလေ'

'မမနွယ်စိုးနဲ့ တူနေလို့ အံ့ဩနေတာလား'

'ဟာ ဟုတ်တယ်'

သမီးငယ်က ကြည်လင်စွာ ရယ်သည်။

'စိတ်မပူပါနဲ့၊ ညီမက သားကြီးညီမလား၊ ခင်နွယ်စိုး ညီမလား ခဏခဏအမေးခံရလို့ ရိုးနေပါပြီ၊ ဟိုမှာ ကြည့်လေ'

နံရံပေါ်မှာ ချိတ်ထားသည့် ဓာတ်ပုံတစ်ပုံကို လှမ်းပြသည်။

ချမ်းမြေ့ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

ဓာတ်ပုံထဲက မိန်းမပျို၏ဝတ်စားပုံကိုကြည့်လျှင် အနည်းဆုံး လွန်ခဲ့သည့် အနှစ်နှစ်ဆယ်လောက်ကပုံ ဖြစ်လိမ့်မည်ဟု ခန့်မှန်းနိုင်သော်လည်း ရုပ်က ခင်နွယ်စိုးဖြစ်နေပါသည်။

တစ်ခုတော့ ရှိသည်။

ထိုမိန်းမပျိုက ပါဝါမျက်မှန်တစ်လက် တပ်ထားသည်။

'မေမေလေ ဒေါ်ဆွေဆွေတဲ့'

ချမ်းမြေ့အံ့ဩစွာဖြင့် ခေါင်းတဆတ်ဆတ်ညိတ်မိသည်။ မျက်မှန်သာ တပ်မထားလျှင် ခင်နွယ်စိုးဟု ထင်ရလောက်သော အမျိုးသမီးကြီးက မွေးသောသမီး ခင်နွယ်စိုးနှင့်လာဆင်နေတာ အံ့ဩစရာမရှိတော့ပါ။

'ဘာမှတော့ မတော်ပါဘူး၊ ဒီလိုပဲ သွားဆင်နေတာ'

သမီးငယ်က အတိုချုပ်ရှင်းပြသည်။



ပြီးတော့ သူဖွင့်ထားသော ကိန်းဂဏန်းများပါသည့်ဇယား အိတ်ဇဲလ်ကို ဆေ့(ဗ်) လုပ်၍ ပိတ်လိုက်သည်။

သူ့ကွန်ပျူတာစခရင်ကို လှမ်းမြင်နေရ၍ အဲသည်စခရင် ဒက်စ်တော့ပ်ပေါ်မှာ တောဆောင်းဦးထုပ်ဆောင်း၍ ပါဝါမျက်မှန်တပ်ထားသော မိန်းမပျိုတစ်ဦး နေကြာပန်းခင်းထဲမှာ ရပ်နေသည့်ပုံတင်ထားတာလည်း လှမ်းမြင်လိုက်သည်။ အင်္ဂလိပ်စာသားတချို့လည်း ရှိနေသော်လည်း တစောင်းကမို့ ဖတ်၍မရ။

'ဒါလည်း မေမေပေါ့၊ ဟုတ်လား'

'အဲတော့၊ ကိုကိုဆူတော့မှာပဲ'

သမီးငယ်က လျှာကလေးတစ်လစ်ထုတ်၍ ကွန်ပျူတာအဖုံးကို ပိတ်လိုက်သည်။ ပြီးတော့ ချမ်းမြေ့ဘက်လှည့်၍ ရယ်ပြသည်။

'ကိုကို့ကို သွားမမေးနဲ့နော်၊ အဲဒါက မမနွယ်စိုးပုံ'

ချမ်းမြေ့ခေါင်းခြောက်သွားသည်။

သားငယ်က ဘာဖြစ်လို့ သူ့ကွန်ပျူတာဒက်စတော့ပ်မှာ ခင်နွယ်စိုးပုံကို တင်ထားရတာလဲ။

ပြီးတော့ ခင်နွယ်စိုးက ဘာလို့မျက်မှန်တပ်ထားရတာလဲ။ မေးလို့ရသည်ထင်သော မေးခွန်းကိုပင် အရင်မေးလိုက်သည်။

'နွယ်စိုးက ဘာလို့ မျက်မှန်နဲ့ ဖြစ်နေတာလဲ'

သမီးငယ်က ပခုံးတွန့်ပြသည်။

'မမနွယ်စိုးက တစ်သက်လုံးမျက်မှန်နဲ့ပဲ၊ သူ့မျက်မှန်ပါဝါတွေ အလိုလိုလျော့ကျပြီး ချွတ်လိုက်ရတာ နှစ်နှစ်လောက်ပဲ ရှိသေးတယ်၊ ဘာဖြစ်လို့ အဲသလိုဖြစ်သွားသလဲဆိုတာတော့ တကယ့်မစ်စထရီပဲ၊ မျက်စိအထူးကုဆရာဝန်တောင် အဖြေရှာမတွေ့ဘူး'

ချမ်းမြေ့ ခြေဖျားလက်ဖျားများ အေးစက်သွားသည်။

ဆန်ဆန်ဆိုတာ မျက်မှန်အထူကြီးနဲ့ ခင်ဗျားလို မလှပါဘူးဟု သူ ခင်နွယ်စိုးကိုပြောခဲ့သော စကားကို ပြန်သတိရမိသည်။

ဘို ဘာဆိုင်လို့လဲ။

ဆန်ဆန်ဆိုတာ မောင်ရှာက ချင်းမလေး။ ခင်နွယ်စိုးဆိုတာက ရန်ကုန်မှာ ကြီးပြင်းပြီး သြစတြေးလျနိုင်ငံက ဘွဲ့ရခဲ့ရုံသာမက သြစတြေးလျအမျိုးသားတက္ကသိုလ်၏ စံပြကျောင်းသူဟောင်းဆု (Medal of Australian National University) ပါ ရခဲ့ဖူးသည့် မြန်မာလူမျိုး သူဋ္ဌေးသမီး ပရဟိတသူရဲကောင်းမကလေး။ ဘဝချင်းက တခြားစီ။ ဒါကို သူဘာဖြစ်လို့ အမြဲဆက်စပ်ပြီး တွေးတွေးနေမိသလဲ သူဟာသူ တောင် စဉ်းစား၍မရ။

သူမီးဖိုခန်းအဝင် တံခါးဘက်သို့ ဖျတ်ခနဲတစ်ချက်လှမ်းကြည့်ရင်း သမီးငယ်ကို တိုးတိုးဆက်မေးသည်။

'သားကြီးနဲ့ နွယ်စိုးက. . .'

သမီးငယ်က ဇက်ပု၍ လျှာထုတ်ပြ၍ တိုးတိုးဖြေသည်။

'ညီမပြောတာ မသိစေနဲ့နော်၊ ချစ်တယ်ဆိုတာကို ဖွင့်ပြောရမှာ အားနာနေမိတဲ့အထိ မြတ်မြတ်နိုးနိုးချစ်နေတာတဲ့၊ ဒါပဲ'

ချမ်းမြေ့ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

'နွယ်စိုးက မသိဘူးပေါ့၊ ဟုတ်လား'

'သိမှာပေါ့၊ သူ့ဟာက ဖွင့်သာ မပြောတာ၊ သူငယ်ချင်းတွေ အားလုံးသိတာပဲဟာ၊ ဟိုက အဖြေပေးရမှာစိုးလို့ မသိချင်ယောင်ဆောင် နေတာ နေမှာပေါ့၊ မမနွယ်စိုးကလည်း သံမဏိစည်းကမ်းကြီး နှစ်ချက် နဲ့လေ'

'ဘာနှစ်ချက်လဲ'

'တစ်ကအဖွဲ့ဝင်တွေခရီးစရိတ်၊ စားစရိတ်ကို အလှူငွေကနေ မသုံးရတဲ့၊ ကိုယ့်စားစရိတ်က ကိုယ့်အလှူပဲ ဖြစ်ရမယ်ပေါ့၊ နှစ်က အဖွဲ့



သားအချင်းချင်း ဇာတ်လမ်းမဖြစ်ရတဲ့၊ အဖွဲ့စည်းရုံးရေးထိခိုက်မှာ စိုးလို့ တဲ့လေ'

'အစ်ကို ရောက်နေပြီလား၊ ဆောရီးနော်'

သားကြီးအသံပေါ်လာသဖြင့် ချမ်းမြေ့နှင့်သမီးငယ် ကိုယ်ရှိန် သတ်၍ လှည့်ကြည့်သည်။

သားကြီးက အဝတ်ပါလဲထားပြီးပုံပေါ်သည်။ စတစ်ကော်လာ အင်္ကျီဖြူနှင့် လုံချည်အကွက်ကလေးနှင့်။

'ညီ၊ ညက အိပ်မထားရဘူးဆို၊ ဖြစ်ပါ့မလား'

'ဖြစ်ပါတယ် အစ်ကိုရဲ့၊ ကျွန်တော် မအိပ်တာက နိုးနေပြီ၊ ပြီး တော့ ဒီကိစ္စမျိုးဆို ပါရမီဖြည့်ချင်လွန်းလို့'

ချမ်းမြေ့က ရယ်သည်။

'နွယ်စိုးသိရင် သူ့မောင်ကို ခိုင်းစားရမလားလို့ စိတ်ဆိုးနေပါဦး မယ်ကွာ'

'ဟာ မပူနဲ့၊ မမက 'ဟိုက်ပါ' မတက်ခင်ကတည်းက သေသေ ချာချာမှာသွားတာ၊ ကိုချမ်းမြေ့ကို ကင်ကင်ကို ထောက်ပံ့တဲ့ဖာသာနဲ့ ဆုံမိတဲ့အထိ သေသေချာချာလိုက်ပို့လိုက်တဲ့'

ပြောရင်းက ရယ်၍ ဆက်ပြောသည်။

'ဟိုက်ပါ မလိုက်ရလို့ ကျွန်တော်ဂျိုကျမှာစိုးလို့ တမင်အလုပ်ရှာ ခိုင်းခဲ့သလားတော့ မသိဘူးပေါ့ အစ်ကိုရာ'

နှစ်ယောက်သား ရယ်မိကြသည်။

၀

ခရစ်ယာန်ဘုရားကျောင်းဝင်းက ပျမ်းမျှထက် တော်တော်ကျယ်ကျယ်ဝန်း ဝန်းရှိသလို အဆောက်အအုံကြီးတွေ၊ သစ်ပင်ကြီးတွေ တော်တော် များများစားစားရှိလှတော့ အရိပ်အာဝါသလည်း ကောင်းလှသည်။

မြန်မာပြည်မှာ အထူးသဖြင့် ရန်ကုန်မြို့မှာ ကွက်လပ်မြင်တိုင်း ပုဂ္ဂလိကဆောက်လုပ်ရေးကို ထိုးရောင်းခဲ့တာကြာပြီဆိုတော့ လမ်းတွေ၊ အိမ်တွေ ပြွတ်သိပ်နေသော ပတ်ဝန်းကျင်ထဲမှာ သည်ဘုရားကျောင်းကလေးက ကောင်းကင်ဘုံကလေးနှင့် တူနေသည်။

ပုဏ္ဏရိက်စည်းရိုးကလေးများ ဘေးတစ်ဖက်တစ်ချက်မှ ကာရံထားသော လူသွားလမ်းကလေးအတိုင်း ခရစ်ယာန်ဘုန်းတော်ကြီးရယ်၊ သားကြီးရယ်၊ ချမ်းမြေ့ရယ် သုံးယောက်လမ်းလျှောက်လာရင်း ချမ်းမြေ့ စကားဘယ်လိုစရမလဲ ကြံစည်နေသည်။

ဘုန်းတော်ကြီးက အိန္ဒိယနွယ်ဖွားဖြစ်သည်။ အသက် ၆၀ လောက် ရှိမည်။ အသားအရေ မည်းနက်သော်လည်း မျက်နှာက အေးချမ်းလှသည်။

မေးရင်တော့ ဖြေမယ့်ပုံပါပဲဟု ဖြေတွေးလေး တွေးမိသည်။

ဘုန်းတော်ကြီးက သွားဖြူဖြူများပေါ်အောင်ရယ်၍ မေးသည်။

'လူပျောက်ရှာနေကြတာလား သားတို့'

ချမ်းမြေ့ အမ်းသွားသည်။

'ဟုတ်ပါတယ်၊ ဖာသာ၊ ဖာသာ ဘယ်လိုလုပ် . . .'

'တရားလာရှာတာ မဟုတ်မှန်း သိနေတာပဲဟာ'

ဘုန်းတော်ကြီးက ရယ်တော့ သုံးယောက်သား လိုက်ရယ်မိကြသည်။

ချမ်းမြေ့အနည်းငယ် ရဲတင်းလာပြီး စမေးသည်။

'လာရပ်ကင်ဆိုတဲ့ ချင်းလူမျိုး ကျောင်းဆရာမကလေးတစ်ယောက် ဖာသာတို့ ချပ်ချ်က အစီအစဉ်နဲ့ နိုင်ငံခြားကို ပညာသင်ဖို့ ပို့ပေးဖူးတယ်ဆိုလို့ပါ၊ ဖာသာများ မှတ်မိမလား မသိဘူး'

ဘုန်းတော်ကြီးက ပြုံး၍ ခေါင်းညိတ်ပြသည်။

'ကြာပြီပဲ၊ တော်တယ်၊ အဲဒီဆရာမကလေး၊ အခု စင်ကာပူက ခရစ်ယာန်ပရဟိတအဖွဲ့တစ်ဖွဲ့မှာ ဝင်လုပ်နေတယ်၊ အဖွဲ့နာမည်



အပြည့်အစုံတော့ မသိဘူး၊ တပ်ချ်ဟတ် (Touched Heart) ဆိုတာတော့ ပါတယ်၊ သူကတော့ . . . အာဖရိကဘက်မှာလို့ ကြားတာပဲ၊ သားတို့ထက်တော့ တော်တော်ကြီးလောက်တယ်၊ ဘာဖြစ်လို့ ရှာနေကြတာလဲ'

ချမ်းမြေ့အနည်းငယ် အားတက်သွားသည်။

'ရှာနေတာက သူ့ညီမ ကျွန်တော့်သူငယ်ချင်း လာရပ်ဆန်ဆိုတာကို ရှာနေတာပါ ဖာသာ၊ လာရပ်ဆန်ကိုရော ဖာသာ သိပါသလား'

ဘုန်းတော်ကြီးက လမ်းလျှောက်နေရာက ရပ်၍ လှည့်ကြည့်ပြီး ခေါင်းခါပြသည်။

'သူ့မှာ ညီမမှ မရှိတာ'

ချမ်းမြေ့ရင်ထဲတွင် ဆို့နင့်သွားသည်။

'ဖာသာတို့ကို ပြောမပြတာများ ဖြစ်နေမလား'

ဘုန်းတော်ကြီးက ရယ်သည်။

'သူ့ကို ငယ်ငယ်ကလေးကတည်းက တို့တစ်တွေ ပညာသင်ပေးခဲ့တာပါ။ ဘယ်လိုလုပ် ညီမ ရှိမှာလဲ'

ချမ်းမြေ့ စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

'ဆန်ဆန် အဲ လာရပ်ဆန်က ပြောပြဖူးတာက သူက ပလက်ဝထဲက မောင်ရွာမှာ အလုပ်လုပ်နေတဲ့ ကျောင်းဆရာမလေး လာရပ်ကင်ရဲ့ ညီမတဲ့၊ သူ့အဖေနဲ့အမေက အဆင်မပြေကြဘူးတဲ့၊ အမေကတော့ တောင်တွင်းကြီးမှာတဲ့၊ ကျွန်တော်က ဆန်ဆန်ကို စစ်တွေမှာ စသိတာ၊ မောင်ရွာလည်း ရောက်ခဲ့ဖူးတယ်'

ဘုန်းတော်ကြီးက ခေါင်းညိတ်ပြသည်။

'ကင်ကင် ပလက်ဝဘက်မှာ သွားအလုပ်လုပ်ခဲ့တာတော့ အမှန်ပဲ၊ နောက်တွန်းဇံဘက် ရောက်သွားတယ်၊ အဲဒီကနေ တို့တစ်တွေ နိုင်ငံခြားပို့ပေးလိုက်တာ၊ ကင်ကင်မှာ ညီမ မရှိတာတော့ သေချာတယ်၊ အမေလည်း တောင်တွင်းကြီးမှာ ရှိမနေတာတော့ သေချာတယ်'

'ဘာဖြစ်လို့လဲ ဟာသာ'

'ကင်ကင်က မိဘမဲ့ပါ။ နဂိုကတည်းက ချပ်ချ်ရှေ့မှာ လာပစ်သွားတာကို စစ္စတာတစ်ယောက်ကတွေ့ပြီး ပြုစုစောင့်ရှောက် ပေးခဲ့တာပါ။ တစ်ကောင်ကြွက်စစ်စစ်ပါ'

ချမ်းမြေ့ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ဘုန်းတော်ကြီးက ခပ်လှမ်းလှမ်းမှာ ရပ်နေသော ဝန်ထမ်းတစ်ယောက်ကို လက်ပြ၍ခေါ်လိုက်သည်။

'စစ္စတာမေရီ ရှိလား မသိဘူး၊ သွားခေါ်စမ်းပါ'

ဝန်ထမ်းက ပြန်လှည့်ထွက်သွားသည်။

ဘုန်းတော်ကြီးက ချမ်းမြေ့ကို လှည့်ပြောသည်။

'စစ္စတာမေရီဆိုတာ ကင်ကင့်ကို တစ်သက်လုံးစောင့်ရှောက်ခဲ့တဲ့ မွေးစားအမေပဲ၊ သားတို့ သူ့ကိုမေးလိုက်ရင် ရင်ထဲမှာ ရှင်းသွားမှာပါ'

ဘုန်းတော်ကြီးက အနားက ခုံတန်းရှည်ကလေးကို ပြသည်။ ချမ်းမြေ့၊ ဘုန်းတော်ကြီး၊ သားကြီးတို့နှင့်အတူ စိတ်ပျက်လက်ပျက် ဝင်ထိုင်သည်။

၀

စစ္စတာမေရီမှာ ဟာသာထက်ပင် အသက်ကြီးပုံရသော သီလရှင်တစ်ဦးဖြစ်သည်။ ချင်းလူမျိုးဟု သိရသည်။

သူက လာရပ်ကင်သည် မိဘမဲ့တစ်ကောင်ကြွက်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

'ဒါဆို စစ္စတာလည်း လာရပ်ဆန်ကို မသိဘူးပေါ့'

စစ္စတာက မျက်မှောင်ကြုတ်စဉ်းစားနေသည်။ ပြီးတော့ ဟာသာကို မော့ကြည့်သည်။ ဟာသာက ခေါင်းခါပြသည်။



ချမ်းမြေ့ရင်ခုန်စွာ ဆက်စောင့်နေသည်။ စစ္စတာက ဆက်၍ အကြာကြီး စဉ်းစားနေသည်။ အသက်အရွယ်အရ တချို့ကိစ္စတွေများ မေ့လျော့နေလေရောသလား။ ခဏနေတော့ လက်ညှိုးထောင်ပြသည်။

'ဟိုကလေးမကလေး ဖြစ်မယ်'

ချမ်းမြေ့ရော သားကြီးပါ အားတက်သရော ရှေ့တိုးလာကြသည်။

'ဘယ်သူလဲ၊ စစ္စတာ'

'ကင်ကင်က အိမ်တွေမှာ လိုက်အင်္ဂလိပ်စာသင်ပေးသေးတယ်၊ အဲဒါ အိမ်တစ်အိမ်က ကလေးမလေးတစ်ယောက်ကို သူ့ညီမလေးလိုပဲ အရမ်းချစ်နေတာ မှတ်မိတယ်၊ သူ့ဒီကို ခေါ်လာတော့ ကလေးမလေးက ခုနစ်တန်း၊ ရှစ်တန်းအရွယ်ပေါ့၊ သူ့ညီမလေးတစ်ယောက် ရထားတယ်၊ စစ္စတာသူ့ကို နာမည်ဆင်တူမှည့်ပေးပါဦးလို့ ပြောတော့ 'လာရပ်ဆန်' လို့ ခေါ်ပေါ့လို့ ပြောမိသလိုပဲ၊ နောက်ပိုင်းလည်း သူအဲဒီအိမ်ကို ဝင်ထွက်နေတယ် ထင်တယ်၊ သူပလက်ဝသွားပြီး နောက်ပိုင်းတော့ မတွေ့မိတော့ဘူး၊ ဟိုတော့ ပါသွားစရာ အကြောင်းမရှိဘူးထင်တယ်'

ချမ်းမြေ့ စိတ်လှုပ်ရှားစွာဖြင့် မေးသည်။

'မြန်မာလူမျိုးပဲလား စစ္စတာ'

'ထင်တယ်၊ ခရစ်ယာန်တော့ မဟုတ်ဘူး'

'မျက်မှန်ပါသလား စစ္စတာ'

'အထူကြီးပဲ'

ချမ်းမြေ့နှင့်သားကြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြပါသည်။

၀

အပြန်လမ်းတွင် တစ်ယောက်တည်း တိတ်ဆိတ်စွာ ပြုံးနေသော ချမ်းမြေ့ကို လှည့်ကြည့်၍ သားကြီးက မေးသည်။

'အစ်ကို ဘာတွေပျော်နေတယ် ကျွန်တော်စဉ်းစားလို့ကို မရဘူး၊ လမ်းက ပျောက်နေတုန်းပဲဟာ'

ချမ်းမြေ့က ကားမောင်းနေသော သားကြီးကို လှည့်ကြည့်၍ ရယ်ပြသည်။

'ဒီလောက်မပျောက်တော့ပါဘူး သားကြီးရဲ့၊ ဒီအတိုင်းဆို သူ ရန်ကုန်မှာပဲ ရှိနေဖို့ များနေပြီဥစ္စာ'

'နာမည်ရင်းတောင် မသိတဲ့ မိန်းကလေး တစ်ယောက်ကို စင်ကာပူနဲ့ ဆတူလောက် လူဦးရေရှိတဲ့မြို့မှာ အစ်ကိုက ဘယ်လိုရှာမလို့လဲ၊ တစ်လမ်းဝင်တစ်လမ်းထွက် လိုက်ဖော်မလို့လား'

ချမ်းမြေ့က ရယ်သည်။

'လာရပ်ကင်က စင်ကာပူမှာရှိတဲ့ အဖွဲ့အစည်းနဲ့ ချိတ်ထားတယ် ဆိုရင်ရပြီလေကွာ၊ အစ်ကိုပြန်ရင် အဲဒီအဖွဲ့ကို သွားစုံစမ်းမယ်၊ လာရပ်ကင်ရဲ့ အီးမေးလ်လောက်ရရင် ပွဲသိမ်းပြီပေါ့ကွာ'

ချမ်းမြေ့က ခေါင်းညိတ်ပြသည်။

'တွေ့ပြီဆိုပါစို့ အစ်ကိုရာ၊ သေချာတာတစ်ခုက သူ့နာမည်က လာရပ်ဆန်လည်း မဟုတ်၊ ချင်းလူမျိုးလည်း မဟုတ်၊ ရေဘေးဒုက္ခသည်လည်း မဟုတ်တာသေချာနေပြီ၊ အစ်ကို့ရည်ရွယ်ချက်က အရင်အတိုင်းပဲလား'

ချမ်းမြေ့ အာစေးမိသွားပါသည်။

၀

ချမ်းအေးလှသော ဆောင်းည၏အလယ်ကို ချမ်းမြေ့တစ်ယောက်တည်း ရောက်နေသည်။ တစ်ယောက်တည်းဆိုတာမှ တကယ့်ကို တစ်ယောက်တည်း။



ပတ်ဝန်းကျင်မှာ လူမပြောနှင့် ခွေးတစ်ကောင်ကြောင်တစ်မြီးမှ မရှိ။

ခပ်ဝေးဝေးက ခွေးအူသံသဲ့သဲ့ကိုတော့ ချောက်ချားဖွယ်ရာ ကြားရသည်။

ဘာအဆောက်အအုံမှလည်း မရှိ။ သစ်ပင်၊ ဓာတ်တိုင်တို့လည်း မရှိ၊ ရှိလျှင်လည်း မြင်ရမှာမဟုတ်။

လရောင်သဲ့သဲ့အောက်တွင် နှင်းထုက ကိုယ့်လက်ဖဝါးကိုယ်ငုံ့ကြည့်လျှင်တောင် မြင်ဖို့ခက်လောက်အောင် ထူထဲလှသည်။

ချမ်းလိုက်တာလည်း လွန်ပါရော။ တုန်ပါတုန်နေသည်။

ဘယ်လို အရပ်မျိုးပါလိမ့်။

ချမ်းမြေ့စမ်းတဝါးဝါးနှင့် ရှေ့ဆက်လျှောက်လာသည်။

ခြေထောက်က ပျော့စိစိရှည်မျောမျောအရာတစ်ခုကို နင်းမိမလိုဖြစ်၍ လန့်ပြီးနောက်ဆုတ်လိုက်သည်။

မြွေများလား။

ငုံ့ကြည့်တော့လည်း သေသေချာချာ မမြင်ရ။

ကြောက်ကြောက်နှင့်ပင် အရဲကိုးပြီး ဖြည်းဖြည်းချင်းထိုင်ချ၍ ငုံ့ကြည့်တော့ ရေးတေးတေးမြင်ရသည်။ မြွေဖြစ်ဖို့တော့ နည်းနည်းတုတ်လွန်းနေသလိုပင်။ .

ထပ်အရဲကိုး၍ ကောက်ကိုင်ကြည့်ပြီးမှ လန့်ပြီးပြန်လွှတ်ချလိုက်သည်။ လူ၏ လက်ပြတ်ကြီးပါလား။ သွေးပင်မခြောက်သေး။

လေတစ်ချက်အဝှေ့မှာ ငိုညည်းသံတချို့ကို သဲ့သဲ့ကြားရသည်။

ဘုရား. . . ဘုရား။ ငါသေသွားပြီး ငရဲကိုများ ရောက်နေတာလား။

ခပ်ဝေးဝေးက စက်သေနတ်အတွဲလိုက် ပစ်သံသဲ့သဲ့ကိုလည်း ကြားရသည်။ ဒါဆို စစ်မြေပြင်ပေါ့။ ငရဲမှာ စက်သေနတ်ဘယ်ရှိမှာတဲ့လဲ။

မိုင်းတွေလည်း ရှိနေမှာပေါ့။

ချမ်းမြေ့ရှေ့ဆက်မလျှောက်ရဲတော့ဘဲ ရပ်နေမိသည်။

'ချမ်းမြေ့ရေ ချမ်းမြေ့ရေ'

လေထဲမှာ အသံသဲ့သဲ့လေး စီးမျောလာပြန်သည်။

မြတ်စွာဘုရား၊ ဆန်ဆန့်အသံပါလား။

'ဆန်ဆန်၊ ဆန်ဆန်ဘယ်မှာလဲ'

သူသွေးရူးသွေးတန်း ပြန်အော်မိသည်။ သူ့အသံကို ဆန်ဆန် ကြားပုံမပေါ်။ ဆန်ဆန့်အသံက ဆက်ထွက်ပေါ်နေသည်။

'ချမ်းမြေ့ရေ ချမ်းမြေ့'

'ဆန်ဆန်'

ချမ်းမြေ့အစွမ်းကုန် ကုန်းအော်မိသည်။

ဆန်ဆန့်အသံက ဆက်ထွက်ပေါ်နေသည်။ သည်တစ်ခါတော့ ငိုသံသဲ့သဲ့ပါ စွက်လာသည်။

'ချမ်းမြေ့ရေ ငါ့ကို လာကယ်ပါဦး။ ငါကြောက်တယ်၊ ချမ်းလည်း အရမ်းချမ်းနေပြီ'

ဆန်ဆန်ဒုက္ခရောက်နေတာပေါ့။

ခက်တာက ဘယ်ဘက်ကို လိုက်ရမည်မသိ။ အသံက ကိုယ့် ခေါင်းပေါ်တည့်တည့်ကလို လာနေတာဖြစ်သည်။ ပတ်ဝန်းကျင်ကလည်း မြူတွေ ပိန်းပိတ်နေသည်။

စက်သေနတ်ပစ်သံတွေက ဆူညံစွာ ထွက်ပေါ်လာပြန်သည်။

'ဆန်ဆန်'

ချမ်းမြေ့ထိတ်လန့်ချောက်ချားစွာ ကုန်းအော်မိသည်။

ပြီးတော့ ဆောင်းညအလယ်မှာပင် ချွေးသီးချွေးပေါက်များ ရွှဲ နစ်လျက် အိပ်မက်ဆိုးမှ လန့်နိုးလာပါသည်။

●

(၁၄)

ခင်နွယ်စိုးတို့အဖွဲ့ ရုံးဖွင့်ထားရာ တိုက်ခန်းရှေ့ရောက်တော့ မမျှော်လင့်ဘဲ ဦးဇော်နှင့် တိုးသည်။

'ဟာ ချမ်းမြေ့၊ ဘယ်ကိုလာလဲ'

'သားကြီး ဒီမှာဆိုလို့ လိုက်လာတာ ဦးဇော်၊ ကျွန်တော် သန်ဘက်ခါ စင်ကာပူပြန်တော့မှာမို့ လာနှုတ်ဆက်တာ၊ ဦးဇော်ရော'

'ငါလည်း သူ့ဆီ လာတာ'

တိုက်ခန်းတံခါးက အပွင့်အတိုင်းရှိနေ၍ သူတို့နှစ်ဦးအတူဝင်ခဲ့ကြသည်။

ဧည့်ခန်းသေးသေးလေး၏ နံရံမှာ ချိတ်ထားသော ပန်းချီကားက ချမ်းမြေ့၏အာရုံကို ဖမ်းစားလိုက်သည်။

ပန်းချီကား. . . အင်း. . . အဲသလိုခေါ်၍မှ ရရဲ့လားမသိ၊

ဆီဆေးလည်း မဟုတ်။ ရေဆေးလည်း မဟုတ်၊ ပါစတာလည်း မဟုတ်။ ပန်းပွင့်တွေ သစ်ရွက်တွေကို ကပ်ထားသောပန်းချီကား။ ပန်းပွင့်တွေ သစ်ရွက်တွေကတော့ ကြာရှည်ခံအောင် တစ်ခုခုလုပ်ထားတာ

လား။ ဒါမှမဟုတ် အတုတွေပဲလားမသိ။ လှတာတော့ တော်တော်ကို လှသည်။

ဒေါင်းကြီး တစ်ကောင်။

ကိုယ်ထည်က သစ်ရွက်တွေနှင့်စိမ်းမြနေပြီး အတောင်တွေက ပန်းပေါင်းစုံနှင့် မြူးကြွနေသည်။

ပန်းဒေါင်း. . . ပေါ့။

ဟုတ်ပါပြီ။ ဦးမြသွေးဆွဲခဲ့သော ပန်းချီကား။ အဲသည်ပန်းချီကားကြောင့် သူတို့အဖွဲ့ကို ပန်းဒေါင်းအဖွဲ့ဟု အမည်ပေးခဲ့တာ။

ပန်းနှင့်တူသော တက်ကြွသည့် လူငယ်တွေနှင့် ဒေါင်းနှင့်တူသော တည်ငြိမ်သည့်လူကြီးတွေ မျိုးဆက်နှစ်ခု၏ ပေါင်းစပ်မှုအား။ ယခုတော့ ဒေါင်းက မရှိတော့။ ပန်းကရှိရင်းစွဲ တက်ကြွနိုးကြားမှုအပြင် ဒေါင်းဆီက အမွေရလိုက်သော ရင့်ကျက်တည်ငြိမ်မှုတွေပါ ပေါင်းစပ်ကာ အားမာန်အပြည့်နှင့် ချီတက်နေကြဆဲ။

တစ်နေ့နေ့မှာတော့ သည်လူငယ်တွေ ဒေါင်းဖြစ်လာကြဦးမည်။ ပန်းအသစ်တွေလည်း ဖူးပွင့်လာကြဦးမည်။

ပန်းတို့၏အားမာန် ဘယ်တော့မှ ညှိုးနွမ်းစရာမရှိ။

ပန်းချီကား၏ 'မာန်' က ချမ်းမြေ့ရင်ထဲသို့ နွေးထွေးစွာ စီးဝင်သည်။

ဦးဇော်က သူကြည့်နေရာသို့ လှည့်ကြည့်၍ 'ဦးသွေးလက်ရာလေ' ဟု တိုးတိုးပြောသည်။

'အရင်တစ်ခါ မတွေ့သလိုပဲ'

'ငါယူသွားတာ၊ ဆာဗစ်ဆင်း လုပ်ပေးနေလို့'

'ဩော်'

ဦးဇော်က ပစ္စည်းများပုံထားရာ အတွင်းဘက်သို့ လှမ်းကြည့်သည်။



'သားကြီးတို့ အထဲမှာထင်တယ်၊ ငါဝင်သွားလိုက်ဦးမယ်'

'အင်း၊ ကျွန်တော်လာနှုတ်ဆက်တာလို့ ပြောပေးပါ ဦး၊ ဒီမှာပဲ ထိုင်စောင့်တော့မယ်'

'အေး၊ မင်းက တကယ်ပြန်တော့မလို့လား၊ မင်း ချင်းမလေး တွေ့ပြီလား'

ချမ်းမြေ့က ရယ်သည်။ ဦးဇော်ကို အသေးစိတ်ရှင်းပြဖို့ မလွယ်လှ။

'သဲလွန်စတချို့က ဟိုပြန်ရောက်သွားလို့ ဦးဇော်ရဲ့၊ ကဲ. . . သွားပါ'

ဦးဇော်အထဲဘက်ဝင်မည်အပြု သားကြီးနှင့်အိတုတ်တို့ ထွက်လာတာ တွေ့ရသည်။ နှစ်ယောက်စလုံးမျက်နှာက ညှိုးနေသည်။

'ဦးဇော် ရခဲ့လား'

ဦးဇော်က ခေါင်းညိတ်ပြသည်။

'တောင်ကြီးအထိ လေယာဉ်လက်မှတ် နှစ်စောင်လုပ်ထားတယ်၊ ကုမ္ပဏီကလူတွေ ဟဲဟိုးဆင်းကြိုလိမ့်မယ်၊ တောင်ကြီးမှာ 'ပန်းမျိုးသူ' အဖွဲ့က ကိုမျိုးကြီးနဲ့ နမ့်ခုံးအသင်းက လူတွေစောင့်နေတယ်၊ ကိုမျိုးကြီးတို့က သားကြီးနဲ့ ပြန်လိုက်လိမ့်မယ်၊ ပရိုဘောက်စ်နှစ်စီးငှားထားတယ်၊ လမ်းကြောင်းက သုံးကြောင်းရှိတယ်၊ တောင်ကြီးကနေ လွိုင်လင်၊ အဲဒီကနေမှ ပင်လုံ၊ လဲချား၊ မိုင်းကိုင်၊ ကျေးသီး၊ မန်ဆန်ကနေမှ ဝမ်ဟိုင်းကိုဖြတ်ပြီး မိုင်းရှူး၊ အဲဒီလမ်းက တိုတယ်၊ ဒါပေမဲ့ လုံးဝ မစဉ်းစားနဲ့၊ ကားသမားတွေလည်း လိုက်မှာ မဟုတ်ဘူး၊ ဝမ်ဟိုင်းက အစိကတိုက်ပွဲဖြစ်နေတဲ့နေရာ၊ နောက်တစ်လမ်းက. . .'

'ခဏလေး'

ချမ်းမြေ့အလန့်တကြား လက်ကာပြသည်။ ဦးဇော်က လှည့်ကြည့်သည်။

'ဘာတွေဖြစ်နေကြတာလဲ၊ သားကြီးကဘာလို့ မိုင်းရှူးကို လိုက်ရမှာလဲ'

ဦးဇော်က သက်ပြင်းချသည်။

'ခင်နွယ်စိုးနဲ့ မိုးကြီး ပိတ်မိနေလို့'

ချမ်းမြေ့ယယ်ထိပ်သို့ မိုးကြိုးပစ်ချခံထိလေသည်။ သားကြီးကို လှည့်ကြည့်တော့ သားကြီးက မျက်နှာခပ်ပျက်ပျက်နှင့်ပင် ခေါင်းညိတ်ပြသည်။

'ဘယ်လိုဖြစ်ကြတာလဲဗျာ'

ချမ်းမြေ့တုန်ယင်စွာ မေးတော့ သားကြီးက ရှင်းပြသည်။

'မမတို့နဲ့ စောစောက ကိုမျိုးကြီးတို့အဖွဲ့က ပရိုဘောက်စ်နှစ်စီး ကုန်ကားနှစ်စီးနဲ့ တက်သွားတာ၊ အသွားတုန်းကတော့ နမ့်ဆန်ကနေ လင်းခေး၊ မိုင်းပွန်လမ်းနဲ့ သွားတာ၊ မိုင် ၂၀၀ နီးပါးလောက်ပိုရှည်တဲ့ လမ်းပေါ့။ မိုင်းရှူးရောက်တော့ ဟိုမှာစစ်ဘေးရှောင်စခန်းက ငါးခုတောင် ရှိတာ၊ အိမ်ထောင်စုကလည်း ၂၀၀ ကျော်၊ ပါလာတာတွေ ဝေခြမ်းပြီး ပျော်နေတာပဲ၊ အဲဒီကနေ ဟိုက်ပါစစ်ရှောင်စခန်းကို ဆက်သွားကြတယ်၊ ဒေသခံတွေကတော့ သတိပေးတယ်။ နှစ်ဖက်တပ်တွေ ဆွေးနွေးနေကြလို့ တိုက်ပွဲတွေ တစ်ပတ်ရပ်ထားတာ၊ မြန်မြန်ပြန်ကြပါပေါ့။ သူတို့ဟိုက်ပါမှာ ပစ္စည်းတွေ၊ ငွေတွေဝေနေတုန်း အခြေအနေက နည်းနည်းပြန်တင်းလာတယ်၊ ကိုမျိုးကြီးတို့အဖွဲ့က မိုင်းရှူးပြန်ရောက်နေပြီ၊ မမက ကိုမျိုးကြီးကို ကုန်ကားတွေနဲ့ ဆင်းတော့၊ သူတို့ထွက်လာပြီလို့ပြောတယ်၊ ကိုမျိုးကြီးက ခိုလမ်ကနေ နမ့်ဆန်ကို ဆင်းတယ်၊ ကုန်ကားတွေလည်း ပါလာတယ်၊ ခိုလမ်ကနေ နမ့်ဆန်ဆင်းပြီး စောင့်နေပေမယ့် မမတို့ ရောက်မလာဘူး၊ စုံစမ်းတော့ ခိုလမ်နဲ့ နမ့်ဆန်ကြားက လမ်းကို နှစ်ဖက်စလုံးက ပိတ်လိုက်တယ်ပြောတယ်၊ မမနဲ့ ကိုမိုးကြီးက အခု ခိုလမ်မှာ'



ချမ်းမြေ့နှလုံးသားကို သံမဏိလက်ဖဝါးနှင့်အညှစ်ခံရသလို ဆို့နင့်သွားသည်။

'သားကြီးတို့ လိုက်ပြီး ဘယ်လိုလုပ်မလို့လဲ'

သားကြီးက ခေါင်းခါပြသည်။

'ဟိုရောက်မှ သိရမှာပဲ၊ လမ်းပြန်ပွင့်ရင်ပွင့်၊ မပွင့်ရင် တပ်ကို အကူအညီတောင်းသင့် တောင်းရမှာပဲ၊ ပြဿနာက. . .'

သားကြီး မျက်ရည် ဝဲလာသည်။

'မမက ဖျားနေတယ်'

'ဟာကွာ'

ဦးဇော်က ဝင်ပြောသည်။

'ဦးဇော် သဘော ပြောမယ်နော်၊ သားကြီးကတော့ ဦးဇော်တားလည်း ရမှာ မဟုတ်ဘူး၊ အိတုတ်ကတော့ နေခဲ့စေချင်တယ်'

'ဦးဇော်'

အိတုတ်က ငြင်းဟန်ပြုသည်။ ချမ်းမြေ့ ဝင်ပြောလိုက်သည်။

'ဦးဇော်. လက်မှတ် နာမည်ပြောင်းပေး၊ ကျွန်တော်နဲ့သားကြီး သွားမယ်'

ဦးဇော် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'မင်းသန်ဘက်ခါ စင်ကာပူပြန်မှာဆို'

'ရွှေ့လိုက်မယ်'

'မင်းအလုပ်က. . .'

ဦးဇော်က စိတ်ပူစွာ ဆက်မေးသော်လည်း ချမ်းမြေ့က လက်ကာ၍ ဟန့်လိုက်သည်။

သားကြီးက အိတုတ်ကို လှည့်ပြောသည်။

'အစ်မ နေခဲ့လိုက်ပါဗျာ၊ ကျွန်တော်တို့က ခြေလျင်သွားရတာတွေ၊ နှစ်ဖက်တပ်တစ်ခုခုနဲ့ လိုက်ရတာတွေ ရှိချင်ရှိဦးမှာ၊ ကိုချမ်းမြေ့ လိုက်တာ ပိုကောင်းတာပေါ့'

'ဟိုကလည်း နွယ်စိုး ပါလာမှာ၊ အစ်မပါတော့ အဖော်ရတာပေါ့'

အိတုတ်က မကျေနပ်ချင်သေး။

ချမ်းမြေ့ ဝင်ပြောသည်။

'စိတ်ချပါဗျာ၊ နွယ်စိုးကို ကျွန်တော်တို့ အသက်နဲ့လဲပြီး မှဲ့တစ်ပေါက်မှ မစွန်းအောင် စောင့်ရှောက်ပြီး ပါအောင် ခေါ်ခဲ့မှာပါ'

အိတုတ် မပြောသာတော့သဖြင့် ငြိမ်သွားသည်။

ဦးဇော်က စလှုပ်ရှားသည်။

'ကဲ. . . ဒါဆိုသွားစို့၊ ငါလည်း လက်မှတ် ပြောင်းရမှာ၊ မင်းလည်း လက်မှတ်ပြောင်းရမှာ၊ ပစ္စည်းတွေလည်း ထည့်ရဦးမှာ၊ မင်းဘာနဲ့ လာသလဲ'

'တက္ကစီနဲ့ပဲ ဦးဇော်'

'ငါ ကားပါတယ်၊ ငါလိုက်ပို့ပေးမယ်'

ချမ်းမြေ့နှင့်ဦးဇော်တို့ တုဝဒီးနှစ်ယောက် ရုံးခန်းထဲက ထွက်ခဲ့ကြသည်။

၀

ရင်ဘတ်က အောင့်သည်။

ဟုတ်ရဲ့လား။

အံ့သြစွာဖြင့် ချမ်းမြေ့ခဏ ငြိမ်နေကြည့်သည်။

ဟုတ်တာပေါ့။



ဘယ်ဘက် ရင်ဘတ်က အောင့်နေတာပဲ။

အံကို ကြိတ်မိသည်။ မျက်ရည်က စို့သည်။

ဘုရား၊ ဘုရား၊ နွယ်စိုးဘာမှ မဖြစ်ပါစေနဲ့ ဘုရား။

တစ်နိုင်ငံလုံးက ချစ်သည့် နှလုံးဖြူမလေး။

အသက်အန္တရာယ် မငဲ့ကွက်ဘဲ စွန့်စားခဲ့တာ များပြီ။ သူများကို သာ တွင်တွင်သတိပေးတတ်သည့် မိန်းကလေး။

ချောင်းထဲ၊ ရေထဲဖြတ်လျှင်တောင် မိန်းကလေးဖြစ်သည့်သူက ယောကျ်ားလေးတွေကို 'ငုံ့ကြည့်ကြဦး၊ မြွေသတိထားကြဦး' တစာစာ အော်နေပြီး 'ကိုယ့်ရှေ့တော့ ကိုယ် ဂရုစိုက် မကြည့်တတ်သူလေး။

ကိုချမ်းမြေ့ပင်ပန်းပြီး မိုးတွေခဏခဏမိထားတာ နေမကောင်း ဖြစ်နေဦးမယ်နော်။ ပြန်ရောက်တာနဲ့ အလုပ်ဝင်ရမှာ မဟုတ်ဘူး လား. . . တဲ့။ သူများဘက်ပဲ စဉ်းစားပြီး သူကတော့ ရှမ်းပြည်နယ် ဆောင်းဦးမှာ စစ်ပွဲတွေဖြစ်နေရာကို ဝင်သွားရှာသူလေး။

မမျှော်လင့်ဘဲနှင့် ဘယ်ဘက်မျက်လုံးက မျက်ရည်တစ်ပေါက် ဘယ်ဘက်ပါးပေါ် ကျသည်။

အေးကင်းပါစေ၊ မေတ္တာရှင်မလေးရေ။

ဦးဇော်က ကားနောက်ခန်း သူ့အေးဘက်တွင် ထိုင်နေရင်းက မသိမသာလှည့်ကြည့်၍ မေးသည်။

'မင်းကိစ္စ ဘယ်လိုလုပ်မလဲ'

ချမ်းမြေ့ မျက်ရည် မသိမသာ ခိုးသုတ်သည်။

'ကျွန်တော်အစကတည်းက နှစ်လလို့ ပြောထားတာ၊ အခုက ဆန်ဆန့်အစ်မ ကင်ကင်ရဲ့ အင်န်ဂျီအိုစင်ကာပူမှာ ရှိနေတာ လိပ်စာရ လို့ စုံစမ်းမလို့ စောပြန်တာ'

'ငါကလည်း အဲဒီကိစ္စကိုပဲ မေးတာ၊ မင်းစောစောက သဲလွန်စ စင်ကာပူရောက်သွားလို့ လို့ ပြောလို့လေ'

ချမ်းမြေ့ ပင့်သက်ရှိုက်သွင်းလိုက်သည်။

'ခဏထားလိုက်ဦးမယ်ဗျာ၊ ဦးဇော်ကလည်း နွယ်စိုးကိုစွသိသိချင်း ကျွန်တော့်ကို ဘာလို့ မပြောလဲ'

'နွယ်စိုးနဲ့ မင်း အဲသလောက်ရင်းနှီးသွားတာ မင်း ငါ့ကို ပြော ပြထားလို့လား'

ဦးဇော်ပြန်မေးတာလည်း မှန်နေသဖြင့် ချမ်းမြေ့ငြိမ်သွားပြီး သူ့ဘက် ကားပြတင်းပေါက်ကို မိုးရေများ ထိမှန်နေသည်ကို ငေးကြည့် နေလိုက်သည်။

နွယ်စိုးနှင့် ဆန်ဆန်။

ယခုအခါ သူ့ရင်ထဲတွင် ဘယ်သူက ပိုအရေးကြီးနေသလဲဆိုတာ စဉ်းစားနေရပြီဆိုတာကိုက အံ့သြစရာကောင်းလှသည်။

ဆန်ဆန်နှင့် သူက ချစ်သူတွေ မဖြစ်ခဲ့သော်လည်း သူ့ဘက်က ဆန်ဆန်ကို ငယ်ချစ်အဖြစ် သတ်မှတ်ခဲ့ပြီ။

ခင်နွယ်စိုးဆိုတာက သူ ဆန်ဆန့်ရှာပုံတော်တွင် အမှတ်မထင် ဆုံစည်းခဲ့ရသော သူစိမ်းမိန်းကလေးတစ်ဦးမျှသာ ဖြစ်သည်။

သို့သော် သာမန်မိန်းကလေးတော့ မဟုတ်။

မြန်မာ့နှလုံးသည်းပွတ်ဟု တင်စားထိုက်သော မိန်းကလေးမျိုး ဖြစ်သည်။

မြန်မာအမျိုးသမီးတို့၏ အလှ။

မြန်မာအမျိုးသမီးတို့၏ ဣန္ဒြေ။

မြန်မာအမျိုးသမီးတို့၏ တက်ကြွနိုးကြားမှု။

မြန်မာအမျိုးသမီးတို့၏ မိခင်စိတ်နှင့် မေတ္တာ။

သည်မိန်းကလေး သေးသေးကလေးမှာ ရှိသမျှအရာတွေအားလုံး တစ်ခုမှ ငြင်းစရာမရှိလောက်အောင် ပြီးပြည့်စုံလွန်းနေသည်။



ခုနေ ခင်နွယ်စိုး ခိုလမ်မှာ ဖျားပြီး ပိတ်မိနေသည်ဆိုသည့် သတင်းများ ပြန့်သွားခဲ့လျှင် တစ်နိုင်ငံလုံး ကျားမ မရွေး၊ အရွယ်မရွေး လိုက်သွားကြမည့်လူတွေ အများကြီးဖြစ်သွားလောက်အောင် လူအများ ၏ မေတ္တာကို အလျှိုင်အလောရရှိထားသူလည်း ဖြစ်သည်။

သည်လိုမိန်းကလေးမျိုးကို အသက်အန္တရာယ်ရှိသောလမ်းကို ဖြတ်၍သွားကယ်ရမည်ဆိုလျှင် ကယ်ခွင့်ရတာကိုက ဝမ်းသာစရာ မဟုတ်ပါလား။

သူကိုယ်တိုင်ကရော မကယ်ချင်ဘူးလား။

သိပ်ကယ်ချင်တာပေါ့။

ခင်နွယ်စိုး တစ်ခုခုများဖြစ်သွားခဲ့လျှင်ဆိုတာမျိုး စဉ်းစားကြည့်၍ ပင်မရ။ သူ့အသက်နှင့်ပါစတေး၍ ကယ်ရမည်ဆိုလျှင်လည်း သူ ကယ်ဖြစ်မှာပဲဟု ယုံကြည်သည်။

ဒါဘာကြောင့်လဲ။

ခင်နွယ်စိုးကို လေးစားရုံ သက်သက်လောက်တော့ မကတော့ ဘူးထင်သည်။

မြတ်စွာဘုရား။

ငါ ခင်နွယ်စိုးကို ချစ်သွားတာလား။ မဟုတ်သေးပါဘူး။ ငါ့မှာ ဆန်ဆန် ရှိနေတာပဲလေ။

'ချမ်းမြေ့ရေ ငါ့ကို လာကယ်ပါဦး၊ ငါကြောက်တယ်၊ ချမ်းလည်း အရမ်းချမ်းနေပြီ' တဲ့။

အိပ်မက်ထဲမှာတောင် ဆန်ဆန်နှင့် ခင်နွယ်စိုးသည် ရောထွေး လွန်းလှလေသည်။

●

(၁၅)

လမ်းဘေးတစ်ဖက်တစ်ချက်မှာ နေကြာခင်းကြီးတွေက မျက်စိတစ်ဆုံး လှပတင့်တယ်နေသည်။

ဒါ စစ်ဖြစ်နေတဲ့ ဒေသတဲ့လား။

စစ်များမဖြစ်ခဲ့လျှင် ငြိမ်းချမ်းစွာလှနေမည့် ဒေသလေးပါပေ။

'လမ်းညွှန်ဆိုင်းဘုတ်တွေက ရှမ်းလိုက များတယ်ဗျ'

ကားသမားက ညည်းတွားသည်။

ကားသမားက တောင်ကြီးက ပါလာတာ ဖြစ်သော်လည်း တရုတ်လူမျိုးဖြစ်သည်။ ရှမ်းဘာသာ မတတ်။

ပရိဘောဂစ်ကားပေါ်မှာ ပါလာသော ကိုမျိုးကြီး၊ သားကြီး၊ ချမ်းမြေ့တို့အားလုံးလည်း မြန်မာတွေ ဖြစ်နေသည်။

နောက်ကားမှာ ပါလာသည့်အဖွဲ့ကလည်း ကိုမျိုးကြီးနှင့်ပါလာသော မန္တလေးသားများသာ ဖြစ်သည်။ ကားမောင်းသူကအစ မြန်မာ။

'ရွာတွေ ဖြတ်မှ ဝင်မေးမယ်ဗျာ၊ ရွာထဲမှာတော့ မြန်မာစကား တတ်တဲ့သူ ရှိမှာပဲ'

နောက်ခန်းမှာ ထိုင်လာသော ချမ်းမြေ့က အကြဲပေးတော့ ကိုမျိုးကြီးက ခေါင်းညိတ်ပြသည်။

သားကြီးကတော့ စကားတစ်ခွန်းမှ ဝင်မပြောဘဲ မျက်မှောင်ကြုတ်၍ တိတ်ဆိတ်စွာ လိုက်ပါလာသည်။ သူလည်း ရင်တွေဗလောင်ဆူနေသည် ထင်ပါရဲ့။

ရွာကလေးတစ်ရွာကို ထပ်ဖြတ်သော်လည်း လူတစ်ယောက်မှ မတွေ့ရ။ အိမ်တံခါးတွေလည်း ဟောင်းလောင်းပွင့်နေသည်။ ရွာသားတွေ နေကြတော့ဟန် မတူ။ တိုက်ပွဲတွေကြောင့် ပြေးကြပြီထင်သည်။ အိမ်တံခါးတွေမှာ ကျည်ဆန်ရာဟု ယူဆရတာတွေ တွေ့သည်။

ကားလမ်းတစ်လျှောက်လည်း ကုန်ကားရော လူတင်ကားရော တစ်စီးမှ မတွေ့ရ။ သူတို့ကားနှစ်စီးတည်း ထီးထီးကြီးမောင်းနှင်နေရတာ ချောက်ချားစရာကောင်းလှသည်။

ဒုက္ခသည်စခန်းဟု ယူဆရသော ရွက်ဖျင်တဲကလေးတစ်စုကို ကားလမ်းနှင့် မလှမ်းမကမ်းမှာ လှမ်းမြင်ရပြန်သည်။ လူတွေလည်း ခပ်ဝေးဝေးမှာ တွေ့ရသည်။

'ဆင်းမေးမလား'

ကိုမျိုးကြီးက လှည့်မေးတော့ ကားသမားက ခေါင်းခါပြသည်။

'ရှမ်းစကားပဲ ပြောမှာပဲဗျ၊ ပြီးတော့ ဘယ်တပ်အောက်မှာ ရှိနေမှန်းလည်း မသိဘူး'

သက်ပြင်းချ၍ ရှေ့ခရီးဆက်နှင်ကြရသည်။

အကွေ့များတွင် တောင်စောင်းတွေပေါ်မှာ လက်နက်ကိုင်တချို့ကို ဟိုနားတစ်စု သည်နားတစ်စုမြင်ရသည်။ သူတို့ကားနှစ်စီးဖြတ်တာကို မြူတူးမြဲတဲလိုက်ကြည့်ကြသည်။ ရန်ပြုမည့် ပုံတော့မပေါ်။

နေရောင်ပြောင်းပြန် မှောကြည့်ရတော့ ဘယ်ဘက်တပ်ကဟု ခွဲခြားရခက်လှသည်။



ရွာလေးတစ်ရွာကို ဝင်တော့ ညနေငါးနာရီလောက်ရှိနေပြီး လမ်းပေါ်မှာ လူသူကင်းမဲ့၍ နေသည်။

အသက် ၄၀ ခန့်ရှိမည့် သူတစ်ဦးကတော့ ရှမ်းဘောင်းဘီ၊ ဂျင်းဂျာကင်နှင့် စားစရာတွေဟု ယူဆရသော အထုပ်တစ်ထုပ်ကိုဆွဲ၍ လမ်းပေါ်မှာ လျှောက်နေသည်။

ကားသမားက ရပ်မေးမည့်ဟန်နှင့် ကားကို အရှိန်လျှော့သည်။ အနားရောက်ကာမှ မရပ်ဘဲ ပြန်ကွေ့၍ လမ်းပေါ်တက်ပြီး အရှိန်မြှင့်မောင်းထွက်လာတော့ ဟိုလူက ကြောင်ကြည့်၍ ကျန်ခဲ့သည်။

'ဘာဖြစ်လို့လဲ'

ကိုမျိုးကြီးက မေးတော့ ကားမောင်းသူက ဝူးခနဲ သက်ပြင်းတစ်ချက် မှုတ်ထုတ်၍ ဖြေသည်။

'ခါးမှာ ပစ္စတိုထိုးထားတယ်ဗျ၊ အနားရောက်မှ မြင်တာ'

ခြောက်ကပ်ကပ်ခရီးကို စမ်းတဝါးဝါး ခရီးနှင်ခဲ့ကြသောသူတို့အဖွဲ့ ကံကောင်းထောက်မစွာပင် နိုလမ်ကို မမှောင်ခင် ဝင်သွားကြပါသည်။

နိုလမ်မြို့အဝင်ရှိ အစိုးရတပ်စခန်းတွင် ကိုမျိုးကြီး မိတ်ဆွေစစ်ဗိုလ်ကလေးကို မေးတော့ အဆင်သင့်ရှိနေသဖြင့် ခေါ်ပေးသည်။

စစ်ဗိုလ်ကလေးက ကိုမျိုးကြီးကို မြင်တာနှင့် ပါးစပ်အဟောင်းသားဖြစ်သွားပြီး လှမ်းဆူသည်။

'ကိုမျိုးကြီး၊ ဟာ ခင်ဗျားတော်တော်ဆိုးတဲ့လူဗျာ၊ လမ်းတွေ ပိတ်တော့မယ်၊ မြန်မြန်ဆင်းလို့ မှာထားတာကို ဘာလို့ပြန်တက်လာရတာလဲ'

ကိုမျိုးကြီးက ပခုံးတွန့်ပြသည်။

'လမ်းမှာ အတားအဆီးတွေ မတွေ့ခဲ့ပါဘူး ဗိုလ်ကြီးရဲ့'

'ဘယ်သူမှ ခင်ဗျားတို့ကို ဆီးမတားဘူး။ အပေါ်က လှမ်းပစ်မှာ၊ ခင်ဗျားစစ်တကယ်ဖြစ်နေတာကို ပြဇာတ် ကနေတယ်များ မှတ်နေသလား။ အရဲက တော်တော်ကိုး၊ ဘာတွေ ဒီလောက်အရေးကြီးနေတာလဲ'

'ခင်နွယ်စိုးနဲ့ မိုးကြီးကျန်ခဲ့လို့ ပြန်လာခေါ်တာဗျ၊ ဒါရန်ကုန်က လိုက်လာတဲ့ ဒေါက်တာရဲမိုးကောင်းနဲ့ ကိုချမ်းမြေ၊ ကျွန်တော်တို့အဖွဲ့တွေပဲ၊ ခင်နွယ်စိုးတို့ကို စိတ်ပူလို့ လိုက်လာကြတာ'

စစ်ဗိုလ်ကလေးက ချမ်းမြေတို့ကိုပါ လှည့်ဆူသည်။

'မခင်နွယ်စိုးလိုလူမျိုး ကျွန်တော့်မြို့ရှိနေတာ ကျွန်တော်က ပစ်ထားမယ်များ ထင်သလားဗျာ၊ နေမကောင်းသေးလို့ ဆေးရုံမှာ တင်ထားပြီး စောင့်ကြည့်နေတာ၊ ဆေးရုံက ဆရာဝန်တွေ ခွင့်ပြုတာနဲ့ တပ်အစောင့်အရှောက်နဲ့ နမ့်ဆန်အထိလိုက်ပို့ဖို့ ခွင့်ပြုမိန့်တောင် တင်ထားပြီးပြီ၊ ရှင်းရှင်းပြောရရင် ဟိုဖက်ကလည်း မခင်နွယ်စိုးဖြတ်မယ်ဆိုရင် သူ့လူတွေ သူပိတ်ထားမှာပဲ၊ ခင်ဗျားတို့အဖွဲ့သာ အခုတက်အလာမှာ ကြွသွားနိုင်တာ'

ချမ်းမြေ ရယ်သာပြလိုက်ရသည်။

တပ်နှစ်ဖက်စလုံးက ခင်နွယ်စိုးကို သိနေပုံ၊ လေးစားကြပုံကိုလည်း အံ့အားသင့်မိသည်။

သားကြီးက ပထမဦးဆုံးအကြိမ် ဝင်မေးသည်။

'မမခင်နွယ်စိုး သက်ရောသက်သာလားမသိဘူး ခင်ဗျာ'

စစ်ဗိုလ်ကလေးက ခေါင်းညိတ်ပြသည်။

'ကျွန်တော့် ရဲဘော်ကလေးတွေ မနက်က ဆန်ပြုတ်သွားပို့ကြတယ်၊ အဖျား ကျနေပါပြီတဲ့၊ သမားတော်တစ်ယောက်လည်း ရှိနေတော့ အဆင်ပြေတာပေါ့၊ တပ်က ဆေးမှူးကလေးလည်း သွားသွားကြည့်ပေးနေပါတယ်၊ ခင်ဗျားတို့ စိတ်ပူချင်းပူရင် ကိုမိုးကြီးကိုပူ'

'ကိုမိုးကြီး နေမကောင်းလို့လား ခင်ဗျ'



'နေတော့ကောင်းပါတယ်၊ ကျွန်တော်သွားသတင်းမေးတာ နေ့သွားသွား ညသွားသွား တစ်ခါမှ အိပ်တာ မတွေ့ဘူး၊ မခင်နွယ်စိုးကို သီးသန့်ပေးထားတဲ့အခန်းကလေးထောင့်မှာ ကုလားထိုင် တစ်လုံးနဲ့ ထိုင်ပြီး မခင်နွယ်စိုးချိတ်ထားရတဲ့ ပုလင်းကြီးကိုပဲ မြူကြည့်နေတာ၊ လူလည်း မျက်တွင်းဟောက်ပက်နဲ့၊ နားခိုင်းလို့လည်း မရဘူးတဲ့၊ ခင်ဗျားတို့ သွားရင်သွား မသွားရင် အဲဒီလူ လဲတော့မယ်'

ချမ်းမြေနှင့် သားကြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။

'ကဲ ဆေးရုံပဲ သွားကြစို့'

၀

ခင်နွယ်စိုးကို မြင်လိုက်ရသည်နှင့် ချမ်းမြေရင်ထဲတွင် တစ်မုဟုတ်ချင်း ငြိမ်းချမ်းသွားသည်။ ကျန်အဖွဲ့ဝင်တွေလည်း သူနှင့်ထပ်တူပဲဖြစ်မည် ထင်သည်။

အနွေးခေါင်းစွပ်ကလေးနှင့် ဆွယ်တာလက်ရှည်နှင့်မြန်မာ လုံချည်ဝတ်ပြီး ခုတင်ပေါ်မှာ ခေါင်းအုံးတွေမှီ၍ထိုင်နေသော ခင်နွယ်စိုးသည် သိသိသာသာ ထပ်ပိန်သွားသော်လည်း လန်းဆန်းကြည်လင်၍ နေပါသည်။

'ဟာ သားကြီး၊ ကိုမျိုးကြီး၊ ဟင် ကိုချမ်းမြေလည်း ပါတယ်၊ ဘာဖြစ်လို့ တက်လာကြတာလဲ၊ အန္တရာယ်များလိုက်တာ'

'အဲဒီများတဲ့ အန္တရာယ်ကြားထဲမှာ ခင်ဗျားလေးက ကျန်ခဲ့တာကိုး'

ချမ်းမြေက အံကြိတ်၍ လေသံနှင့်ဆူတော့ ခင်နွယ်စိုးက သဘောကျစွာ ရယ်သည်။

မိုးကြီးကို သတိရ၍ အခန်းထောင့်ဘက်လှည့်ကြည့်လိုက်တော့ စောစောက စစ်ပိုလ်ကလေးပြောသည့်အတိုင်း ပြူးကြောင်ကြောင်မျက်လုံးများနှင့် ငုတ်တုတ်ထိုင်နေသော မိုးကြီးကို တွေ့ရသည်။

မိုးကြီးက ရုတ်တရက် အသက်ဝင်လာသလိုနှင့် နေရာမှထပြီး သားကြီးကို လှမ်းပြောသည်။

'သားကြီး မင်းရောက်လာပြီဆို ငါသွားအိပ်တော့မယ်'

'ဟုတ်ကဲ့ အစ်ကို'

အခန်းထဲမှ ဒယီးဒယိုင်နှင့် ထွက်သွားသော မိုးကြီး၏ကျောပြင်ကို ချမ်းမြေ့ကြည့်၍ သည်လူငယ်ကလေးတွေ ခင်နွယ်စိုးကို တန်ဖိုးထားကြပုံကို အံ့ဩမိသလို စိတ်မကောင်းလည်း ဖြစ်မိသည်။

ဟုတ်တာပေါ့။

ခင်နွယ်စိုးကို သူကတောင် မြန်မာ့နှလုံးသည်းပွတ်ဟု ခိုင်းနှိုင်းချင်ခဲ့သေးတာပဲ။ တစ်နိုင်ငံလုံး၏ နှလုံးသည်းပွတ်တောင် ဖြစ်နေသေးလျှင် သည်အဖွဲ့ဝင်လူငယ်တွေအတွက်တော့ အမြတ်တနိုးရတနာဖြစ်ပေတော့မပေါ့။

သူ့အတွက်ရော။

ဖြေရခက်လွန်းသည့် မေးခွန်းကို သူကိုယ်သူအကြိမ်ဘယ်လောက်မြောက်မှန်းမသိ မေးမိပြန်လေသည်။

ခင်နွယ်စိုးက သားကြီးကို မော့မေးသည်။

'ဖေဖေနဲ့ မေမေရော တော်တော်စိတ်ပူနေကြလား'

သားကြီးက ခေါင်းညိတ်ပြသည်။

'အန်ကယ်က အတင်းလိုက်မယ်လုပ်နေလို့ မနည်းထားခဲ့ရတယ်၊ ဒါတောင် နက်ဖြန်လောက်ဆိုရင် သူနဲ့ အစ်ကိုကြီးနဲ့ တောင်ကြီးရောက်လိမ့်မယ်'

'ဟာ ဖေဖေကလည်း ဒုက္ခပါပဲ'



ခင်နွယ်စိုးက မျက်နှာလေးရှုံ့၍ ခေါင်းကုတ်သည်။

'ဘာဖြစ်လဲ မမရဲ့၊ တောင်ကြီးကို လေယာဉ်နဲ့တက်တာလောက်နဲ့ မပင်ပန်းလှပါဘူး၊ မမတို့ တောင်ကြီးမှာလည်း အိမ်ရှိတာပဲဟာ'

ခင်နွယ်စိုး နှုတ်ခမ်းကလေး စူသည်။

'မမက မနေ့ကတည်းက အဖျားကျနေတာ၊ အခုအားဆေးတွေလည်း သွင်းပေးနေတာ၊ နက်ဖြန်လောက်ဆိုကောင်းနေပြီ၊ တောင်ကြီးကနေ ရန်ကုန်မပြန်ဘဲ မိတ္ထီလာလမ်းကနေ တောင်တန်းပေါ်တက်မလို့၊ ဖေဖေလာစောင့်နေတော့ ဘယ်လိုလုပ်မလဲ'

ချမ်းမြေ့မနေနိုင်တော့ဘဲ ဝင်ပြောမိသည်။

'လုပ်ပဲ နွယ်စိုးရယ်၊ နေမကောင်းဖြစ်ထားတာ နည်းနည်းတော့ နားဦးပေါ့၊ တောင်တန်းပေါ်က ဘာအရေးတကြီးရှိလို့လဲ'

နွယ်စိုးက ရယ်သည်။

'တစ်နိုင်ငံလုံးက ရေကြီး၊ တောင်တန်းက ရေပြတ်၊ ရေတွင်းတူးလို့ မရဘူးလို့ လူတိုင်းက ပြောထားတဲ့နေရာကို ရေကြောရအောင်လိုက်ရှာပေးမယ့်အဖွဲ့တွေနဲ့ ပခုက္ကူမှာ ချိန်းထားတာ ကိုချမ်းမြေ့ရဲ့'

'မမ ကွင်းလျှားလည်း သွားဦးမှာဆို'

သားကြီးက ဝင်ပြောတော့ ချမ်းမြေ့ မျက်မှောင်ကြုတ်၍ လှည့်ကြည့်မိသည်။

'ကွင်းလျှားဆိုတာက. . .'

'ကွင်းလျှားဆိုတာ သေိုင်းချောင်းနားက ရွာတွေ၊ နှစ်တိုင်းရေကြီးနေကျ၊ ဒီနှစ်တော့ အကုန်မြုပ်တော့တာပေါ့၊ အဲဒီမှာ အသုံးအဆောင်ပစ္စည်းတွေရယ်၊ ဆန်ရယ် ပြီးတော့ ရေသန့်ဆေးပြားတွေရယ် သွားဝေမလို့ အားလုံးစီစဉ်ထားပြီးပြီ'

သားကြီးက ရှင်းပြတော့ ချမ်းမြေ့ဘုရားတမိသည်။

'တို့သာ ဦးဇေယျအေးနေရာဆိုရင်တော့ နွယ်စိုးကို အခန်းထဲမှာ ပိတ်ထားတော့မှာ'

ခင်နွယ်စိုးက မျက်လုံးကလေးပိတ်အောင် ရယ်သည်။

'ဖေဖေက နွယ်စိုးကို အမြဲတမ်းအရှုံးပေးရတာ၊ ပူမနေနဲ့၊ ကဲပါ၊ သားကြီးရယ်၊ မမလည်း နေကောင်းနေပြီ၊ တောင်ကြီးကျရင် သားကြီးက မိုးကြီးကို ရအောင်ခေါ်ပြီး ရန်ကုန်ဆင်း၊ ကွင်းလျှားအတွက် လိုတာတွေ ဝယ်ခြမ်း အဆင်သင့်ပြင်ထား၊ မမက တောင်တန်းပေါ်တက်မယ်၊ ပြီးတော့ ရန်ကုန် ဆက်လိုက်ခဲ့မယ်'

သားကြီးက အံကြိတ်၍ ခေါင်းခါပြသည်။

'ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ကြည့်ဦး မမ၊ ဒီခန္ဓာကိုယ်နဲ့ တောင်ပေါ် ဘယ်လိုလုပ်တက်မလဲ'

ခင်နွယ်စိုးက ရယ်၍ သူ့လက်ကို သူမြှောက်ကြည့်သည်။ ဆွဲယ်တာလက်က ပိန်နေသော သူ့လက်ဖျံမှာ တွဲလောင်းကျနေသည်။

'တောင်ပေါ်တက်တာ ပိန်လေ လွယ်လေလေ မောင်လေးရဲ့၊ လူဆင်းလျှောက်ရတာလေးတွေက နည်းနည်းပဲရှိတာ၊ ချောက်ကြီးတွေဆိုင်ကယ်နဲ့ ကျော့တက်ရတာက အဓိကဟာ၊ မမပေါ့ပေါ့ကလေးဖြစ်နေတော့ ဆိုင်ကယ်သမား လွယ်တာပေါ့'

'ဘာပဲဖြစ်ဖြစ် မမရယ်၊ ဒီလိုပုံစံနဲ့ မမကို တစ်ယောက်တည်း ဘယ်လိုမှ မလွှတ်နိုင်ဘူး'

ချမ်းမြေ့ ချီတုံချတုံ စဉ်းစားနေပြီးမှ ဝင်ပြောသည်။

'မြှောက်ပေးတာတော့ မဟုတ်ဘူးနော်၊ အစ်ကိုလည်း နွယ်စိုးမနားတာကို လုံးဝသဘောမတူဘူး၊ ဒါပေမဲ့ တားလို့မရရင်တော့ ကိုယ်လိုက်သွားလိုက်မယ်'



ခင်နွယ်စိုးက ရယ်၍. . . တွေ့လား၊ ကြိုးဆရာကြီးပါတယ်၊ မောင်လေး ဘာမှစိတ်မပူနဲ့ဟု ပြောတော့ သားကြီး သက်ပြင်းချ၍ ငြိမ်နေလေသည်။

၀

စိတ်ဆောင်၍သာ လန်းဆန်းသလိုဖြစ်နေသော်လည်း တကယ်လမ်းလျှောက်တော့ ခင်နွယ်စိုး အနည်းငယ် ယိုင်နေသည်။

သားကြီးက ခင်နွယ်စိုးကို တွဲ၍ မိုးကြီးက အိတ်တွေကို သယ်သည်။ ချမ်းမြေ့က မိုးကြီးဆီက အိတ်တချို့ကို လှမ်းယူရင်း ခင်နွယ်စိုးကို စိတ်ပူစွာ မေးလိုက်သည်။

'ဖြစ်ရဲ့လား နွယ်စိုးရယ်'

ခင်နွယ်စိုးက ရှည်လျားသော ဆံနွယ်တို့ကို လက်ကိုင်ပဝါတစ်ထည်နှင့် စုချည်နေရင်းက ပြန်မော့ကြည့်၍ ရယ်ပြသည်။

'အိုကေပါတယ်၊ မနေ့ကအထိလည်း အားဆေးတွေသွင်းထားတယ်၊ ဒီမနက်လည်း ကြက်ပေါင်းရည် သောက်ထားတာ၊ လန်းဆန်းနေတာပဲ'

'ကြက်ပေါင်းရည် ဟုတ်လား'

'ဟုတ်တယ်၊ ဘရင်း. . . ပုလင်းတွေကို ပြောတာလေ၊ တပ်ကဆရာဝန်လေး လာပို့ပေးတာ၊ မိုးကြီးဖေ့စ်ဘုတ်မှာ မခင်နွယ်စိုး ခရီးပန်းရင် ထုတ်ထုတ်သောက်တတ်တယ် ရေးထားလို့တဲ့၊ မိုးကြီးကိုတောင် နောက်အဲဒါမျိုး မရေးဖို့ပြောရသေးတယ်'

မိုးကြီးကတော့ သူပြောတာ ကြားဟန်မတူ၊ ယခုထိ အိပ်ရေးမဝသေးဟန်နှင့် သမ်းဝေလျက်ရှိသည်။

'ဆေးရုံလှေကားထစ်က ဆင်းတော့ ကိုမျိုးကြီးအသိ စစ်ဗိုလ်ကလေး စောင့်နေတာ တွေ့ရသည်။

'မခင်နွယ်စိုး၊ နေကောင်းရဲ့လား'

'ကောင်းနေပါပြီ၊ ဗိုလ်ကြီးရဲ့ နွယ်စိုးပဲ ခေါ်ပါ'

စစ်ဗိုလ်လေးက ခေါင်းတစ်ချက်ညိတ်ပြသည်။

'ကိုယ်တိုင်လိုက်ပို့ချင်တာဗျာ၊ ခွင့်ပြုမိန့်မရလို့၊ အရပ်ဘက်ဂျစ်ကားတစ်စီးနဲ့ ရဲဘော်သုံးယောက်ပဲ ပါမယ်၊ တပ်ကြပ်ကြီးတစ်ယောက် ခေါင်းဆောင်လိမ့်မယ်၊ ဒါပေမဲ့ မပူပါနဲ့၊ လမ်းကအဖွဲ့တွေလည်း ပြောထားပါတယ်၊ သူတို့အဖွဲ့တွေလည်း မ. . အဲ. . နွယ်စိုး ဆေးရုံဆင်းလာတာ ကြားကြမှာပဲ'

'စိတ်ချပါရှင်၊ ကျေးဇူးတင်ပါတယ်'

ဂျစ်ကား အနီရောင်ကလေးက ဆေးတွေလွင့်ပြယ်နေသည်။ အမိုးပါသော်လည်း ရှေ့ကာမှန်ကြီး မရှိ။ ဟောင်းလောင်း။

မိုးကြီးက မှန်နေရာကို လက်ညှိုးထိုး၍ မျက်လုံးပြူးပြူးတော့ ကွမ်းတွေဝါးနေသည့် ယာဉ်မောင်းက ရယ်သည်။

'အပစ်ခံရတာဗျ'

'နို . . . ခင်ဗျားဘာမှ မဖြစ်ဘူးလား'

'ဖြစ်တာပေါ့ဗျာ၊ ယာဉ်မောင်းက ဒီဆေးရုံမှာ၊ မဆင်းရသေးဘူး၊ ကျွန်တော်က အစားမောင်းမှာ'

ချမ်းမြေ့ကျောထဲတွင် စိမ့်တက်သွားသည်။

မိုးကြီးနှင့်ချမ်းမြေ့ပစ္စည်းတွေကို ပရိဘောဂစ်ကားနှစ်စီးမှာ မျှတင်သည်။ သားကြီးက ခင်နွယ်စိုးကို အလယ်ကား၏ နောက်ခန်းပေါ်သို့ တွဲတင်ပေးသည်။

ဂျစ်ကားဘေးတွင် ရပ်နေသည့် ရဲဘော်သုံးဦး ဂျစ်ကားပေါ်သို့ ပေါ့ပါးဖျတ်လတ်စွာ ခုန်တက်ကြသည်။

ရှေ့ခန်းမှာ နေရာယူလိုက်သော တပ်ကြပ်ကြီးက နောက်မှ ရဲဘော်နှစ်ဦးကို လှည့်၍ ပြောသည်။



'ကျည်ထိုးထား၊ လုံခြုံရေးခလုတ်ပိတ်ထား၊ ဘယ်သမားဘယ်ကြည့်၊ ညာသမား ညာကြည့်၊ ရှေ့ ငါကြည့်မယ်'

တဖြောင်းဖြောင်း သေနတ်မောင်းတင်သံတွေ ကြားရသည်။

နွယ်စိုးရယ်၊ ဒါ ခင်ဗျားလေး ပရဟိတလာလုပ်ရမယ့်နေရာလားဗျာဟု စိတ်ထဲကသာ ညည်းတွားမိသည်။

ချမ်းမြေ့က အလယ် ကားခေါင်းခန်းမှာ ထိုင်၍ သားကြီးက ခင်နွယ်စိုးဘေး နောက်ခန်းမှာ ထိုင်သည်။

ကိုမျိုးကြီးနှင့်မိုးကြီးက နောက်ဆုံးကားမှာ တက်သည်။

စစ်ဗိုလ်ကလေးကို လက်ပြနှုတ်ဆက်ကြပြီး ကားသုံးစီးတရွေ့ရွေ့နှင့် ထွက်လာကြသည်။

မြို့ပြင်လမ်းပေါ် စရောက်ခါစတွင် ခင်နွယ်စိုးက သူလွယ်ထားသော ရှမ်းလွယ်အိတ်ကလေးထဲမှ စာရွက်တစ်ထပ်ကို ထုတ်၍ သားကြီးကို ပေးသည်။

'ဘာလဲ မမ'

'ဖတ်ကြည့်လေ'

သားကြီးက စာရွက်ကို ငုံ့ကြည့်သည်။

'နားစံကျောင်း အိမ်ထောင်စု ၃၀၊ ဓမ္မရောင်ခြည်ကျောင်း အိမ်ထောင်စု ၂၇ စု၊ အောင်ရတနာကျောင်း အိမ်ထောင်စု ၄၃ စု၊ အမှတ် (၁) ဆီစက်ဟောင်းဝင်း အိမ်ထောင်စု ၁၇ စု၊ အမှတ် (၄) ယုန်းစမ်းစခန်း အိမ်ထောင်စု ၉၄ စု၊ စုစုပေါင်း ၂၁၁ စု၊ တစ်စုလျှင် ငွေသား ၅၀၀၀၊ ငွေစာရင်းပဲ မမရဲ့'

'အဲဒါ မိုင်းရှူးမြို့ပေါ်ပဲ ရှိသေးတယ်၊ ဟိုက်ပါ စစ်ရှောင်စခန်းက စာရင်းနောက်မှာ ပါသေးတယ်'

သားကြီးက စာရွက်များကို လှန်လှောကြည့်သည်။

'နောက်မှ မှတ်မယ်လေ. . . မမရဲ့၊ ဘာအရေးကြီးလို့လဲ'

ခင်နွယ်စိုးက ပြုံး၍ ကားနောက်မှီကို ခေါင်းချမှီပြီး မျက်စိ ပိတ်ထားသည်။

'သားကြီးထုတ်ပေးလိုက်တဲ့ ပိုက်ဆံတစ်ပြားမှ မကျန်တော့ဘူးလို့ ပြောတာ၊ ရှင်းပြီလား၊ ဘဏ္ဍာရေးမှူးကြီးရဲ့'

'ဒါများ မမရယ်၊ မမတို့ ဘေးမသီရန်မခပြန်ရောက်ဖို့ထက် ဘာများပိုအရေးကြီးလို့လဲ၊ ကျွန်တော့်မှာလည်း နည်းနည်းပါပါသေးတယ်'

ချမ်းမြေ့လည်း ဝင်ပြောမိသည်။

'အခုတောင်တန်းဒေသကို ဆက်သွားမယ့်ကိစ္စမှာ ကုန်ကျမယ့် ငွေ ကိုချမ်းမြေ့လှူချင်ပါတယ်'

ခင်နွယ်စိုးက မျက်လုံးဖွင့်မကြည့်ဘဲ ပြုံး၍ပြောသည်။

'ဟန်ကျတာပေါ့၊ ဟိုမှာ လယ်ထွန်စက်တစ်စီး သမဝါယမအသင်း ကတစ်ဆင့် တရုတ်ပြည်မှာပြီး နွယ်စိုးဝယ်ထားတာ ငွေမချေရသေးဘူး၊ သိန်းလေးရာဆိုပြီး မှာလိုက်တာ၊ နောက်က အပိုပစ္စည်းတွေ တန်ဖိုး ထည့်မတွက်လိုက်မိတော့ သိန်း ၄၉၀ ဖြစ်သွားတယ်၊ အဲဒါပါ ကိုချမ်းမြေ့လှူပေတော့'

ချမ်းမြေ့ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။

သားကြီးက ရယ်ရင်း ဝင်ရှင်းပြသည်။

'မမက အစ်ကို့ကို စနေတာ၊ တောင်ကြီးကျရင် သူ့အဖေနဲ့ တွေ့ရင် ပြေလည်သွားမယ့်ဟာကို'

ချမ်းမြေ့က ရယ်၍ အဖေက တားမှာ မဟုတ်ဘူးလား. . . ဟု မေးသည်။ သားကြီးက. . မမကို သူ့အဖေ မနိုင်ဘူး. . . ဟု ဖြေလေ သည်။

ကားကလေးသုံးစီးကတော့ လမ်းမပေါ်တွင် တရိပ်ရိပ်ပြေးလွှား လျက်။





တောင်ကြီးဝင်တော့ တော်တော်မိုးချုပ်နေသည်။

အစောင့်လိုက်လာပေးသော ဂျစ်ကားကလေးကတော့ နမ့်ဆန် မှာကတည်းက ကျန်နေခဲ့ပြီ ဖြစ်သည်။

လမ်းမှာဖုန်းကြိုရသဖြင့် ဦးဇေယျစိုးနှင့်အိတုတ်တို့ တောင်ကြီး ရောက်နေကြပြီဖြစ်ကြောင်းနှင့် ကိုသိန်းဟန်စိုးကတော့ လုပ်ငန်းများ ကြီးကြပ်ရန် နေခဲ့ကြောင်း သိရသည်။

ဦးဇေယျစိုးဝယ်ထားသော ခြံနှင့်အိမ်က အေးသာယာမှာဖြစ်၍ ကားနှစ်စီး တောင်ပေါ်အထိ တက်စရာမလိုတော့ဘဲ အိမ်တန်းဝင်၍ ရ သွားသည်။

ဦးဇေယျစိုးရော၊ အိတုတ်ပါ စိတ်ပူစွာဖြင့် လှေကားဝကစောင့် နေကြပြီး ခင်နွယ်စိုးစောင်ကလေးခြုံထားသော်လည်း ပြုံးပြုံးရယ်ရယ်နှင့် ကားပေါ်က ဆင်းလာတာတွေ့ရမှ သက်ပြင်းချနိုင်ကြတော့သည်။

အိတုတ်ကတော့ ခင်နွယ်စိုးကို ပြေးဖက်၍ မျက်ရည်ကျရှာသည်။

'အမှုကြီးအောင် လုပ်မနေစမ်းပါနဲ့ အိတုတ်ရယ်၊ ဖေဖေက ဆူ ချင်နေရတဲ့အထဲ'

ဦးဇေယျစိုးကတော့ လက်နှစ်ဖက်သာ မြှောက်ပြသည်။

ပြီးတော့ သူ့ဘေးမှာ ရပ်နေသည့် အသက်သုံးဆယ်ကျော်ခန့် ရှမ်းအမျိုးသမီးဟု ယူဆရသူတစ်ဦးကို ပြသည်။

'ဒါ စဝ်စံထွန်းက သူနာပြုဆရာမပဲ၊ သမီးအတွက် ဖေဖေခေါ် ထားတာ၊ ဒီည ဆရာမ သမီးကို ကြည့်ပေးလိမ့်မယ်'

ခင်နွယ်စိုး နှုတ်ခမ်းကလေး စူသွားသည်။

'ဖေဖေကလည်း လုပ်ပြန်ပြီ၊ သမီးမှ ဘာမှမဖြစ်တော့တာ'

ပြောရင်းက သတိရသွားပြီး ဆရာမဘက်လှည့်၍ လက်အုပ် ကလေးချီရင်း ပြောသည်။

'ကန်တော့နော် မမ၊ မမကို မရှိသေသလို ဖြစ်သွားရင်'

ဆရာမက သဘောကျစွာရယ်မော၍ ခင်နွယ်စိုး ပခုံးကလေးကို ပွေ့ဖက်သည်။

'ရပါတယ် ညီမရယ်၊ ဒီညတော့ မမကြည့်ပေးပါရစေ၊ ခင်နွယ်စိုးကို စောင့်ရှောက်ဖူးတယ်လို့ မမလည်း အဆောင်က သူငယ်ချင်းတွေကို ပြန်ကြွားချင်တာပေါ့'

ခင်နွယ်စိုးကို ဆရာမနှင့် အိတုတ် အပေါ်ထပ်သို့ ခေါ်သွားသည်။

မိုးကြီးက ကိုမျိုးကြီးဘက်လှည့်၍ ကိုမျိုးကြီးနဲ့ ကိုချမ်းမြေ့လာ။ ကျွန်တော်အခန်းလိုက်ပြမယ်. . . ဟု ပြောသည်။ ဦးဇေယျစိုးက မင်းတို့ ညစာရော မိုးကြီး. . . ဟုမေးတော့ လမ်းမှာစားခဲ့ပြီ၊ အန်ကယ်. . . ဟု ဖြေသည်။

'ကိုမိုးကြီး အရမ်းပင်ပန်းနေပြီ၊ ကိုမျိုးကြီးကို ခေါ်ပြီး သွားနားတော့လေ၊ ကျွန်တော်အန်ကယ်နဲ့ ခဏစကားပြောလိုက်ဦးမယ်'

ချမ်းမြေ့က သိတတ်စွာ ဝင်ပြောရသည်၊ အသည်းနှလုံးအားလုံး ကျိုးကြေမတတ် စိတ်ပူစွာ စောင့်နေခဲ့ရသော ဖခင်တစ်ယောက်အနေနှင့် သမီးဖြစ်သူဘေးမသီ ရန်မခပြန်ရောက်လာတာနှင့်တင်တော့ ကျေနပ်မည်မဟုတ်၊ လမ်းတွင်ဘာတွေဖြစ်ပျက်ခဲ့သည်ဆိုတာကို သိချင်ရှာလိမ့်မည်ဟု တွေးမိသောကြောင့် ဖြစ်သည်။

ဦးဇေယျစိုးက ချမ်းမြေ့ကို ဧည့်ခန်းထဲသို့ ခေါ်သွားသည်။

ဧည့်ခန်းထဲတွင် ရေခဲသေတ္တာတစ်လုံးရှိနေသည်။

ချမ်းမြေ့ ဆိုဖာဆက်တီတွင် ဝင်ထိုင်တော့ ဦးဇေယျစိုးက ရေခဲသေတ္တာပေါ်မှ ဖန်ခွက်တစ်လုံးကို ယူ၍ ရေခဲသေတ္တာထဲမှ ဂျော်နီဝါကား ဘဘက်ခ်လေဘယ် သောက်လက်စတစ်ပုလင်းကို ထုတ်ယူ၍ မြှောက်ပြပြီး. . . စကော့ချ်ဟု မေးသည်။



ချမ်းမြေ့ ခေါင်းခါပြသည်။

'ထမင်းစားပြီးပြီမို့ မသောက်တော့ပါဘူး အန်ကယ်၊ အန်ကယ် သုံးဆောင်ပါခင်ဗျ'

ဦးဇေယျစိုးက လက်ထဲက အရက်ပုလင်းကို မြှောက်ကြည့်၍ ခြောက်ကပ်ကပ်ရယ်သည်။

'အန်ကယ် မသောက်တာ ဆယ်နှစ်ကျော်ပါပြီကွယ်၊ ဒါက ဧည့်သည်တွေ သောက်ထားတာပါ။ မောင်ချမ်းမြေ့တို့လမ်းမှာ ချမ်းလာမလားလို့ပါ'

ချမ်းမြေ့က သူ့ရှေ့က စားပွဲမှာ ချထားသော ဓာတ်ဘူးထဲက ရေ နွေးကြမ်းကို ငှဲ့ထည့်ရင်း 'ရေနွေးနဲ့လည်း အချမ်းပြေပါတယ် အန်ကယ်' ဟုဖြေသည်။

ဦးဇေယျစိုးက အိုကေဟု ပြောကာ ဝင်ထိုင်၍ သူလည်း ရေ နွေးကြမ်း ငှဲ့သောက်သည်။

'ပြော မောင်ချမ်းမြေ့ ဘာပြောချင်လို့လဲ'

ချမ်းမြေ့က ခေါင်းခါပြသည်။

'မရှိပါဘူး အန်ကယ်၊ အန်ကယ် စိတ်ပူပြီး စောင့်နေရတာမို့ အကျိုးအကြောင်း ပြောပြမလို့ပါပဲ၊ လမ်းမှာ အဆင်ပြေပါတယ်'

ဦးဇေယျစိုးက ခေါင်းညိတ်သည်။

'မိုးကြီးက သမီးငယ်သူငယ်ချင်း၊ သမီးကို သိပ်ချစ်တယ်၊ သမီး ဒီအလုပ်တွေ စလုပ်ကတည်းက မိုးကြီးပါသွားရင် အန်ကယ်ကျော နည်းနည်းလုံတယ်၊ သူ့ကိုယ်သူ အနာခံပြီး သမီးကို ကာကွယ်မယ့်လူစားမျိုးဆိုတာ အန်ကယ်သိနေတယ်လေ၊ သားကြီးပါ ပေါ်လာတော့ သူလည်း အတူတူပဲ၊ ကိုမြသွေးလည်း သမီးကို သိပ်ဂရုစိုက်တာ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးရှာတယ်ကွယ်၊ အခု မောင်ချမ်းမြေ့လည်း သမီးအပေါ်မှာ သူတို့လိုပဲ ကာကွယ်စောင့်ရှောက်ချင်တယ်၊ မင်းတို့ သုံးယောက်

စလုံး ရောက်သွားကတည်းက အန်ကယ်စိတ်ချပြီးသားပါကွယ်၊ ကျေးဇူးလည်း တင်ပါတယ်'

ချမ်းမြေ့ ခေါင်းညိတ်ပြသည်။

'ခက်တာက နွယ်စိုးက တောင်တန်းဒေသ တန်းသွားမှာတဲ့ အန်ကယ်၊ ကျွန်တော်တို့ တားလို့လည်း မရဘူး၊ ရေကြောရှာပေးမယ့်လူတွေနဲ့ ချိန်းထားလို့တဲ့၊ မိုးကြီးနဲ့ သားကြီးကိုလည်း ကွင်းလျားသွားဖို့ ကိစ္စရန်ကုန်ကို လွှတ်တယ်၊ အမိကကတော့ မိုးကြီးလဲမှာစိုးလို့ သားကြီးကို ခေါ်သွားခိုင်းတာလို့ ကျွန်တော် ထင်တယ်၊ သူလည်း မြင်တဲ့အတိုင်းပဲ၊ အဲဒါနဲ့ တောင်တန်းပေါ်ကို ကျွန်တော် လိုက်သွားမလို့၊ အန်ကယ်တားလို့ရရင် တားကြည့်ပါ့လား'

ဦးဇေယျစိုးက ယဲ့ယဲ့ပြုံးသည်။

'သူ့ကို ဒါမျိုးကိစ္စ တားလို့ရတဲ့သူ တစ်ယောက်ပဲ တွေ့ဖူးတယ်'

'သူ့ မေမေလား အန်ကယ်'

'မဟုတ်ဘူး၊ ကိုမြသွေး'

ချမ်းမြေ့ နှုတ်ဆွံ့သွားသည်။

တစ်ဦးတည်းသော မျောင်းဖျနားချနိုင်သူက ကွယ်လွန်သွားခဲ့ပြီတဲ့လေ။

'အဲဒါ ဘာလို့လဲ အန်ကယ်'

ဦးဇေယျစိုးက နားမလည်သလို မော့ကြည့်သည်။

'ဘာကို ပြောတာလဲကွယ့်'

'နွယ်စိုးရော၊ သားကြီးရော ပြောတယ်၊ နွယ်စိုးလုပ်ချင်ရင် အန်ကယ်က ဘယ်တော့မှ မတားဘူးတဲ့၊ တကယ်တော့ ကိုယ့်သမီးလုပ်တဲ့အလုပ်က ဘယ်လောက်မွန်မြတ်မွန်မြတ် ဘေးမကင်းတော့ဘူးဆိုရင် ဖခင်တိုင်း တားမှာပဲ မဟုတ်လား၊ အန်ကယ်က ဘာလို့မတားတာလဲ'



ဦးဇေယျစိုးက ယဲ့ယဲ့ပြုံး၍ အကြာကြီး စဉ်းစားနေသည်၊ ချမ်းမြေ့လည်း သိတတ်စွာပင် တိတ်တိတ်ဆိတ်ဆိတ် စောင့်နေသည်။

ခဏနေမှ ဦးဇေယျစိုးက ညှော်ခန်းမျက်နှာကြက်ကို မော့ကြည့်နေရင်း ဖြည်းဖြည်းစပြောသည်။

'မိဘနဲ့ သားသမီးပေမယ့် သီလမတူရင် သီလပိုကြီးတဲ့သူက ပိုလွှမ်းမိုးနိုင်သတဲ့၊ သမီးသီလ အန်ကယ်မှ မမှီတာကွယ်၊ အထူးသဖြင့် ငယ်ငယ်တုန်းကပေါ့'

ချမ်းမြေ့ စိတ်ဝင်စားသွားသည်။

'နွယ်စိုး ငယ်ငယ်တုန်းက ဘာဖြစ်လို့လဲ၊ အန်ကယ်'

ဦးဇေယျစိုး ခေါင်းကို ဖြည်းဖြည်း ခါသည်။

'သမီးက ဘာမှမဖြစ်ပါဘူး၊ ဖြစ်တာက အန်ကယ်'

'ဘယ်လို အန်ကယ်'

'အသက် ၄၀ ကျော်ခါစ ရှိသေးတယ်၊ စီးပွားရေးက စအောင်မြင်၊ ပေါင်းတဲ့ စီးပွားရေးသမားတွေကလည်း သောက်တတ်တဲ့သူတွေချည်းပဲဆိုတော့ အရက်ကို နေ့စဉ်ရက်ဆက် သောက်နေဖြစ်တာပေါ့၊ လူမှန်းသူမှန်း မသိအောင် မူးပြီး ပြန်ရောက်လာတာတွေလည်း ရှိတယ်၊ နွယ်စိုးက ဘာရှိမှာလဲ၊ ၉ တန်းပေါ့၊ အဲဒါနဲ့ တစ်ညကျတော့ . . .'

ဦးဇေယျစိုး မျက်လုံးများ မှိုင်းဝေသွားသည်။

၁

'ကို နောက်မကျနဲ့နော်'

ဇနီးဖြစ်သူက ညှော်ခန်းဆိုဖာတွင် ထိုင်လျက် ရုပ်မြင်သံကြားရှေ့က မျက်နှာမလွှဲဘဲ ပြောသည်။

ကိုဇေယျစိုးက အင်္ကျီလက်ရှည်ကို လက်ဖျံအထိ ခေါက်လျက် လှေကားပေါ်က ဆင်းလာနေရင်းက ဖြေသည်။

'ပေါင်ချိန်မပြီးခင် ပြန်ရောက်စေရမယ်'

ဇနီးက လှည့်ကြည့်၍ ယဲ့ယဲ့ပြုံးပြသည်။

ဇနီးကြည့်နေကျ တရုတ်ရုပ်သံ ဇာတ်လမ်းတွဲကို ရည်ညွှန်း၍ ကျီစယ်လိုက်ခြင်း ဖြစ်သည်။

'ဒီနေ့ ပေါင်ချိန်မရှိပါဘူး၊ ဒါပေမဲ့ ကိုမေ့နေပြီလား၊ သမီးလေးက နက်ဖြန် မနက်အစောကြီး သွားမှာလေ၊ သူနဲ့ သွားမယ့် သမီးတောင် အိမ်မှာ လာအိပ်ဖို့ ရောက်နေပြီ'

ကိုဇေယျစိုး မျက်မှောင်ကြုတ်သည်။

'မကွေးအထိ အိမ်ကကားနဲ့ လိုက်ပို့မှာ မဟုတ်လား၊ ဘာလို့ အစောကြီးသွားရတာလဲ'

'လမ်းတွေမှ မကောင်းတာကိုး၊ ပြည်ကျော်တာနဲ့ ဆိုးပြီဟာ'

'အဲဒါဆိုလည်း သမီးကို စောစောအိပ်ခိုင်းလိုက်တော့လေ'

ဇနီးက သက်ပြင်းချသည်။

'ကိုကလည်း ကိုယ့်သမီးအကြောင်း သိသားနဲ့၊ ခရီးသွားခါနီး အဖေကို ကန်တော့ဦးမှာလေ၊ ဒါကြောင့် စောစောပြန်ခဲ့လို့ ပြောတာ၊ ဟိုတစ်ခါလိုလည်း အရမ်းမူးရူးပြန်မလာနဲ့ဦး၊ အိမ်မှာလည်း မိန်းကလေး ဧည့်သည်နဲ့'

ကိုဇေယျစိုး ရှက်အမ်း အမ်းသွားသည်။

တကယ်တော့ 'ဟိုတစ်ခါ' မကပါ။

သူ လူမှန်းမသိလောက်အောင် မူးပြီး အိမ်ပြန်ရောက်လာသည့် အကြိမ်ပေါင်းက မနည်းတော့ပါ။ ညဘက်ထွက်သောက်တိုင်းလည်း ယာဉ်မောင်းပါလေ့ မရှိသဖြင့် သူ ထွက်တိုင်း ဇနီးက ရင်တမမနှင့် စောင့်ရရှာပါသည်။

သို့သော် တစ်သက်လုံး ခင်ပွန်းသည်ကို နှုတ်လှန်မထိုးတတ်သူမို့ သူ့ခမျာလည်း သမီးကိုပဲ အားကိုးနေရသည်။



သားက နိုင်ငံခြားမှာ။

သမီးက လိမ္မာသည်။ စာအလွန်ဖတ်သည်။ ဘာသာရေး ကိုင်းရှိုင်းသည်။ ၈ တန်း ကျောင်းသူဘဝလောက် ကတည်းက တရားစခန်း မှန်မှန်ဝင်သည်။

ကိုဇေယျစိုးကလည်း သမီးကို တုန်နေအောင် ချစ်သည်။ သမီးက မျက်ရည်လေးဝဲ၍ 'ဖေဖေအရက်တွေ သောက်မလာပါနဲ့လား ဖေဖေရယ်' ဟု ပြောဖြစ်သည့် အခေါက်တွေမှာ လုံးဝ မသောက်တော့တာမျိုး မဟုတ်သော်လည်း လျှော့သောက်တတ်သည်။

ဇနီးက သည်တော့ သမီးနှင့် ဟန့်ရှာသည်။

'အေးပါကွာ'

ကိုဇေယျစိုး တုံ့ဆိုင်းဆိုင်း ဖြေ၍ ထွက်လာသည်။

သည်နေ့က အခက်သား။

သူငယ်ချင်းတစ်ယောက်က သစ်လိုင်စင်ရသဖြင့် အချိုကြီး ဧည့်ခံမည့်နေ့ ဖြစ်သည်။ အဲသည် ကောင်က သူနှင့်လည်း အလွန်ရင်းနှီးသည်။ ပြီးတော့ အလွန်သောက်သောသူ ဖြစ်သည်။

ငြင်း၍မှ ရပ့်ါမလားမသိ။

○

ဧည့်ခံပွဲတွင် ထင်ထားသည့်အတိုင်း သူတော်တော် သောက်ဖြစ်သွားသည်။

အစပိုင်း သမီးကို အကြောင်းပြ၍ ငြင်းနေသော သူ့ကို အတင်းအရက်ငှဲ့ပေးနေသည့် သူငယ်ချင်းကပင်လျှင် သူဆက်တိုက် ဖြည့်လိုက်၊ သောက်လိုက်လုပ်လာတော့ စိတ်ပြန်ပူရသည်။

'ဟေ့ကောင် ဇေယျစိုး၊ တော်တော့၊ မင်း ကားမောင်းရဦးမှာ'

'အေးဆေးပါ သူငယ်ချင်း၊ ငါသောက်ပြီး မြန်တာဘယ်တုန်းက များ ကားတိုက်တယ် မင်းကြားဖူးသလဲ'

နောက်ဆုံးမှာတော့ သူ့ကို ကားပေါ်အထိ သူငယ်ချင်းတွေ လိုက်တွဲတင်ရသည့် ဘဝသို့ ရောက်သွားသည်။

'ဟေ့ကောင်၊ ဖြစ်ရဲ့လားကွာ၊ ငါလိုက်ပို့ရမလား'

'အေးဆေး သူငယ်ချင်း'

အဲသည့်ညက မိုးမရွာ၍သာ တော်တော့သည်ဟု ဆိုရမည်။ ကိုဇေယျစိုး၏ ခြေထောက်က လီဗာနှင့် ကလပ်ရှ်ကို နင်းမိသလား၊ မနင်းမိသလားတောင် အာရုံမရလောက်အောင် ထုံကျဉ်၍ နေသည်။ တိုက်မလိုလိုလည်း ခဏခဏ ဖြစ်သည်။ ကံကောင်းထောက်မစွာပင် ဘရိတ်ကို နင်းတိုင်းတော့ ခြေထောက်က သိနေသည်။ မျက်လုံးတွေ ကတော့ ဝိုးတိုးဝါးတား။

ခြံရှေ့ သံတံခါးကို အစောင့်ဖြစ်သူက ဖွင့်ပေးတော့သည်လောက် ကျယ်သည့် အပေါက်ကိုပင် ဘေးနှစ်ဖက် မငြိမိအောင် တော်တော် သတိထား၍ စတီယာရင်ကို ထိန်းလိုက်ရသည်။

ကားတစ်စီးလုံး ခြံဝ အပေါက်နှင့် လွတ်ပြီဆိုတာ သိတော့မှ သက်ပြင်းချ၍ အိမ်ရှေ့ဆင်ဝင်အောက်သို့ ကွေ့ဝင်ခဲ့သည်။

ဒုန်းခနဲ . . .

ကားက ဆင်ဝင်ရှေ့ အုတ်တိုင်ကို တည့်တည့် တိုက်ချလိုက်သည်။ ပန်းအိုးတွေ ကျကွဲသံကိုလည်း ကြားရသည်။

'သွားပြီ၊ မိန်းမတော့ ဆူတော့မှာပဲ'

ခုမှတော့ မတတ်နိုင်။

ကားတံခါးကို ဖွင့်၍ ဆင်းမည်ကြံတော့ လုံချည်က ကျွတ်၍ ခါးမှာ ပုံနေသည်ကို သတိထားမိသည်။



ယိုင်တိုင်တိုင်နှင့် မတ်တတ်ရပ်ဖို့ ကြိုးစားရင်း လုံချည်ကို ပြင် ဝတ်ဖို့ ကြံသည်။

မြင်မြင်သမျှ မြင်ကွင်းများက သူ့ကို ဗဟိုပြု၍ ချာချာလည်သွား သည်။

ဆင်ဝင်ရှေ့ ကျောက်စရစ်ခဲခင်း ကားလမ်းပေါ်သို့ သူ လေးဖက် ထောက်ကျသွားသည်။

'ဝေါ့ . . . အော့'

အန်ပြီ၊ ဒုက္ခပဲ။ မအန်လို့လည်း မဖြစ်။ တရိပ်ရိပ်နှင့် ဆက် မူးနေသည်။ အန်မှပဲ သက်သာမည်ဟု ထင်သည်။

ခါးက လုံချည်က လက်တစ်ဖက်နှင့် ထိန်းထားရဆဲ။

'ဝေါ့ . . . အော့'

ထပ်အန်သည်။

အိမ်ရှေ့တံခါးပွင့်၍ လူရိပ်သုံးရိပ် ထွက်လာသည်။ ဇနီးသည် ရှေ့က ပါလာတာတော့ သေချာသည်။

သူ့ကိုပြေးပွေ့ရမည့်အစား အိမ်ရှေ့လှေကားတွင် ထိုင်ချ၍ တသိမ့်သိမ့် ငိုကြွေးနေသည်။

နောက်မှာ မိန်းကလေးနှစ်ဦး။

ပိုင်ယံသော မိန်းကလေး၏ မျက်နှာက သူ့မျက်စိထဲတွင် ဝါးနေ သော်လည်း ကိုင်းမည်းမျက်မှန်အထူကြီး တပ်ထားသဖြင့် သမီးခင်နွယ် စိုးဆိုတာ သေချာသည်။ နောက်က မိန်းကလေးက ဘယ်သူလဲမသိ။

သမီးကို လှမ်းစကားပြောဖို့ အကြံလိုက်မှာတင် သူ ဝမ်းလျားထိုး မှောက်ကျသွားသည်။

လောကကြီးက အမှောင်အတိ။

၀

ချမ်းမြေ့ ဦးဇေယျစိုး၏ မျက်ရည်ဝဲနေသော မျက်လုံးများကို ကရုဏာ သက်စွာ ငေးကြည့်နေမိသည်။

နှစ်ပေါင်းများစွာ ကြာအောင် မမေ့နိုင်သေးသည့် ဖခင် တစ်ယောက်၏ နောင်တ။ ဩော် ဒါကြောင့် သူ အရက်မသောက်တော့ တာကိုး။

'အန်ကယ် အဲဒါနဲ့ အရက်ဖြတ်လိုက်တာပေါ့၊ ဟုတ်လား'

ဦးဇေယျစိုးက ဆွေးမြေ့စွာ ပြုံး၍ ခေါင်းခါပြသည်။

'နောက်တစ်နေ့ မနက် အန်ကယ်နိုးလာတော့ အိပ်ရာထဲမှာပဲ၊ အိမ်က အလုပ်သမားတွေ တွဲပို့ထားတာပေါ့၊ ထူးခြားတာက ဇနီးရော၊ သမီးပါ မရှိတော့ဘူး၊ သမီးက ခရီးသွားမယ် ပြောထားပြီးသား ဆိုပေမယ့် ဇနီးပါပါသွားတော့ အံ့သြနေတာပေါ့၊ နောက်တော့ အလုပ်သမား တစ်ယောက်က သမီးရေးထားခဲ့တဲ့စာကို ပြတယ်'

ဦးဇေယျစိုး အဝေးတစ်နေရာကို ငေးကြည့်နေရင်းက ဆက် ပြောသည်။

'ဖေဖေ၊ မေမေက နေ့တိုင်း ယောကျ်ား မူးရူးပြန်လာမှာလား၊ ဒါမှမဟုတ် ပြန်မလာနိုင်တော့မှာလားကို တထိတ်ထိတ်နဲ့ စောင့်ရတဲ့ ဘဝကို စိတ်ကုန်သွားပြီတဲ့၊ သမီး ဖေဖေ့ကို ချစ်ပါတယ်၊ ဒါပေမဲ့ မေမေ နဲ့ နေပေးမှ ဖြစ်မယ်ထင်တယ်တဲ့၊ နည်းနည်းစိတ်ပူပေမယ့် သိပ်ကြီး တော့ မပူဘူး၊ မိန်းမခဏစိတ်ကောက်သွားတာပဲ၊ သမီးလည်း ပါသွား တာဆိုတော့ သမီးချော့လိမ့်မယ်ပေါ့၊ ပြီးတော့ အိမ်က ကားနဲ့ပဲ သွား တာဆိုတော့ အကျိုးအကြောင်းလည်း သိနေမှာပဲပေါ့၊ အဲဒါနဲ့ပဲ သူတို့ စိတ်ပြေလောက်မှပဲ လိုက်ချော့မယ်ဆိုပြီး ကိုယ့်အလုပ်ပဲ ကိုယ် ဆက်လုပ်နေခဲ့တာ၊ ညနေဆိုလည်း အပြင်ထွက်မသောက်ဖြစ်ပေမယ့် အိမ်မှာတော့ နည်းနည်းတော့ သောက်နေခဲ့တာပဲ'

ဦးဇေယျစိုး သက်ပြင်းချသည်။



'နောက်သုံးရက်လောက်နေတော့ အိမ်က ကားနဲ့ ကားသမား ပြန်လာတယ်၊ သူတို့ မပါလာဘူး၊ ပါလာတာက ကွာရှင်းစာချုပ်၊ အန်ကယ့်ဇနီးက တစ်ဖက်ထိုးထားတယ်၊ တစ်ဖက်ပြန်ထိုးပြီးရင် မကွေး က သူ့မိဘတွေအိမ် ပြန်ပို့ပေးပါတဲ့'

ဦးဇေယျစိုး မျက်ရည်စို့သည်။ ချမ်းမြေ့ မအောင့်နိုင်ဘဲ ဖြတ် မေးမိသည်။

'သူတို့က မကွေးမှာလား'

ဦးဇေယျစိုး ဖြည်းညင်းစွာ ခေါင်းခါသည်။

'အဲဒါ အဆိုးဆုံးပဲ၊ သူတို့မကွေးအိမ်မှာ မရှိကြဘူးတဲ့၊ ဘယ်မှာ ဆိုတာလည်း မသိဘူးတဲ့၊ သူ့မိဘတွေကို ဖုန်းဆက်မေးတော့လည်း မဖြေဘူး၊ အဲဒီမှာ အန်ကယ် အကြီးအကျယ်တုန်လှုပ်သွားတော့တာပဲ၊ အန်ကယ့်ဇနီးက စိတ်ကောက်ရုံလောက် မဟုတ်ဘူး၊ သမီးကိုပါခေါ်ပြီး အန်ကယ့်ကို ခြေရာဖျောက်သွားပြီဆိုတာ ရိပ်မိလိုက်တယ်'

ဦးဇေယျစိုးက နေရာမှထ၍ ညှော်ခန်းထဲတွင် ဖြည်းညင်းစွာ လမ်းလျှောက်ရင်း ဆက်ပြောသည်။

'အမှန်အတိုင်းပြောရရင် အရက်သမားမယားမဖြစ်ချင်တဲ့ ဇနီး ထက် အရက်သမားသမီးမဖြစ်ချင်တဲ့ သမီးကို ပိုအားနာမိတယ်၊ ဒီ လောက် စိတ်ထားဖြူစင်တဲ့ မိန်းကလေး သူ့ဖေဖေက ညတိုင်းအရက်မူး နေတယ်၊ အထူးသဖြင့် သူစိမ်းဧည့်သည်ရှေ့မှာတောင် ရှုပ်ပျက်ဆင်း ပျက်ဖြစ်လောက်အောင် မူးတယ်ဆို ဘယ်လောက်များ ခံစားရရှာမလဲလို့ တွေးမိတယ်၊ အဲဒါနဲ့ အရက်ကို တီခနဲ ဖြတ်ပစ်လိုက်တာပဲ'

'စာချုပ်ရော လက်မှတ်ထိုးပေးလိုက်လား အန်ကယ်'

ဦးဇေယျစိုးက ခေါင်းညိတ်ပြသည်။

'ထိုးပေးလိုက်တယ်၊ ဒါပေမဲ့ စာလေးတော့ ရေးပေးလိုက်တယ်၊ ဘယ်တော့မှ မသောက်တော့ပါဘူး၊ ပြန်လာကြပါပေ့၊ သူတို့မရှိဘဲ ဘယ်လိုမှ မနေပါရစေနဲ့ပေါ့'

'လာလား အန်ကယ်'

ချမ်းမြေ့အားတက်သရောမေးတော့ ဦးဇေယျစိုးလမ်းလျှောက်နေရာမှ ရပ်၍ ယဲ့ယဲ့ပြုံးပြသည်။

'လာပါတယ်ကွယ်၊ ဒါပေမဲ့ အန်ကယ်တကယ်မသောက်တော့ဘူး ဆိုတဲ့ သတင်းကို သေချာအောင် စုံစမ်းနေတယ် ထင်ပါရဲ့၊ တစ်လကြာမှ ပြန်လာတယ်၊ အန်ကယ်လည်း စိတ်ထောင်းကိုယ်ကြေပေါ့၊ အလုပ်တောင် မသွားနိုင်တော့ဘဲ အိမ်မှာပဲ ထိုင်မှိုင်နေတာ၊ အန်ကယ်ပိန်သွားတာတွေ့တော့ နှစ်ယောက်စလုံး အန်ကယ့်ကို ဖက်ငိုကြတယ်၊ အဲဒီတုန်းက သမီးပြောတဲ့စကားကလေး အန်ကယ်ခုထက်ထိ နားထဲက မထွက်ဘူး'

အဖေဟာ အဖေပါပဲ ဖေဖေရယ်။ ဖေဖေ့ကို ထားသွားမိတာ သမီးကို ခွင့်လွှတ်ပါ။ ဖေဖေအရက်သောက်ချင်လည်း ပြန်သောက်ပါ။ ဖေဖေလုပ်ချင်တာကို တားတာမျိုး သမီးနောက်ကို ဘယ်တော့မှ မလုပ်တော့ဘူးနော်. . . တဲ့။

'လက်တွေ့မှာတော့ အန်ကယ်ပြန်မသောက်ဖြစ်တော့ဘူး။ ပြီးတော့ သမီးအခုလို ပရဟိတ ကိစ္စတွေနဲ့ အန်ကယ့်ရင်ခွင်ထဲက ထွက်သွားမယ်လုပ်တိုင်းလည်း အန်ကယ်မတားတတ်တော့ပါဘူးကွယ်'

ချမ်းမြေ့နှုတ်ဆွံ့၍ နေပါတော့သည်။

●

(၁၆)

မောင်းသူထိုင်ခုံ၏ ခြေချစရာနေရာသည်ပင်လျှင် မိမိအရပ် အမြင့်လောက်မှာ ရှိနေသော ဧရာမလယ်ထွန်စက်ကြီးကို မော့ကြည့်၍ ချမ်းမြေ့အံ့သြနေမိသည်။

သည်လို လယ်ထွန်စက်မျိုးကို ဆိုရှယ်လစ်ခေတ်က တော်တော်တွင်တွင်ကျယ်ကျယ် သုံးခဲ့ဖူးတာ သူ ဖတ်မှတ်ဖူးသည်။ နောက်တော့ မဂ်လာဒုံဘက်မှာ 'လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့' ဆိုသည့် ဆိုင်းဘုတ်နှင့် 'ထွန်စက်စခန်း' ဆိုသည့် ဆိုင်းဘုတ်နှစ်ခုထောင်ထားသော ဧရာမဝင်းကြီးပေါ်လာပြီး ထွန်စက်တွေအပြည့်ထည့်ထားတာလည်း မှတ်မိသည်။ အားလုံးတော့ အပျက်ချည်းပါပဲ။ ယခုအဲသည် ဝင်းကြီးလည်း မရှိတော့။

သည်ထွန်စက်တွေက ထွန်အားကောင်းလှသော်လည်း ဈေးကြီး၍ ဆီစားသဖြင့် နောက်ပိုင်းမှာ မော်တော်ဆိုင်ကယ်သာသာ လယ်ထွန်စက်ကလေးတွေ ပေါ်လာသည်။ ကတ္တရာလမ်းပေါ်တက်မောင်းကြတော့ ထော်လာဂျီဟု လူသိများသည်။ လယ်ထွန်သည့်နေရာမှာ ဘယ်လောက်တွင်ကျယ်သည်ကိုတော့ သူသေသေချာချာမသိ။

ယခုလယ်ထွန်စက်ကြီးကတော့ သူငယ်ငယ်က မြင်ဖူးသည့် လယ်ထွန်စက်မျိုးကြီးပါပဲ။ ပို၍ကြီးတာရယ်၊ မီးခွက်ပုံစံ၊ ဘော်ဒီပုံစံတွေက ပိုခေတ်မီနေတာရယ်ပဲ ရှိသည်။ နောက်မှာ တပ်ထားသည့် ထယ်သွားတွေရော၊ ရှေ့မှာ တပ်ထားသည့် မြေထိုးဂေါ်ပြားကြီးကရော ခမ်းနားဝင့်ထည်လှသည်။

ဗဟင်းရွာရှိ ကိုယ်ပိုင်အထက်တန်းကျောင်းကလေးရှေ့ မျက်နှာစာတစ်ဝက်လောက်ကို လယ်ထွန်စက်ကြီးက နေရာယူထားသည်။

'ကိုချမ်းမြေ့၊ လယ်သမားလုပ်ချင်စိတ် ပေါက်မသွားဘူးလား'

နောက်က ခင်နွယ်စိုးအသံပေါ်လာသည်။

အနည်းငယ်ပိန်နေသေးသော်လည်း လူက လန်းလန်းဆန်းဆန်းပါပဲ။ ကန်ထရိုးစတိုင်ဘလောက်စ်အကျီလက်ရှည်အကွက်ကလေးနှင့် ချည်သားဘောင်းဘီရှည်အပြာကလေးကို ဝတ်ထားသဖြင့် ပခုက္ကူကနေ သည်မြို့နယ်ဗဟင်းရွာရောက်ပြီးနောက်ပိုင်း ရေမချိုးအဝတ်မလဲရ သေးဘူးဆိုတာ သိသာသည်။

သူရေချိုးနေတုန်းမှာ သည်ကျောင်းက ကျောင်းဆရာကလေး ဦးဆောင်သော ဒေသခံပရဟိတအဖွဲ့ဝင်တွေနှင့် တောင်တန်းဒေသဖွံ့ဖြိုး ရေးကိစ္စတွေ ဆွေးနွေးနေတာ သေချာလှသည်။ အလုပ်. . . လုပ်လည်း လုပ်နိုင်လွန်းသော မိန်းကလေးပါပေ။

မျက်နှာကလေးအနည်းငယ်ချောင်နေသေးသော်လည်း မျက်လုံးကလေးတွေက ကြည်လင်တောက်ပနေသည်။

ခင်နွယ်စိုးက ထွန်စက်ပေါ်သို့ ပေါ့ပါးဖျတ်လတ်စွာ တက်သွားပြီး ယာဉ်မောင်းထိုင်ခုံနေရာကို ဝင်ထိုင်၍ ဟန်ပါပါမောင်းနေဟန်လုပ်ပြသည်။

'ကောင်းတယ် မဟုတ်လား၊ ကိုချမ်းမြေ့'

ချမ်းမြေ့ ယောင်အအနှင့် ခေါင်းညိတ်ပြသည်။



'နွယ်စိုးတို့က လယ်ပါ ထွန်ပေးမလို့လား'

ခင်နွယ်စိုးက မျက်လုံးကလေး ပိတ်အောင်ရယ်သည်။

'ကြံကြံဖန်ဖန် ဘယ်ထွန်ပေးနိုင်မှာလဲ ကိုချမ်းမြေ့ရဲ့၊ ပန်းခေါင်းအဖွဲ့ကူညီနေတဲ့ နေရာတွေက အများကြီးဖြစ်လာပြီဟာ၊ ဒီကိုတောင် ခါတိုင်းလောက် ခဏခဏမရောက်နိုင်တော့ဘူး၊ အင်းလေ၊ ဒါတောင် ဒီနှစ်ထဲသုံးခေါက်လောက် လာလိုက်ရသေးတယ်'

'ဘာဖြစ်လို့လဲ'

ခင်နွယ်စိုးက ကျောင်းနောက်ဘက်တွင် ရှိနေသော ပုံတောင်တောင်တန်းကြီးကို လက်ညှိုးထိုးပြသည်။

'အဲဒီပေါ်မှာ နွယ်စိုးတို့ဆောက်ထားတဲ့ ကျောင်း ငါးကျောင်းရှိတယ်၊ နောက်ဆုံးဆောက်တဲ့ကျောင်းကလေးက ဆတ်လူးအိုင်တဲ့၊ ရွာကလေးက သေးသေးကလေး၊ ရွာလို့တောင် မခေါ်ဘူး၊ တဲတိုက်လို့ခေါ်တယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ရွာအဆင့်သတ်မှတ်ပေးဖို့ နွယ်စိုးတို့အဖွဲ့က ကူပြောပေးတော့ အနည်းဆုံးရှိရမယ့် အိမ်ခြေမရှိလို့တဲ့၊ တောင်တစ်လုံးစီရောက်နေတဲ့ တဲတွေကို အလယ်မှာ စုခိုင်းတယ်။ သွားပြောတော့ ဘယ်သူမှ မရွှေ့ချင်ကြဘူး၊ သူများကိုပဲ ကိုယ့်ဘက်ရွှေ့လာစေချင်ကြတယ်၊ အဲဒါနဲ့ နွယ်စိုးတို့လည်း အလယ်တည့်တည့်မှာ ကျောင်းဆောက်ပစ်လိုက်တယ်၊ ကလေးတွေ ကျောင်းလာတက်ရင်းနဲ့ လူကြီးတွေပါ စည်းရုံးမိမယ်ပေ့ါ၊ ပြီးခဲ့တဲ့ နွေကမှ ဖွင့်ပွဲလုပ်တယ်'

ချမ်းမြေ့ ပါးစပ်အဟောင်းသားဖြစ်နေသည်။ အစိုးရလုပ်ပေးရမည့်ကိစ္စအားလုံးကို ဆင်းရဲသားလူတန်းစားတွေအတွက် ကိုယ်စားလိုက်ပူပန်ပေးနေသည့် ပရဟိတကွန်ရက်ကြီးတစ်ခုကို ဦးဆောင်နေသူက သည်ပိန်ပိန်သွယ်သွယ် မိန်းမပျိုကလေးတဲ့လေ။

'အဲဒါ မိုးလည်း စရွာရော ကုန်းတွင်းမုန်တိုင်းနဲ့တွေ့ပြီး ကျောင်းအသစ်စက်စက်ကလေး အမိုးတွေ အကုန်လန် ကုန်တော့တာပဲ၊

နွယ်စိုးတို့ ရန်ကုန်ပြန်ရောက်တာမှ တစ်လမပြည့်သေးဘူး၊ ပြန်ပြေးရတော့တာပေါ့၊ မိုးထဲလေထဲမှာပဲ ကျောင်းကို ရအောင်ပြင်ဆောက်ရတယ်၊ နွယ်စိုးတို့အဖွဲ့ရဲ့ ဆောင်ပုဒ်က တစ်ခါလဲရင် ခုနစ်ခါ ပြန်ထမယ်. . . တဲ့'

ချမ်းမြေ့ ဘာပြောရမှန်း မသိသေး။

ခင်နွယ်စိုးက သူထိုင်နေသော လယ်ထွန်စက်ကြီးကို အားရပါးရ ပုတ်ပြ၍ ဆက်ပြောသည်။

'တောင်ပေါ်က အစက သစ်တောကြီးဝိုင်း၊ အခုတော့ သစ်တောတွေလည်း ပြုန်းကုန်ပါပြီ၊ ရေနံလက်ယက်တွင်းကလေးတွေလည်း ရှိတယ်၊ အဲဒါတွေလည်း အခုသိပ်မထွက်တော့ဘူး၊ ရွာသားတွေက အခုယာပဲစိုက်ရတာ၊ ဒါလည်း ရေရှားတော့ သိပ်ဒုက္ခရောက်တယ်၊ တောင်ပေါ်မှာ ကျောက်သားတွေချည့်ပဲဆိုတော့ ရေတွင်းတူးလည်း မထွက်ဘူး၊ တောင်အောက်က ရေကို ဆင်းသယ်ရတဲ့ ဒုက္ခကလည်း မသေးဘူး၊ နွယ်စိုးတို့အဖွဲ့က အခုမိုးတွင်းရေခံပြီး လှောင်ထားလို့ရတဲ့ ရေကန်တွေ လိုက်ဆောက်ပေးထားတော့ နည်းနည်းအဆင်ပြေတယ်၊ စိုက်လောက်ပျိုးလောက်အောင်တော့ မရဘူး၊ အခုတောင်ခြေမှာ သူတို့အများစုပိုင်တဲ့ လယ်ကွက်ကလေးတွေ ရထားတယ်၊ လျှော်ပင်ပဲ စိုက်ရကောင်းမလား ဆွေးနွေးနေတယ်၊ ရေအဆင်ပြေရင်တော့ လယ်ပါစိုက်မလားပေါ့၊ သူတို့ကို ငွေလည်း မြန်မြန်ပေါ်စေချင်တယ်လေ၊ ဒီထွန်စက်ကြီးကို သူတို့အတွက် ဝယ်ပေးတာ၊ အားလုံးစုပေါင်းပိုင်မယ်၊ စုပေါင်းအသုံးချမယ်၊ စုပေါင်းထိန်းသိမ်းမယ်ပေါ့၊ ပန်းဒေါင်းအဖွဲ့ရဲ့ မူက ကူညီတာကိုပဲ မျှော်လင့်နေရတဲ့ ဘဝမျိုးကလွတ်ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တဲ့အထိ ကူညီပေးဖို့ပဲ၊ မနက်ဖြန်မှ ပညာရှင်တွေနဲ့ ရေကြောရှာမယ်၊ တွေ့ရင်တူးပေးမယ်၊ တောင်ပေါ်မှာတင် ရေထွက်ရမယ်'

ချမ်းမြေ့ အံ့ဩစွာ ပြန်မေးမိသည်။



'နွယ်စိုး အဲဒီပညာတွေ ကင်ဘာရာမှာ သင်ခဲ့ရတာလား'

ခင်နွယ်စိုးက ရှက်ကိုးရှက်ကန်းရယ်သည်။

'ဟိုမှာ သင်ခဲ့ရတာ ဒီဇဲလုပ်မင့်နဲ့ ဘာမှမဆိုင်ပါဘူး၊ ကိုချမ်းမြေ့ရဲ့၊ ဒါတွေက လုပ်ပေးချင်လို့ လိုက်လေ့လာတာ၊ ပညာရှင်တွေကလည်း ဝိုင်းကူဆွေးနွေးပေးကြတယ်လေ'

ချမ်းမြေ့ ခေါင်းတဆတ်ဆတ်ညိတ်သည်။

'ပရဟိတလုပ်ငန်းတွေကို နွယ်စိုးတို့လောက် ကျယ်ပြန့်အောင် လုပ်နိုင်ဖို့ဆိုတာ စေတနာရှိရုံနဲ့ မရဘူး၊ အခက်အခဲတွေက မျိုးစုံရင်ဆိုင်ရမှာ၊ ကောင်းတာလုပ်တာဆိုပေမဲ့ တိုက်ခိုက်တဲ့ သူတွေလည်း အများကြီးရှိမှာပဲ၊ အဲဒီအခါတွေကျရင် စိတ်ထားတတ်ဖို့ နွယ်စိုးကို ဘယ်သူသင်ပေးသလဲ'

ခင်နွယ်စိုးက ပြုံးပြုံးကလေး ပြန်ဖြေသည်။

'ဘုရားပေါ့ ကိုချမ်းမြေ့ရယ်'

'ဘုရား ဟုတ်လား'

'ဘုရားရဲ့ တရားတော်တွေကို ပြောတာလေ၊ လောကီကိစ္စပဲဖြစ်ဖြစ်၊ လောကုတ္တရာကိစ္စဖြစ်ဖြစ် နွယ်စိုးတို့ရဲ့ ဘုရားရှင်က အားလုံးရေပက်မဝင်အောင် ဟောခဲ့တာပဲ၊ အဲသည်တရားတွေကို သံဃာတော်တွေဆီက နာရတယ်၊ ဆရာတော်တွေရေးတဲ့ တရားစာပေတွေ ဖတ်ရတယ်၊ အဓိကကတော့ အရှင်ဆန္ဒာဓိကပေါ့၊ ဆရာတော့်တရားတွေ နာလိုက်ရရင် စိတ်ထားတတ်သွားတယ်၊ ပြဿနာနဲ့ ရင်ဆိုင်ရတဲ့ အခါတိုင်းမှာလည်း ဆရာတော့်တရားတွေ ပြန်စဉ်းစားလိုက်ရင် ကိုယ်တိုင်အနားမှာ လာဟောပြနေသလိုပဲ၊ အပြင်မှာတော့ တစ်ခါမှ မဖူးဖူးဘူး'

ချမ်းမြေ့ ခေါင်းညိတ်သည်။

ခင်နွယ်စိုးက လယ်ထွန်စက်ပေါ်မှ သွက်လက်စွာ ဆင်းလာ၍ ချမ်းမြေ့အားတွင် လာရပ်ပြီး လယ်ထွန်စက်ကို မှီထားသည်။

'အစိုးရဘက်ကရော မကူညီဘူးလား'

ခင်နွယ်စိုးက ရယ်သည်။

'မြန်ကြားရေဝန်ကြီးကတော့ ဖေ့စ်ဘုတ်ကနေ ဆက်သွယ်ပြီး မခင်နွယ်စိုးရဲ့ လုပ်ရပ်တွေကို ဂုဏ်ယူလေးစားပါတယ်၊ ကူညီနိုင်တာရှိရင် ပြောပါလို့ပြောတော့ တောင်တန်းဒေသ မီးရရေး ကူညီနိုင်မလားလို့ ပြန်ပြောဖူးတယ်၊ ဆက်တင်ပြပေးပါမယ်တဲ့'

ချမ်းမြေ့ အံ့သြသွားသည်။

မြန်ကြားရေဝန်ကြီးသည် တပ်မတော်အရာရှိဟောင်းတစ်ဦးဖြစ်ပြီး တပ်မတော်အရာရှိဟောင်း အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူလည်း ဖြစ်သည်။ ခင်နွယ်စိုးအနေနှင့် ထိုအစိုးရကို ထောက်ခံသူမဟုတ်တာလည်း သူရိပ်မိသလောက်တော့ ရှိနေပြီဖြစ်သည်။

'နွယ်စိုးက အဲဒီလူတွေကို ကြိုက်လို့လား'

'ကြိုက်တယ် မကြိုက်တယ် နွယ်စိုးမှာ ဘာမှမရှိပါဘူး၊ ဒုက္ခရောက်နေတဲ့လူတွေ ကူညီဖို့ဆိုရင် နွယ်စိုးဘယ်သူနဲ့မဆို လက်တွဲမှာပဲ၊ အဲ နိုဝင်ဘာရွေးကောက်ပွဲကျရင်တော့ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ပဲ မဲပေးမှာ'

နှစ်ယောက်သား ရယ်မိကြသည်။

'ဒေါ်အောင်ဆန်းစုကြည်ကိုတော့ ချစ်တယ်ပေါ့'

ခင်နွယ်စိုး ခေါင်းညိတ်ပြသည်။

'သူ့ကို ရင်ထဲမှာ အမေလိုပဲ၊ သူအခု ဘာမှလုပ်မပေးနိုင်သေးပေမယ့် တစ်နေ့နေ့မှာ နွယ်စိုးတို့နိုင်ငံကို အခုနစ်နေတဲ့ နွံထဲကနေ ဦးဆောင်ဆွဲထုတ်သွားနိုင်မယ့်သူပဲလို့ ယုံကြည်နေမိတယ်'

'နွယ်စိုး တွေ့ဖူးလား'



ခေါင်းညိတ်ပြသည်။

'နွယ်စိုးတို့ ပရဟိတအဖွဲ့ တော်တော်များများကို သူခေါ်တွေ့သေးတယ်၊ လူငယ်တွေပေါ့လေ၊ သူတို့သာ အစိုးရဖြစ်လာမယ်ဆိုရင် ဘာတွေ လုပ်ပေးစေချင်သလဲ ပြောပါတဲ့၊ တစ်ယောက်ပြီးတစ်ယောက် ထပြောကြတာ၊ လုပ်ပေးစေချင်တာတွေ အမျိုးမျိုးပေါ့၊ သူကဘာမှတော့ ကတိမပေးဘူး၊ အားလုံးကို မှတ်သွားတယ်၊ သူကြိုးစားပါမယ်တဲ့၊ ကတိတော့ မပေးပါရစေနဲ့ဦးတဲ့'

'နွယ်စိုးကရော ဘာတောင်းဆိုလိုက်သလဲ'

ခင်နွယ်စိုးက ပြုံး၍ခေါင်းခါပြသည်။

'နွယ်စိုးအလှည့်မှာ နွယ်စိုးကပြောတယ်၊ အခုသမီးတို့လုပ်နေတဲ့ ပရဟိတလုပ်ငန်းတွေဟာ အန်တီတို့အစိုးရဖြစ်လာတဲ့အခါကျရင် အစိုးရကိုယ်တိုင်ဦးဆောင်ပြီး လုပ်လိမ့်မယ်လို့ ယုံကြည်ပါတယ်၊ အဲဒီအခါကျရင် သမီးတို့လူငယ်တွေဘက်က ဘာတွေထပ်လုပ်ပေးရမလဲ၊ ဘယ်လိုဝိုင်းဝန်းရမလဲသာ အန်တီတို့ ပြောပါလို့'

ချမ်းမြေ့ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'သူက ဘာပြောလဲ'

'ဘာမှ ပြန်မပြောဘူး၊ နွယ်စိုးကို ပြုံးပြီးစိုက်ကြည့်နေတာ အကြာကြီးပဲ၊ သမီးအရင်းတစ်ယောက်ကို အမေက ချစ်ပြီးကြည့်နေတဲ့ အကြည့်မျိုးလို့ နွယ်စိုးခံစားရတယ်၊ နောက်မှ အခမ်းအနားမှူးက သတိဝင်လာပြီး နောက်တစ်ယောက်လို့ပြောလို့ နွယ်စိုးထိုင်လိုက်ရတာ'

အံ့သြစရာ မိန်းကလေးပါပေ။

'ဥက္ကဋ္ဌ၊ ဥက္ကဋ္ဌ ရေမချိုးသေးဘူးလား၊ ထမင်းစားရအောင်'

အိမ်ထဲက ထွက်လာသော ကျောင်းဆရာကလေးက ခင်နွယ်စိုးကို လှမ်းပြောသည်။ ခင်နွယ်စိုးက ရယ်၍ပြန်မေးသည်။

'ဘာဟင်းတွေ စပါယ်ရှယ်ချက်ထားလို့ လောနေရတာလဲ ဆရာရဲ့'

'ဘာဟင်းမှ မချက်ထားဘူး၊ ဟိုဘက်လမ်းက ကျောင်းအုပ်ဆရာကြီးက ဥက္ကဋ္ဌကို ကျွေးချင်လွန်းလို့ဆို ဘိုကင်လုပ်ထားတာ၊ ကျွန်တော်ပါ လိုက်ဆွဲမှာ၊ နိုင်ငံခြားကလာတဲ့ မြန်မာအင်ဂျင်နီယာလည်း ပါမယ် ပြောထားတယ်'

'အကုန်အကျတွေ များနေပါမယ် ဆရာရယ်'

ခင်နွယ်စိုးက ရယ်၍ ချမ်းမြေ့ကို လှည့်ပြောသည်။

'ကဲ ကိုချမ်းမြေ့ ဗီညစာ ဝအောင်စားထား၊ နက်ဖြန်တောင်ပေါ် ရောက်ရင် မိုးကြိုးငါးခြောက်ဖုတ်တောင်လွမ်းရတဲ့ ဘဝပြန်ရောက်သွားနိုင်တယ်'

ကျောင်းဆရာလေးက ချမ်းမြေ့ကို မျက်လုံးပြူးကြည့်သည်။

'ဟာ ကိုချမ်းမြေ့က တောင်ပေါ်လိုက်မှာလား'

'အင်းလေ ဆရာရဲ့၊ ဘာဖြစ်လို့လဲ'

'ဟာ ဥက္ကဋ္ဌပြောပြမထားဘူးလား၊ တောင်တက်တောင်ဆင်းဆိုင်ကယ်လမ်းက ဟိုက်ပါစစ်ရှောင် ဒုက္ခသည်စခန်းသွားရတာထက်တောင် အသက်အန္တရာယ်များတယ်ဆိုတာ၊ ကျွန်တော်တောင် အိမ်ကမိန်းမကို တော်တော်နဲ့ ပေးမလိုက်ဘူး၊ လမ်းအကြောင်းသိသွားရင် ကိုယ့်ပါ မလွှတ်မှာစိုးလို့'

'ပြောပါတယ် ဆရာရယ်၊ သူက ရောက်ဖူးချင်တယ် ပြောနေလို့ပါ'

'ပြီးရော၊ ရှေ့လူခါးတော့ မြဲအောင်ဖက်ဗျို့၊ ယောက်ျားချင်းပဲဆိုပြီး ဖက်ချင်သလိုလို မဖက်ချင်သလိုလိုတော့ သွားမလုပ်နဲ့၊ တောင်စောင်းကနေ ပြုတ်ကျရင် ဆေးရုံရောက်ဖို့တောင် သိပ်လွယ်မယ်မထင်နဲ့'



ပျော်တတ်သော ကျောင်းဆရာလေးက ရယ်ရွှန်းဖတ်ရွှန်းပြော၍ အထဲပြန်ဝင်သွားသည်။

ခင်နွယ်စိုးက မှိုထားရာက ထအရပ်မှာ ချမ်းမြေ့ရုတ်တရက် သတိရပြီး လှမ်းပြောသည်။

'နွယ်စိုးကို မပြောပြရသေးဘူး၊ ဓာတ်သာယာမှာ အိပ်တဲ့ညက တို့နဲ့ အန်ကယ် ညဥ့်နက်အောင် စကားပြောဖြစ်ကြတယ်'

ခင်နွယ်စိုးက လှည့်ကြည့်၍ ပြုံးသည်။

'ဟုတ်လား၊ ဖေဖေက အဲသလို ပြောခဲ့တယ်၊ ကိုချမ်းမြေ့ကို တော်တော်ခင်သွားလို့ ဖြစ်မှာ၊ ဘာတွေပြောကြတာလဲ၊ နွယ်စိုးအကြောင်းတွေလား'

ချမ်းမြေ့က ခေါင်းညိတ်ပြသည်။

'နွယ်စိုးအကြောင်းလည်း ပါတာပေါ့၊ အဓိကက ငယ်ငယ်တုန်းက သူ့ဘာကြောင့် အရက်ဖြတ်ခဲ့တယ်ဆိုတာပဲ'

ခင်နွယ်စိုး အပြုံးကလေး မှေးမှိန်သွားသည်။

'အင်း ကိုယ့်ဖေဖေ အရက်ဖြတ်လိုက်တာတော့ ကောင်းတာပေါ့ ကိုချမ်းမြေ့ရယ်၊ ဒါပေမဲ့ အဖေဆိုတာ အရက်သမားဖြစ်နေလည်း အဖေပဲလေ၊ အဲဒါ ကိုယ့်ကြောင့်စိတ်ထိခိုက်ခံစားရပြီးမှ ဖြတ်လိုက်တယ်ဆိုတာတော့ တွေးကြည့်တိုင်း စိတ်မကောင်းဘူး'

'အန်တီ့ကြောင့်လည်း ပါမှာပေါ့'

ခင်နွယ်စိုး ခေါင်းညိတ်ပြသည်။

'ပါတယ်၊ ဒါပေမဲ့ နွယ်စိုးက အဓိကပဲ၊ နွယ်စိုးပျောက်သွားလို့ သူ့အရမ်းပူလောင်ခံစားခဲ့ရရှာတာ၊ တကယ်တော့ နွယ်စိုး သူများတွေ အပေါ်မှာသာ ကောင်းတာ၊ ကိုယ့်အဖေအပေါ် ကိုယ်မကောင်းခဲ့ဘူး၊ သိလား'

ချမ်းမြေ့ သက်ပြင်းချသည်။

'အဲသလို မတွေးပါနဲ့ နွယ်စိုးရယ်၊ ပြီးတော့ အခုသူ သူ့သမီးအတွက် ဂုဏ်ယူပြီး ချမ်းမြေ့နေမှာပါ၊ ဒါနဲ့ သူက နွယ်စိုးခရီးထွက်ရင် မတားတတ်တာ အဲဒါနဲ့များ ဆက်စပ်နေမလား'

'နွယ်စိုးထွက်သွားတာနဲ့တော့ မဆက်စပ်ပေမယ့် ပြန်လာတော့ နွယ်စိုးပြောခဲ့တဲ့ စကားနဲ့ ဆက်စပ်နေတာလေ'

'သူလုပ်ချင်တာကို တားတာမျိုး ဘယ်တော့မှ မလုပ်တော့ပါဘူး ဆိုတာကိုလား'

ခင်နွယ်စိုးက ခေါင်းညိတ်ပြသည်။

'ဟုတ်တယ်၊ သူ့အရက်သောက်တာလို မကောင်းတာလုပ်တာကို တားမိတာတောင် နွယ်စိုးက နောင်တရသလို ပြောမိတော့ သူက နွယ်စိုးကောင်းတာ လုပ်တာတွေကို စိုးရိမ်စိတ်နဲ့ တားမိမယ် စဉ်းစားတိုင်း အဲဒီစကားကို အမြဲပြန်ကြားယောင်မိတယ်တဲ့'

ချမ်းမြေ့ ခေါင်းတဆတ်ဆတ်ညိတ်သည်။

'ဒါနဲ့ နွယ်စိုးတို့ သားအမိက ဘယ်အထိ သွားကြတာလဲ'

ခင်နွယ်စိုး မျက်လွှာချသည်။

'တချို့ကိစ္စတွေဟာ ရင်ထဲမှာ အလေးအပင်တစ်ခုသက်သက်ပါပဲ၊ ကိုချမ်းမြေ့ရယ်၊ အမြင့်ကို ပျံချင်ရင် လေးလံတာတွေကို လွှတ်ချခဲ့ရတယ်တဲ့၊ ကိုချမ်းမြေ့လည်း ကြားဖူးမှာပေါ့၊ အဲဒီတုန်းက ကိစ္စတွေက နွယ်စိုးလွှတ်ချခဲ့တာကြာပါပြီ'

ချမ်းမြေ့ အားတုံ့အားနာ ဖြစ်သွားသည်။

'ဆော်ရီးနော် နွယ်စိုး'

'ရတယ်၊ ကိုချမ်းမြေ့၊ နွယ်စိုးရေသွားချိုးတော့မယ်နော်'

ခင်နွယ်စိုးက အိမ်ခန်းထဲ ဝင်သွားသည်။

ရေချိုးရမည့်နေရာက ကျောင်းနောက်ဘက် အဆောင်နေကျောင်းသူတွေ ရေချိုးဖို့လုပ်ထားသော ရေကန်ကြီးဘေးမှာ ရင်ရှားနှင့်



ခပ်ချိုးရမည်ဆိုတာသိထားသဖြင့် ချမ်းမြေ့သိတတ်စွာဖြင့် ကျောင်းရှေ့ဘက်သို့ ခြေတွလမ်းလျှောက်ထွက်လာခဲ့သည်။

ကျောင်းကိုကျော်၍ နောက်ပြန်လှည့်ကြည့်လိုက်တော့ နေလုံးကြီးက ပုံတောင်ကျောမှာ မေးတင်နေလေပြီ။

နက်ဖြန်သွားရမည့် တောင်တန်းဒေသကို ငေးကြည့်ရင်း ချမ်းမြေ့တစ်ယောက် ချင်းတောင်တန်းမှာရော၊ ရှမ်းတောင်တန်းမှာပါ ရှာမတွေ့ခဲ့သည့် 'ဆန်ဆန်' တစ်ယောက်ကို လှစ်ခနဲသတိရမိပြန်ပါသေး၏။

●

## (၁၇)

နောက်တစ်နေ့ တောင်တက်တောင်ဆင်း ဆိုင်ကယ်ခရီးကတော့ ကျောင်းဆရာလေးကြီးပြောထားသည့်အတိုင်းပင် ဟိုက်ပါစစ်ရှောင်စခန်းကို သွားရတာထက်တောင် ပို၍အသက်နှင့်ရင်းပြီး စွန့်စားနေရသယောင် ရှိသည်။

မြင့်မား မတ်စောက်လွန်းသော တောင်တက်လမ်းများ၊ ကျောက်တုံးကျောက်ခဲများကို ကွေ့ပတ်ရှောင်ရှား၍ ကျောက်စရစ်ခဲနှင့် သဲပြွန်းသောလမ်းကလေးအတိုင်း ဆိုင်ကယ်ကို ဦးမော့၍ ကမူးရှူးထိုး ပြေးတက်ရလိုက်၊ တောင်ထိပ်က ငုံ့ကြည့်လျှင် ရှေ့မှာ ရပ်စောင့်နေသည့် ရှေ့ဆိုင်ကယ်ကို လက်သည်းခွံလောက်သာမြင်ရသော ချိုင့်ဝှမ်းကြီးထဲသို့ ဆင်းသွားရလိုက်၊ မဆုံးနိုင်သော အတက်အဆင်းလမ်းများက ဆင့်ကဲဆင့်ကဲစောင့်နေကြသည်။ တောင်ကိုပတ်မောင်းရသော နေရာများကျတော့လည်း ဝါးရုံပင်နှင့် ချောက်ကမ်းပါးကြားမှာ ဆိုင်ကယ်ဘီး တစ်ပြားစာသာရှိသော ကွေ့ကွေ့ကောက်ကောက်လမ်းများကို အရှိန်နှင့် မောင်းနေသော ရွာသားနောက်က ခါးဖက်လိုက်ရတာမို့ အသည်းတအေးအေး။

တချို့နေရာတွေမှာ တုန်လှုပ်ချင်လာ၍ ဒီအတက်တစ်ချက်တော့ ဆင်းလျှောက်လိုက်မယ်ဗျာ။ ခင်ဗျားတောင်ထိပ်က စောင့်ဟု ပြောမိသည်ကလည်း အကြိမ်ကြိမ်၊ ပြောတိုင်းလည်း ရွာသားက ဒါမျိုးချည့်ပဲဟာ၊ ဆင်းလျှောက်နေရင် မရောက်တော့ဘူး။ ကျွန်တော့်ခါးသာ မြဲမြဲကိုင်ထားဟုသာ အမြဲဖြေသည်။

သည်လိုနှင့်ပင် ဆိုင်ကယ်လေးစီး၊ လူရှစ်ယောက် ရေကြောတိုင်းတာမည့်နေရာများတွင် ရပ်သောအခါကျမှ သက်ပြင်းခိုးချရသည်။

ခင်နွယ်စိုးကတော့ ကြောက်တတ်သည့် အသည်းနှလုံးမွေးကတည်းက ပါမလာသည့်သူကလေးပေလားမသိ။ တစ်နေရာရပ်တာနှင့် ဆိုင်ကယ်ပေါ်က လွှားခနဲခုန်ဆင်း၍ သူ့ကျောပိုးအိတ်ထဲမှ မှတ်စုစာအုပ်ကလေးထုတ်၍ မှတ်ရန်ပြင်တော့သည်။

ပြန်ထွက်တော့မည်ဆိုလျှင်လည်း ကျောင်းဆရာလေးမောင်းပြီး သူ့နောက်က စီးသည့်ဆိုင်ကယ်လေးက ရှေ့ဆုံးကဝေါခနဲ ဦးဆောင်ထွက်သွားတတ်စမြဲ။

နေမွန်းလွဲခါစတွင်တော့ တောင်ထိပ်အမြင့်ဆုံးက 'ကျော်ရွာ' သို့ ရောက်သည်။

အဲသည်မှာ သူတို့အဖွဲ့လှူထားသော စာသင်ကျောင်းကလေးနှင့် သူ့ရှေ့မှာတော်တော်ကျယ်သော မြေကွက်လပ်ရှိသည်။

ခင်နွယ်စိုးနှင့်ရေကြောရှာသောအဖွဲ့က အဲသည်ကွက်လပ်မြေသားပေါ်မှတင် တင်ပလ္လင်ခွေထိုင်ချကြပြီး မြေပုံစာရွက်များနှင့် ဆွေးနွေးကြသည်။ ကျောင်းဆရာကလေးက ကျောင်းရှေ့ဝါးကွပ်ပျစ်ရှည်ပေါ်မှာ သူတို့ကို ထမင်းကျွေးဖို့ စီစဉ်သည်။

ချမ်းမြေ့တစ်ယောက်သာ ဘယ်အဖွဲ့ကို ဝင်ကူရမည်မှန်းမသိသဖြင့် ယောင်ချာချာနှင့် တောင်စောင်းဘက်သို့ တစ်ယောက်တည်း လျှောက်လာခဲ့သည်။



ဗဟင်းရွာဘက်သို့ လှမ်းမျှော်ကြည့်လိုက်တော့ သစ်ပင်ဝါးပင်ကြီးများ မရှိသလောက်ဖြစ်နေသော ဒေသမို့ မွန်းလွဲနေအောက်မှာ ရွာကို သေးသေးလေး လှမ်းမြင်ရသည်။

တစ်လမ်းလုံးချွေးတွေပြန်လာသဖြင့် ဝတ်ထားသော ရှပ်အင်္ကျီအဖြူကလေးပင်လျှင် ဖုန်နှင့်ချွေးရောကာ သဲဝါရောင်ပေါက်နေပြီဖြစ်သော်လည်း ပြင်းထန်လွန်းသောနေနှင့် တဝူးဝူးတိုက်ခတ်နေသည့်လေကြောင့် ချွေးခြောက်လျက်ရှိသည်။

ရုတ်တရက်ဆန်ဆန့်ကို သတိရမိပြန်သည်။

ခရီးထွက်တိုင်း ခဏခဏအိပ်မက်ထဲထည့်မက်မိသည့် ဆန်ဆန်သည် တောင်တန်းဒေသခရီးကျမှ အိပ်မက်ထဲပေါ်မလာဘဲ ပျောက်ချက်သားကောင်းနေပြန်သည်။

မျှော်လင့်ချက်ပဲ မှဲ့သွားတာလား။

မျှော်လင့်ရမည့်သူက မျှော်လင့်ချင်စိတ်ပဲ နည်းသွားတာလားဟု တွေးမိပြီး သက်ပြင်းချရသည်။

လောလောဆယ်မှာတော့ ဆန်ဆန့်ကို ရှာတွေ့ဖို့ထက် ခင်နွယ်စိုးကို နမကလေးအရင်းလိုအနားမှနေ၍ စောင့်ရှောက်ပေးမပေးနေချင်စိတ်က ပိုထက်သန်နေမိတာတော့အမှန်။

ဒါ ဆန်ဆန့်ကို မေ့သွားတာ မဟုတ်ဘူးလေ။

ခင်နွယ်စိုးကို ချစ်မိသွားတာလည်း မဖြစ်နိုင်သေးဘူးထင်သည်။ အဖိုးအနဂ္ဃထိုက်တန်သည့် ရတနာတစ်ခုကို ကိုယ်နှင့်ကြုံကြိုက်တုန်းမှာ မပွန်းမပဲ့မစွန်းမထင်းရအောင် စောင့်ရှောက်ချင်တာမျိုး မဟုတ်ဘူးလား။

ပြောသာပြောရသည်။ ကိုယ့်ရင်ဘတ်ကိုလည်း ကိုယ်သိပ်မသေချာ။ ခင်နွယ်စိုးကလည်း သူ့စောင့်ရှောက်မှု လိုအပ်ပုံမပေါ်ပါ။

ချမ်းမြေ့ ခင်နွယ်စိုးဘက်သို့ လှည့်ကြည့်မိသည်၊

မေးသိုင်းကြိုးပါသည့် တောဆောင်းဦးထုပ်၊ ဘလောက်စ်အင်္ကျီအကွက်၊ ချည်သားဘောင်းဘီရှည်အပြာရောင်တို့မှာ ဖုန်အလိမ်းလိမ်းတက်နေသော်လည်း မျက်နှာကလေးက ကြည်လင်တောက်ပစွာနှင့် သူ့ဘေးမှာ ဝိုင်းထိုင်နေကြသော ယောက်ျားကြီးများကို မြေပုံစာရွက်ချပြီး အားရပါးရ ရှင်းပြနေသည်။ အနည်းငယ် ပိန်နေသေးသော်လည်း အားအင်အပြည့်နှင့် ဟန်ပန်က မကြာသေးခင်ကမှ ဆေးရုံကဆင်းလာသူနှင့် တစ်စက်မှ မတူပါ။

သူ့ ခင်နွယ်စိုးဘက် ပြန်လှောက်သွားတော့ ခင်နွယ်စိုးက မော့ကြည့်၍ ပြုံးပြသည်။

'ကိုချမ်းမြေ့ ဆာပြီလား'

'မဆာပါဘူး၊ တို့ဘာများ ကူရဦးမလဲလို့'

'ဟုတ်သားပဲ၊ ကိုချမ်းမြေ့က အင်ဂျင်နီယာပဲ၊ ဒါပေမဲ့ လမ်းအင်ဂျင်နီယာဆိုတော့ ဒီလိုလုပ်၊ ဒီတောင်တက်တဲ့လမ်းကို ဆိုင်ကယ်တွေ ရှောရှောရှူရှူတက်လို့ရအောင် ဘယ်လိုပြင်မလဲသာ တွက်ပေး'

'တို့သာသတ်လိုက်တော့ နွယ်စိုး'

အားလုံးရယ်မိကြသည်။

ကျောင်းဆရာလေးလည်း အနားရောက်လာသည်။

'ဉက္ကဋ္ဌ အဆင်ပြေလား'

'ပိုက်ဆံ မလောက်တာကလွဲရင် အဆင်ပြေတယ်၊ နေရာကတော်တော်သေချာနေပြီပဲ၊ စရာရှိတာ စကြစို့၊ ပိုက်ဆံက ဖြည်းဖြည်းချင်း အလှူခံလို့ ရပါတယ်'

'ဘယ်တော့လဲ'

'နွယ်စိုးတို့ ကွင်းလျားက ပြန်လာရင် မိုးကြိုးကို တစ်ခေါက်လွှတ်လိုက်မယ်လေ၊ ဆရာနဲ့ တိုင်ပင်ပြီး စတော့ပေါ့၊ အဆင်ပြေရင်လည်း နွယ်စိုးပါ လိုက်ခဲ့မယ်'



'ပြီးရော ဒါဆိုလည်း ထမင်းစားကြရအောင်'

'ဒီအစီအစဉ်အကောင်းဆုံးပဲ'

အားလုံးနေရာက ထကြသည်။

'ည ဒီမှာ အိပ်မှာလား ဉက္ကဋ္ဌ'

ကျောင်းဆရာလေးကမေးတော့ ခင်နွယ်စိုးက ပြန်မေးသည်။

'ဆရာ၊ ဆရာမကို ပြောခဲ့လို့လား'

ဆရာလေး၏ဇနီးက သူနာပြုဆရာမဖြစ်သည်။

'ဟင့်အင်း'

'ဒါများမေးနေရသေးလား၊ ပြန်ဆင်းတာပေါ့၊ အလုပ်လည်းပြီးပြီပဲဟာ၊ တစ်ခုပဲရှိတယ်၊ ဆတ်လူးအိုင်ဘက်က ဆင်း၊ ကျောင်းလေးအမိုးပြန်မိုးထားတာလည်း ကြည့်ချင်တယ်၊ အိမ်တွေ ရွှေ့ဖို့ကိစ္စလည်း ရွာလူကြီးတွေကို နည်းနည်းထပ်ပြောကြည့်ချင်တယ်'

'ရတယ်လေ၊ သိပ်မှောင်ရင်တော့ အဲဒီဘက်က လမ်းက မတ်တယ်နော်၊ ဟိုတစ်ခါလို ဆိုင်ကယ်တွေထမ်းပြီး ပြန်နေရဦးမယ်'

'မကြာပါဘူး ဆရာရဲ့'

ဒီကောင်မလေးပရဟိတအလုပ်တွေမှာ အားထည့်သလောက်သာ သူ့အဖေအလုပ်တွေမှာ အားထည့်လိုက်ရင် သူ့အဖေလောက်ထပ်ချမ်းသာနေလောက်ပြီ. . . ဟု တွေးရင်း ချမ်းမြေ့ထမင်းဝိုင်းဆီလှောက်ခဲ့မိသည်။

o

ဆတ်လူးအိုင်ကျောင်းကလေး၏ ခေါင်မိုးက မယိုမယွင်းရှိနေ သည်။ ကျောင်းဆရာလေးနှင့်ခင်နွယ်စိုးတို့ ကျောင်းထဲမှာ ရွာလူကြီးတွေ နှင့် ဆွေးနွေးငြင်းခုံနေတုန်း ချမ်းမြေ့ကျောင်းရှေ့မြေကွက်လပ်မှာ ခင်နွယ်စိုး

တို့ ဆောက်ပေးထားသော ရေလှောင်ကန်ကို လှည့်ပတ် ကြည့်နေမိသည်။

ရေဘားကြည့်ရတာတော့ ရေအပြည့်ပါပဲ။ အများပိုင်ကန်ဆိုသော်လည်း ဘယ်သူမှ အတ္တကြီးစွာ ဖုံးပေါလအောသုံးစွဲနေကြဟန် မတူပါ။

တချို့သော ပြဿနာတွေ၏ 'လောဂျစ်' ခေါ် နည်းစနစ်ကျကျ ယထာဘူတကျကျ စီမံခန့်ခွဲနိုင်စွမ်းမှာ သည်ပရဟိတအဖွဲ့သေးသေး ကလေးကတောင် လုပ်ပေးနိုင်တာမျိုးကို လက်ရှိအစိုးရဘာလို့ လုပ်မပေးနိုင်ရတာလဲကို ချမ်းမြေ့စဉ်းစား၍မရ။

'ဒီကန်တစ်ကန်ဆောက်ပေးရင် သိန်းနှစ်ဆယ်လောက်ကုန်တယ်၊ အခုရေထွက်ရင် ဒီလိုကန်မျိုးတွေ ထပ်ဆောက်ရသက်သာမှာပဲ'

ရုတ်တရက် ခင်နွယ်စိုးအသံပေါ်လာသဖြင့် လှည့်ကြည့်လိုက်တော့ အသက်ရှစ်နှစ်ခန့်အရွယ် ခေါင်းတုံးဆံပင်ပေါက်နှင့် ကြေးအထပ်ထပ်ဖြစ်နေသော ကလေးတစ်ယောက်ကို ခါးထစ်ခွင်ချီ၍ လျှောက်လာသော ခင်နွယ်စိုးကို တွေ့ရသည်။ သူ့ဘေးမှာလည်း ထိုကလေးအရွယ် ယောကျ်ားကလေး၊ မိန်းကလေးငါးယောက်ခန့် ပါလာသည်။ ဖုန်အလိမ်းလိမ်းဖြစ်နေသော်လည်း ရုပ်ကလေးတွေက ကြည်လင်၍ ချစ်စရာကလေးတွေပါ။

အားလုံး၏ အသည်းကျော်က ခင်နွယ်စိုးဖြစ်၍ ခင်နွယ်စိုး၏ အသည်းကျော်က သူချီထားသော မိန်းကလေးဖြစ်ပေလိမ့်မည်။

'သမီး ဦးဦးကို နှုတ်ဆက်လိုက်'

'နေကောင်းလား ဦးဦး'

'ဩော် ဟုတ်ကဲ့၊ ကောင်းပါတယ်သမီးရယ်၊ ကောင်းပါတယ်'

ခင်နွယ်စိုးရင်ခွင်ထဲက အသွက်မလေးကို ချမ်းမြေ့ချစ်စနိုးနှင့် ခေါင်းတုံးပေါက်စခေါင်းကလေးကို ပွတ်လိုက်သည်။



'ဟိုကောင်မလေး၊ နောက်မှ အလွမ်းသည်ပေ့၊ တီတိုပေါ်က ဆင်း၊ ဥက္ကဋ္ဌ ထွက်ကြရအောင်၊ မမှောင်ခင် တောင်အောက်ရောက်မှ'

ကျောင်းဆရာလေးနှင့်အဖွဲ့ရောက်လာ၍ လောဆော်သဖြင့် ခင်နွယ်စိုး ကလေးကို အောက်ပြန်ချပေး၍ နှုတ်ဆက်ရသည်။

၀

ဘုရား။ ဘုရား။

သည်တစ်ခါတော့ ချမ်းမြေ့တကယ်ကို ဘုရားတရတော့သည်။ သူ့မျက်စိရှေ့မှ မြင်နေရသည့် တောင်တက်လမ်းက မြွေကြီးကို စက္ကူတစ်ရွက်လိုမျ၍ ထောင်ထားသလို မတ်စောက်လှသည်။ တောင်ထိပ်က သစ်ပင်ကလေးတွေကိုပင် ပျပျမှုသာ မြင်ရသည်။ လမ်းတစ်လျှောက်လည်း တောင်ကျရေက စိမ့်၍စီးနေသဖြင့် စိုစွတ်စွတ်ဖြစ်နေသည်။

ဆိုင်ကယ်လေးစီးစလုံး လမ်းအခြေမှာ ရပ်၍ စဉ်းစားနေကြသည်။ ဘယ်သူမှတော့ စက်မသတ်၊ ဆင်းလျှောက်သင့် မလျှောက်သင့် စဉ်းစားနေတာနှင့်မတူ။ ဘယ်လိုကွေ့ပတ်၍ ပြေးတက်လျှင် ထိပ်အထိ မနားတမ်းရောက်သွားမလဲဆိုတာ ချိန်ဆနေကြပုံပင်။

'တို့အပေါ်ဆုံးပဲ၊ တို့အရင်တက်မယ်၊ ဥက္ကဋ္ဌ မြဲမြဲကိုင်ထား'

ကျောင်းဆရာကလေးက လှမ်းအော်၍ ရှေ့ဆုံးမှ မောင်းတက်သွားသည်။ ခင်နွယ်စိုးလည်း ရှေ့ကို ငိုက်၍ ကျောင်းဆရာကလေးခါးကို ဖက်ထားသဖြင့် ကျောပိုးအိတ်ကလေးလောက်သာ မြင်ရသည်။

ကျောက်တုံးတွေကိုပါ ရှောင်ရသဖြင့် ဆိုင်ကယ်က အရှိန်အားနှင့် မတက်နိုင်ရှာ။ ကွေ့ကွေ့ကောက်ကောက်နှင့်တက်သွားသော ဆိုင်ကယ်ကလေးကို အားလုံး အသည်းတယားယား၊ ရင်တမမနှင့် ကြည့်နေရသည်။

'ဟာ ကျပြီ'

ချမ်းမြေ့ မျက်လုံးများ ပြာဝေသွားသည်။

ဆိုင်ကယ်က ဘီးနှစ်ဘီးစလုံး လေထဲတွင် လွင့်၍ နောက်ပြန်ပြန်ကျသည်။

ခင်နွယ်စိုးက ပက်လက်ကျသည်။ တောင်စောင်းတစ်လျှောက် ဇောက်ထိုးလျှောဆင်းလာသည်။ ကျောင်းဆရာကလေးက ဆိုင်ကယ်ကို သတိရှိစွာ လမ်းဘေးသို့ တွန်းဖယ်လိုက်သဖြင့် ဆိုင်ကယ်က လူတွေပေါ် မကျ။ သူလည်း ပက်လက်ကျသည်။ သို့သော် လျှောကျမလာဘဲ ချက်ချင်းထထိုင်သည်။

ချမ်းမြေ့စက်နှိုးထားဆဲ သူ့ဆိုင်ကယ်ပေါ်ကဆင်း၍ တောင်စောင်းတစ်လျှောက် သွေးရူးသွေးတန်းပြေးတက်လာသည်။

ခင်နွယ်စိုးက ပက်လက်လျှောကျလာရာကနေ အရှိန်သတ်နိုင်သွားပြီး ကိုယ်ကို တစ်ပတ်လှည့်၍ ထထိုင်သည်။

'ဉတ္တုဌ ဘာဖြစ်လဲ၊ ကျွန်တော်ဘာမှ မဖြစ်ဘူး'

ကျောင်းဆရာလေးက စိတ်ပူစွာ လှမ်းအော်သည်။ ခင်နွယ်စိုးက ရတယ်၊ ရတယ်ဟု ပြန်အော်၍ လက်ထောင်ပြသည်။ ချမ်းမြေ့ပြေးတက်လာတာတွေ့တော့ ပြုံး၍ လက်ပြပြီး. . . ဘာမှမဖြစ်ဘူး. . . ဟု ထပ်အော်သည်။

ချမ်းမြေ့ နည်းနည်းစိတ်အေးသွားသည်။ ခင်နွယ်စိုးမြှောက်ထားသော လက်ကိုသူ့လက်နှင့် ကမ်းပေးလိုက်သည်။ ခင်နွယ်စိုးက သူ့လက်ကို လှမ်းဆွဲ၍ အားယူပြီး ထရပ်လိုက်သည်။

ဟာ. . .

ချမ်းမြေ့ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

ပထမဦးဆုံးအကြိမ် ထိတွေ့ဖူးသွားသော ခင်နွယ်စိုး၏ လက်ဖဝါးကလေး။



မယုံနိုင်စရာကောင်းလောက်အောင် ဆန်းကြယ်လှသည့် နူးညံ့နွေးထွေးမှု။

သူ့ညာဘက်လက်တစ်လျှောက်ကနေ သူ့ဘယ်ဘက်ရင်ဘတ်နှလုံးသားအထိ စီးဆင်းဝင်ရောက်သွားပါလား။

ခင်နွယ်စိုးက မတ်တတ်ရပ်ဟန်ပြုပြီးမှ အနည်းငယ် ယိုင်သွားသဖြင့် သူ့ပခုံးကလေးနှစ်ဖက်ကို မှေး၍ ဖေးမလိုက်ရသည်။

သေချာပါပြီ။

သူ ခင်နွယ်စိုး မျက်နှာကို ငုံ့ကြည့်သည်။

ခင်နွယ်စိုးကလည်း သူ့ကို အမ်းတမ်းတမ်းပြန်မော့ကြည့်သည်။ သူ့ပါးစပ်က မတားနိုင် မဆီးနိုင် ပွင့်အန်ကျလာသည်။

'ဆန်ဆန်'

ခင်နွယ်စိုးက သူ့ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။

သူ ကြက်သေသေလျက် ခင်နွယ်စိုးမျက်နှာကို စိုက်ကြည့်နေမိသည်။

ဟုတ်တာပေါ့။

မျက်မှန်ကိုင်းအနက်ကြီးကို ဖယ်။ ဆယ်နှစ်ကျော်ကျော်အသက်၏ ရင့်ကျက်မှုမှာ တည်ငြိမ်သိမ်မွေ့မှုကို ပေါင်းထည့်။ မေတ္တာရှင်၏ စူးရှသော မျက်လုံးနှစ်လုံးနှင့် တန်ဆာဆင်။

ဆန်ဆန်ဟာ ခင်နွယ်စိုးဖြစ်လာပြီပေါ့။

သူ တိုးတိုး ထပ်ခေါ်လိုက်သည်။

'ဆန်ဆန်'

ခင်နွယ်စိုးက အိပ်မက်မက်နေသူလို နောက်ကို ဆုတ်သွားသည်။ ပြီးတော့ ကျောင်းဆရာလေးဘက်ကို မော့ကြည့်သည်။ ကျောင်းဆရာကလေးက ဆိုင်ကယ်ကို ပြန်ထောင်၍ စက်နှိုးနေသည်။

ခင်နွယ်စိုးက ကျောင်းဆရာကလေးဆိုင်ကယ်နောက်မြီးကို ဝင်၍ ခွထိုင်သည်. . . ဆရာ၊ ရမလား. . . ဟု မေးသည်၊ ကျောင်းဆရာလေးက ခေါင်းညိတ်ပြသည်။

ဆိုင်ကယ်ကလေးက တောင်တက်လမ်းတစ်လျှောက် ကွေ့ကောက်၍ ဆက်တက်သွားသည်။

ချမ်းမြေ့ကမန်းကတန်း တောင်ခြေ သူ့ဆိုင်ကယ်ရှိရာသို့ ပြန်ပြေးဆင်းလာပြီး သူ့ဆိုင်ကယ်မောင်းသည့် ရွာသားကို လှမ်းပြောသည်။

‘လိုက်ကြမယ်လေ၊ လာ’

ရွာသားက ဖြည်းညင်းစွာ ခေါင်းခါသည်။

‘ဆရာမကလေးက သိပ်ပေါ့တယ်၊ သူ့လောက်ပေါ့တဲ့လူနဲ့တောင် ဖြစ်ရင် ကျွန်တော်မတက်ရဲဘူး၊ ဆရာဒီတစ်ကြောတော့ လမ်းလျှောက်တက်ခဲ့’

ချမ်းမြေ့ရင်ထဲတွင် ဟာခနဲဖြစ်သွားသည်။

လနှင့်ချီ၍ သိခွင့်မရခဲ့သော အဖြေတစ်ခုကို မမျှော်လင့်ဘဲ သိလိုက်ရချိန်၊ ထိုအဖြေကလည်း နှလုံးသားအရည်ပျော်ကျလောက်အောင် ချိုမြိန်လွန်းချိန်၊ ဒဲသည်အချိန်မှာ ဒဲသည်အဖြေကို ခိုင်မာသည်ထက် ခိုင်မာအောင်လုပ်ဖို့သည် အသက်ဘေးအန္တရာယ်ထက် ပိုအရေးကြီးနေသယောင် ရှိနေ၏။

အင်းလေ၊

ဗဟင်းကျောင်းမှာတော့ ဆုံမှာပေါ့။

ချမ်းမြေ့တောင်ပေါ်သို့ လေးကန်စွာ လမ်းလျှောက်တက်ခဲ့သည်။

ဝ

ဗဟင်းကျောင်းကို ရောက်သွားတော့ သူမျှော်လင့်ထားသလို သူ့ကို ခင်နွယ်စိုး သို့မဟုတ် ဆန်ဆန်စောင့်မနေပါ။



ကျောင်းရှေ့က ကွပ်ပျစ်တွင် ကျောင်းဆရာကလေးသာ ရေနွေးကြမ်းတစ်အိုး၊ ထန်းလျက်တစ်ပန်းကန်နှင့် ထိုင်နေပါသည်။

စွပ်ကျယ်နှင့်လုံချည်လဲထားပြီဆိုတော့ ရေတောင်ချိုးပြီးနေပြီထင်သည်။ ဆိုင်ကယ်ချင်းက အဲသလောက်တောင် မြတ်သွားသတဲ့လား။

လာ ကိုချမ်းမြေ့၊ ရေနွေးကြမ်းသောက်၊ ထန်းလျက်စား၊ ချက်ချင်းရေမချိုးလိုက်နဲ့ဦး၊ အပူငုပ်သွားဦးမယ်’

သူနှင့်ခင်နွယ်စိုးကြား ဘာတွေဖြစ်သွားကြသည်ဆိုတာ ရိပ်မိလိုက်ဟန်မတူသော ကျောင်းဆရာလေးက အေးချမ်းစွာပင် ဖိတ်ခေါ်သည်။

‘ခင်နွယ်စိုးရော’

သူဟန်ပင်မဆောင်နိုင်ဘဲ အလောတကြီးမေးမိသည်။ ကျောင်းဆရာလေးကတော့ အေးအေးပင်။

‘ပွင့်ဖြူက လူတွေလာစောင့်နေတာနဲ့ ပါသွားပြီ၊ ပွင့်ဖြူမှာ ပရဟိတအဖွဲ့ ၃၅ ဖွဲ့တောင် ရှိနေတာ၊ အဲဒါတွေအားလုံးပေါင်းပြီး ကွန်ရက်ဖွဲ့မလို့တဲ့၊ ပွင့်ဖြူဆရာတော်က သူနဲ့ပါတိုင်ပင်လိုက်ဦးပြောလို့ လာစောင့်ခေါ်သွားတာ၊ အဲဒီကနေပဲ ရန်ကုန်တန်းပြန်မှာတဲ့’

ချမ်းမြေ့ရင်ထဲတွင် ဟာခနဲ ဖြစ်သွားသည်။ တိုက်ပဲတိုက်ဆိုင်နိုင်လှလွန်းပါတကား။ ခင်နွယ်စိုးသည် ဆန်ဆန်လားဟု သူမေးရမည့်အချိန်ကျမှ ခင်နွယ်စိုးက သူ့အနားမှာ မရှိတော့ပါ။

‘ကျွန်တော် ဘယ်လိုလိုက်သွားလို့ရမလဲ’

သူဣန္ဒြေမဆည်နိုင်ဘဲ မေးတော့ ကျောင်းဆရာကလေးက မျက်လုံးပြူး၍ ပြန်ကြည့်သည်။

‘ကိုချမ်းမြေ့က ဘာလို့လိုက်သွားရမှာလဲ၊ နက်ဖြန်ကျရင် မြို့ကနေ ပခုက္ကူ-ရန်ကုန်ကား ကျွန်တော်တို့ လိုက်တင်ပေးမှာပေါ့’

‘မဟုတ်ဘူးဗျ၊ သူနဲ့ပြောစရာလေး အရေးကြီးတာရှိလို့’

'လိုက်သွားလည်း သူ့ပရိသတ်နဲ့ စကားပြောခွင့်ရမှာ မဟုတ်ပါဘူး ကိုချမ်းမြေ့ရယ်၊ အေးအေးသာ စောင့်ပါ၊ ရန်ကုန်ကျ တွေ့ရမှာပဲဟာ၊ ဪ. . . ဒါနဲ့ ကိုချမ်းမြေ့ဖို့ စာတစ်စောင်တောင် ပေးသွားသေးတယ်'

ချမ်းမြေ့ရင်တွေ တလှုပ်လှုပ်ခုန်လာသည်။ ကျောင်းဆရာကလေးက လက်ကာပြ၍ အတွင်းသို့ ဝင်သွားပြီး စာအိတ်တစ်အိတ်ယူလာ၍ လှမ်းပေးသည်။ စာအိတ်က ပို့စ်ကတ်အရွယ်။

ချမ်းမြေ့စာအိတ်ကို ကမန်းကတန်းဖွင့်ကြည့်တော့လည်း ပို့စကတ်အရွယ်ဓာတ်ပုံကလေးတစ်ပုံသာ ထွက်လာသည်။ ဓာတ်ပုံကလည်း အရက်တက်နီစွေးသော ကောင်းကင်ကြီးမှာ ငှက်တွေပျံနေတာကို နောက်ခံထားထားသော ဗုဒ္ဓရုပ်ပွားတော်ကြီးပုံဖြစ်သည်။ အောက်မှာလည်း အင်္ဂလိပ်ဘာသာနှင့် စာတန်းတစ်ခု ရှိနေသည်။

'If you want to fly,
give up everything
that weighs you down'

'ပျံသန်းချင်ရင် လေးလံသမျှကို လွှတ်ချခဲ့ပါ' တဲ့။

ဓာတ်ပုံကျောဘက်ကို လှန်ကြည့်တော့ လှပသောမိန်းကလေးလက်ရေးကို တွေ့ရသည်။

'ကိုချမ်းမြေ့
လွတ်လပ်စွာ ပျံသန်းနိုင်ပါစေ
**ခင်ဗျားလေး**' တဲ့။

ရက်စက်လှချည့်လား ခင်ဗျားလေးရယ်။

ပျံသန်းချင်တယ်လို့များ ပြောမိလို့လား၊ နှယ်စိုးပျံသန်းချင်ရင်သာ ကူညီနိုင်မယ့် အတောင်ပံတစ်စုံဖြစ်ချင်မိခဲ့တာပါ။ ဒါလည်း နှယ်စိုးဟာ ဆန်ဆန်ဆိုတာ မသိရခင်ကတည်းကပါ။ ချမ်းမြေ့ လေးကန်သော ခြေလှမ်းများနှင့် အတွင်းဘက်သို့ ဝင်ခဲ့ရင်း ဓာတ်ပုံကလေးကို အင်္ကျီအိတ်ကပ်ထဲသို့ ထည့်သည်။



ပြီးမှ သတိရပြီး ကျောင်းဆရာလေးကို လှည့်မေးသည်။

'ဖုန်းရော ဝင်လား ဆရာ'

ဆရာကလေးက ပခုံးတွန့်ပြသည်။

'ဒီဇဟင်းမှာက ဝင်တစ်ချက် မဝင်တစ်ချက်၊ ပွင့်ဖြူက ဝင်တယ်၊ ဒါပေမဲ့ ခင်နှယ်စိုးက 'ဖလံတော' ရွာကို သွားမှာ၊ အဲဒီမှာက လုံးလုံးမဝင်ဘူး'

ချမ်းမြေ့ သက်ပြင်းသာချ၍ အထဲဝင်ခဲ့ရသည်။

•

## (၁၈)

အပြန်ခရီးတစ်လျှောက်လုံး မိုးတွေရွာသည်။

ချမ်းမြေ့တစ်ယောက်ကတော့ ခရီးသည်တင် ကားကြီး၏ ပြတင်းပေါက်ဘေးထိုင်ခုံတွင် ထိုင်၍ ရွာနေသော မိုးကို နာရီပေါင်းများစွာ ငေးကြည့်နေသော်လည်း သူ့မျက်လုံးထဲသို့ တစ်ပေါက်မှ လာမစင်ပါ။

တစ်လမ်းလုံးသူ့မျက်လုံးထဲမှာ မြင်ယောင်နေတာက ဆန်ဆန်၊ သို့မဟုတ် ခင်နွယ်စိုး၏ မျက်နှာပါ။

နေပါဦး။

ဆန်ဆန်ဟာ ခင်နွယ်စိုးဆိုတာ အခုသေချာသွားပြီမို့လား။

သေချာသွားပြီဟုတော့ သူထင်သည်။

သည် လက်ဖဝါးကလေး၏ နူးညံ့နွေးထွေးစွာ သူ့ရင်ထဲသို့ စီးဝင်နိုင်စွမ်းက ဆယ်စုနှစ်နှင့် ချီ၍ သူမမေ့နိုင်ခဲ့သည့် ခံစားချက်လေ။

ယောကျ်ားပျိုကလေးတစ်ဦးနှင့် မိန်းမပျိုကလေးတစ်ဦး။

ဓာတုပစ္စည်းချင်း မိတ်ဖက်ကျနေလျှင် သည်ကဲ့သို့သော ခံစားချက်မျိုး ရနိုင်သည်ဟု သူလေ့လာမိသော်လည်း သူက တစ်သက်လုံးမှာ ဆန်ဆန်နှင့် ခင်နွယ်စိုးတို့၏ လက်ဖဝါးနှင့်သာ ထိတွေ့ဖူးသူမှ မဟုတ်တာ။

ဘယ်သူနှင့်မှ မတူတာကတော့ အမှန်. . .။

အဲသည်ထက်ပို၍ သေချာတာကတော့ သူကနှစ်ကြိမ်တိုင် တိုင် 'ဆန်ဆန်' ဟုခေါ်လိုက်မိတာကို ခင်နွယ်စိုးပြတ်ပြတ်သားသား ကြားပါလျက်နှင့် တစ်ခွန်းမှ မငြင်းဘဲ ဆိုင်ကယ်ပေါ် ပြေးတက်သွားတာ ပဲ ဖြစ်သည်။

သီလအားကြီးလွန်းသူ မိန်းကလေး။

သူ့ကိုယ်သူ ဆန်ဆန်ဆိုတာ ထုတ်မပြောဘဲသာ နေချင်နေနိုင် မည်။ တည့်တည့်ထုတ်မေးလျှင်တော့ ငြင်းရခက်မည်သာ။

ဆန်ဆန်သည် ဆရာမလေး လာရပ်ကင်၏ တကယ့်ညီမ မဟုတ် လာရပ်ကင်က မိဘမဲ့ တစ်ကောင်ကြွက်ဖြစ်သည်။

လာရပ်ဆန်ဆိုတာ နာမည်ရင်းလည်း မဟုတ် လာရပ်ကင်က ညီမလိုချစ်သည့်အတွက် စွတ်တာမေရီက ပေးထားသော ချင်းနာမည်ဖြစ် သည်။ ချင်းလူမျိုးလည်း မဖြစ်နိုင်။ ခရစ်ယာန်ဘာသာဝင်လည်းမဖြစ်နိုင်။ လာရပ်ကင် စာသွားသင်ပေးနေသော ရန်ကုန်ရှိ အိမ်တစ်အိမ်မှ မိန်းကလေးသာဖြစ်သည်။

အဲသည်အချိန်ပိုင်းလောက်တုန်းက ခင်နွယ်စိုးလည်း မျက်မှန် အထူကြီးနှင့်ဖြစ်သည်။ ဖခင်ကြီး အရက်အလွန်အကျွံသောက်သည်ကို စိတ်ခုပြီး ခင်နွယ်စိုးနှင့် သူ့မိခင်တို့ အိမ်က တစ်လလောက်ပျောက်သွား သည်။ ဘယ်ကို သွားနေတာလဲ. . . ဟုမေးတော့ ပြောမပြ။ ရင်ထဲကို လေးလံစေသော ကိစ္စတွေမို့ လွှတ်ချခဲ့သည်ဟု ဖြေသည်။

ကဲ. . . ဒါမသေချာသေးဘူးတဲ့လား။

အဖြေရှာမရသည့် ပြဿနာက တစ်ခုထဲပါ။

ဆယ်နှစ်ကျော် ကာလလုံးလုံး ဆန်ဆန်သည် ခင်နွယ်စိုးအဖြစ် အသွင်ရောက်လာခဲ့ပြီး သူ့ကို ဘယ်လို ဆက်သွယ်ရမယ်ဆိုတာသိလျက် နှင့် မဆက်သွယ်ခဲ့တာက အံ့ဩစရာမရှိ။ သူကိုယ်တိုင်တောင် ရေဘေး ကိစ္စတွေ ပြီး ဆန်ဆန်ရေထဲ မျောပါသွားသည့် အိပ်မက်ဆိုးကို မက် ပြီးမှ ဆန်ဆန်ကို ကမူးရှူးထိုး လိုက်ရှာတာဖြစ်သည်။



သို့သော် သူနှင့်စတွေ့ပြီး မကြာခင်မှာတင် ချမ်းမြေ့ဆိုတာ သူ့ ကို လာရှာတော့ ငယ်သူငယ်ချင်းဖြစ်မှန်း သိသွားပါလျက်နှင့် သူ့ကိုယ် သူ 'ဆန်ဆန်' ပါဟု ပြောမပြဘဲ မသိချင်ယောင်ဆောင်နေတာက ဘာ ကြောင့် များပါလဲ။

ဆန်ဆန့်ကို ရှာတွေ့ပြီး လွတ်လပ်နေသေးရင် သဘောချင်းတူ လျှင် လက်ထပ်၍ စင်ကာပူကို ခေါ်သွားချင်သည်ဟု ပြောပြခဲ့မိသော သူ့စကား. . . . အားနှင့်အင်နှင့် ရွှေငှတ်တိုးရာ ကျလွန်း၍များ ရှောင် ထွက်သွားလေရော့သလား။

ဆန်ဆန့်ကို ချစ်နေတာလို့ ကိုယ့်ခံစားချက်ကို ကိုယ့်ရိုပ်မိသွား ပြီး မကြာခင်မှာပဲ နွယ်စိုးကို ထပ်ချစ်မိသလို ခံစားနေရလို့ ရင်ဘတ် ကြီးတစ်ခုလုံး ပူလောင်ခဲ့ရတဲ့သူပါ။ နွယ်စိုးရယ်။

လူနှစ်ယောက်ကို ပြိုင်တူ ချစ်မိရကောင်းလားလို့ ကိုယ့်ခံစား ချက်ကို ကိုယ်ဆန်းစစ်ပြီး ရင်မောနေရတုန်းမှာပဲ အဲဒီလူနှစ်ယောက်က တစ်ယောက်တည်းဖြစ်နေတယ်ဆိုတာ သိခွင့်ရခဲ့တဲ့သူတစ်ယောက်ရဲ့ ရင်ထဲက အပျော်ကို နွယ်စိုး စဉ်းစားကြည့်။

တို့ကို တကယ်ပဲ ပေးမပျော်ချင်တာလား နွယ်စိုးရယ်။

စာအိတ်ကလေး ထားခဲ့တယ်ဆိုတုန်းက မျှော်လင့်လိုက်ရ ရင် ခုန်လိုက်ရတာ။ ဖတ်ကြည့်တော့ လွတ်လပ်စွာ ပျံသန်းနိုင်ပါစေ. . . တဲ့။ လက်မှတ်ထိုးတာတောင် နွယ်စိုးလည်းမဟုတ် ဆန်ဆန်လည်း မဟုတ် ခင်ဗျားလေးတဲ့၊ တကယ်တော့ လွတ်လပ်စွာ ပျံသန်းချင်တာက ခင်ဗျားလေးပဲ မဟုတ်ဘူးလား။

ပြန်ပါ နွယ်စိုးရယ်၊ လွတ်လွတ်လပ်လပ် ပျံပါ။

အတောင်ပံတစ်စုံဘဝနဲ့ ဝန်းရံခွင့်လေး ရရင်သာ ကျေနပ်ပါပြီ။

ကားပြတင်းမှန်မှာတော့ မိုးစက်များ ဆက်လက်ထိမှန်နေဆဲ။

၀

သမီးငယ်က ပြောရင်း ရယ်သည်။

'ဟုတ်တယ် ကိုကို'

'. . . . .'

'မပေးလိုက်ပါဘူး၊ ဆယ်ထည်ပဲ ယူသွားလို့ လူတွေတစ်ပုံကြီးနဲ့လည်း မသွားနဲ့၊ လေ့တွေ အများကြီး ငှားရရင် တကယ်လိုတဲ့လူတွေ မရဘဲ ဖြစ်မယ်လို့ ပြောလိုက်တယ်၊ သူတို့ကတော့ ထုံးစံအတိုင်း အလှူရှင်တွေက ကိုယ်တိုင်သူတို့လက်နဲ့ လှူချင်လို့ပါ ပြောတာပေါ့၊ ညီမလေးကတော့ မမနွယ်စိုးလေသံအတိုင်း အလှူရှင်တွေ စိတ်ကျေနပ်ဖို့ထက် ဒေသခံတွေမှာ ဝန်ထုပ်ဝန်ပိုး မဖြစ်ဖို့လိုတယ်၊ ကျွန်မတို့ အဖွဲ့သာ အလှူရှင်တွေ အားလုံး ခေါ်သွားရရင် ဘယ်လိုနေမလဲ စဉ်းစားကြည့်လို့ ပြောလိုက်တယ်'

'. . . .'

'ဟုတ်ကဲ့ပါ ကိုကို'

သမီးငယ်က ချမ်းမြေ့ဘက်လှည့်ကြည့်သည်။

'ရောက်နေပြီ ကိုကို၊ အခုပဲ ဝင်လာတယ်'

ချမ်းမြေ့ ရင်ခုန်လာသည်။

'ဟုတ်ကဲ့ပါ ကိုကို၊ ပြောလိုက်ပါမယ်'

သမီးငယ်က ဖုန်းချလိုက်သည်။

ချမ်းမြေ့က ခုံတစ်လုံးမှာ ဝင်ထိုင်ရင်းက မေးသည်။

'သားကြီးလား၊ သူဘယ်မှာလဲ'

'ငါးသိုင်းချောင်းမှာ လိုတဲ့ ပစ္စည်းလေးတွေ တက်ဝယ်ရင်း ဖုန်းမိတဲ့နေရာရောက်လို့ ဆက်တာတဲ့၊ ကိုချမ်းမြေ့ကို နှုတ်ဆက်တယ် ပြောလိုက်ပါလည်း ပြောတယ်၊ ကိုချမ်းမြေ့က နက်ဖြန်စင်ကာပူပြန်မှာဆို'

ချမ်းမြေ့ တုန်လှုပ်စွာ သတိရသွားသည်။

ဟုတ်ပါရဲ့. . . သူ အပြန်လေယာဉ် လက်မှတ် ဖွေထားတာ မနက်ဖြန်ပဲ။



ရန်ကုန်ရောက်ကတည်းက ခင်နွယ်စိုးဖုန်းကို တစ်ချိန်လုံး ခေါ်နေသော်လည်း 'ဆက်သွယ်မှု ဧရိယာပြင်ပ' ဖြေသံသာ ကြားနေရသည်။ ပြန်မရောက်သေးတာတော့ မဖြစ်နိုင်ဘူး ထင်တယ်။

သူ့မို့လို့ မထူးတာဆိုလျှင်လည်း ဟိုဘက်ကို ဖုန်းဝင်သံတော့ ကြားရမည်။ ပိတ်ထားဖို့ ဆိုတာကလည်း အလှူရှင်တွေ သည်လောက် ဝိုင်းဆက်နေကြသည့် ဖုန်းဆိုတော့ မဖြစ်နိုင်ပြန်။

တစ်ညလုံးလည်း အိပ်မပျော်သည့်အတူ မထူးတော့တာနှင့် မိုးလင်းလင်းချင်း မျက်နှာသစ် ကော်ဖီတစ်ခွက် ကမန်းကတန်းမော့ပြီး 'ပန်းဒေါင်း' အဖွဲ့၏ ရုံးခန်းသို့ ပြေးမိသည်။

အခန်းတံခါးပွင့်နေတာ တွေ့ရတော့ ရင်ခုန်စွာနှင့် ကသော ကမျော ပြေးဝင်သွားမိသည်။

အထဲက 'ပန်းဒေါင်း' ပန်းချီကားကြီးရှေ့ ဧည့်ခန်းမှာ ဦးဇော်နှင့် အင်္ကြင်းဖိုးကောင်း (ခေါ်) သမီးငယ်ထိုင်နေတာသာ တွေ့ရသည်။

သမီးငယ်က ဖုန်းပြောနေသည်။ ဦးဇော်ကသူ့ကို လက်ပြ၍ ဝင်ထိုင်ခိုင်းသည်။

'ရတယ် ကိုကို ရတယ်၊ စိတ်ချ'

'. . . . . . . . . . . . . . . . .'

'မရှိဘူး ကိုကို'

တစ်ဖက်မှ ပြောနေသူသည် သားကြီး ဖြစ်လိမ့်မည်ဟုတော့ ခန့်မှန်း၍ ရသည်။

'အဲဒါတွေက ဦးဇော်အခုပဲ ကားဂိတ်သွားပို့လိမ့်မယ်'

'. . . . . . . . .'

'မရှိဘူး ကိုကို၊ ပရဟိတ တစ်ဖွဲ့ အသက်ကယ်အကျီလာငှားတာပဲ ရှိတယ်'

'. . . . . .'

'တစ်ရာတဲ့'

'နွယ်စိုးရော'

အလောတကြီးမေးတော့ သမီးငယ်က ဖုန်းဘက်မေးငေါ့ပြသည်။

'ရေထဲမှာလေ၊ ရေမြုပ်နေတဲ့ ရွာက ဘုန်းကြီးကျောင်းမှာ ကိုမိုးကြီးရော၊ မမရော၊ တစ်ဖွဲ့လုံးပဲ'

ချမ်းမြေ့နှလုံးသား ရေနစ်သွားသည်။

'နေပါဦး သူက ပွင့်ဖြူကနေ ရန်ကုန်မဆင်းဘဲ ဘယ်လိုလုပ် အဲဒီကို တန်းရောက်သွားတာလဲ'

'ပုသိမ် မုံရွာလမ်းကနေ တန်းဆင်းသွားတာတဲ့'

သွားပါပြီ၊ လွဲပါပြီ။

'ဘယ်နေ့လောက် ပြန်တက်လာကြမှာလဲ'

'မပြောတတ်သေးဘူးတဲ့ ကိုချမ်းမြေ့ရဲ့၊ ဒုက္ခရောက်နေတဲ့ ရွာတွေက နဂိုခန့်မှန်းထားတာထက် များနေလို့ဆိုပြီး ဒီကနေ ပစ္စည်းတွေ ဝယ်ပြီး ထပ်ပို့ခိုင်းနေတယ်၊ အဲဒီက ပြီးရင်လည်း တစ်ဖွဲ့လုံး တောင်တန်းဒေသ ပြန်တက်ပြီး ရေတွင်း သွားတူးကြမှာတဲ့၊ အဲဒါပြီးရင် ကိုကိုတို့အဖွဲ့က ရန်ကုန်ပြန်ဆင်းလာမယ်၊ မမကတော့ မွန်ပြည်နယ် ဘက် ဆက်ဦးမှာ'

ချမ်းမြေ့ မျက်မှောင်ကြုတ်သည်။

'မွန်ပြည်နယ်မှာ ဘာဖြစ်လို့လဲ'

'ဘာမှ မဖြစ်ပါဘူး၊ ဖားအောက်တောရမှာ တရားစခန်းဝင်မလို့ သူ့မိဘတွေကို ခွင့်တောင်းထားသတဲ့'

ကြာလေဝေးလေတော့ ဖြစ်နေလေပြီ။

'ဘယ်လောက်ကြာကြာ ဝင်မှာတဲ့လဲ'

'ဆယ်ရက်လောက်လို့ ပြောတယ်'

မျှော်လင့်ချက်ကုန်ဆုံးသွားသူတစ်ယောက်၏ အားလျော့ခြင်းမျိုးနှင့် သူကုလားထိုင်နောက်မှီကို မှီချလိုက်သည်။



ဒီအတိုင်းဆို စင်ကာပူပြန်ရမှာပါပဲ။ နောက်တစ်ခေါက်ပြန်လာမှပဲ ခင်နွယ်စိုးကို နဖူးတွေ့ ဒူးတွေ့ တွေ့ရတော့မည်။

'ကိုချမ်းမြေ့၊ နောက်မှာ သူများလာပို့ထားတာ မုန့်တွေရှိတယ်၊ ကော်ဖီနဲ့ သောက်ပါလား။ ညီမ သွားပြင်လိုက်မယ်'

ချမ်းမြေ့ ငြင်းဟန်ပြင်ပြီးမှ သတိရပြီး. . . ကျေးဇူး. . . ဟု ပြောလိုက်သည်။ သမီးငယ်နောက်ခန်းထဲဝင်သွားတော့ ဦးဇော်က သူ့ကိုမေးသည်။

'မင်း ဆန်ဆန်ကိစ္စက လက်လျှော့လိုက်ပြီလား'

ချမ်းမြေ့က ဦးဇော်ဘက်ငုံ၍ တိုးတိုးပြောသည်။

'ကျွန်တော်ပြောရင် ဦးဇော်လန့်မအော်နဲ့၊ သမီးငယ် မသိစေချင်လို့'

'အထူးအဆန်းပါလား၊ ပြော'

'ကျွန်တော် ဆန်ဆန့်ကို တွေ့ပြီ'

'ဟေ၊ တကယ်၊ ဘယ်မှာ တွေ့ခဲ့တာလဲ'

'ဆန်ဆန်ဆိုတာ ခင်နွယ်စိုးပဲ'

ဦးဇော် ပါးစပ်အကျယ်ကြီးဟ၍ အော်မည့်ပုံပြင်ပြီးမှ သူ့ဟာသူ လက်တစ်ဖက်နှင့် ကမန်းကတန်းပိတ်လိုက်ရပါသည်။

၀

'မင်းခရီးတွေပန်းပြီး ကြောင်နေတာတော့ မဟုတ်လောက်ပါဘူးနော်'

ဦးဇော်က ကားမောင်းနေရင်းက လှည့်ကြည့်၍ မေးသည်။

ချမ်းမြေ့စိတ်ညစ်သွားသည်။

'ကျွန်တော်ပြောတဲ့ အချက်အလက်တွေက ကြောင်နေတဲ့ခေါင်းနဲ့ စဉ်းစားလို့ ထွက်မယ့်အချက်အလက်တွေမှုတ်လား ဦးဇော်ရယ်၊ တိုက်ဆိုင်မှုက အံ့ဩစရာကောင်းလွန်းနေတာတစ်ခုပဲ'

'ဟုတ်ပါတယ်၊ ဒါပေမဲ့ အားလုံးက ဆာကမ်စတင်းရှယ်တွေချည့်ပဲ၊ သွယ်ဝိုက်ဆက်စပ်နေရတာ၊ တိုက်ရိုက်သက်သေပြစရာဆိုလို့က တစ်ခုပဲ၊ အဲဒါလည်း လက်ဖဝါးလေးတစ်ခုရဲ့ နူးညံ့မှုဆိုတော့ မင်းအဲဒါကို လူကောင်းပုံမှန်စိတ်ကျန်းမာရေးရှိတဲ့သူကို ယုံအောင် ပြောဖို့ တော်တော်ခက်လိမ့်မယ်'

ချမ်းမြေ့ အောင့်သက်သက် ဖြစ်သွားသည်။

'ဦးဇော်က ဘယ်လိုထင်လို့လဲ'

ဦးဇော်က ပခုံးတွန့်ပြသည်။

'အမှန်အတိုင်းပြောရရင်တော့ မင်း ခင်နွယ်စိုးကို ချစ်မိသွားတာလို့ ထင်တာပဲ'

'ဟာ. . . ဦးဇော်ကလဲ'

'ဦးဇော်က မလဲနဲ့၊ လူပျိုကလေးတစ်ယောက် အပျိုကလေးတစ်ယောက်ကို ချစ်မိသွားတာ အမြဲတမ်းဖြစ်နိုင်နေတဲ့ကိစ္စပဲ၊ မင်းငယ်ချစ်ဆန်ဆန့်ကို ရှာနေရင်း ခင်နွယ်စိုးကို ချစ်မိသွားလို့ စိတ္တဇဖြစ်ပြီး ဆန်ဆန်ဟာ ခင်နွယ်စိုးပဲလို့ ရူတ်ထင်တာနေမှာ'

ဦးဇော်က ပြောရင်း ပြုံးစိစိလုပ်နေသဖြင့် ချမ်းမြေ့စိတ်တိုသွားသည်။

'မနောက်နဲ့ ဦးဇော်ရာ၊ ဒီမှာ ကျွန်တော်က တကယ်ခံစားနေရတာ၊ ဒါဆို နွယ်စိုးကို ကျွန်တော်ဆန်ဆန်လို့ ခေါ်တုန်းက သူဘာလို့ မငြင်းလဲ'

'ဝန်လည်း မခံဘူးလေ'

'ဝန်မခံဘူး၊ ဒါပေမဲ့ မငြင်းဘူး'

'ထွက်ပြေးသွားတယ်လေ'

'အဲဒါ ဘာဖြစ်လဲ'

'သူလည်း ငါ့လိုပဲ မင်းကို ထင်သွားလို့ နေမှာပေါ့'



'ဟာဗျာ'

ချမ်းမြေ့စိတ်ပျက်လက်ပျက် ကားထိုင်ခုံကို ကျောမှီချမိသည်။ ဦးဇော်က တိုးတိုးရယ်သည်။

'ကဲပါ၊ ငါ့တူရယ်၊ ငါကူညီပါ့မယ်၊ ရုံးသာလိုက်ခဲ့'

'ဦးဇော် ရုံးမှာ ဘာရှိလို့လဲ'

'ငါ ကိုသိန်းဟန်စိုးနဲ့ ချိန်းထားတယ်၊ စီးပွားရေးကိစ္စပဲ၊ ခင်နွယ်စိုးဟာ လာရပ်ဆန်ဖြစ်ဖူးရင် သူသိနိုင် မသိနိုင်တော့ ငါမသိဘူး၊ သူသိနေရင်တော့ မင်း သူ့ကို အစ်ကြည့်ရင် သဲလွန်စ ရနိုင်တယ်'

'ကောင်းတယ်'

ချမ်းမြေ့မျက်လုံးတို့ အရောင်ပြန်လက်လာသည်။

○

ရုံးမှာ အဆင်သင့် စောင့်နေသော ကိုသိန်းဟန်စိုးနှင့် တန်းတိုးသည်။

ကိုသိန်းဟန်စိုးနှင့် ဦးဇော်တို့ စာရွက်တွေ အထပ်လိုက်ချပြီး အလုပ်ကိစ္စတွေ ပြောနေကြတာကို ဘေးကနေ စိတ်မရှည်စွာ ထိုင်စောင့်ရင်း ချမ်းမြေ့ ဘယ်လိုစကားစရမလဲ အကြံထုတ်နေသည်။

ခဏနေမှ ဦးဇော်က သိတတ်စွာ အစဖော်ပေးသည်။

'ဪ . . . ကိုသိန်းဟန်စိုးရေ ချမ်းမြေ့လည်း နတ်မြန် စင်ကာပူ ပြန်မတော့မလို့တဲ့'

ကိုသိန်းဟန်စိုးက လှည့်ကြည့်သည်။

'ဟုတ်လား ညီ၊ ဒါထက် ညီမလေးကို သွားစောင့်ရှောက်ခေါ်လာတာ ကျေးဇူးတင်ကြောင်းတောင် မပြောရသေးဘူး၊ သင့်ခယ္ယူစိုးမတ်၍နေ၍၊ ညီလည်း ဆော့ဖ်ဂျာနီအက်ဟုမ်း . . ပါ'

အိမ်ပြန်ခရီး ချောမွေ့ပါစေဟု ဆုတောင်းပေးနေသော ကိုသိန်းဟန်စိုးကို ကြည့်၍ ကျွန်တော့် နှလုံးသားထဲ အိမ်က ဒီမှာပါ အစ်ကိုဟု ရင်ထဲကသာ ပြောမိသည်။

'သင့်ခ်ယူပါ အစ်ကို'

ကိုသိန်းဟန်စိုးက တစ်စုံတစ်ခု စဉ်းစားမိဟန်နှင့် ရယ်လိုက်သည်။

'ညီလေး ရှာနေတဲ့ သူကိုရော တွေ့သွားပြီလား'

သတိ။

ချမ်းမြေ့ သတိ။

မင်းအခု စကားပြောမယ့် သူက မင်းရင်ထဲက မိန်းကလေးရဲ့ အစ်ကိုနော်။ သူ့ညီမကို သူ သိပ်ချစ်တဲ့ အစ်ကို။

ဆင်အိုးကြီး ဆိပ်ကမ်းတုန်းက လေ့ငှားသလို မလုပ်နဲ့။

လောမကြီးနဲ့။

ချမ်းမြေ့ ချိုတုံ့ချတုံ့ စဉ်းစားနေပြီးမှ တုံ့ဆိုင်းဆိုင်းပြောသည်။

'ကျွန်တော် ထင်ထားတဲ့ သူပဲဆိုရင်တော့ သူ့ကို ကျွန်တော် တွေ့ပြီးနေတာ တော်တော်ကြာပါပြီ အစ်ကို'

အံ့ဩဖို့ ကောင်းလှစွာသော တိတ်ဆိတ်မှု။

ကိုသိန်းဟန်စိုးက စာရွက်စာတမ်းများကို သားရေအိတ်ကလေးထဲသို့ ဖြည်းညင်းစွာ စီထည့်နေသည်။ ဘာသံမှ မထွက်။

တွေဝေစဉ်းစားနေတာ သေချာလှပါ၏။

ချမ်းမြေ့အသက်ပင် မရှူနိုင်။

သူ သိနေတာပေါ့။ သေချာနေပါပြီလေ။

ခဏနေမှ ကိုသိန်းဟန်စိုးက စိတ်ပိုင်းဖြတ်လိုက်ဟန်ဖြင့် လာကြည့်သည်။

'ညီက ဘယ်အချက်တွေကြောင့် ထင်လိုက်ရတာလဲ'

ကြည့်စမ်း။

ဘယ်သူလဲလို့တောင် မမေးတော့ပါလား။

ဦးဇော်ပါ မျက်ခုံး မြင့်တက်သွားသည်။



'အများကြီးပါပဲ အစ်ကို၊ အဓိက ကတော့ တောင်ကြီးမှာ အစ်ကို့ဖေဖေပြောပြတဲ့နွယ်စိုးနဲ့ အစ်ကို့မေမေ အိမ်က ဆင်းသွားတဲ့ အချိန်က ကျွန်တော်နဲ့ ဆန်ဆန်တွေ့ခဲ့တဲ့ အချိန်နဲ့ ထပ်တူကျနေလို့ပါပဲ'

ကိုသိန်းဟန်စိုးက သက်ပြင်းချပြီး ကုလားထိုင်မှာ ပြန်ထိုင်သည်။ ပြီးတော့ ခေါင်းညိတ်ပြသည်။

'ညီ ထင်တာ မှန်ပါတယ်'

ဦးဇော် ပါးစပ်အဟောင်းသား ဖြစ်သွားတာ မြင်လိုက်ရပါသည်။

၀

'လာရပ်ကင်ဆိုတာ ညီမလေးကို အင်္ဂလိပ်စာ လာသင်ပေးနေ တဲ့ ဆရာမကလေးပါ။ ညီမလေးကို ညီမလေးအရင်းလို ချစ်ရှာတယ်၊ သူ့ ချပ်ချ်က ညီမလေးကို လာရပ်ဆန်လို့ နာမည်ပေးရတဲ့အထိပဲပေါ့။ သူ အစိုးရအလုပ်ထဲ ဝင်သွားပြီး ပလက်ဝက မောင်ရွာမှာ တာဝန်ကျတော့ ကိုးတန်းအောင်ထားတဲ့ ညီမလေးက ချင်းတောင်က ရွာကလေးတွေရဲ့ ဘဝကလေးတွေကို လေ့လာချင်လို့ လိုက်လည်ပါရစေလို့ ခွင့်တောင်းတော့ ဖေဖေက ခွင့်မပြုဘူး၊ ခရီးဝေးလွန်းတယ်ပေါ့၊ ဆရာမကလေးကိုချစ်ရင် အိမ်ကကားနဲ့ မင်းဘူးအထိ လိုက်ပို့လိုက်၊ ပြီးတော့ မကွေးက မေမေ့အမျိုးတွေအိမ်မှာ ခဏနေ၊ ဖေဖေလိုက်ခေါ်မယ်ပေါ့၊ အဲသလို သဘောတူထားခဲ့တာ၊ သွားမယ့်နေ့မတိုင်ခင် တစ်ရက်ကျတော့ လာရပ်ကင်က အိမ်မှာ လာအိပ်ရော'

ကိုသိန်းဟန်စိုးက မနားတမ်း ဖြည်းဖြည်းလေး ဆက်ပြောနေသည်။

'အဲဒီညက ဖေဖေ အရက်မူးလွန်တော့ ဆရာမကလေး ရှိနေတယ်၊ မေမေရော၊ ညီမလေးပါ တအား ရှက်သွားကြတယ်၊ မေမေက

လည်း ဖေဖေ့ကို စိတ်ဆိုးသွားတယ်၊ အဲဒါနဲ့ပဲ နောက်တစ်နေ့ မေမေပါ ပါသွားတော့တာပဲ၊ ကျန်တာတွေကတော့ ညီ သိပြီးသားနေမှာပါ'

'အန်ကယ်စုံစမ်းတော့ သူတို့ မကွေးမှာ မရှိတာကရော'

'မေမေ့ဘက်က အဘိုးက တောင်တွင်းကြီးမှာ ခြံတစ်ခြံပိုင်သေးတယ်၊ မေမေက အဲဒီမှာ သွားနေနေတာ၊ ညီမလေးကိုတော့ သူ စိတ်ညစ်နေတာ အာရုံ အပြောင်းအလဲဖြစ်ပါစေတော့ဆိုပြီး မေမေက ဆရာမလေးနောက် ပေးလိုက်လိုက်တာ၊ အဲဒီမှာ ညီနဲ့ တွေ့တာနေမှာပေါ့၊ ညီမလေးကလည်း အဲဒီအချိန်က ဖေဖေနဲ့ မေမေသာ ပြန်အဆင်မပြေရင် သူပါပြန်မလာတော့ဘူး ဆုံးဖြတ်ထားဟန်တူတယ်၊ ဒါကြောင့် ညီ့ကို ဘဝမှန် ပြောမပြတာ နေမှာ'

ဂျစ်ဆောပတ်ဇယ် ကစားသလိုပင် ပတ်ဇယ်တုံးကလေးများက သူ့နေရာနှင့်သူ စီကာရီကာ ဝင်သွားတော့ ရုပ်ပုံက ပေါ်လာလေပြီ။

'နောက်တော့'

'နောက်တော့ အစ်ကို နိုင်ငံခြားက ပြန်လိုက်လာပြီး မေမေ့နောက်လိုက်ရတော့တာပေါ့၊ အဲဒီအချိန်မှာ ဖေဖေကလည်း တကယ်အရက်ပြတ်ပြီး စိတ်ထောင်းကိုယ်ကျေ ဖြစ်နေတာဆိုတော့ မေမေ သနားလောက်အောင် ပြောပြရတာပေါ့၊ ညီမလေးဆိုရင် မောင်ရွှာအထိ လိုက်ခေါ်ခဲ့ရတာ'

ချမ်းမြေ့ရင်ထဲမှာ အမှန်တရားကို သိခွင့်ရလိုက်သည့်အတွက် အေးချမ်းသွားရမှာလား။ ဒါမှမဟုတ် သိပြီးနောက်ပိုင်းမှာ ခင်နွယ်စိုးနှင့် တွေ့ခွင့်မရဘဲ စင်ကာပူပြန်ရမှာမို့ ပူလောင်ရမှာလား။ ခွဲခြား၍ မရ သေးပါ။

'ဒါဆို အစ်ကို ကျွန်တော်နဲ့ စတွေ့တဲ့နေ့က ကျွန်တော်ရှာနေတဲ့ လာရပ်ဆန်ဆိုတာ အစ်ကို့ညီမ ခင်နွယ်စိုးပဲဆိုတာ သိလျက်သားနဲ့ ပြောမပြခဲ့တာပေါ့နော်'



ကိုသိန်းဟန်စိုးက ပြုံး၍ ခေါင်းညိတ်ပြန်သည်။

'ညီ မမှတ်မိဘူးထင်တယ်၊ အဲဒီနေ့က ညီ့ကို မိတ်ဆက်ပေးရင်း 'လာရပ်ဆန်' ဆိုတဲ့ နာမည်ကို လှမ်းပြောလိုက်တာ သူကိုယ်တိုင်ပဲ လေ၊ သူ ဘာလို့ညီ့ကို ပြောမပြချင်တာလဲ မသိပေမယ့် သူပြောမပြစေချင်ဘူးဆိုတာ လှမ်းသတိပေးလိုက်တာပဲလို့ အစ်ကို သဘောပေါက်လိုက်တာကိုး၊ ပြီးတော့ အဓိက အကျဆုံးတရားခံက မင်းပဲလေ'

'ကျွန်တော် ဟုတ်လား'

'ဟုတ်တယ်၊ ကိုယ့်ကိုယ်တိုင် သဲကြီးမဲကြီး လိုက်ရှာနေတဲ့ မိန်းကလေးတစ်ယောက်နဲ့ တစ်လှေတည်းစီး၊ တစ်ခရီးတည်း သွားခဲ့တာတောင် မမှတ်မိတာ ဘယ်သူလဲ၊ စဉ်းစားလေ'

ကိုသိန်းဟန်စိုး စကားက အချက်ကို ထိုးလိုက်သလို ဖြစ်၍ ချမ်းမြေ့ ငိုင်ကျသွားသည်။

တိုးတိုးသာ ပြန်ဖြေမိသည်။

'သူကလည်း ရုပ်တအားပြောင်းတာကိုး'

ကိုသိန်းဟန်စိုးက ပြုံး၍ ခေါင်းညိတ်သည်။

'ဟုတ်တော့လည်း ဟုတ်တယ်၊ အစ်ကိုငယ်ငယ်က ညီမတစ်ယောက်ရှိလို့ဆိုပြီး ဘယ်သူငယ်ချင်းကမှ လိုက်စတာ မခံခဲ့ရဘူး၊ သူ့ကိုလည်း မှန်ကြောင်လေးလို့ပဲ ခေါ်ကြတာ၊ အခု ကြီးလာပြန်တော့ ဒီလောက်လှတဲ့ မိန်းကလေးရဲ့ အစ်ကိုက ဘာလို့ ရုပ်ဆိုးဆိုးကြီး ဖြစ်နေရသလဲ အမေးခံရပြန်ရော၊ ဘယ်ဘက်ကမှ မလွတ်ဘူး'

ဦးဇော်က ဝင်ပြောသည်။

'မေတ္တာကွ၊ နွယ်စိုးက လူတိုင်းအပေါ် မေတ္တာထားတော့ ရုပ်က တဖြည်းဖြည်း ပိုပိုနူးညံ့လာတယ်၊ ဦးမြသွေး ပေးခဲ့တဲ့ နာမည်နဲ့ လိုက်နေရော၊ ပန်းလို နူးညံ့ပြီး ခေါင်းလိုအရွယ်ရောက်လေ လှလေ မိန်းကလေးမျိုး'

လူတိုင်းအပေါ် မေတ္တာထားနိုင်တဲ့မိန်းကလေးက ကျွန်တော့်တစ်ယောက်တည်း အပေါ်ကျတော့ ဘာဖြစ်လို့ စိမ်းကားနိုင်ခဲ့ရတာတဲ့လဲ ဦးဇော်ရယ် ဟု ချမ်းမြေ့ရင်ထဲမှသာ ညည်းတွားမိသည်။

'ဘာပဲဖြစ်ဖြစ်လေ ညီက လာရပ်ဆန်ရေဘေးဒုက္ခသည် ဖြစ်နေတယ်ထင်လို့ ကယ်ချင်လို့ လိုက်လာတာ၊ အခုတော့ သူက ရေဘေးဒုက္ခသည်မဖြစ်ရုံသာမက တစ်နိုင်ငံလုံးက ဒုက္ခသည်တွေကို ပြန်ကယ်နေတဲ့ မိန်းကလေးဖြစ်နေတာလည်း သိရပြီ၊ ပြီးတော့ ရှမ်းပြည်မှာလည်း သူ့ကို ကယ်တင်ဖူးပြီးသွားပြီ၊ ညီလေးလာတဲ့ ရည်ရွယ်ချက်အထမြောက်ပါပြီ၊ ဘာလိုသေးလို့လဲ'

လိုပါသော်ကော အစ်ကို။

လိုတာတွေ များလွန်းလို့ ကျွန်တော့်ရင်ဘတ်ကြီး ဟောင်းလောင်းပေါက်နေပြီ။ အဲဒါ အစ်ကို့ကို ကျွန်တော်က ထုတ်ပြောနေရမှာတဲ့လား။

ချမ်းမြေ့စိတ်ထဲကသာ မြည်တွန်တောက်တီးမိလေသည်။

●

(၁၉)

အဲသည့်ညနေပိုင်းမှာ ရွှေမြရောက်လာသည်။

သူ စင်ကာပူပြန်တာကို နှုတ်ဆက်ဖို့ လေယာဉ်နှင့် လိုက်လာတာ ဖြစ်သည်။ လေဆိပ်ကို အိမ်က ယာဉ်မောင်းသာ သွားကြိုသည်။

ရွှေမြအိပ်ခန်းထဲ ဝင်လာတော့ ခရီးဆောင်အိတ်တွေ ဟောင်းလောင်းဖွင့်ချထားပြီး ဘာပစ္စည်းမှ မထည့်ဘဲ ကြမ်းပြင်ပေါ်မှာ ငုတ်တုတ်ကြီးထိုင်ငိုင်နေသော သူ့ကို ကြည့်၍ ရွှေမြက ရယ်သည်။

'ငါ့ကောင် မောင်ကြီးမပြန်နိုင်တယ် ဖြစ်နေတာတော့ သေချာပြီ၊ ရှာမတွေ့သေးတဲ့ ချင်းမလေးကြောင့်လား၊ ရှာတွေ့နေတဲ့ မြန်မာမလေးကြောင့်လားပဲဝေ့'

ရခိုင်လူမျိုးစစ်စစ်က ကရင်သံ တမင်ဝဲ၍ သူ့ကို စနေသော ရွှေမြကို ကြည့်၍ သူယဲ့ယဲ့သာ ပြုံးနိုင်သည်။

သူ လက်ဝှေ့ယမ်းပြလိုက်တော့ ရွှေမြက သူ့ခုတင်ပေါ်မှာ ဝင်ထိုင်သည်။

'မငြင်းဘူးဟေ့၊ မငြင်းဘူး၊ ဒါဆို မြန်မာမလေးပဲ သေချာပြီ'

'ရွှေမြရာ ဇာတ်လမ်းအမှန်သာသိရင် အံ့ဩလွန်းလို့ မင်းရူးတောင်သွားနိုင်တယ်'

'အလဲ့၊ တယ်ဆိုတဲ့ စာပါလား၊ ပြောပြပါဦးကွာ၊ အံ့ဩချင်လွန်းလို့'

ချမ်းမြေ့ ရုတ်တရက် စကားစရှာမရ။ ပြီးမှ စဉ်းစား၍ ဖြည်းဖြည်းချင်း ပြောသည်။

'ဒီလိုကွာ မိန်းကလေးတစ်ယောက်ဟာ ကိုယ့်ဘဝအတွက် မရှိမဖြစ် အရေးကြီးနေတယ်ဆိုတဲ့ ခံစားချက်မျိုးကို အဲဒီမိန်းကလေးနဲ့ မတွေ့ရတော့တာ ဆယ်နှစ်ကြာမှ ရိပ်မိသွားခဲ့တဲ့ ယောကျ်ားလေး တစ်ယောက်'

'ဒါက ငါသိပြီးသားလေ'

'အဲဒီ မိန်းကလေးကို လိုက်ရှာရင်းနဲ့ အဲဒီမိန်းကလေးကို မတွေ့ဘဲ စိတ်ရော၊ ရုပ်ပါသိပ်လှတဲ့ မိန်းကလေးတစ်ယောက်ကို ထပ်တွေ့ပြီး လေးစားရာက တန်ဖိုးထားမိသွားပြန်ရော'

'ဒါလည်း ငါရိပ်မိနေတာပဲ'

'ကောင်းပြီ၊ မင်း ငါ့နေရာမှာဆို ဘာလုပ်မလဲ'

ရွှေမြက ပခုံးတွန့်ပြသည်။

'ကြမ်းပြင်ပေါ်မှာတော့ ငုတ်တုတ်ကြီး ထိုင်ငေါင်နေမှာ မဟုတ်ဘူးဆိုတာ သေချာတယ်'

ချမ်းမြေ့က သူ့ဝမ်းကွဲအစ်ကိုကို အသံမထွက်အောင်ဆဲသည်။

ရွှေမြက အော်ရယ်သည်။ ပြီးတော့ ချမ်းမြေ့ ပခုံးကို ပုတ်၍ အားပေးသည်။

'ဒါတွေဟာ ဖြစ်ချင်ဖြစ်သွားတတ်တာပါပဲကွာ၊ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မနေပါနဲ့၊ ကဲ မင်း ဘာလုပ်သလဲသာ ငါ့ကို ပြောပြ'

'ငါက အဲဒီနှစ်ယောက် တစ်ယောက်တည်း ဖြစ်ပါစေလို့ ဆုတောင်းနေခဲ့တာလေ'

'ရူးနေတဲ့ သူပဲ အဲသလို လုပ်မှာပေါ့'



ချမ်းမြေ့က ပြုံး၍ ရွှေမြကို မော့ကြည့်သည်။

'ငါ မရူးဘူး ရွှေမြ၊ မင်းရူးမှာ'

'ဘာဖြစ်လို့လဲ'

'ပြောသားပဲ၊ အံ့ဩလွန်းလို့လေ'

'ဘာ'

'ဆန်ဆန်ဆိုတာ ခင်နွယ်စိုး'

ရွှေမြ ပါးစပ်အဟောင်းသားနှင့် ကြက်သေ သေသွားပါသည်။

၀

မင်္ဂလာဒုံလေဆိပ် ပြည်ပခရီးသည် ဝင်ပေါက်ရောက်တော့ ရွှေမြက ချမ်းမြေ့ပခုံးကို ဖက်၍ အားပေးသည်။

'သားရွှေအိုး ထမ်းလာတာများကွာ၊ မျက်နှာကြီးက မှိုင်တွေနေလိုက်တာ၊ ပျော်ပျော်နေစမ်းပါ'

'သားရွှေအိုးက ငါ့ဆီ ထမ်းလာတာ မဟုတ်ဘူး၊ သူ့လမ်းသူ လျှောက်နေတာ၊ ငါ့ကို အတူတူ လျှောက်ခွင့်တောင် ပေးထားတာ မဟုတ်ဘူး'

ရွှေမြက ခေါင်းညိတ်သည်။

'တိုက်ဆိုင်မှုက ဆန်းကြယ်လွန်းတော့ ငါတောင် ညက ဘာပြောရမှန်းမသိ ဖြစ်သွားသေးတာပဲ၊ သူတို့၊ မင်းတို့ ကာယကံရှင်တွေ ပိုဆိုးမှာပေါ့၊ ပြီးတော့ နဂိုကတည်းက အရပ်ဆယ်မျက်နှာစလုံးကို ဖြူဖြူစင်စင် မေတ္တာပဲ မျှဝေချင်တဲ့ မိန်းကလေးမျိုး၊ စတွေ့ကတည်းက လူသာမဟုတ်မိတယ်၊ ခေါ်သွားမယ် စိတ်ကူးပြီးသားဆိုတဲ့ လူမျိုးကို နည်းနည်းတော့ အဟန့်ဖြစ်နေမှာ အမှန်ပဲ၊ ပေး အနည်ထိုင်လိုက်ပါကွာ၊ သူ တရားစခန်းဝင်မယ့်ကိစ္စကလေးကိုလည်း စိတ်ကြည်ကြည်လင်လင်နဲ့ ပေးလုပ်လိုက်၊ မင်းခွင့်ရလို့ တစ်ခေါက်ပြန်လာတော့

သူလည်း တရားစခန်းက ထွက်ပြီး စဉ်းစားစရာ ရှိတာလည်း စဉ်းစားပြီး ရောပေါ့၊ အဲဒီကျတော့မှ မင်းသူ့အပေါ် ဘယ်လောက်တန်ဖိုးထားတယ် ဆိုတာ ယုံအောင်သွားပြောချေ၊ ဒါလည်း သူယုံမှာပါ၊ ငါတောင် ဘေးက ရိပ်မိနေသေးတာ'

'မင်း ပြောတော့လည်း အားရှိစရာ'

'အားရှိမနေနဲ့၊ ငါ ဆက်ပြောရင် မင်းအားယုတ်မှာ'

'ဘာလဲ'

ရွှေမြက ခေတ္တမျှ စဉ်းစားနေပြီးမှ ပြောသည်။

'သူ့အတွက် သူတောင် ဘာကိုမှ မပိုင်ဆိုင်ချင်တဲ့ မိန်းကလေး တစ်ယောက်ကို ပိုင်ဆိုင်ချင်တဲ့ ယောကျ်ားတစ်ယောက်အတွက် အဲဒီ မိန်းကလေးက အဆင်သင့်ဖြစ်နေစေချင်တာ စိတ်ကူးယဉ်ဆန်ရာတော့ ကျလွန်းသလိုပဲ ဟေ့ကောင်'

ချမ်းမြေ့ နှလုံးသား ရေနစ်သွားပါသည်။

၀

စင်ကာပူက သူငယ်ချင်းက သူ့ကို 'ဘူဂစ်ပလတ်စ်' ကုန်တိုက်ရှိ ထိုင်းစားသောက်ဆိုင်တွင် ညစာလိုက်ကျွေးသည်။

'ငါ့သူငယ်ချင်း မြန်မာစာတွေ လျှာလည်ပြီး ပြန်လာတော့ ထိုင်းစာတောင် စားချင်တော့မှာ မဟုတ်ဘူး ထင်တယ်'

စားစရာမှာရင်းကလည်း ကျီစယ်သေးသည်။

စားစရာတွေ ရောက်လာချိန်မှာတော့ တကယ်မစားနိုင်တော့ သူက အဲသည် သူငယ်ချင်းပါ။

ဆန်ဆန်ဆိုတာ ခင်နှယ်စိုးဖြစ်ကြောင်း သူပြောပြလိုက်၍ ဖြစ်ပါသည်။



အစအဆုံး သူပြောပြသမျှကို တစ်ခွန်းမှ ဝင်မထောက်နိုင် လောက်အောင် ပါးစပ်အဟောင်းသားနှင့် နားထောင်နေပြီး ခဏကြာမှ သက်ပြင်း အရှည်ကြီးချပါသည်။

'ထူးဆန်းလိုက်တာကွာ၊ ခင်နှယ်စိုးဆိုတဲ့ နာမည်တောင် ငါပြော မှ ကြားဖူးတဲ့ ကောင်က ခင်နှယ်စိုးရဲ့ ငယ်ချစ်ဖြစ်နေရတယ်လို့'

'ငယ်ချစ်လို့တော့ မပြောပါနဲ့ကွာ၊ ဟုတ်လည်း မဟုတ်ဘဲနဲ့'

'ဟ မင်းက ချစ်နေတာမဟုတ်ဘူးလား'

သူခေါင်းညိတ်သည်။

'ငါက ဟုတ်ပါတယ်၊ ဟုတ်တာမှ ဆန်ဆန်အနေနဲ့လည်း ချစ် တယ်၊ ခင်နှယ်စိုးကိုပါ ထပ်ချစ်မိသွားလို့ ကြံရာမရ ဖြစ်နေတာ၊ အခု သူတို့ နှစ်ယောက်က တစ်ယောက်တည်းပဲလို့ သိလိုက်ရတော့ ချစ်တာ မှ ကိုယ်ချစ်နေမိတဲ့ ခံစားချက်ကို တွေးကြည့်မိတိုင်း ရှုံနေလောက် အောင် ခံစားရတဲ့အထိ ချစ်တာ၊ ဒါပေမဲ့ သူကတော့ ရှောင်တောင် ထွက်သွားတဲ့သူဆိုတော့ ငယ်ချစ်လို့ သုံးရတာ အားနာစရာ ကောင်း လွန်းပါတယ်ကွာ'

သူငယ်ချင်းက ခေါင်းတဆတ်ဆတ် ညိတ်နေပြီးမှ ထိုင်း သဘောသီးသုပ်ပန်းကန်ကို ယူ၍ မွှေနှောက်ရင်း စဉ်းစားနေသည်။ ပြီးတော့ ခပ်တွေးတွေးဆဆ ပြောသည်။

'မင်း သိပ်မြတ်နိုး တန်ဖိုးထားနေပြီဆိုတာတော့ မင်းလေသံက နေ ငါရိပ်မိပါတယ်၊ ဒီအတိုင်းသွားပြောရင် သူလည်း ရိပ်မိလောက်ပါ တယ်'

'ဒီတော့'

သူငယ်ချင်းက ပခုံးတွန့်ပြ၍ ဖြည်းညင်းစွာ ခေါင်းခါသည်။

'မင်း ခံစားချက်ကို ရိပ်မိတာက ရိပ်မိတာတစ်ပိုင်း၊ သူ့မှာ ထပ်တူခံစားချက် ရှိမရှိက တစ်ပိုင်းပဲ၊ ရှိဖို့တော့ သိပ်မလွယ်ဘူးနော်၊ ရှေ့မြေပြောတာမှန်တယ် ဟေ့ကောင်၊ အရမ်းမှန်းမထားနဲ့'

နှလုံးသားတို့ ခဲဆွဲခံရသလို ရှိပြန်လေသည်။

'ဘာဖြစ်လို့လဲ'

'မင်းလည်း ရိပ်မိမှာပဲ၊ လူတိုင်းကို ဘယ်သူဘယ်ဝါရယ် မခွဲခြားပဲ မေတ္တာထားနေတဲ့ မိန်းကလေး၊ လူတိုင်းကလည်း နမလေးလို၊ သမီးလေးလို ဝိုင်းချစ်တာ၊ တန်ဖိုးထားတာ ခံနေရတဲ့ မိန်းကလေး၊ ယောကျ်ားကလေး တစ်ယောက်က တန်ဖိုးထားတာ သိရုံနဲ့တော့ တုန့်လှုပ်မယ် မထင်နဲ့၊ သားကြီးတောင် တိတ်တိတ်ကလေးပဲ ကျိတ်ချစ်နေတာဆို'

အမှန်တရားသည် ရုတ်တရက် လက်ခံလိုက်ဖို့ ခါးသက်သက်ဖြစ်လွန်း၍ နေပြန်လေသည်။

'သူဟာ သိပ်ဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ဆိုတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ လောကီနယ်ကို ကျော်နိုင်းသွားတဲ့ သူတော်စင်တော့ မဟုတ်ဘူး၊ အရွယ်ကောင်း မိန်းကလေးတစ်ယောက်၊ ပြီးတော့ မိန်းမလှလေးတစ်ယောက်၊ ယောကျ်ားတစ်ယောက်အပေါ်မှာ တုံ့ပြန်ချစ် . . . ချစ်မယ်ဆိုရင်လည်း ချစ်သွားနိုင်သေးတာပဲ၊ မျှော်လင့်ကြကြေးဆိုရင် သံယောဇဉ်မှာ ငါက ဦးတယ်ဆိုတာလည်း မမေ့နဲ့ဦး'

သူက အံကြိတ်၍ပြောတော့ သူငယ်ချင်းက တိုးတိုးရယ်သည်။

'မျှော်လင့်ပါ၊ မမျှော်လင့်နဲ့ ငါမပြောပါဘူး၊ ဒီလောက် အဖိုးတန် မိန်းကလေးတစ်ယောက်က တစ်ယောက်ယောက်ကို ရွေးချယ်ဖြစ်မယ်ဆိုရင်လည်း ငါ့သူငယ်ချင်းကိုပဲ ရွေးစေချင်တာပေါ့၊ ဖိတ်ချင်းဖိတ်ရင်၊ ငါပြောတာက သိပ်မှန်းမထားနဲ့ဆိုတာက ဖြစ်မလာရင် မင်းအရမ်းခံစားရမှာစိုးလို့ ပြောတာ'



ချမ်းမြေ့ သက်ပြင်းချသည်။

'ငါကတော့ ခွင့်ရတာနဲ့ ပြန်ပြေးဦးမှာပဲ၊ ဒါနဲ့ အလုပ်မှာရော အခြေအနေ ဘယ်လိုလဲ၊ ငါ ဘယ်တော့လောက် ခွင့်ထပ်ရမယ် ထင်သလဲ'

သူငယ်ချင်းက ပခုံးတွန့်ပြသည်။

'ဒီ နိုဝင်ဘာတော့ မင်းရုံးစောင့်တဲ့မောင်၊ ဘော့စ်က မြန်မာတွေအားလုံးကို မြန်မာပြည်ပေးပြန်မှာ၊ မင်းက အခုပဲ ပြန်လာလို့တဲ့'

'ဘာရှိလို့လဲ'

သူငယ်ချင်းက ပြုံးကြည့်သည်။

'ဟကောင် ရူးနေပြီလား၊ နိုဝင်ဘာ ၈ ရက်နေ့ ရွေးကောက်ပွဲလေ။ ပြည်နိုင်ဖြိုး အစိုးရလက်ကနေ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဒီချုပ်အစိုးရလွှဲယူနိုင်အောင် ငါတို့အားလုံး ဝိုင်းထည့်ရမှာလေ၊ မင်း ခင်နွယ်စိုးတောင် သူ့ဖေ့စ်ဘုတ်မှာ မဲပေးရင် ပယ်မဲမဖြစ်ဖို့ ဘာတွေသတိထားရမယ်တွေ လှုံ့ဆော်နေပြီ၊ မင်းက သူ့ပဲ အိပ်မက်မက်လို့ကောင်းတုန်း'

ဟုတ်ပါရဲ့

ခင်နွယ်စိုးသည် ဆန်ဆန်ဘဝကတည်းက ဒေါ်အောင်ဆန်းစုကြည်ကို အလွန် လေးစားတန်ဖိုးထားကြောင်းနှင့် ပြည်သူ့အစိုးရ တစ်ရပ် ပေါ်လာမှ ယခု ပြည်သူတွေ ရင်ဆိုင်နေရသော လူမှုဒုက္ခအပေါင်းကို ပရဟိတအဖွဲ့ပေါင်းစုံက နိုင်သလောက်ကလေး ဝိုင်းနေရသော ဘဝက ကျွတ်ပြီး အစိုးရက ဦးဆောင်ဖြေရှင်းနိုင်မည်ဖြစ်ကြောင်းလည်း ပြောဖူးကြောင်း သူ သတိရတော့သည်။

'ငါကျတော့ရော'

'မင်းက ဒီမှာ မဲပေးပေါ့၊ ဒီက မြန်မာသံရုံးက စောပြီး မဲပေးရမယ်၊ အဲဒါ စာရင်းပေးတဲ့ လူတွေ များလွန်းလို့ ညဘိုဝ်တောင် တန်းစီရမယ့်ပုံပဲမောင်၊ မင်းလည်း စာရင်းပေးထားဦး'

ချမ်းမြေ့ သက်ပြင်းချ၍ 'အေးပါကွာ' ဟု ပြောလိုက်သည်။

ချစ်သူ၏ တူမျှသော မေတ္တာကို ခံစားနိုင်ခွင့် ရှိမရှိ၊ ဘဝမှာ မရေရာလှသော်လည်း ချစ်သူဖြစ်စေချင်လှသည့် မြန်မာနိုင်ငံသားအများစု ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ သိမ်ငယ်ခြင်းတို့မှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ဝန်းရံကြိုးပမ်းမှုတွင် ကိုယ်တိုင်လည်း တစ်တပ်တစ်အား ပါဝင်ခြင်းဖြင့် ချစ်သူနှင့် ရင်ခုန်သံစည်းချက် ညီခြင်းကိုတော့ ပြသသင့်လှသည် မဟုတ်ပါလား။

•

(၂၀)

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလသည် ရက် (၃၀) ပဲ ရှိသည်ဆိုတာကို မယုံကြည်နိုင်စရာ ကောင်းလောက်အောင်ပင် ရှည်လျားလှလေသည်။

သူငယ်ချင်း မှန်းထားသလိုပင် အလုပ်ရှင်က သူ့ကို နောက်တစ်ခေါက်သွားလျှင် အောက်တိုဘာလထဲကျမှသွားရန်နှင့် သွားလျှင်လည်း တစ်ပတ်လောက်ပဲ နေရန်ပြောသည်၊

လဆန်းပိုင်းကတော့ ရွေးကောက်ပွဲ မဲပေးရန် ပြင်ဆင်စည်းရုံးနေကြတာတွေ ကြည့်ပြီး အချိန်က အကုန်လွယ်ခဲ့သည်။ သူငယ်ချင်းပြောသလိုပင် ခင်နွယ်စိုးလည်း မဲပေးမှားကြဖို့ ဖေ့စ်ဘုတ်က တစ်ဆင့် လှုံ့ဆော်နေတာ တွေ့ရသည်။ ရန်ကုန်မှာပဲ ရှိနေပုံပါပဲ။ ရွေးကောက်ပွဲပြီးမှ တောင်တန်းဒေသကို ပြန်တက်မည်ထင်သည်။ ကိုသိန်းဟန်စိုးပင်လျှင် ရပ်မိရပ်ဖအဖြစ် မဲရေတွက်ရာတွင် စောင့်ကြည့်ရန် တာဝန်ယူထားသည်ကို သတိထားမိသည်။

ချမ်းမြေ့တစ်ယောက်ကတော့ ခင်နွယ်စိုး ထင်ထားသော ပြည်သူ့ဆန္ဒ တစ်ခဲနက် ထုတ်ဖော်ကြရန် စည်းရုံးသည့် post ကလေးများကို လိုက်ဖတ်ရင်းသာ ရင်ခုန်နေရသည်။

'ခင်ဗျားလေး သိပုံမရပါဘူး၊ တို့ ဘယ်လိုခံစားနေတယ်ဆိုတာ' ဟုလည်း စိတ်ထဲက အကြိမ်ကြိမ် ညည်းတွားမိသည်။

'ဖုန်းဆက်ရကောင်းမလား' ဟုလည်း ခဏခဏ တွေးမိသည်။

'နွယ်စိုးက ဆန်ဆန်ပဲဆိုတာ တို့ကို ဘာလို့ မပြောပြတာလဲ'

'ကိုချမ်းမြေ့က ဆန်ဆန့်ကို ငယ်ချစ်လို့ သတ်မှတ်ထားတာကိုး၊ တကယ်တော့ ဆန်ဆန့်အတွက် ချမ်းမြေ့ဟာ သူငယ်ချင်းတစ်ယောက် ပဲ၊ နွယ်စိုးအတွက်လည်း ကိုချမ်းမြေ့ဟာ အစ်ကိုတစ်ယောက်ပါပဲ၊ ဒီ ထက် မပိုနိုင်တာကို ထုတ်ပြောနေရမယ့်အစား နွယ်စိုးဟာ ဆန်ဆန် ပဲဆိုတာ မသိဘဲ ပြန်သွားတာ ပိုမကောင်းဘူးလား'

အဲသလို ဖြေလိုက်မည့် အဖြေကို ကြားသိလက်ခံနိုင်ဖို့အတွက် သူ့နှလုံးသားက အဆင်သင့် ဖြစ်မနေတာကတော့ အသေအချာ ပါပင်။

ဒါကို စဉ်းစားမိတိုင်း လက်က ကိုင်ထားသော ဖုန်းကို ပြန်၍ သာ ချမိသည်။ ဖေ့စ်ဘုတ်ကနေ စာတို ရိုက်ပို့ဖို့ဆိုတာလည်း မစွန့်စား ရဲပါ။ မျက်နှာချင်းဆိုင်သွားထိုင်ပြီး မေးတာကမှ ကိုယ့်ခံစားချက်တို့ကို အားနာလောက်အောင် ပြောပြဖို့ အခွင့်အရေးရဦးမည်။ အဝေးကနေ အကန့်အသတ်များစွာနှင့် ဆက်သွယ်ကြည့်ဖို့ကတော့ မစဉ်းစားတာပဲ ကောင်းမည်ထင်သည်။

သည်လိုနှင့်ပင် သူ သံရုံးရှေ့ ပလက်ဖောင်းမှာ နာရီပေါင်းများ စွာ အိပ်စောင့်၍ ဆန္ဒမဲ ပေးခဲ့ရသော ရွေးကောက်ပွဲကြီး မြန်မာပြည် မှာလည်း ကျင်းပ၍ ပြီးသွားသည်။

ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော အမျိုးသား ဒီမို ကရေစီအဖွဲ့ချုပ်က ဦးသိန်းစိန်ခေါင်းဆောင်သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို အပြတ်အသတ် အနိုင်ရရှိသွားသည်။

ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည် အိမ်ရှေ့မှာ ဝမ်းသာအားရ အောင်ပွဲခံနေသော ပြည်သူလူထုအုပ်စုကြီး



ပုံတွေ အင်တာနက်မှာ တက်လာတော့ ထင်ထားသည့်အတိုင်းပင် ခင်နွယ်စိုး၊ အိတုတ်၊ သားကြီး၊ မိုးကြီးတို့ကိုပါ တွေ့ရလေသည်။

အဲသည်နောက်တော့ တောင်တန်းပေါ် ရောက်သွားကြပြန် သည်။ ဆရာလေး၊ မိုးကြီး၊ သားကြီးတို့နှင့်အတူ ရေတွင်းတူးရာမှာ ကြိုးကြပ်နေသည့် ခင်နွယ်စိုးပုံတွေ တက်လာသည်။

ကွင်းလျားရှိ ရေနစ်နေသော ရွာတွေထဲမှာ လှေနှင့် လျှောက် သွား၍ တစ်အိမ်တက်ဆင်း မိသားစုဆိုင်ရာ အချက်အလက်များ ကောက်ခံရင်း ကယ်ဆယ်ရေး ပစ္စည်းများ ဝေငှနေစဉ်က အသက်ကယ် အင်္ကျီဝတ်ထားတာတောင် အောက်က ထွက်နေသည့် ဘောင်းဘီရှည် ပုံကျနေလောက်အောင် ပိန်နေသည့် မိန်းကလေး တောင်တန်းဒေသ ပြန်ရောက်သည့် ပုံများတွင် အတန်ငယ် ပြန်လည်၍ ပြည့်ပြည့်တင်းတင်း ဖြစ်လာပြီး မျက်နှာလည်း သွေးရောင်ပြန်ဖြာလာတာ ကြည့်၍ ချမ်းမြေ့ သက်ပြင်းချသည်။

ဒါလည်း ရွေးကောက်ပွဲ ကာလအတွင်း မိဘအိမ် ခဏကြာကြာ နေဖြစ်သွား၍ ဖြစ်မှာပါ။ သည်ပုံစံနှင့် ခရီးတွေဆက်တိုက် ပြန်ထွက် နေရင် နောက်ပိုင်း ပြန်ပိန်သွားဦးမှာပါပဲဟု တွေးမိတော့ သက်ပြင်းချ ရပြန်သည်။

ကိုယ်ချစ်နေရသူကို ခြေလှမ်းတိုင်း ခလုတ်မထိ ဘေးမငြိစေ ချင်သော စိတ်ပူမှု၊ ကိုယ်ရောစိတ်ပါ ငြိမ်းချမ်းအေးမြစေချင်မှုတို့နှင့် စက္ကန့်မလပ် သတိရနေမိချိန်တွင် ထိုချစ်သူက ခေါင်းထဲတွင် မိမိ အကြောင်းကို တွေးနေလိမ့်မည်ဟုပင် မျှော်လင့်ရခက်လှကြောင်း သတိ ထားမိသည့် အခါတိုင်းတွင်လည်း ရင်ထဲမှာ ဆွေးဆွေးမြည့်မြည့် ခံစားရ သည်။

သည်လိုနှင့်ပင် ခင်နွယ်စိုး တောင်တန်းဒေသမှ ပြန်လာမည့် ရက်ရောက်လာသည်။ ခင်နွယ်စိုးက သူ ဖားအောက်တောရတွင် တရား

စခန်းသွားဝင်မည်ဖြစ်၍ အလှူရှင်များနှင့် အကူအညီလိုသူများ သားကြီး၊ သို့မဟုတ် မိုးကြီးကို ဆက်သွယ်ကြပါရန် ဖုန်းနံပါတ်များနှင့် တကွ ဖေ့စ်ဘုတ်တင်သည်ကိုလည်း သတိထားမိသည်။

နောက်တစ်နေ့မှာတော့ ခင်နှယ်စိုး၏ ဖေ့စ်ဘုတ်မှာ ဘာပို့စ်မှ တက်မလာတော့။ တရားစခန်းဝင်သွားပြီထင်၏။

ဖေ့စ်ဘုတ်ကို ခင်နှယ်စိုးကို ခြေရာလိုက်ကြည့်ဖို့ တစ်ခုတည်း အတွက်သာ သုံးသော ချမ်းမြေ့တစ်ယောက်လည်း ဖေ့စ်ဘုတ်မဝင် ဖြစ်တော့။

၁၀ ရက် တရားစခန်းပြီးလျှင် ပြန်ရောက်လာမည့် ခင်နှယ်စိုး ကို ရန်ကုန်တွင် သွားတွေ့နိုင်ရန်အတွက် မြန်မာပြည်ပြန်ရန် အစီ အစဉ်များဆွဲရင်းသာ အလုပ်ရှုပ်နေခဲ့သည်။

အဲသည်အတွင်းမှာ မြန်မာပြည် ပြန်သောသူငယ်ချင်းက ပြန် ရောက်လာသည်။ သူငယ်ချင်းကို ချန်ဂီလေဆိပ်မှာ သွားကြိုပြီး ခရီး ဆောင်သေတ္တာများ လှည်းပေါ်တင်၍ အတူတွန်းထွက်လာတာနှင့် ချမ်းမြေ့ ဣန္ဒြေမဆည်နိုင်ဘဲ အူယားဖားယား မေးမိသည်။

'ဘာထူးသေးလဲ'

သူငယ်ချင်းက ပခုံးတွန့်ပြသည်။

'ဒေါ်အောင်ဆန်းစုကြည်တို့ကတော့ ပါတီထဲမှာပဲ အစည်း အဝေးတွေ ခေါ်နေတာပေါ့ကွာ၊ နှစ်ငါးဆယ်အတွင်း ပထမဦးဆုံး တက် ရမယ့် အရပ်သားအစိုးရဆိုတော့ စိန်ခေါ်မှုတွေ များလွန်းတော့ ခေါင်း စားနေမှာပေါ့၊ လက်ရှိအစိုးရကတော့ လူတွေ တရစပ်ပြောင်းနေ၊ ခန့် နေတာပဲပေါ့၊ ဖွဲ့စည်းပုံ အကြီးအကျယ် ပြောင်းပစ်တဲ့ ဝန်ကြီးဌာနတွေ တောင် ရှိတယ်၊ ဘာကြံနေတယ် မသိ'

ချမ်းမြေ့ မျက်နှာ ရှုံ့မဲ့သွားတော့ သူငယ်ချင်းက ဘာလဲဟာဟု မေးသည်၊



'ဘာလဲ မဟာနဲ့၊ ငါမေးတာ နိုင်ငံရေးကို မဟုတ်မှန်း မင်း သိ တယ်၊ ခင်နှယ်စိုးသတင်း ဘာကြားသေးလဲလို့ မေးတာ'

သူငယ်ချင်းက ရယ်သည်။

'ခင်နှယ်စိုးက ခင်နှယ်စိုး မဟုတ်တော့တာကလွဲလို့ ဘာထူးစရာ ရှိလို့လဲဟာ'

ချမ်းမြေ့ အူကြောင်ကြောင် ဖြစ်သွားသည်။

'ခင်နှယ်စိုး မဟုတ်တော့ဘူး၊ ဟုတ်လား၊ အဲဒါ ဘာပြောတာ လဲ'

သူငယ်ချင်း မျက်လုံး ပြူးသွားသည်။ တွန်းနေသော လှည်းကို ရပ်၍ သူ့ဘက်လှည့်ပြီးမေးသည်။

'မင်း အဲဒါတောင် မသိရအောင် ဘယ်သွားအိပ်ပျော်နေတာ လဲ၊ တစ်လောကလုံး သိတယ်'

'ဘာလဲဟ၊ မြန်မြန် ပြောစမ်းပါ'

'မင်း ဖေ့စ်ဘုတ် မကြည့်ဘူးလား'

'ခင်နှယ်စိုး ဖေ့စ်ဘုတ်မှာ ဘာမှ မတက်တာ ကြာပြီကွ'

'မိုးကြီးဖေ့စ်ဘုတ်ကို ကြည့်မှပေါ့ကွ'

သူငယ်ချင်းက ဘောင်းဘီအိတ်ထဲက အိုင်ဖုန်းကို ထုတ်ယူ၍ အင်တာနက်ခလုတ်ကို ဖွင့်သည်။ ပြီးတော့ ကမန်းကတန်း မွှေနှောက် ရှာဖွေပြီး သူ့ကိုထိုးပြသည်။

သူငယ်ချင်းအိုင်ဖုန်း မျက်နှာပြင်မှ ပေါ်နေသော ဓာတ်ပုံကို ကြည့်၍ ချမ်းမြေ့ မျက်လုံးများ ပြာဝေသွားသည်။

မြန်မာဆန်ဆန် အင်္ကျီအဖြူ ရင်ဖုံးကလေးနှင့် ယောဂီရောင် လုံချည်လေးဝတ်ထားသည့် ကြားက ကျက်သရေရှိစွာ ကြည်လင် တောက်ပနေသော ခင်နှယ်စိုး။

မြေသားပြင်ပေါ်တွင် ကျွံ့ကျွံ့ကလေး ထိုင်နေသည်။ ဦးခေါင်းမှာတော့ သွန္တာမည်ကျော် ရှည်လျားနွဲ့ပျောင်း နက်မှောင်လှသည့် ဆံပင်တွေ မရှိတော့။ ဦးပြည်းစိမ်းကလေးက ပြောင်ဝင်းနေသည်။

သန္တရှေ့က ပိတ်ဖြူပေါ်တွင် ဆံပင်တချို့ကို တွေ့ရသည်။ ယောဂီရောင် အထက်အောက် ဝတ်ထားသည့် သီလရှင်ကြီးတစ်ယောက်က ဆံချပေးနေပုံ ဖြစ်သည်။ ဆံပင်အရှည်ကို အရင်ဖြတ်ခဲ့ပြီးမှ လက်ကျန်ငုတ်တိုကို ရိတ်နေသည့်ပုံပင်။

'တွေ့ပြီလား၊ အခု သန္တာမည် ခင်နွယ်စိုးလည်း မဟုတ်တော့ဘူး၊ ဆန်ဆန်လည်း မဟုတ်တော့ဘူး၊ ဒေါ်ကလျာဏီတဲ့၊ သူ့ဆံပင်ရှည်ကြီးကို ဖြတ်ရောင်းပြီး ရွှေဆံနွယ်ဆရာတော်ဆီမှာ လမ်းခင်းဖို့ လှူလိုက်တယ်၊ သူက ဖားအောက်မှာ သီလရှင် ဝတ်လိုက်တယ်'

သူငယ်ချင်းက နောက်တစ်ပုံ ထပ်ပြသည်။

ယောဂီရောင် သီလရှင်ဝတ်စုံ၊ ဦးပြည်းစိမ်းကလေးနှင့် ငြိမ်းချမ်းစွာ တင့်တယ် ကျက်သရေ ရှိနေသော ခင်နွယ်စိုး၊ အဲလေ ဆရာလေး ဒေါ်ကလျာဏီ။

ချမ်းမြေ့ အထစ်ထစ် အငေါ့ငေါ့နှင့် ပြန်ပေးမိသည်။

'ဟို အမြဲ . . . အမြဲဝတ်သွားတာလားကွာ'

သူငယ်ချင်းက ဖြည်းညင်းစွာ ခေါင်းခါသည်။

'ငါ ဦးဇော်ဆီမှာ စုံစမ်းခဲ့ပြီးပြီ၊ မိဘတွေဆီမှာတော့ ၁၀ ရက်ပဲ ခွင့်ပန်သွားတာ အမှန်ပဲတဲ့၊ ဒါပေမဲ့ အခုကို ရက် ၂၀ ရှိနေပြီ၊ မိဘတွေကိုလည်း တရားထိုင်ရတာ ငြိမ်းချမ်းလွန်းလို့ ပျော်သလောက် ဆက်နေပါရစေလို့ လှမ်းခွင့်ပန်တယ်တဲ့၊ မိဘတွေကလည်း ခွင့်ပြုသတဲ့'

ချမ်းမြေ့ နည်းနည်း စိတ်သက်သာရာ ရသွားသည်။

'ဒါဆို ထွက်တော့ ထွက်မှာပေါ့၊ ဟုတ်လား'

သူငယ်ချင်းက ပခုံးတွန့်ပြသည်။



'အဲဒါတော့ ငါမသိဘူး၊ နောက်ဆုံး သတင်းကတော့ ဇန်နဝါရီလထဲမှာ သူ့ကို အမေရိကားကိုလာဟောပြောဖို့ ဖိတ်ထားတဲ့ အမေရိကားက အဖွဲ့အစည်းတစ်ခုရဲ့ ကမ်းလှမ်းချက်ကို ငြင်းလိုက်သတဲ့၊ သီလရှင်ဝတ်နဲ့ ဖြစ်နေလို့ပါလို့ ပြောသတဲ့၊ ဟိုက စောင့်ဆို စောင့်ပါမယ်၊ ကြိုက်တဲ့အချိန် လာခဲ့ပါလို့ ပြောတော့ ရှေ့နှစ် ဝါမဝင်ခင် လာနိုင်အောင် ကြိုးစားပါမယ်လို့ ပြန်သတဲ့'

ချမ်းမြေ့ မျက်မှောင်ကြုတ်သည်။

'ဝါမဝင်ခင်၊ အဲဒါ ဘာပြောတာလဲ'

'ဟ ရှင်းနေတာပဲကွ၊ ဝါတွင်းဆိုရင် သီလရှင်ဝတ်နဲ့ ခရီးသွားလို့ မရလို့ပေါ့၊ ရှေ့နှစ်ဝါအထိ သူ သီလရှင်ဝတ်နဲ့ ရှိနေမယ်ဆိုတာ သေချာလို့ပေါ့၊ သွားမယ်ဆိုရင်တောင် သီလရှင်ဝတ်နဲ့ သွားမယ့်သဘောပဲ'

ချမ်းမြေ့ အကြာကြီး ငိုင်သွားသည်။

ခဏနေမှ ဆတ်ခနဲ ခေါင်းပြန်မော့၍ အံကြိတ်ပြီး ပြောသည်။

'ငါ လိုက်သွားမယ်ကွာ'

သူငယ်ချင်းက သက်ပြင်းချ၍ ခေါင်းခါသည်။

'သူများ ကုသိုလ်ယူနေတာ အကုသိုလ်မဖြစ်ပါစေနဲ့လား သူငယ်ချင်းရာ၊ ဒီတစ်ခါတော့ ငါတားပါရစေ'

ချမ်းမြေ့ အကြာကြီး ငိုင်နေပါသည်။

•

(၂၁)

သူငယ်ချင်း ဖြစ်သူကို တရားထိုင်နေသော ဆရာလေး ဒေါ်ကလျာဏီကို မနှောင့်ယှက်ပါဘူးဟု အထပ်ထပ် ကတိတွေပေး ပြီး ရန်ကုန်ပြန်ခဲ့တာ ဖြစ်သော်လည်း ရန်ကုန်ရောက်တော့ ဘာလုပ်ရမှန်း မသိ။ ယောင်ချာချာ ဖြစ်နေသည်။

ဆရာလေးက ဖုန်းဘုတ်ကို အလှူရှင်များနှင့် ဆက်သွယ်ရန် ပြန်သုံးနေပြီဖြစ်သဖြင့် ဖားအောက်တောရတွင်ပင် ရှိနေသေးကြောင်း တော့ သိရပြီ။ ဆရာလေး တစ်နေ့ တစ်နေ့ တင်နေတာတွေက ဆရာ တော်ဘုရားကြီးများ၏ တရားဓမ္မအဆုံးအမအကြောင်းတွေက အဓိက ဖြစ်နေ သည်။ သူ့အကြောင်းဆိုလို့တော့ သူ့အိပ်ရာ နေရာလေးကို ဓာတ်ပုံ ရိုက်ပြထားသဖြင့် ဘယ်လောက်ရိုးရှင်းခြိုးခြံစွာ နေနေသည် ဆိုတာ ကလေးလောက်ပဲ သိရသည်။ ဒါကော ဘာများ ထူးဆန်းလို့လဲ။ ခင်နွယ်စိုးသည် လူ့ဘဝမှာလည်း သူဌေးသမီးဟု မထင်ရလောက်အောင် ပင် ခြိုးခြံစွာ နေထိုင်တတ်သူ၊ ဝေယျာဝစ္စနည်းလွန်းသူဆိုတာ လူတိုင်း သိနေပြီးသားပဲ။

နေ့စဉ် တရားထိုင်တာရယ်၊ တောရပတ်ဝန်းကျင်သဘာဝ တရား၏ ရင်ခွင်မှာ လှည့်လည်သွားလာတာရယ်ကလေးနှင့် ငြိမ်းချမ်းစွာ နေနေမှန်းတော့ သိသာလှသည်။

တကယ်များ ပျော်နေပြီလား မသိ။

မျက်နှာလေးကလည်း ဓာတ်ပုံတိုင်းတွင် အေးချမ်းစွာ ကျက်သရေရှိ၍ နေပြန်သည်။

ဟာ တော်၊ တော်။ ဒါ ငရဲကြီးမယ့် ကိစ္စလေ။

သိပ်တော့ မထူး။

ယခုလည်း ရင်ထဲမှာ ငရဲကျသလိုပင် ပူလောင်၍ နေသည်။

'လေးလံသမျှကို လွှတ်ချခဲ့ပါ' တဲ့။

ခင်ဗျားလေးကတော့ လွှတ်ချခဲ့ပြီပေါ့။ တို့ကတော့ လေးလံစွာ ကျကျန်ခဲ့ရသူပါ နွယ်စိုးရယ်။

သည်ကြားထဲမှာ ဖေ့စ်ဘုတ်မှာ စိတ်တိုစရာတွေကိုလည်း တွေ့ရသည်။ ခင်နွယ်စိုး၏ ပရိသတ်အများစုက ဆရာလေး ဒေါ်ကလျာကို၏ အေးချမ်းလှသော ဘဝလေးကို သာဓုခေါ်ကြသည်။ တချို့ကလည်း ပရဟိတလုပ်ငန်းတွေ ပြန်ဦးဆောင်စေချင်၍ လူပြန်ထွက်ဖို့ တိုက်တွန်းကြတာတွေလည်း ရှိသည်။

ရှားရှားပါးပါး အကုသိုလ် မွားသူတချို့ကတော့ သီလရှင်ဝတ်နှင့် ဖေ့စ်ဘုတ်သုံးနေတာကို ခနဲ့သည်။ သုံးသူက ဘာရည်ရွယ်ချက်နှင့် သုံးနေသည်ဆိုတာ ဖတ်ကြည့်ရုံနှင့် သိသာနေတာပဲလေ။

အလှူငွေတွေ စာရင်း မရှင်းနိုင်လို့ ရှောင်ပြေးတာလား ဆိုသည့် သူကိုတော့ သူ အနားမှာ ရှိနေရင် ပြေးထိုးချင်လောက်အောင် ဒေါသထွက်မိသည်။ ဆရာလေးကတော့ ကြိုက်တဲ့ အချိန်လာကြည့်ပါ။ အားလုံး စာရင်းအတိအကျ ရှိပါသည်။ သီလရှင်ဝတ်နှင့် ဖြစ်နေသော်လည်း 'ပန်းခေါင်း' အဖွဲ့၏ ဥက္ကဋ္ဌ တာဝန်ကို ယူထားတုန်းပါပဲ။ အမြဲ တာဝန်ယူပါသည်ဟု အေးချမ်းစွာ ဖြေတော့ ဆက်မမေးနိုင်တော့ဘဲ ရပ်သွားသည်။

ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးထဲမှာ သည်လောက် စိတ်ထား စင်ကြယ်လှသည့် မေတ္တာရှင်မကလေးကိုပင် တိုက်ခိုက်ချင်သူတွေ ရှိနေသည်ဆိုတာကိုတော့ ချမ်းမြေ့ အံ့ဩ၍မဆုံး။



'စိတ်ဓာတ် အောက်တန်းကျတဲ့သူက လူမျိုးတိုင်းမှာ ရှိတာပဲ၊ ကိုယ့်စိတ်ကသာ သူများ လူမျိုးထဲမှာ အဲသလိုလူတွေ တွေ့ရင် ကိုယ်နဲ့ မဆိုင်သလို ထင်တတ်ပြီး ကိုယ့်လူမျိုးထဲမှာ တွေ့တော့ မချိတင်ကဲ ဖြစ်တတ်တာ'

ခင်နွယ်စိုး ပြန်ပြောပြဖူးသော သွားလေသူ ဦးမြသွေး၏ စကားကိုပင် အမှတ်ရမိသေးတော့သည်။

ဦးမြသွေး

ဦးမြသွေးအကြောင်းကို စဉ်းစားမိတော့ ချမ်းမြေ့ရင်ထဲ အေးခဲသွားသည်။

ဦးမြသွေးနှင့် မတွေ့ခင်က ခင်နွယ်စိုးသည် ကံကြမ္မာ မျက်နှာသာပေး မခံရသူတွေ၏ ဘဝတွေ ခက်ခဲနေတာတွေ့တိုင်း ကံကြမ္မာကို မိမိတို့ စိတ်ကြိုက်ချယ်လှယ်ခွင့်ရပါလျက် အများအတွက် မငဲ့ညှာဘဲ မိမိတို့ဖို့ တစ်ခုတည်းသာ ကြည့်တတ်သူတွေအပေါ် တောက်တခေါက်ခေါက်နှင့် မကျေမနပ် ဖြစ်တတ်သူဟု မိုးကြိုး ပြောပြဖူးသည်။

ဦးမြသွေးနှင့် တွေ့ပြီးနောက်ပိုင်းတွင် ဦးမြသွေး၏ နှစ်သိမ့်စကားများကြောင့် ဒုက္ခရောက်သူတွေကို ကူညီချင်သည့်စိတ်ကိုသာ မွေးမြူပြီး မတရားဘူးဟု ထင်သူတွေကို ဒေါသထွက်သည့် စိတ်ကို ဖြေသိမ့်တတ်သွားတာတဲ့။

ဘုရား ဘုရား။

ဦးမြသွေး၏ ရုတ်တရက် ကွယ်လွန်သွားမှုက ဦးမြသွေးကို အစ်ကိုကြီးအရင်းလို ချစ်ခင်လေးစား အားကိုးနေသည့် မိန်းမပျိုလေး၏ စိတ်ကို ဘယ်လောက်တောင် မြန်မြန်ဆန်ဆန် ရင့်ကျက်သွားစေခဲ့ပါလိမ့်။

လေးလံသည့် အရာမှန်သမျှကို လွှတ်ချ၍ အမြင့်ဆီပျံသန်းနိုင်သွားသည့် အထိတောင်ပဲလား။

သူ့လို လွှတ်မချနိုင်သေးသည့် မိမိမှာသာမထွေးနိုင်၊ မအန်နိုင်။

ချမ်းမြေ့ ခေါင်းကိုသာ ဖြည်းညင်းစွာ ခါယမ်းမိသည်။

နောက်ဆုံးမှာတော့ အဝေးမှာသာ နေတော့မည်ဟု ဆုံးဖြတ်ထားသည့် ခြေလှမ်းများက 'ပန်းခေါင်း' အဖွဲ့၏ ရုံးခန်းသို့ ဦးတည်မိပြန်လေသည်။

၀

ရှေ့တံခါးပွင့်နေတာ တွေ့သဖြင့် တစ်ယောက်ယောက်တော့ ရှိနေမှာပဲဟု အားတက်သွားပြီး ချမ်းမြေ့ ဝင်သွားသည်။

စည့်ခန်းစားပွဲပေါ်မှာ စာရင်းဇယားတစ်ပုံနှင့် အလုပ်ရှုပ်နေသော အီတုတ်တစ်ယောက်တည်းကိုသာ တွေ့ရသည်။

အီတုတ်က မော့ကြည့်၍ အံ့ဩသွားသည့် မျက်နှာနှင့်မေးသည်။

'ကိုချမ်းမြေ့ ပြန်ရောက်နေတာလား၊ ဘာလာလုပ်လဲ'

ချမ်းမြေ့က ပခုံးတွန့်ပြ၍ 'ဒီလိုပါပဲ' ဟု ဖြေပြီး အီတုတ်နားက ခုံတစ်ခုံမှာ ဝင်ထိုင်သည်။

အခန်းထဲမှာ တစ်ခုခုဟာနေသလို စိတ်ထဲမှာ ခံစားရသည်။

ဟာ ဟုတ်တာပေါ့။

'ပန်းခေါင်း' ပန်းချီကားကြီး မရှိတော့ပါ။

အီတုတ်က သူစိုက်ကြည့်နေသော နံရံအလွတ်ကို သတိထားမိသွားသဖြင့် ခေါင်းညိတ်ပြီး ဖြေသည်။

'ရောင်းလိုက်ပြီလေ၊ ပေးတဲ့ပိုက်ဆံက တအားများလို့၊ ဦးသွေးနာမည်နဲ့ ကျောင်းတစ်ကျောင်း ဆောက်မလို့၊ ဆရာလေးပဲ ဆုံးဖြတ်တာ'

ချမ်းမြေ့ သက်ပြင်းချသည်။

'နေမြောစရာနော်၊ သူသိပ်တန်ဖိုးထားတဲ့ ပန်းချီမဟုတ်လား'

အီတုတ်က ခေါင်းညိတ်ပြသည်။



'ကမ္ဘာပေါ်မှာ ပေါ်ခဲ့ဖူးသမျှ ရတနာပစ္စည်းတွေထဲမှာ ရှေးဟောင်းပစ္စည်းဖြစ်လို့ ထပ်တိုးတဲ့ တန်ဖိုးကိုတွက်ပြီး နှုတ်ရင်တောင် အနုပညာပစ္စည်းရဲ့ တန်ဖိုးကို မှီတဲ့ရတနာ မရှိဘူးတဲ့၊ ပတ္တမြား၊ စိန်၊ အဲဒါတွေအားလုံးထက် ပန်းချီက တန်ဖိုးရှိတယ်တဲ့၊ ဒါပေမဲ့ လူလောကတော့ ဘယ်အရာကမှ တန်ဖိုးမရှိဘူးတဲ့၊ လူအများအတွက် အကျိုးရှိမယ်ဆိုရင် စွန့်လွှတ်လို့ မရတဲ့ ပစ္စည်းမရှိရဘူးတဲ့'

ခင်နွယ်စိုးကိုယ်တိုင် အနားရောက်လာသလို ခံစားရပြီး ချမ်းမြေ့ ရင်ထဲ နွေးကနဲ ခံစားရသည်။

'ဆရာလေးရော အဆင်ပြေရဲ့လား'

အီတုတ် မျက်နှာ တစ်မျိုးဖြစ်သွားသည်။

'ပြေပါတယ်၊ ကိုချမ်းမြေ့ သူ့ကို လာရှာတာလား'

ချမ်းမြေ့ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ အီတုတ်က ဆက်ပြောသည်။

'သူက ဆန်ဆန်လည်း မဟုတ်တော့သလို၊ ခင်နွယ်စိုးလည်း ဟုတ်မနေဘူးဆိုတာတော့ ကိုချမ်းမြေ့ သဘောပေါက်ပါတယ်နော်'

လက်စသတ်တော့ သူသိနေတာကိုး။

ချမ်းမြေ့ သက်ပြင်းချ၍ ပြန်မေးသည်။

'နွယ်စိုး ပြောပြထားလား'

အီတုတ်က ခေါင်းညိတ်ပြသည်။

'ဆရာလေး ဘဝကျမှ ပြောပြတာဆိုတော့ ဆရာလေး ပြောပြထားတယ်လို့ပဲ ဖြေရမှာပဲ၊ ကိုချမ်းမြေ့ လာရှာချင် ရှာလိမ့်မယ်တဲ့၊ ရှာရင် သူပေးခဲ့တဲ့ ကတ်ပြားကလေးကို သတိရပါလို့ ပြောပေးပါတဲ့'

'လေးလံတဲ့အရာတွေကို လွှတ်ချဖို့ဆိုတာ မဟုတ်လား'

'ဟုတ်တယ်'

ချမ်းမြေ့က ကျောမှီကို စိတ်ပျက်လက်ပျက် မှီချလိုက်သည်။

ခဏကြာအောင် ငြိမ်သက်စွာ ထိုင်နေပြီးမှ ဖြည်းညင်းစွာ ထရပ်သည်။ ရှေ့တံခါးဘက်သို့ ခြေလှမ်း နှစ်လှမ်းသုံးလှမ်း လှမ်းပြီးမှ ရပ်ပြီး အိတုတ်ကို ပြန်လှည့်ကြည့်သည်။

'ရှာခွင့်မရှိတော့ဘူးဆိုတာ နားလည်ပါတယ် အိတုတ်ရယ်၊ လေးလံတဲ့ အရာတွေကိုလည်း လွှတ်မချနိုင်ပါဘူး၊ ဒါပေမဲ့ ရင်ထဲမှာပဲ တိတ်တိတ်ကလေး ဆက်သိမ်းသွားမှာပါ၊ သိချင်တာလေး တစ်ခုမေးခွင့်ရရင်ပဲ ကျေနပ်လှပါပြီ'

'ဘာကိုလဲ'

'ဘာလို့ တို့ကို သူ လျှို့ဝှက်ခဲ့ရတယ်ဆိုတာကိုပါ'

အိတုတ် မျက်နှာ တစ်မျိုးဖြစ်သွားသည်။

'ဒါတော့ သူကိုယ်တိုင် ဖြေမှပဲ ဖြစ်မှာပဲ'

'အင်းလေ'

အိတုတ်က ဆက်မပြောဘဲ ချမ်းမြေ့ပခုံးကို ကျော်၍ အိမ်အတွင်းခန်းမှ ထွက်သော တံခါးပေါက်ဘက် စိုက်ကြည့်နေတာ သတိထားမိသဖြင့် ချမ်းမြေ့ ယောင်ယမ်းပြီး လှည့်ကြည့်မိသည်။

နှလုံးခုန်သံ လုံးဝ ရပ်တန့်သွားပါတော့သည်။

၀

ဆရာလေး ဒေါ်ကလျာကီ။

ယောဂီရောင် ထက်အောက် သီလရှင် ဝတ်စုံကလေး ဝတ်လျက် အိမ်အတွင်းခန်းမှ ညင်သာသော ခြေလှမ်းများနှင့် ထွက်လာပါသည်။

ချမ်းမြေ့ကို သိမ်မွေ့စွာ ပြုံးပြပြီး ဧည့်ခန်းကုလားထိုင် တစ်လုံးမှာ သူထိုင်၍ ချမ်းမြေ့ကို မူလသူထိုင်ခဲ့သော ကုလားထိုင်ကို လှမ်းလက်ပြသည်။



'ထိုင်ပါဦး'

ချမ်းမြေ့ ယောင်ချာချာ ဝင်ထိုင်သည်။

ဆရာလေးက ဖြူဖွေးသော သွားတန်းကလေးပေါ်အောင် ပြုံးရယ်၍ ရင်းရင်းနှီးနှီး စကားစလာသည်။

'သီလရှင်ဝတ်တာက မကြာသေးတော့ သီလရှင်လိုလည်း သိပ်စကားမပြောတတ်သေးဘူး၊ ကိုယ့်ထက်ကြီးရင် ဒကာကြီးလို့ ခေါ်ပြီး ကိုယ့်ထက်ငယ်ရင် ဒကာလေးလို့ ခေါ်ရမယ်လို့တော့ သိတယ်၊ ကိုချမ်းမြေ့က ရွယ်တူလို ဖြစ်နေတော့ ဒကာကြီး ခေါ်ရမလား၊ ဒကာလေး ခေါ်ရမလား မခွဲခြားတတ်ဘူး'

ချမ်းမြေ့ဆွံ့အနေရာမှ စကားပြောကြည့်သည်။ ထူးဆန်းသော ကွဲအက်အက် အသံတစ်သံ ထွက်လာသည်။

'ချမ်းမြေ့လို့သာ ခေါ်ပါ'

ဆရာလေးက ရယ်ပြန်သည်။

'ကဲပါ ကိုချမ်းမြေ့ပေါ့၊ ကိုချမ်းမြေ့က ဘာသိချင်တာလဲ'

ချမ်းမြေ့ ရင်နင့်သွားသည်။

ပျက်သွားသည့် မျက်နှာကို ဣန္ဒြေဆည်၍ ပြန်မေးမိသည်။

'ဘာလို့ ဖွင့်မပြောခဲ့ဘူးလဲဆိုတာ ကိုပါ'

အိတုတ်က နေရာမှ ထဟန်ပြင်သည်။ ဆရာလေးက လက်ကာပြ၍ ဆက်ထိုင်နေစေလိုက်သည်။ သီလရှင်မို့ သူစိမ်းယောကျ်ားလေးနှင့် နှစ်ယောက်တည်း စကားပြောချင်ဟန် မတူ။

'ကိုချမ်းမြေ့ ရှာနေတဲ့ သူနဲ့ ဆရာလေးရှာနေတဲ့ သူ အတူတူပဲဆိုတာ ကိုချမ်းမြေ့ မရိပ်မိသေးဘူးလား'

ချမ်းမြေ့ မျက်မှောင်ကြုတ်သည်။

'ဆရာလေး ဘာပြောတာလဲ'

ဆရာလေးက သွားတန်းကလေး ပေါ်အောင် ရယ်ပြန်သည်။

'ကိုချမ်းမြေ့က ဆန်ဆန်ဖြစ်ခဲ့ဖူးတဲ့ ဆရာလေးကို ရှာတာ၊ ဆရာလေးကလည်း ကိုယ့်ကိုယ်ကိုယ် ပြန်ရှာနေခဲ့တာ၊ ကွာတာက ကိုချမ်းမြေ့ စရှာတဲ့ အချိန်မှာ ဆရာလေးက ကိုယ့်ကိုယ်ကိုယ် ရှာတွေ့ထားပြီးနေပြီ၊ တွေ့ထားတဲ့ ကိုယ်နဲ့၊ ကိုယ်ဘာဆက်လုပ်မယ်ဆိုတာလည်း စိတ်ဆုံးဖြတ်ထားပြီးနေပြီ၊ အဲဒီအချိန်မှာ ကိုချမ်းမြေ့ကို ဆရာလေးဟာ ဆန်ဆန်ပါပဲလို့ ပြောလိုက်ရင် အခု စီစဉ်ထားတဲ့ ကိစ္စတွေမှာ အနည်းနဲ့ အများဆိုသလို အနှောင့်အယှက် ဖြစ်မှာ အမှန်ပဲလေ၊ ဒါကြောင့် လျှို့ဝှက်ခဲ့ရတာ ခွင့်လွှတ်ပါ'

မျှော်လင့်ချက် ကုန်ဆုံးသည့်ဘဝ။

ချမ်းမြေ့ သက်ပြင်းသာ ချမိသည်။

'ရင်မောနေရတာကိုတော့ ကိုယ်ချင်းစာသင့်တာပေါ့ ဆရာလေးရယ်'

ဆရာလေးက ပြုံး၍ ခေါင်းခါသည်။

'စင်ကာပူပြန်ရောက်ရင် သိသွားနိုင်အောင်လို့တော့ စီစဉ်ထားပြီး သားပါ၊ ကိုချမ်းမြေ့ မေ့နေပြီလား၊ ကင်ကင်ရဲ့ ချပ်ချ် နာမည်ကို ကိုချမ်းမြေ့ကို တွန်းဇုံမှာ ပြောပြခဲ့တာ ဆရာလေး ကိုယ်တိုင်ပဲလေ'

ချမ်းမြေ့ အာစေးမိသွားသည်။

ဆရာလေးက လက်ကိုင်အိတ်ငယ်ကလေး တစ်ခုကို ဖွင့်၍ ငွေရောင် ခရောစ် ဘောလ်ပင်ကလေး တစ်ချောင်းကို ထုတ်ယူပြီး သူ့ကို လှမ်းပေးသည်။ သူကြည့်လိုက်တော့ ထင်သည့်အတိုင်းပါပဲ။ CM ဟု စာတန်း ထိုးထားသည်။

'သီလရှင်ကိုင်ဖို့ တန်ဖိုးကြီးလွန်းနေသလားလို့' ဟု ဆရာလေးက တိုးတိုးပြောသည်။

ချမ်းမြေ့ မျက်ရည်ဝဲလာသည်။ သူ့သိမ်းတော့ သိမ်းထားပေးသားပဲဟု တွေးမိသည်။ ဘောလ်ပင်ကလေးကို လှမ်းယူသည်။



အကြာကြီး စကားမပြောနိုင်။

တိတ်ဆိတ်နေတာ အတော်ကြာပြီးမှ အားယူ၍ တိုးတိုးမေးမိသည်။

'ဦးသွေးကြောင့်လား ဟင်'

ဆရာလေး မျက်မှောင်ကြုတ်သည်။

'ကိုချမ်းမြေ့ မေးတာ ဆရာလေး နားမလည်ဘူး'

ချမ်းမြေ့ အားတင်း၍ ဆက်မေးသည်။

'ဦးသွေးကြောင့် စိတ်သိပ်ထိခိုက်သွားခဲ့ရတယ်ဆို၊ အဲဒါကြောင့်များလားလို့ပါ'

ဆရာလေးက သိမ်မွေ့စွာ ပြုံးသည်။

'သံသရာမှာ ဆွေမျိုး မတော်စပ်ဖူးတဲ့သူ မရှိဘူးတဲ့၊ ဒါပေမဲ့ တချို့ ဆွေမျိုးတွေကျတော့ တော်စပ်ခဲ့ဖူးတဲ့ ဘဝက နီးလို့ ထင်ပါရဲ့၊ ရင်ထဲမှာ ထူးခြားနေတတ်တယ်၊ ဟုတ်တယ်၊ ဦးသွေးနဲ့ စသိခါစကတည်းက ကိုယ့်အစ်ကိုကြီး အရင်းလိုပဲ ခံစားခဲ့ရတာ၊ သူ ရုတ်တရက် ကွယ်လွန်သွားတော့လည်း သိပ်စိတ်ထိခိုက်ခဲ့ရတာ အမှန်ပဲ၊ အဲဒါကြောင့်ပဲလားဆိုတော့လည်း မဟုတ်ပြန်ဘူး၊ ဒီလောက် စိတ်ချင်း၊ စေတနာချင်း တူပြီး သံယောဇဉ် ရှိခဲ့မိတဲ့သူ တစ်ယောက်တောင် ဖျတ်ခနဲ ခွဲခွာသွားတတ်ပါလားဆိုတာ သိလိုက်ရတော့ ဘဝမှာ ကြုံရတတ်တဲ့ ဒုက္ခတွေရဲ့ သဘောကို ပိုရိပ်မိသွားတာတော့ ပါကောင်းပါမယ်ထင်ရဲ့'

ကိုချမ်းမြေ့ ဘာဆက်မေးရမှန်း မသိတော့။

ဆရာလေးကသာ အေးချမ်းစွာ ဆက်ပြောသည်။

'ကိုချမ်းမြေ့လည်း ကြိုးစားပါ၊ လေးလံတဲ့ အရာတွေကို တစ်နေ့ရအောင်လွှတ်ချခဲ့ပြီး အမြင့်ကို ပျံနိုင်အောင်ပေါ့'

ချမ်းမြေ့ ဆတ်ခနဲ မော့ကြည့်သည်။ မျက်လုံးတို့က မျက်ရည်ဝဲလာသည်။

'အမြင့်ကို မပျံချင်ပါဘူး ဆရာလေးရယ်၊ ဆရာလေး ပျံချင်တဲ့ ခရီးမှာတော့ တောင်ပံတစ်စုံလို အထောက်အကူ ဖြစ်ချင်ခဲ့မိတာပါ'

ဒီတုတ်က တစ်စုံတစ်ခု ဝင်ပြောမည့် ဟန်ပြင်သော်လည်း ဆရာလေးက လက်တစ်ဖက် ကာပြလိုက်ပြီး ပြုံး၍ ဆက်ပြောသည်။

'အတောင်ပံဆိုတာ ပျံနိုင်သလောက်ပဲ ရောက်တာပါ ကိုချမ်းမြေ့ရယ်၊ အတောင်ပံကို မှီခိုလို့ ပျက်စီးခဲ့ရတဲ့ သာဓကတွေလည်း များခဲ့ပါပြီ၊ အမြင့်ဆုံးကိုရောက်ဖို့ အတောင်ပံ မလိုဘူး ကိုချမ်းမြေ့၊ စိတ်အင်အားတွေပဲ လိုတယ်၊ ကိုချမ်းမြေ့လည်း စိတ်အင်အားကို မွေးမြူဖို့ ကြိုးစားပါ'

ဆရာလေးက နေရာမှ ညင်သာစွာ ထရပ်သည်။

'ကဲ ခွင့်ပြုဦး ကိုချမ်းမြေ့ရေ ဆရာလေးလည်း သီလရှင်ဝတ်နဲ့ တောင်တန်းဒေသ သွားပြီး ပြန်လာတာ၊ လူ့ဝတ်နဲ့တုန်းကလို ဆိုင်ကယ်နောက်က ခွစီးပြီး လိုက်ဖို့ အဆင်မပြေလို့တော့ လမ်းဆင်းဆင်းလျှောက်ရတာများပြီး တော်တော်ပင်ပန်းလာတယ်၊ အိမ်မှာလည်း အမေက နည်းနည်းနေမကောင်းတော့ ရောက်တုန်းရောက်ခိုက်ကလေး ပြုစုရတာဆိုပြီး ပြုစုရသေးတယ်၊ အခု ဒီမှာ ဆရာလေးနာမည်နဲ့ ငွေလွှဲတဲ့ကိစ္စတချို့ လာလက်မှတ်ထိုးပေးတာ၊ ပြန်နားလိုက်ဦးမယ်၊ ကိုချမ်းမြေ့လည်း နားတော့နော်၊ ဟုတ်လား'

ချမ်းမြေ့ နေရာမှ ဖြည်းညင်းစွာ ထရပ်သည်။

ပြီးတော့ အိပ်မက်က မနိုးသေးသူလို လေးကန်သော ခြေလှမ်းများနှင့် ပန်းခေါင်းရုံးခန်းထဲမှ တစ်လှမ်းချင်း လှမ်း၍ ထွက်ခဲ့မိပါတော့လေသည်။

•

(၂၂)

၂၀၁၆ ခုနှစ် ဧပြီလ (၁) ရက်နေ့ ညနေ (၅) နာရီ။

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဖားအောက် တောရခွဲ။

ဆရာလေး ဒေါ်ကလျာဏီသည် ယောဂီရောင် သီလရှင်ဝတ်စုံကို သပ်ရပ်စွာ ဝတ်ဆင်လျက် ယောဂီတဘက်ကလေးကို ပခုံးမှာ တင်ပြီး ဘုရားဆင်းတုတော်ကို ရိုသေစွာ ဝတ်ပြုသည်။

ပြီးတော့ ၃၁ ဘုံ ကျင်လည်ကုန်သမျှသော သတ္တဝါအနန္တတို့ကို မေတ္တာပို့သည်။

စစ်မှန်သော လမ်းကြောင်းအတွက်၊ စစ်မှန်သော ကြိုးစားအားထုတ်မှုဖြင့် ငြိမ်းအေးရာ၊ ခိုနားရာ နေရာမှန်ကို ရွေးချယ်ရရှိနိုင်ကြပါစေ။

လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။

လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ . . . ဟု ရွတ်ဆိုသည်။

အာရုံထဲတွင် ယနေ့တိုင်းပြည်ကို ခေါင်းဆောင်မည့် တာဝန်ကို စယူမည့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မြေး၍ မြင်ယောင်မိပြန်သည်။

အန်တီ လုပ်နိုင်မှာပါ။ လုပ်နိုင်ပါစေ။ အန်တီလည်း နှလုံး စိတ်ဝမ်းငြိမ်းချမ်းပါစေဟု တိုးတိုး ရွတ်ဆိုသည်။

စကြိုလျှောက်ရန် ရည်ရွယ်၍ နေရာမှ ထသည်။

စကြိုလမ်းပေါ် အရောက်တွင် စင်ကာပူမှ အင်ဂျင်နီယာကလေး ကိုချမ်းမြေ့ကို ဖျတ်ခနဲ သတိရမိပြန်သည်။

နေရာမှာ ရပ်၍ မျက်လုံးအစုံ ပိတ်ပြီး လက်အုပ်ကလေးချီ၍ မေတ္တာထပ်ပို့သည်။

အေးချမ်းပါစေ။

ဘေးအန္တရာယ်တွေက ဝေးပါစေ။

စိတ်မဆင်းရဲပါစေနဲ့။

ခန္ဓာဆင်းရဲကို မခံစားရပါစေနဲ့။

လုပ်ငန်းတွေ အောင်မြင်ပါစေ။

ကြံစည်တိုင်း ဖြစ်ထွန်းပါစေ။

လူမိုက်တွေရန်က ဝေးပါစေ။

သူတော်ကောင်းတွေနဲ့သာ ဆုံတွေ့ပါစေ။

မျက်လုံးကို ပြန်ဖွင့်သည်။ ရှေ့တူရူမှာ စကြိုလမ်းကလေးက စောင့်နေသည်။ ဆရာလေး ဒေါ်ကလျာဏီတစ်ယောက် စကြိုလမ်း ကလေးအတိုင်း စိတ်မှတ်ဖြင့် ညင်သာစွာ တစ်လှမ်းချင်း လျှောက်သွား ပါတော့လေသည်။

ဆန္ဒမွန်ဖြင့်
လတ်ာရည်ကျော်
ည ၁၁ နာရီ ၃၄ မိနစ်
၅၊ ၆၊ ၂၀၁၆
ရန်ကုန်မြို့

ssm